The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 5 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | Feb 2 , 2015




# တရားမဝင်ကုန်သွယ်မှုများ စီးဆင်းနေဆဲဖြစ်၍ ကုန်သွယ်မှုတွင် ထိုင်းက အသာစီးရလျက်ရှိ

| တိမ်ကာင်းစင် |

၂၀



## စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းဆောင်ရွက်မှုအပေါ် စားသုံးသူပြည်သူအချို့၏ ရင်လှိုင်းခတ်သံများ

၁၄

## ပြည်ပမှ တစ်ပတ်ရစ်များ တင်သွင်းခွင့် တတိယအကြိမ်စမ်းသပ်ကာလတိုးမြှင့်

၁၈

## သဘာဝသီးနှံများ စိုက်ပျိုးထုတ်လုပ်၍ ရောပုသိမ်ကုမ္ပဏီမှ အထူးဝိဇ္ဇမြေဩဇာ ထုတ်လုပ်ရောင်းချလျက်ရှိ

၁၅

## သီလဝါအထူးစီးပွားရေးဇုန်အောင်မြင်ရေး အလားအလာကောင်းများရှိ

၁၂

# JM motors

MADE IN KOREA

# FIRE STATION
## at your own site




| Syscue 400 ME Technical Data | | | |
|---|---|---|---|
| Head (m) | 202 (m) | RPM | 1420 rev/min |
| Flow Rate (Litter per minute) | 285 (ℓ/min) | Engine Power (HP) | 23 Hp/ Gas.engine / Diesel engine |
| Pump Type | Rotary Positive Displacement Pump | Fuel Tank | 7 Litter |
| Rotor Type | Twin Rotor System | Lube. Water Tank | Installed |
| Power Transfer | Electric Clutch | Flow Switch (Sensor) | Installed |
| Movement | Self Battery Power Moving | Pressure Switch (Sensor) | Installed |
| Pump Material | Aluminum | Display Panel | Installed |
| Battery | Engine use : 12 volt | Weight | Total: 270kg ±10kg |
| | Moving : 12 volt X 2 | Dimension | 850 * 1520 * 1200 |



**Horizontal Discharge**
35 m to 40 m



**Vertical Discharge**
20 m to 25 m



**Horizontal Delivery**
1000 m over

## HIGHT PRESSURE FIRE FIGHTING EQUIPMENT




**Self Suction**
9.7 m



**Vertical Delivery**
Height 200 m over



**Foam Discharge**
25 m






**Foreslim Co., Ltd.**
jmmotors.ygn@gmail.com
☎ 01-651830, 09 511 8246, 09 250 313 613
No.117/1, 8 Miles, Pyay Road, Mayangone Township, Yangon, Myanmar.

# ထိုင်း-မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအတွက် တာခ်ခရိုင်မှာ နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ ၂၀၁၅ ကျင်းပ

ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီး ချက်ချိုင်းဆရီကူလျာနဲ့ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့ ကြီးမှူးပြီး တာခ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ ၂၀၁၅ ကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ ထိုထိုင်းတာခ်ခရိုင် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲကို မဲဆောက်Central Stadium မှာ ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၁ ရက်ထိ ကျင်းပခဲ့ပါတယ်။

တာခ်နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ ၂၀၁၅ က ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ထိုင်း-မြန်မာကုန်သွယ်မှုမြှင့်တင်ရေးရည်ရွယ်ချက်ရဲ့ ပဏာမ ခြေလှမ်းဖြစ်ပါတယ်။

တာခ်ခရိုင်-မဲဆောက်ဟာ အထူးစီးပွားရေးဇုန်အဖြစ် ထူထောင်ရန် ကြေညာထားပြီးဖြစ်ပါတယ်။ အကြောင်းမှာ အရှေ့အနောက် စီးပွားရေးစင်္ကြံ (EWEC) ပေါ်မှာ တာခ်ခရိုင်တည်ရှိနေတဲ့အတွက် ဖြစ်ပါတယ်။ အရှေ့အနောက်စင်္ကြံတွင် တာခ်ခရိုင်သည် ဒေသတွင်းမှာ အဓိကကျတဲ့စီးပွားရေးဝင်ထွက်ဂိတ် တစ်ခုဖြစ်ပါတယ်။

ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ အခြား ထိုင်း-မြန်မာ နယ်စပ်များမှာလည်း ကုန်စည်ပြပွဲများ ကျင်းပသွားရန် အစီအစဉ်ရေးဆွဲထားတယ်လို့ သိရပါတယ်။ ယခုကုန်စည်ပြပွဲကို ထိုင်းဘတ်ငွေ သန်း ၃၀ ကျော် အကုန်ကျခံ ကျင်းပခဲ့တာဖြစ်ပါတယ်။



ကုန်စည်ပြပွဲမှာ ထိုင်းနဲ့ မြန်မာ ထုတ်ကုန်အမယ် ၃၀၀ ကျော်ခန့် ပါဝင် ခင်းကျင်းပြသထားပြီး ထိုင်းနိုင်ငံဘက်ကတော့ ကျေးရွာတစ်ခု ထုတ်ကုန်တစ်မျိုးစနစ် (OTOP- One Tambon One Village) အရ ခင်းကျင်းပြသထားတယ်လို့ သိရပါတယ်။

ချမ်းမြေ့မောင်

# ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်း အဖွဲ့နှင့် ပုဂ္ဂလိကကဏ္ဍထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့နှင့် ပုဂ္ဂလိကကဏ္ဍထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံး ညီလာခံခန်းမ၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ သမ္မတရုံးဝန်ကြီးဌာန(၅) ဒုတိယဝန်ကြီး ဒေါက်တာ



စန်းလွင်၊ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ မြေအသုံးချနှင့် စီမံခန့်ခွဲမှုဆပ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးဖိုရမ် ပုဂ္ဂလိကကဏ္ဍအတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ယင်းဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်က အမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ၎င်းတို့တွေ့ကြုံနေရသည့် အခက်အခဲများ၊ တင်ပြချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်တင်ပြခဲ့ကြပြီး ယင်းတင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ ယနေ့ဆွေးနွေးပွဲတွင် မြေယာအသုံးချမှု အခက်အခဲများ၊ ဆိပ်ကမ်းဆိုင်ရာအခက်အခဲများ၊ အခွန်ဆိုင်ရာအခက်အခဲများကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။ **MTD**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်သည့် Trade Sector Working Group (TSWG) ဒုတိယအကြိမ် အစည်းအဝေး အောင်မြင်စွာကျင်းပ

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ (Sectoral Working Group-SWGs) များကိုဖွဲ့စည်းဆောင်ရွက်လျက်ရှိရာတွင် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့ (Trade Sector Working Group-TSWG) အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာတွင်ဒုတိယအကြိမ် Trade Sector Working Group (TSWG) အစည်းအဝေးကို ဇန်နဝါလ ၂၁ ရက် နေ့တွင် နေပြည်တော်ရှိ Lake Garden Hotel တွင် TSWG ၏ Co-Chair ဖြစ်သော EU ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့ရာ ကုန်သွယ်မှုကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့ (TSWG)၏ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုယ်စား အတွင်းရေးမှူးဖြစ်သူ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ Nay Pyi Taw Accord အရ

*စာမျက်နှာ ၁၇ သို့*



## ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့နှင့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၏ ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှုတို့နှင့်ပတ်သက်သည့် ငွေကြေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့နှင့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၏ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့နှင့်ပတ်သက်သည့် ငွေကြေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ကြောင်းသိရသည်။

*စာမျက်နှာ ၁၇ သို့*

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွှန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၇၁၉)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.5 Monday Feb 2 2015



# လှောင်သမားကြိုက်တဲ့ ပြည်ညှော်မထစပါး ဈေးမြင့်ပြီး ဆန်ဈေးငြိမ်

ပြည်ဆန်စပါးဈေးကွက်မှာ စပါးဈေး ကမောက်ကမနဲ့ ဈေးမြင့်နေတဲ့အတွက် အရောင်းအဝယ်၊ လှောင်လက်သမားတွေ အကျပ်တွေ့ စိတ်ညစ်နေရတယ်လို့သိရပါတယ်။

အရောင်းအဝယ်ဖြစ်နေတဲ့ ပြည်ဧည့်မထ ဆန်စပါးဈေးဟာ ဆန်အိတ်များ အရောင်းအဝယ်ဖြစ်ပြီး စပါးဈေးတဖြည်းဖြည်းမြင့်တက်လာမှုကြောင့် နယ်သို့တင်ပို့တဲ့အခါမှာပါ ဈေးမကိုက်ဖြစ်နေတယ်လို့ဆိုပါတယ်။

ယခုတစ်ပတ် တောင်ပျံမွှေးစပါးဈေး တင်း ၁၀၀ (၄၆ ပေါင်ကိုက်) ဈေး ၆၆၂၄၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်အတိုင်း စပါးဈေးငြိမ်နေခဲ့ပါတယ်။ ဆန်တစ်အိတ်ဈေးကတော့ ထိပ်စတစ်အိတ် ၃၁၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

ဧည့်မထစပါးဖြစ်တဲ့ ငွေတိုးနဲ့ အင်းလယ်စပါးဈေးကတော့ တင်း ၁၀၀ (၄၆) ပေါင်ကိုက်ဈေး ၄၁၄၀၀၀ ကျပ်ထိ မြင့်တက်နေကြောင်း သိရပါတယ်။

ဒီစပါးတွေကတော့ အရောင်းအဝယ်သမားတွေ၊ လှောင်သမားတွေကြိုက်တဲ့စပါးသန့်ရဲ့ဈေးလည်းဖြစ်ပါတယ်။ ဆန်တစ်အိတ်ကို ထိပ်စ ၁၇၅၀၀ ကျပ်၊ လတ်စ ၁၆၅၀၀ ကျပ်ဖြင့် ဈေးငြိမ် အရောင်းအဝယ်ဖြစ်ပေမယ့် စပါးဈေးမြင့်ပြီး ဆန်ဈေးမကိုက်လို့ ဆန်စက်တွေမှာ စပါးတွေပုံနေတယ်လို့ ဆန်ပွဲစားသမားတစ်ဦးကပြောပါတယ်။

နယ်တင်ပို့ရာမှာလည်း ဆန်အိတ်က ဈေးအရနည်း၊ စပါးဈေးကမြင့်နေတာကြောင့် ကုန်သည်တွေတွက်ခြေမကိုက်ဖြစ်ပြီး တင်ပို့မှုမရှိသလောက် နည်းနေတာကြောင့် ဒေသဆန်စက်တွေမှာ အိတ်တွေပုံနေရခြင်းဖြစ်တယ်လို့သိရပါတယ်။

**နီနီဝင်း-ပြည်**

## ကလေးမြို့နယ်တောင်သူများ စပါးအထွက်ကောင်းလို့ ပြုံးပျော်နိုင်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်အတွင်းမှာ ကျေးရွာပေါင်း ၁၆၆ ရွာရှိပြီး ယခုနှစ် မိုးစပါးရိတ်သိမ်းပြီးချိန် မိုးစပါး အမှန်တကယ်ထွက်ရှိမှုအခြေအနေကိုသိရှိဖို့ ကလေးမြို့နယ်အတွင်းရှိ ကံကြီး၊ စခန်းကြီး၊ ရာဇဂြိုလ်ကျေးရွာများရှိ တောင်သူများနဲ့တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

တောင်သူများကလည်း ယခုနှစ် မိုးစပါး မိုးလေဝသညီညွတ်လို့ စပါးအထွက်နှုန်းကောင်းကြောင်း၊ စိုက်ပျိုးတဲ့ စပါးမျိုးတွေကလည်း ပေါ်ဆန်း၊ ရွှေတိုး၊ ပါကြဲဆန်း၊ ငရဲဆန်း၊ ဝင်းကိုဆန်း၊ နတ်ပြည်မွှေး၊ နမိတ်သလေး၊ ဧရာမင်း၊ ဆင်းရွှေသွယ်စတဲ့ ဒေသစပါးမျိုးများ အများဆုံးစိုက်ပျိုးကြပြီး ပုလဲသွယ်နဲ့ ဗီယက်နမ်စပ်စပါးများကိုလည်း စမ်းသပ် စိုက်ပျိုးအောင်မြင်တဲ့အကြောင်းပြောပြကြပါတယ်။

စခန်းကြီးရွာမှ တောင်သူဦးကျော်လှက မိမိလယ်ကွင်းမှာ ဆင်းရွှေသွယ်စပါးစိုက်ပျိုးကြောင်းနဲ့ တစ်ဧကတင်း ၁၀၀ ကျော်ထွက်ကြောင်း၊ မိမိတို့လယ်မှာ ဘာဓာတ်မြေဩဇာမှ မသုံးရကြောင်း၊ တစ်နှစ်ကျော် တစ်ခါလောက်သာ သဘာဝဓာတ်မြေဩဇာဖြစ်တဲ့ နွားချေး၊ ကြက်ချေးများ ထည့်ကြကြောင်း၊ မိုးလေဝသကောင်းမွန်ပါက မြေဩဇာမထည့်လည်း စပါးအထွက်ကောင်းကြောင်း၊ စပါးဈေးအနေဖြင့် တင်း ၁၀၀ ကို ကျပ် ၄ သိန်းရောင်းရကြောင်း၊ ဒါကြောင့် တောင်သူများ စပါးအထွက်ကောင်းပြီး ဈေးနှုန်းမဆိုးလှသဖြင့် အဆင်ပြေကြကြောင်းပြောပါတယ်။

ကံကြီးရွာ တောင်သူ ဦးထွန်းရီကလည်း မိမိလယ်မှာ ပေါ်ဆန်း (ငစိန်) မျိုးစိုက်ပျိုးပြီး၊ ယခုနှစ်တစ်ဧကတင်း ၁၀၀ မှ ၁၁၀ ကျော်ထွက်ရှိကြောင်း၊ ပုလဲသွယ်စပ်မျိုးစပါးလည်း စမ်းစိုက်ပျိုးရာ တင်း ၁၅၀ ကျော်ထွက်ရှိတာကြောင့် ဒီနှစ်အတွက် ကလေးမြို့နယ် တောင်သူတွေဟာ စပါးအထွက်ကောင်းဈေးနှုန်းသင့်တင့်တဲ့အတွက် ဝင်ငွေကောင်းပြီး လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့လျက်ရှိကြောင်း ကလေးမြို့နယ်တွင် ကျေးရွာများမှတောင်သူများက ဆိုပါတယ်။

**သက်နိုင်-ဟုမ္မလင်း**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၉-၁-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၃၀ | ၄၃၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၂၀ | ၄၂၂ | △ | ၃၆၅ | ၃၆၀ | ▽ | ၃၉၅ | ၃၉၅ | □ | ၃၆၀ | ၃၅၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၀၀ | ၄၀၁ | △ | ၃၄၀ | ၃၃၀ | ▽ | ၃၆၀ | ၃၆၀ | □ | ၃၂၀ | ၃၂၀ | □ |
| ပေါင်းဆန် | ၄၀၅ | ၄၁၀ | △ | - | - | - | ၃၉၀ | ၃၉၀ | □ | ၄၀၀ | ၄၀၀ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၉-၁-၂၀၁၅ ဒေါ်လာ/တန်

| | တောင်အမေရိက | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၉၅ | ၄၉၅ | □ | ၅၉၅ | ၅၉၅ | □ | ၅၉၅ | ၅၉၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၈၅ | ၄၈၅ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၃၀-၁-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၃၉၅၀ | □ | ၁၆၀၀၀ | □ | ၆၆၂၄ | □ | ၃၀၀၀၀ | □ |
| ပုသိမ် | ၃၉၅၆ | □ | ၁၆၀၀၀ | □ | ၆၅၇၁ | □ | ၂၈၅၀၀ | □ |
| ပဲခူး | ၃၆၀၀ | □ | ၁၄၅၀၀ | □ | ၅၇၀၀ | △ | ၂၅၀၀၀ | □ |
| ရွှေဘို | ၄၈၀၀ | ▽ | ၁၆၅၀၀ | ▽ | ၈၇၀၀ | △ | ၂၉၀၀၀ | ▽ |
| စစ်တွေ | ၃၈၀၀ | □ | ၁၄၅၀၀ | □ | ၆၀၀၀ | □ | ၂၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၃၀၀ | □ | ၁၅၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၅၅၀ | □ | ၁၅၈၀၀ | △ | - | - | ၂၇၀၀၀ | □ |
| မန္တလေး | ၄၆၀၀ | □ | ၁၈၅၀၀ | □ | - | - | ၂၈၀၀၀ | □ |
| မကွေး | ၅၀၀၀ | △ | ၁၇၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| မော်လမြိုင် | ၃၆၈၀ | □ | ၁၄၀၀၀ | □ | ၆၄၀၀ | □ | ၂၁၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၁၇၅၀၀ | □ | - | - | ၃၁၀၀၀ | □ |
| ဘားအံ | ၃၅၀၀ | □ | ၁၅၅၀၀ | □ | - | - | ၂၈၀၀၀ | □ |
| တောင်ကြီး | - | - | ၁၈၀၀၀ | □ | - | - | ၃၄၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# နယ်စပ်စခန်းများမှ ဆန်တင်ပို့မှု လျော့ကျ

နယ်စပ်ကုန်သွယ်ရေးမှ ဆန်ကိုအဓိကထားတင်ပို့လျက်ရှိတဲ့ စခန်းများကတော့ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်စခန်းများ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ဖြစ်တဲ့ မောင်တောစခန်းမှ တင်ပို့မှုရှိသလို ယခုသီတင်းပတ်မှာလည်း တင်ပို့နိုင်ခဲ့ပါတယ်။

ဇန်နဝါရီလ ၁၇ ရက်မှ ၂၃ ရက်ထိ ကာလအတွင်းမှာ နယ်စပ်စခန်းစုံမှ ကန်ဒေါ်လာ ၁၁ ဒသမ ၁၁၇ သန်းဖိုးရှိ ဆန်တန်ချိန် ၃၀၁၂၉ တန်ကို တင်ပို့ခဲ့ပြီး ယခင်သီတင်းပတ်ထက် ၆၁၂၈ တန် လျော့နည်းခဲ့ပါတယ်။

တင်ပို့မှုများကတော့ မူဆယ်(၁၀၅)မိုင်မှ ငစိန်ဆန် ၁၆၃၄၀ တန်၊ ဧည့်မထဆန် ၉၃၃၃ တန်ကျော်၊ လွယ်ဂျယ်စခန်းမှ ဧည့်မထဆန် ၄၂၃၄ တန်နဲ့ ချင်းရွှေဟော်စခန်းမှ ဧည့်မထဆန် ၁၉၆ တန် တင်ပို့ခဲ့ပါတယ်။

ယခုရက်သတ္တပတ်အတွင်း မောင်တောစခန်းမှလည်း ဧည့်မထဆန် ၂၅ တန်ကျော် တင်ပို့ခဲ့ပြီး၊ ယခင်တစ်ပတ်တင်ပို့မှုထက် ၇၅ တန်ခန့် လျော့နည်းခဲ့ပါတယ်။

ဆန်တင်ပို့မှုများ လျော့နည်းခဲ့သော်လည်း ယခုရက်သတ္တပတ်အတွင်း ဆန်ကွဲတင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။ ကန်ဒေါ်လာ ၄ ဒသမ ၇၈၁ သန်းဖိုးရှိ ဆန်ကွဲ ၁၄၇၃၀ တန်ကျော်ကို မြန်မာ-တရုတ်နယ်စပ်မှ တင်ပို့ခဲ့တာဖြစ်ပြီး တင်ပို့တဲ့ စခန်းနဲ့ ပမာဏများကတော့ မူဆယ်(၁၀၅)မိုင်မှ ၁၃၀၉၅ တန်၊ လွယ်ဂျယ်မှ တန် ၁၅၀၀ ၊ ချင်းရွှေဟော်မှ ၁၃၅ တန်ဖြစ်ပါတယ်။

မူဆယ်မှ ဆန်နဲ့ ဆန်ကွဲအပြင် ကန်ဒေါ်လာ သုည ဒသမ ၂၂၁ သန်းဖိုးရှိ ကောက်ညင်းဆန် ၄၅၉ တန်ကိုလည်း တင်ပို့ခဲ့ပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃၀-၁-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၃/၁ | ၃၀/၁ | ပြောင်းလဲမှု | ၂၃/၁ | ၃၀/၁ | ပြောင်းလဲမှု | ၂၃/၁ | ၃၀/၁ | ပြောင်းလဲမှု | ၂၃/၁ | ၃၀/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၅၂ | ၁၃၉၉ | ▼ | ၁၃၅၀ | ၁၃၃၃ | ▼ | ၁၃၅၀ | ၁၃၂၀ | ▼ | - | - | - |
| ၂ | ပဲစင်းငုံ | ၁၃၄၁ | ၁၃၄၂ | ▲ | ၁၂၇၅ | ၁၂၈၀ | ▲ | ၁၂၀၀ | ၁၂၀၀ | ■ | ၁၂၉၅ | ၁၃၀၅ | ▲ |
| ၃ | ပဲတီစိမ်း | ၁၇၆၅ | ၁၇၅၀ | ▼ | ၁၆၃၅ | ၁၈၆၇ | ▲ | - | - | - | ၁၇၆၃ | ၁၇၆၃ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၁၀၄၀ | ၁၀၃၀ | ▼ | - | - | - | - | - | - | ၇၄၇ | ၇၇၄ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၁၅ | ၁၀၅၀ | ▲ | - | ၉၆၇ | - | - | - | - | ၇၄၀ | - | - |
| ၆ | ထောပတ်ပဲ | ၁၄၇၅ | ၁၃၀၀ | ▼ | ၁၄၂၂ | ၁၂၈၀ | ▼ | ၁၁၀၅ | ၁၁၀၅ | ■ | ၁၁၀၅ | ၁၀၅၃ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၃၀-၁-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွန်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၂/၁ | ၂၉/၁ | ပြောင်းလဲမှု | ၂၂/၁ | ၂၉/၁ | ပြောင်းလဲမှု | ၂၂/၁ | ၂၉/၁ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၈၇၀ | ၈၆၀ | ▼ | ၉၅၆ | ၉၃၅ | ▼ | ၁၀၀၅ | ၉၇၆ | ▼ |
| ၂ | ပဲစင်းငုံ | ၈၀၅ | ၈၁၅ | ▲ | ၈၆၃ | ၈၇၀ | ▲ | ၈၈၃ | ၈၈၂ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၆၀ | ၁၀၆၀ | ■ | ၁၂၁၆ | ၁၁၀၇ | ▼ | ၁၃၁၃ | ၁၂၈၅ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၅၆၇ | ၅၆၁ | ▼ | ၅၂၇ | ၅၄၅ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁၇.၁.၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၄.၁.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၄) မှ (၂၄.၁.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၉၃၁၈ | ၅၀၅၅ | ၄၂၁၉၈၁ |
| ပဲတီစိမ်း | ၆၃၁၆ | ၃၃၄၂ | ၁၁၀၅၁၃ |
| ပဲစင်းငုံ | ၄၈၄၇ | ၁၀၉၂ | ၁၅၈၂၂၂ |
| ကုလားပဲ | ၁၄၇ | ၅၄ | ၈၇၄၇ |
| ပဲလွန်းဖြူ | ၈၁၃ | ၃၄၅ | ၂၇၆၅၃ |
| မြေထောက်ပဲ | ၁၃၆ | ၇၂ | ၇၇၇၁ |

## ရန်ကုန်ဝယ်လက်ရှိလို့ ဈေးငြိမ် အရောင်းသွက်တဲ့ ပြည်ပဲစင်းငုံဈေးကွက်

ဇန်နဝါရီလကုန်ပတ်မှာ ပဲဈေးကွက်အတွင်းသို့ ပဲစင်းငုံသစ်များ အများအပြားဝင်ရောက်လာပြီး ပန်းတောင်း၊ ကံမ၊ ပေါက် ခေါင်း၊ ရွှေတောင်နယ်စုံမှ အိတ် ၉၀၀ ကျော်အထိ ဝင်ရောက်ခဲ့တယ်လို့သိရပါတယ်။

ဝယ်လက်အနေဖြင့် လှော်လက်သမားများ ဝယ်ယူမှုမရှိခဲ့ဘဲ ရန်ကုန်ဝယ်လက်မှ အဝင်ရှိသလောက် ဝယ်ယူနေတဲ့အတွက် အိတ် ၈၀၀ ကျော်၊ ၉၀၀ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲဈေးနှုန်းကတော့ ယခင်တစ်ပတ်ကအတိုင်းသာ တစ်တင်း ၂၅၇၀၀ ကျပ်ဖြင့် ဈေးငြိမ်ငြိမ်နဲ့ အရောင်းအဝယ်သွက်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

### စီးပွားရေးလုပ်ငန်းရှင်များသို့

ဂျာနယ်တွင် ကြော်ငြာကိစ္စများနှင့်ပတ်သက်၍ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကြော်ငြာထည့်ရန် မေတ္တာရပ်ခံသည့်စာဖြင့် ကြော်ငြာတာဝန်ခံဝန်ထမ်း ဒေါ်မြင့်ဇင်ညွှန့်ကိုယ်တိုင် ကြော်ငြာများလက်ခံလျက်ရှိပါသည်။ ညွှန်ကြားရေးမှူး၏ မေတ္တာရပ်ခံစာ မပါဘဲ၊ ကြော်ငြာလာရောက်လက်ခံပါက အောက်ပါဖုန်းနံပါတ်များသို့ အသိပေးအကြောင်းကြားပါရန်မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း - ၀၁ - ၃၇၁ ၀၂၃ ၊ ၂၅၁ ၁၉၇ ၊ ၂၅၂ ၀၁၇

# ဇန်နဝါရီလကုန် ပြည်ပဲမျိုးစုံဈေးကွက်မှာ ကုလားပဲသီးနှံ ဈေးမြင့်လာသော်လည်း မတ်ပဲနှင့် ပဲတီစိမ်းဈေးလျော့နည်းခဲ့

ယခုဇန်နဝါရီလကုန် ပြည်ပဲမျိုးစုံဈေးကွက်မှာ အဓိက အရောင်းအဝယ်ဖြစ်ခဲ့သော ပဲများ၏ ဈေးနှုန်း အခြေအနေများကို လေ့လာရာမှာ မတ်ပဲနှင့် ပဲတီစိမ်းသီးနှံမှာ ဈေးလျော့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ကုလားပဲသီးနှံသာ အခြားပဲများနှင့် ယှဉ်လျှင် ယခင်တစ်ပတ်ထက် ဈေးပိုလာခဲ့ပါတယ်။ အခြားပဲများအားလုံးလိုလိုကတော့ ဈေးငြိမ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

မတ်ပဲသီးနှံမှာ ပဲသစ်များ ပန်းတောင်း၊ ကံမဖက်မှ နေ့စဉ် ဝင်ရောက်နေသော်လည်း အိတ် ၂၀၀-၂၅၀ လောက်သာ အဝင်ရှိခဲ့ပါတယ်။ ဝင်လာသမျှ ပဲသစ်များအား လှော်သမားများမှ အဝယ်မရှိသေးဘဲ ရန်ကုန်ဝယ်လက်များမှ ဝယ်ယူလျက်ရှိတာကြောင့် တစ်ရက် အိတ် ၂၀၀ ကျော်၊ နေ့စဉ်အရောင်းအဝယ်ဖြစ်ပြီး ဈေးနှုန်းကတော့ တစ်တင်း ၂၇၈၀၀ ကျပ်ဖြင့် ယခင်ပတ်ထက် ဈေးလျော့နည်းသွားတယ်လို့ သိရပါတယ်။

ပဲတီစိမ်းသီးနှံမှာလည်း ပဲဝင်ရောက်မှုနည်းသွားလို့ တစ်ရက်အိတ် ၁၀၀ ခန့်သာဝင်ရောက်ခဲ့ပါတယ်။ ပန်းတောင်းမြို့နယ်မှသာ ဝင်ရောက်လျက်ရှိပြီး ပဲအရည်အသွေးလည်း အနည်းငယ်ကျဆင်းလို့ ပဲဈေးနှုန်းမှာလည်း တစ်တင်း ၃၃၀၀၀ ကျပ်ဖြင့် သိသိသာသာ ဈေးလျော့နည်း ကျဆင်းခဲ့ပါတယ်။ မန္တလေးလိုင်းသမားများမှလည်း နေ့စဉ်အဝယ်မရှိခဲ့ဘဲ ရက်ခြားလောက်သာ ဝယ်ယူမှုရှိခဲ့ပါတယ်။

ပဲစင်းငုံသီးနှံကတော့ ဈေးငြိမ်နေပေမယ့် အရောင်းအဝယ် ဖြစ်မှုမှာ ဝယ်လိုအားလည်းများလို့ အရောင်းသွက်ခဲ့သလို ကုလားပဲသီးနှံမှာ ပဲသစ်အနည်းငယ်ဝင်ရောက်နေသော်လည်း တစ်ရက်အိတ် ၂၀ မှ ၃၀ ကြားနေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲသစ်ထက် ပဲဟောင်းများအား ဒေသတွင်း ခွဲစက်သမားများမှ နေ့စဉ်ဝယ်လို့ အိတ် ၂၅၀ ကျော် ၃၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးနှုန်းမှာ ယခင်ပတ်ထက် ဈေးပိုလာပြီး တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့် ဝယ်ယူလျက်ရှိခဲ့ပါတယ်။

ပဲကြီးက ဈေးငြိမ်နေပြီး ပဲသစ်အဝင် သိပ်မရှိဘဲ၊ လက်ကျန်ပဲများအား ပဲကြော်သမားများ နေ့စဉ် ဝယ်ယူလို့ အိတ် ၁၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ရွှေကျွန်းထက် ကမ်းနားပဲက ပိုအရောင်းသွက်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ ယခုတစ်ပတ်မှာလည်း ယခင်ပတ်အတိုင်း (ရွှေကျွန်း) တစ်တင်း ၂၃၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၁၀၀၀ ကျပ်ရရှိခဲ့တယ်လို့ သိရပါတယ်။

ဘိုကိတ်ပဲသီးနှံများ ပဲအဝင်သိပ်မရှိပေမယ့် လက်ကျန်ပဲများရှိလို့ ရန်ကုန်ဝယ်လက်မှ အိတ် ၁၀၀ ကျော်ဝယ်ယူမှုရှိပြီး တစ်တင်း ၁၅၀၀၀ ကျပ်ဖြင့် ဈေးငြိမ်လျက်ရှိသလို စားတော်ပဲသီးနှံမှာလည်း ဝင်ရောက်မှုမရှိသေးတဲ့အတွက် လက်ကျန်ပဲများအား လက်လီသမားများမှ တစ်တင်း ၂၅၀၀၀ ကျပ်ဖြင့် ဝယ်ယူလျက်ရှိခဲ့တာကြောင့် တစ်ရက် ၁၀ အိတ်ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မုံရွာကုန်စည်ဒိုင် ဇန်နဝါရီလကုန်ပတ် ပဲဈေးကွက် ပဲမျိုးစုံရောင်းအားတက်



မုံရွာကုန်စည်ဒိုင် ဇန်နဝါရီလကုန်ပတ် ပဲဈေးကွက်မှာ ပဲစင်းငုံနီ နယ်အဝင်သွက်ခဲ့သလို ရန်ကုန်ဝယ်လက်ခပ်သွက်သွက် ဝယ်ယူမှုကြောင့် တစ်ရက် အိတ် တစ်သောင်းဝန်းကျင် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပေါက်ဈေးကတော့ တစ်ရက်တစ်ဈေး ဖြစ်ပေါ်ခဲ့ကာ ယခုတစ်ပတ်အတွင်း တစ်တင်းအနိမ့်ဆုံး ၂၅၂၀၀ ကျပ်မှ အမြင့်ဆုံး ၂၅၈၀၀ ကျပ်ထိ ပေါက်ခဲ့ပါတယ်။

ယခုတစ်ပတ်ပဲတီစိမ်းဈေးကွက်မှာတော့ ကုန်သည်လက်ကျန်နည်းလာသလို နယ်ပဲများ ဝင်ရောက်မှု လျော့လာတဲ့အတွက် ဈေးအနည်းငယ် မြင့်လာကာ စိမ်းသေးတစ်တင်း ၃၁၈၀၀ ကျပ်မှ ၃၂၀၀၀ ကျပ်နဲ့ စိမ်းကြီး တစ်တင်း ၃၁၀၀၀ ကျပ် ဈေးပေါက်ခဲ့ပါတယ်။ ဈေးကွက်အနေနဲ့ မန်းလက်က စိမ်းကြီးနဲ့ ရန်ကုန်လက်က စိမ်းသေးကို ဝယ်ယူခဲ့ကြပြီး တစ်ရက်ပျမ်းမျှ ပဲတီစိမ်းအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ်မှာ မတ်ပဲဈေးကွက်လည်း ရန်ကုန်နဲ့ မန်းဝယ်လက်အနည်းငယ်အပြင် မုံရွာခွဲစက်သမားအချို့ အနည်းငယ်ဝယ်ယူမှုရှိခဲ့ပြီး ပေါက်ဈေးအနေနဲ့ တစ်တင်း ၂၆၄၀၀ ကျပ်ကနေ ၂၆၇၀၀ ကျပ်ကြား ဖြစ်ပေါ်ခဲ့ကာ တစ်ရက်အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ စွန်တာနီဈေးကွက်မှာတော့ နယ်စုံက ပဲအသစ်တွေ ဝင်ရောက်မှုရှိပေမယ့် ဝယ်လိုအားလျော့နေတဲ့အတွက် ဈေးအနည်းငယ်အေးသွားခဲ့ကာ ယခုတစ်ပတ်မှာ တစ်တင်း ၁၄၇၀၀ ကျပ်ထိ အနိမ့်ဆုံးဖြစ်ပေါ်ခဲ့ပါတယ်။ နယ်ဝယ်လက်နည်းပေမဲ့ ဒေသခံကြာဆံစက်သမားတွေအတွက် မရှိမဖြစ် ကုန်ကြမ်းဖြစ်လို့ အဝယ်အသင့်အတင့်ရှိခဲ့ကာ တစ်ရက်အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။

ပဲလွန်းအုပ်စုအနေနဲ့ နယ်က ပဲအဝင်အားနည်းသလို ဝယ်လိုအားပုံမှန်သာရှိခဲ့လို့ ပဲလွန်းပြာဟာ တစ်တင်း ၁၄၅၀၀ ကျပ်မှ ၁၄၇၀၀ ကျပ်ကြားဈေးငြိမ်နေပြီး ပဲလွန်းဖြူကတော့ ပဲလက်ဝယ်ရှိသူနဲ့ ဝယ်လိုသူတိုက်ရိုက် ဆက်သွယ်ရောင်းဝယ်ကြလို့ ဒိုင်ပေါက်ဈေးနေ့စဉ်မထွက်နိုင်ဘူးလို့ ဆိုပါတယ်။ ယခုတစ်ပတ်မှာ ဈေးစွာလာတာကတော့ ကုလားပဲမျိုးစုံဖြစ်ပြီး ယခုတစ်ပတ်မှာ ကုလားပဲဖြူကြီး (V2) ဟာ တစ်တင်း ၁၆၃၀၀ ကျပ်ထိ လည်းကောင်း၊ ၉၂၉ ကုလားပဲဟာ တစ်တင်း ၁၆၀၀၀ ကျပ်ထိလည်းကောင်း အသီးသီးဈေးမာလာခဲ့ပြီး အရောင်းအဝယ်အားဖြင့် တစ်ရက် အိတ် ၇၀၀ ခန့်သာဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ဈေးကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ပြုလုပ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းများရဲ့ ဈေးနှုန်းနှင့် ဈေးကွက်

ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) သို့ မန္တလေးတိုင်းဒေသကြီးအတွင်းမှသော်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ထိစပ်လျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးများမှသော် လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ လယ်ယာထွက်ကုန် သီးနှံများဖြစ်သော ပဲအမျိုးမျိုး၊ နှမ်းရောင်စုံနဲ့ ပြောင်းဖူးစေ့မျိုးစုံတို့ကို ဥပုသ်နေ့မှလွဲ၍ နေ့စဉ်လာရောက်၍ ပွဲစားများ၊ ကုန်သည်များ၊ စက်ပိုင်များမှ အရောင်းအဝယ်ပြုလုပ်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင်း အပတ်စဉ် အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းကို နှိုင်းယှဉ်ကြည့်ပါက -

**တစ်ပိဿာဈေး - ကျပ်**

| သီးနှံအမည် | ပထမပတ် | | ဒုတိယပတ် | | တတိယပတ် | | စတုတ္ထပတ် | | ပဉ္စမပတ် | |
|---|---|---|---|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၆၈၉ | ၁၉၂၀ | ၁၅၁၁ | ၁၉၇၃ | ၁၆၈၉ | ၁၉၅၆ | ၁၂၄၄ | ၂၀၂၇ * | ၁၆၈၉ | ၁၈၃၁ |
| ပဲလွန်းဖြူ | ၉၁၇ | ၁၀၃၃ | ၁၀၃၃ | ၁၀၈၃ | ၉၆၇ | ၁၀၃၃ | ၉၆၇ | ၁၀၈၃ | ၁၀၈၃ | ၁၁၀၀ * |
| ပဲကြီး | ၉၉၅ | ၁၂၆၇ | ၉၉၅ | ၁၂၆၇ | ၁၂၆၇ | ၁၃၅၇ * | ၁၂၆၇ | ၁၃၅၇ * | ၁၀၈၆ | ၁၁၇၆ |
| ပဲပုပ် (ရှမ်း) | ၉၂၀ | ၉၃၉ | ၈၄၅ | ၉၃၉ * | ၈၄၅ | ၉၃၉ * | ၈၄၅ | ၉၃၉ * | ၈၃၆ | ၉၃၉ * |
| ပဲပုပ် (ဗမာ) | ၉၉၅ | ၁၀၁၄ * | ၉၃၉ | ၁၀၁၄ * | ၉၉၅ | ၁၀၀၅ | ၈၈၃ | ၉၅၈ | ၈၈၃ | ၉၀၁ |
| ပဲယင်း | ၁၀၈၃ | ၁၁၀၀ * | ၁၀၈၃ | ၁၁၀၀ * | ၉၆၇ | ၁၀၀၀ | ၉၆၇ | ၁၀၀၀ | ၉၁၇ | ၁၀၀၀ |
| ထောပတ်ပဲ | ၁၇၇၈ | ၁၈၆၇ * | ၁၆၈၉ | ၁၇၇၈ | ၁၆၀၀ | ၁၆၅၃ | ၁၄၇၆ | ၁၄၉၃ | ၁၅၁၁ | ၁၆၀၀ |
| မြေထောက်ပဲ | ၁၀၁၉ | ၁၂၀၄ * | ၁၀၁၉ | ၁၂၀၄ * | ၁၀၇၄ | ၁၁၁၁ | ၁၁၁၁ | ၁၁၆၇ | ၁၁၆၇ | ၁၂၀၄ * |
| မတ်ပဲ | ၁၃၆၇ | ၁၃၈၃ | ၁၄၃၃ | ၁၄၆၇ * | ၁၃၃၃ | ၁၃၅၀ | ၁၃၅၀ | ၁၃၆၇ | ၁၃၅၀ | ၁၃၆၇ |
| ကုလားပဲဖြူကြီး | ၇၆၉ | ၇၉၅ | ၈၄၇ | ၈၅၆ * | ၈၃၈ | ၈၄၇ | ၈၀၃ | ၈၁၂ | ၈၃၈ | ၈၄၇ |
| ကလားပဲထိုင်ဝမ် | ၇၄၇ | ၇၅၆ | ၈၀၉ | ၈၁၈ * | ၇၇၃ | ၇၈၂ | ၇၄၇ | ၇၅၆ | ၇၉၁ | ၈၀၀ |
| ပဲစင်းငုံနီ | ၁၂၁၇ | ၁၂၂၅ | ၁၂၆၇ | ၁၂၇၅ | ၁၂၄၂ | ၁၂၅၀ | ၁၂၅၈ | ၁၂၆၇ | ၁၂၆၇ | ၁၂၇၈ * |
| ပဲစင်းငုံရွှေ (ဖြူ) | - | - | ၁၁၈၃ | ၁၁၉၂ | ၁၂၁၇ | ၁၂၂၅ | ၁၂၅၀ | ၁၂၅၈ | ၁၂၆၇ | ၁၂၇၈ * |
| ပြောင်းဖူးစေ့ (ရှမ်း) | ၃၆၁ | ၃၆၇ | ၃၅၇ | ၃၇၀ | ၃၆၁ | ၃၆၃ | ၃၆၇ | ၃၇၀ | ၃၈၉ | ၃၉၄ * |
| ပြောင်းဖူးစေ့ (ဗမာ) | ၃၃၃ | ၃၄၃ | - | - | - | - | - | - | - | - |
| ပြောင်းဖူးစေ့ (စီပီ) | ၃၆၁ | ၃၆၇ | ၃၆၁ | ၃၇၀ | ၃၆၁ | ၃၆၃ | ၃၆၇ | ၃၇၀ | ၃၈၉ | ၃၉၈ * |
| အထွက်တိုးပြောင်း | ၃၅၈ | ၃၆၈ | ၃၇၇ | ၃၈၇ * | ၃၄၀ | ၃၈၇ | ၃၅၈ | ၃၇၇ | ၃၅၈ | ၃၈၇ * |
| နှံစားပြောင်း(ဆန်ပြောင်း) | ၃၂၀ | ၃၃၈ | ၃၃၈ | ၃၅၄ | ၃၃၈ | ၃၅၄ | ၃၃၈ | ၃၅၄ | ၃၆၃ | ၃၉၇ * |
| နှမ်းဖြူ | ၂၃၁၁ | ၂၆၆၇ * | ၂၄၀၀ | ၂၄၄၄ | ၂၁၁၁ | ၂၄၀၀ | ၂၀၆၇ | ၂၅၅၆ | ၂၁၅၆ | ၂၃၃၃ |
| နှမ်းညို | ၂၀၀၀ | ၂၁၁၁ | ၂၁၁၁ | ၂၁၃၃ * | ၂၀၆၇ | ၂၁၃၃ * | ၁၈၈၉ | ၂၀၀၀ | ၂၀၀၀ | ၂၀၄၄ |
| နှမ်းနက် | ၂၆၆၇ | ၄၀၀၀ * | ၂၄၄၄ | ၃၆၆၇ | ၂၁၁၁ | ၂၇၇၈ | ၁၉၅၆ | ၃၆၆၇ | ၂၅၁၁ | ၃၇၁၁ |
| နှမ်းနက် (စမုံ) | ၄၄၄၄ | ၄၄၈၉ | ၄၃၃၃ | ၄၅၅၆ | ၄၅၅၆ | ၄၅၇၈ * | ၄၄၄၄ | ၄၅၁၁ | ၄၄၄၄ | ၄၄၈၉ |
| ပန်းနှမ်း | ၁၀၆၇ | ၁၁၃၃ * | ၁၀၈၉ | ၁၁၀၀ | ၁၀၄၄ | ၁၀၆၇ | ၁၀၄၄ | ၁၀၆၇ | ၁၀၆၇ | ၁၀၈၉ |
| မြေပဲဆန် | ၂၄၀၀ | ၂၄၇၅ | ၂၄၂၅ | ၂၅၀၀ | ၂၄၂၅ | ၂၅၅၀ | ၂၃၅၀ | ၂၃၇၅ | ၂၃၀၀ | ၂၅၂၅ * |

*** ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း အမြင့်ဆုံးဈေးနှုန်း (သီးနှံတစ်မျိုးစီ၏ဈေးနှုန်း)**

ဇန်နဝါရီလရဲ့ နောက်ဆုံးပတ်မှာ ပဲတီစိမ်းကြီး တစ်ပိဿာ ၁၈၃၁ ကျပ် (တစ်တန် ၁၁၂၁၂၈၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်တာကြောင့် ယခင်ပတ်ဈေးနှုန်းအောက် ဈေးအေးသွားပါတယ်။ ဈေးအေးပေမယ့် ပြည်ပ (တရုတ်) ဝယ်လက်ပုံမှန်ဝယ်ယူမှုရှိတာကြောင့် နေ့စဉ် ပျမ်းမျှ သုံးတင်းအိတ် ၁၅၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ထို့အတူ ပြည်ပ (တရုတ်) ဆွဲအားပုံမှန်ရှိတဲ့ ပဲလွန်းဖြူမှာ ယခုလအတွင်း ဈေးအမြင့်ဆုံးမှာရှိနေပါတယ်။ ယခုတစ်ပတ်မှာ ပဲလွန်းဖြူတစ်ပိဿာ ၁၁၀၀ ကျပ် (တစ်တန် ၆၇၃၆၂၉ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၄၀၀ ကျော်အရောင်းအဝယ်ဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်မှာသာ အရောင်းအဝယ်ဖြစ်နေတဲ့ ပဲကြီးမှာ တစ်ပိဿာ ၁၁၇၆ ကျပ် (တစ်တန် ၇၂၀၁၇၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ဈေးအေးပေမယ့် နေ့စဉ် သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပဲပုပ် (ရှမ်း) မှာ ယခုဇန်နဝါရီလ တစ်လလုံး တစ်ပိဿာ ၉၃၉ ကျပ် (တစ်တန် ၅၇၅၀၃၄ ကျပ်)နဲ့ ဈေးငြိမ်လျက်ရှိပြီး ပဲပုပ် (ဗမာ) မှာ ယခုလဆန်းပိုင်းဈေးအောက်ကို ရောက်နေလို့ တစ်ပိဿာ ၉၀၁ ကျပ် (တစ်တန် ၅၅၁၇၆၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ပဲပုပ်နှစ်မျိုးပေါင်းနေ့စဉ် သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ပေမယ့် ပြည်ပတင်ပို့မှုမှာ အနည်းငယ်မျှသာရှိပါတယ်။ ပဲယင်းတစ်ပိဿာဈေး ယခုလဆန်းဈေးနှုန်းအောက် ၁၀၀ ကျပ်ရောက်သွားလို့ ယခုပတ်မှာ ပဲယင်းတစ်ပိဿာ ၁၀၀၀ ကျပ် (တစ်တန် ၆၁၂၃၉၀ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ထောပတ်ပဲ တစ်ပိဿာ ၁၆၀၀ ကျပ် (တစ်တန် ၉၇၉၈၂၄ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခုလ ပထမပတ်ရဲ့ ဈေးနှုန်းအောက် တစ်ပိဿာ ၂၆၇ ကျပ်ဈေးအေးသွားပေမယ့် နေ့စဉ် သုံးတင်းအိတ် ၂၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး တစ်ခါတစ်ရံ ပြည်ပ (တရုတ်) မှလည်း မှာယူမှုရှိကြောင်း သိရပါတယ်။ ယခုပတ်မှာ မြေထောက်ပဲ တစ်ပိဿာ ၁၂၀၄ ကျပ် (တစ်တန် ၇၃၇၃၁၈ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ရန်ကုန်ဝယ်လက် ဝယ်ယူမှုရှိတဲ့ မတ်ပဲဈေးပုံမှန်ရှိနေတာကြောင့် ယခုတစ်ပတ်မှာလည်း မတ်ပဲ တစ်ပိဿာ ၁၃၆၇ (တစ်တန် ၈၃၇၁၃၇ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၈၀၀ ခန့်၊ ကုလားပဲဖြူကြီး တစ်ပိဿာ ၈၄၇ ကျပ် (တစ်တန် ၅၁၈၆၉၄ ကျပ်)၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၈၀၀ ကျပ် (တစ်တန် ၄၈၉၉၁၂ ကျပ်)နဲ့ နှစ်မျိုးပေါင်း သုံးတင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပြည်ပ (အိန္ဒိယ)နဲ့ ရန်ကုန်ဝယ်လက်အဆွဲများတဲ့ ပဲစင်းငုံနီနဲ့ ပဲစင်းငုံရွှေ (ဖြူ) များဈေးမာနဲ့ အရောင်းအဝယ်သွက်လက်လျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ ပဲစင်းငုံနှစ်မျိုးစလုံး တစ်ပိဿာ ၁၂၇၈ ကျပ်နဲ့ ယခုလရဲ့ ဈေးအမြင့်ဆုံးကို ရောက်နေပါတယ်။ တစ်တန်ကို ၇၈၂၆၃၄ ကျပ်နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၀၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

၂၀၁၄ ခုနှစ် စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလများမှာ တရုတ်ဝယ်လက်မှ များစွာဝယ်ယူတဲ့ ပြောင်းဖူးစေ့များ တရုတ်မှ ဆက်လက်ဝယ်ယူမှုရှိပေမယ့် အရောင်းအဝယ်လွန်စွာနည်းပါးသွားပါတယ်။ သုံးလမှာ တစ်ရက် အရောင်းအဝယ်ဖြစ်မှုမှာ သုံးတင်းအိတ် ၅၀၀၀ မှ ၈၀၀၀ ကြား အရောင်းအဝယ်ဖြစ်ပေမယ့် ယခုတစ်ပတ်မှာ တစ်ရက်ပျမ်းမျှ သုံးတင်းအိတ် ၂၀၀ ခန့်သာအရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပြောင်းဖူးစေ့ (ရှမ်း)နဲ့ ပြောင်းဖူးစေ့ (စီပီ)သာ အရောင်းအဝယ်ဖြစ်ပြီး ပြောင်းဖူးစေ့ (ဗမာ)မှာ အရောင်းအဝယ်မဖြစ်သလောက် ရှားပါးပါတယ်။ ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၃၉၄ ကျပ် (တစ်တန် ၂၄၁၂၈၂ ကျပ်)၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၃၉၈ ကျပ် (တစ်တန် ၂၄၃၇၃၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ပါတယ်။ အထွက်တိုးပြောင်း တစ်ပိဿာ ၃၈၇ ကျပ် (တစ်တန် ၂၃၆၉၉၅ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၃၉၇ ကျပ်(တစ်တန် ၂၄၃၁၁၉ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံများဖြစ်တဲ့ နှမ်းမျိုးစုံနဲ့ မြေပဲဆန်ဈေးအနည်းငယ်အေးလျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ နှမ်းညိုတစ်ပိဿာ ၂၀၄၄ ကျပ် (တစ်တန် ၁၂၅၁၇၂၅ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ၃၇၁၁ ကျပ် (တစ်တန် ၂၂၇၂၅၇၉ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၄၈၉ ကျပ် (တစ်တန် ၂၇၄၉၀၁၉ ကျပ်)နဲ့ အဆိုပါ နှမ်း ၃ မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၂၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး၊ နှမ်းဖြူ တစ်ပိဿာ ၂၃၃၃ ကျပ် (တစ်တန် ၁၄၂၈၇၀၆ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ထို့အတူ ပန်းနှမ်း တစ်ပိဿာ ၁၀၈၉ ကျပ် (တစ်တန် ၆၆၆၈၉၃ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ မြေပဲဆန် တစ်ပိဿာ ၂၅၂၅ ကျပ် (တစ်တန် ၁၅၄၆၂၈၅ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ဂိတ်ဖြတ်စာရင်းအရ မန္တလေးမြို့အထွက် ၁၆ မိုင် (ကျောက်ချော) စစ်ဆေးရေးဂိတ်ရဲ့ မန္တလေးမှ မူဆယ်သို့ စီးထွက်သွားတဲ့ ပဲပြောင်း၊ နှမ်းများရဲ့ စီးထွက်မှုမှာ -

**ရေတွက်ပုံ-တန်**

| သီးနှံအမည် | ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ | | ၁. ၁. ၂၀၁၅ မှ ၂၅. ၁. ၂၀၁၅ | |
|---|---|---|---|---|
| | စုစုပေါင်း | တစ်ရက်ပျမ်းမျှ | စုစုပေါင်း | တစ်ရက်ပျမ်းမျှ |
| ပဲတီစိမ်း | ၄၄၁၈. ၉၆ | ၁၄၂. ၅၅ | ၄၇၀၅. ၇၂ | ၁၈၈. ၂၃ |
| ပဲလွန်းဖြူ | ၅၂၇. ၁၇ | ၁၇. ၀၇ | ၁၁၈၀. ၈၁ | ၄၇. ၂၃ |
| ပဲယင်း | ၁၆၃. ၈ | ၅. ၂၅ | ၄၇၂. ၃၅ | ၁၈. ၈၉ |
| ပဲပုပ် | - | - | ၉၅. ၅ | ၃. ၈၂ |
| မြေထောက်ပဲ | ၇၄. ၉ | ၂. ၄၂ | ၁၁၀. ၇၅ | ၄. ၄၇ |
| မတ်ပဲ | - | - | ၇၄. ၂၅ | ၂. ၉၇ |
| ထောပတ်ပဲ | - | - | ၁၉၈. ၀၅ | ၇. ၉၂ |
| ပြောင်းဖူးစေ့ | ၆၉၈၀ | ၂၂၅. ၁၆ | ၄၃၂. ၂၅ | ၁၆. ၉ |
| နှံစားပြောင်း | ၁၂၈၀. ၂ | ၄၁. ၃ | ၇၇၆. ၀၀ | ၃၁. ၀၄ |
| နှမ်းနက် /ညို | ၁၀၁၄၄. ၅ | ၃၂၇. ၂၄ | ၅၅၁၉. ၆ | ၂၂၀. ၇၈ |
| နှမ်းဖြူ | ၄၀၆၁. ၆၄ | ၁၃၁. ၀၂ | ၁၉၉၂. ၄၇ | ၇၉. ၇ |
| မြေပဲဆန် | ၇၇၃၂. ၄ | ၂၄၉. ၄၃ | ၄၇၀၉. ၈၅ | ၁၈၈. ၃၉ |

တရုတ်ကို မန္တလေးမြို့မှတစ်ဆင့် သီးနှံမျိုးစုံတင်ပို့မှုအရ ပုံမှန်ဝယ်ယူမှုရှိတဲ့ ပဲတီစိမ်းကြီး၊ ပဲလွန်းဖြူ ပဲယင်းတို့မှာ ယခင်လကထက် ရောင်းဝယ်မှုအားကောင်းတယ်လို့ ဆိုရပေမယ့် အများဆုံး အရောင်းအဝယ်ပြုလုပ်တဲ့ လများရဲ့ အရောင်းအဝယ်ဖြစ်မှုကို မမီသေးပါဘူး၊ ပြောင်းဖူးစေ့များတင်ပို့မှုမှာ လွန်စွာနည်းပါးတယ်လို့ ယူဆရမှာပါ။ အများဆုံးတင်ပို့မှုရဲ့ ၈ ဆကျော် ၉ ဆနီးပါး တင်ပို့မှုကျဆင်းပါတယ်။ နှံစားပြောင်း အပို့လျော့ပေမယ့် သိသိသာသာတော့ လျော့နည်းမသွားပါဘူး၊ ထို့အတူ နှမ်းမျိုးစုံရော မြေပဲဆန်ပါ အပို့လျော့လျက်ရှိကြောင်း သိရပါတယ်။

ပဲတီစိမ်းကတော့ ဈေးအနည်းငယ်အေးပေမယ့် ပုံမှန်အရောင်းအဝယ်ရှိနေကြောင်း၊ ဈေးအနည်းငယ် အေးရခြင်းမှာ ပစ္စည်းအရည်အသွေးကြောင့်ဖြစ်ကြောင်း၊ ပဲလွန်းဖြူမှာ ဝယ်လက်များအကြိုက်တွေ့လို့ ဈေးမာသလို အရောင်းအဝယ်လည်းသွက်လက်လျက်ရှိကြောင်း၊ ပဲယင်း၊ ပဲပုပ်၊ မြေထောက်ပဲနဲ့ မတ်ပဲ၊ ထောပတ်ပဲများ အရောင်းအဝယ်ပုံမှန်မျှသာရှိကြောင်း၊ ပြောင်းဖူးစေ့ဈေးမှာ သင့်တင့်ပေမယ့် ပြည်တွင်းမှာ လက်ကျန်နည်းနေတာကြောင့် အရောင်းအဝယ်ပါးပါတယ်။ ဒေသတွင်းအစာစပ်လုပ်ငန်း၊ အရက်ချက်လုပ်ငန်းများမှ ဝယ်ယူသိုလှောင် ထားမှုရှိကြောင်း၊ ၎င်းတို့မှာပြန်လည်ထုတ်ရောင်းဖွယ်မရှိတာကြောင့် နှမ်းရောင်စုံများဈေးအေးပေမယ့် ဒိုင်ကို အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပန်းနှမ်းကို ဒေသတွင်း ဝယ်လက်များမှ ဝယ်ယူတဲ့အတွက် အရောင်းအဝယ်သွက်လက်ကြောင်း၊ မြေပဲဆန်ကို ဒေသတွင်း ဆီစက်များနဲ့ တရုတ်ဝယ်လက်များက ပုံမှန်ဝယ်ယူမှုရှိတာကြောင့် အရောင်းအဝယ်ပုံမှန်ရှိသလို ပြည်ပ (တရုတ်) ကိုလည်း ပုံမှန်တင်ပို့မှုရှိကြောင်း ကုန်သည်ကြီးတစ်ဦးမှ ပြောကြားကြောင်း သိရပါတယ်။

ကုလားပဲဖြူကြီးနဲ့ ကုလားပဲထိုင်ဝမ်ဈေးအေးပေမယ့် ဒေသတွင်းအမှုန့်ကြိတ်စက်နဲ့ ပဲခွဲစက်များကြောင့် ပုံမှန်အရောင်းအဝယ်ဖြစ်ပါတယ်။ မတ်ပဲနဲ့ ပဲစင်းငုံများကို ပြည်ပနဲ့ ရန်ကုန်ဝယ်လက်ဆွဲအားကောင်းမွန်လာတာကြောင့် ဈေးလည်းမာလာသလို အရောင်းအဝယ်သွက်လက်လာကြောင်း၊ ယခုနှစ်မှာ အရောင်းအဝယ်ဖြစ်မှု အလားအလာကောင်းလာမှာဖြစ်သလို ဈေးလည်းမာလာနိုင်ကြောင်း ကုန်သည်၊ ပွဲစားကြီးတစ်ဦးမှ ထပ်မံပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

## နနွင်း

### နနွင်းတန် ၄၀ တင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၂၂၈၀၀ တန်ဖိုးရှိ နနွင်း တန် ၄၀ ကို ဇန်နဝါရီ ၁၈ မှ ၂၄ ရက်သီတင်းပတ်အတွင်း စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် တစ်ရာ့ ကိုးဆယ်ကျော်ထိ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ နနွင်းတင်ပို့မှု လျော့နည်းမှု များပြားခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### မြစ်သားနနွင်းသစ်များ ဈေးကွက်ဝင်တော့မည်

မန္တလေးတိုင်းဒေသကြီးမှာ ဗမာမျိုးနနွင်းကို မြစ်သားမြို့နယ်မှာ အများဆုံး စိုက်ပျိုးပါတယ်။ အရည်အသွေးကောင်းလို့ မွန်ကျော်၊ သပြေသာ၊ မသဲ၊ ဘုံလွမ်း၊ ရွာခိုင်ကြီး၊ ကျေးရွာများမှ နနွင်းစိုက်တောင်သူများ အကျိုးအမြတ်ရရှိခဲ့ကြပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ မြစ်သားမြို့နယ် နနွင်းစိုက်ဧက ၁၀၀၀ ဝန်းကျင်ရှိပြီး၊ နနွင်း တစ်ဧကကုန်ကျစရိတ် ကျပ်ခြောက်သိန်းခန့်ရှိတယ်လို့ သိရပါတယ်။ တစ်ဧက နနွင်း ပိဿာ ၁၀၀၀ ကျော်ထွက်လို့ တစ်ပိဿာလျှင် စရိတ် ၆၀၀ ကျပ်ရှိပါတယ်။ ယခုလက်ရှိ တစ်ပိဿာ ၁၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တာကြောင့် အကျိုးအမြတ်ရှိကြတယ်လို့ သပြေသာ ကျေးရွာမှ နနွင်းစိုက်တောင်သူများက ဆိုပါတယ်။

**ခင်စန်းဝင်း-ကျောက်ဆည်**

### နနွင်းတက် တင်ပို့မှုလျော့ကျ

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၅၃၄ တန်ဖိုးရှိ နနွင်းတက် ၆ တန်ခွဲ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနယ်စပ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၂၈၀၃ တန်ဖိုးရှိ နနွင်းတက် ၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၅၄ တန်ခွဲ၊ စစ်တွေမှ ၉တန်နဲ့ မြဝတီမှ ၆ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာတော့ နနွင်းတက်တင်ပို့မှုလျော့ကျသွားတယ်လို့ ဆိုရပါမယ်။ ကုန်အဝင်မရှိလို့ ပွဲရုံလက်ကျန်တွေနဲ့သာ အရောင်းအဝယ်ဖြစ်နေကြောင်း၊ တရုတ်ပြည်က ဆင်တောင်နနွင်းကို ပိုပြီး အဝယ်များကြောင်း သိရပါတယ်။

**မော်မော်အောင် MIRT(DCCA)**


## အရည်အသွေးကောင်းတဲ့ အောင်ပန်းနနွင်းကို ရန်ကုန်ဝယ်လက်ကဝယ်

အရင်နှစ်တွေက အရောင်းအဝယ်အေးခဲ့တဲ့ ရှမ်းနနွင်းက ဒီနှစ်မှာတော့ အရောင်းအဝယ်ပြန်ဖြစ်နေပါတယ်။ မနှစ်က တစ်နှစ်လုံး ပြည်တွင်းသုံးအတွက်သာ ရောင်းနေခဲ့ရပါတယ်။ ဒီနှစ် နှစ်ဆန်းပိုင်းမှာတော့ မဆလာပြုလုပ်ဖို့အတွက်ပါ ဝယ်ယူလာတယ်လို့လည်း သိရပါတယ်။ နနွင်းစိုသစ်တွေ ဈေးကွက်ကိုဝင်လာပေမယ့် နနွင်းခြောက်တွေ တော့ မဝင်လာသေးပါဘူး။ ဒါကြောင့် လက်ကျန်နနွင်းတွေကိုသာ အရောင်းအဝယ်ပြုလုပ်နေရတယ်လို့သိရပါတယ်။ အောင်ပန်းဈေးကွက်က နနွင်းတွေကို ရန်ကုန်ဝယ်လက်တွေက အဓိကဝယ်ယူနေတာကြောင့် တစ်ပတ် အတွင်း ပိဿာချိန်ပေါင်း ၂၈၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်တွေကိုတော့ အရည်အသွေးကောင်းတဲ့ ပစ္စည်းတွေရောင်းရတာကြောင့် တစ်ပိဿာကို ၁၂၀၀ ကျပ်မှ ၁၆၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

ပြည်တွင်းသုံး အတွက် မန္တလေး၊ နေပြည်တော်၊ မကွေး၊ ဒိုက်ဦးစတဲ့ မြို့တွေကတော့ ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုဖို့အတွက် ပိဿာချိန် ၈၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ပြည်တွင်းသုံး အတွက်တော့ တစ်ပိဿာကို ၈၀၀ ကျပ်မှ ၁၂၀၀ ကျပ်ဈေးရှိတဲ့ နနွင်းတွေသာရောင်းရတယ်လို့သိရပါတယ်။ ဟိုပုံးဈေးကွက်မှာလည်း နနွင်းအသစ်တွေမဝင်သေးပါဘူး။ လက်ကျန်အဟောင်းတွေကိုသာ ရောင်းနေရပါတယ်။ ဟိုပုံးနနွင်းကိုလည်း အိန္ဒိယကိုပို့ဖို့အတွက် စစ်တွေဝယ်လက်တွေဝယ်ယူနေတာကြောင့် နနွင်းအဝယ်ပြန်လိုက်နေ တယ်လို့သိရပါတယ်။ ဟိုပုံးနနွင်းက တစ်ပိဿာ ၁၅၀၀ ကျပ်ဈေးပေါက်ပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ချင်း



### အောင်ပန်းချင်းအဝင်လှိုင်ပြီး ဟိုပုံးချင်းဈေးကွက်စဝင်

ဟိုပုံးချင်းတွေလည်း ဈေးကွက်ကို စပြီးဝင်လာပါပြီ။ ဒီဇင်ဘာလမကုန်ခင်ကတည်းက ဖော်လို့ရပေမယ့် ဈေးကောင်းကိုစောင့်တာကြောင့် ဇန်နဝါရီလလယ်လောက်မှသာစပြီးဖော်ကြတယ်လို့သိရပါတယ်။ ဒီအရင်က အောင်ပန်းဈေးကွက်မှာ ချင်းတွေအဝင်လှိုင်ပြီး ပြည်ပဝယ်လက်လည်းမရှိသေးဘဲ ပြည်တွင်းဖြန့်အားသာရှိတာကြောင့် ဈေးကလည်းထင်သလောက်မကောင်းခဲ့လို့ ဟိုပုံးနနွင်းကို မဖော်ဖြစ်ကြသေးဘဲ မြေကြီးထဲမှာသာ ထားတယ်လို့ သိရပါတယ်။ ဒီလမှာတော့ ငွေလိုတဲ့ တောင်သူတွေကဖော်ပြီး ရောင်းလာကြပါတယ်။ ဟိုပုံးအနီးတစ်ဝိုက် နယ်အစုံက ဝင်လာလို့ ဈေးကွက်မှာ ပုံမှန်အဝင်ရှိနေပါတယ်။ ပွဲရုံတွေက ချင်းအရည်အသွေးနဲ့ ပစ္စည်းပေါ်မူတည်ပြီး ဈေးဖြတ်ဝယ်ယူကြတယ်လို့ ဆိုပါတယ်။ အရည်အသွေးကောင်းပြီး အခက်လှတဲ့ချင်းတက်တွေကိုတော့ တစ်ပိဿာ ၅၇၀ ကျပ်ဈေးနဲ့ ပြန်ရောင်းကြတယ်လို့လည်းသိရပါတယ်။ ဟိုပုံးချင်းက အောင်ပန်းချင်းထက် အထွက်နောက်ကျပေမယ့် အရည်အသွေးကောင်းပြီး အထွက်ကလည်းနည်းတော့ ဈေးကွက်ကြိုက်လို့ နှစ်တိုင်းလိုလို အောင်ပန်းချင်း ထက်စောပြီးကုန်လေ့ရှိပါတယ်။ ချင်းခြောက်ကိုတော့ မပြုလုပ်ကြသေးပါဘူး။ လက်ကျန် အဟောင်းတွေကိုသာ၊ အရောင်းအဝယ်လုပ်နေကြတယ်လို့ သိရပြီး၊ ဟိုပုံးချင်းခြောက်ပေါက်ဈေးက တစ်ပိဿာကို ၁၈၀၀ ကျပ် ဈေး ရှိတယ်လို့သိရပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ချင်းအဝင်က ပုံမှန်ရှိနေပါတယ်။ မုံရွာ၊ ပြည်၊ စစ်တွေဝယ်လက်တွေ ဝယ်ယူမှုရှိလာလို့ အရောင်းကလည်းသွက်လာပါတယ်။ အောင်ပန်းဈေးကွက်ကနေ တစ်ပတ်အတွင်း ချင်းပိဿာချိန်ပေါင်း ၂ ဒသမ ၁ သိန်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီတစ်ပတ်ချင်း(စို) ပေါက်ဈေးကလည်း တစ်ပိဿာကို အနိမ့်ဆုံး ၄၀၀ ကျပ်မှ အမြင့်ဆုံး ၈၀၀ ကျပ်ဈေးပေါက်နေပါတယ်။

**ဇေခိုင်-တောင်ကြီး**

### ပွဲတော်ရာသီ အရောင်းအဝယ်သွက်တဲ့ ပြည်ချင်းဈေးကွက်

ယခုတစ်ပတ်အတွင်း အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများ ပြည်ဈေးကွက်ကို ပိဿာ ၃၀ ဝင်အိတ် ၁၅၀ ခန့် အဝင်ရှိပြီး ယခုလဟာ တပို့တွဲလ ထမနဲပွဲတော်အချိန်ဖြစ်တဲ့အတွက် ချင်းအရောင်းအဝယ်သွက်လာတယ်လို့ ချင်းပွဲရုံများမှ သိရပါတယ်။ ချင်းတစ်ပိဿာကို (ရှယ်) ၁၀၀၀ ကျပ်၊ (ဂွန်) ၉၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ဈေးကွက်မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ စားသုံးမှုအဖြစ် တစ်နေ့ကို ပိဿာချိန် ၇၀၀ ခန့် တင်ပို့မှုရှိတယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

**၂၄-၁-၂၀၁၅ မှ ၃၀-၁-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 160 | 9,293,770.578 |
| 2 | Form D | 61 | 2,975,971.320 |
| 3 | Form E | 64 | 1,042,453.560 |
| 4 | Korea GSP | 2 | 143,633.240 |
| 5 | Form AK | 60 | 3,537,628.422 |
| 6 | Form AJ | 3 | 78,008.940 |
| 7 | Form AI | 35 | 3,881,099.860 |
| 8 | AANZ | - | - |
| Grand Total | | 385 | 20,952,565.920 |

## ကြက်သွန်နီ

### မြဝတီစခန်းကသာ ကြက်သွန်နီ တင်ပို့

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်မှ ၂၃ ရက်တာ ရက်သတ္တပတ်မှာ မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၀၃၆၇၆ တန်ဖိုးရှိ ကြက်သွန်နီ ၃၇၂ တန်ခွဲ တင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ တမူးစခန်းစုံကနေ ကြက်သွန်နီ ၅၈၂ တန်ကျော် တင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။ မြို့အလိုက် ကြက်သွန်နီ တစ်တန်ပေါက်ဈေးများကတော့ ရန်ကုန် (ဆိပ်ဖြူစ) ၁ သိန်း ၃ သောင်းကျော်၊ မန္တလေး (မြင်းခြံစ) ၂ သိန်း ၁ သောင်းခန့်နဲ့ ပြည်၊ မုံရွာ ကြက်သွန်နီ ဈေးများမှာ ၁ သိန်းခွဲ ဝန်းကျင်ရှိနေပါတယ်။ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ကြက်သွန်နီကို တော်သလင်း၊ သီတင်းကျွတ်လများမှာ တစ်ကြိမ်၊ တန်ဆောင်မုန်း၊ နတ်တော်လများမှာ တစ်ကြိမ် တစ်နှစ်ကို နှစ်ကြိမ် စိုက်ပျိုးကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**
**MIRT (DCCA)**


### အကျိုးအမြတ်ရတဲ့ မလှိုင်ဆောင်းကြက်သွန်နီ

မလှိုင်မြို့နယ်ရဲ့ ဆောင်းကြက်သွန်နီဈေးကွက်ဟာ ယခင်နှစ်နှောင်းပိုင်းက ဈေးကွက်ပျက်ခဲ့သော်လည်း စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် စတင်ထွက်ပေါ်ချိန်က တစ်ပိဿာ ၃၅၀ ကျပ်၊ ၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့လို့ အရှုံးမရှိ၊ အမြတ်ရခဲ့ပြီးနောက်ပိုင်း လှောင်လက်များတွင်သာ ထိခိုက်ခဲ့တယ်လို့ သိရပါတယ်။

ယခုနှစ် မိုးကြက်သွန်နီအညှောင့်ပေါက်ချိန်၊ ဆောင်းကြက်သွန်နီဈေးကွက်ကို ဝင်လာပြီဖြစ်ရာ တစ်ပိဿာ ၄၀၀ ကျပ်၊ ၄၅၀ ကျပ် မျှော်မှန်းထားတာကြောင့် တစ်ဧကကုန်ကျစရိတ် ကျပ် ၈ သိန်းဝန်းကျင်သာရှိလို့ အရှုံးမရှိအမြတ်ရနေပါတယ်။

ယခင်နှစ် ပုံမှန်စိုက်ပျိုးမှုထက် အရင်းအနှီးတတ်နိုင်သူများက တိုးချဲ့စိုက်ပျိုးခဲ့ကြလို့ လျာထားစိုက်ဧက ၃၅၀၀ ဝန်းကျင်မှ ဧက ၄၈၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့တယ်လို့ ကြက်သွန်နီစိုက်တောင်သူများထံက သိရပါတယ်။

**ရဲမြင့်ဆန်း-မလှိုင်**



## မန်ကျည်း

### ယခင်တစ်ပတ်တင်ပို့မှုထက် မန်ကျည်း တန်သုံးဆယ်ပိုမိုတင်ပို့နိုင်

ဇန်နဝါရီလ ၁၈ ရက်မှ ၂၄ ရက်နေ့ သီတင်းတစ်ပတ်တာ ကာလအတွင်း မန်ကျည်း ၂၈၀ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ ပါကစ္စတန်၊ ဖိလစ်ပိုင်နဲ့ စင်ကာပူနိုင်ငံတို့ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာပါကစ္စတန်နိုင်ငံကို အများဆုံးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့နိုင်ခဲ့တဲ့ တန်ချိန်မှာ ၂၄၀ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှုနဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်သုံးဆယ်နီးပါးပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၉၃၈၈၅ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

# ကုန်သွယ်မှုသင်တန်းနှင့် သူတို့အမြင်

## oedfjrifa0pkanf;wifyonf

ကုန်သွယ်မှုသင်တန်းကျောင်းကို ၂၀၁၂ ခုနှစ် ဧပြီလမှစတင်၍ ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၌ ဖွင့်လှစ်ထားပါသည်။ ကုန်သွယ်မှုဆိုင်ရာ လက်မှတ်ရသင်တန်းများကို ၄ လလျှင်တစ်ကြိမ် ဖွင့်လှစ်သင်ကြား ပို့ချလျက်ရှိရာ သင်တန်းသားပေါင်း ၅၀၀ ကျော် မွေး ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ဒီပလိုမာသင်တန်းကိုလည်း ဖွင့်လှစ်ရန် စီစဉ်လျက်ရှိပါသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ လလယ်ခန့်တွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း (International Trade Basic Course) ကို ဆက်လက်ဖွင့်လှစ်မည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသူ များနှင့် တက်ရောက်လိုသူများအတွက် သင်တန်းနှင့်ပတ်သက်သည့် အခြေအနေများကို ယေဘုယျ သိရှိနိုင်ရန်ရည်ရွယ်၍ သင်တန်းဆရာ နှင့် သင်တန်းတက်ရောက်ခဲ့သူများ၏ အမြင်များကို စုစည်းဖော်ပြလိုက်ပါသည်။



**ဦးသိန်းမြင့်ဝေ**

ကျွန်တော်က ကုန်သွယ်မှု သင်တန်းကျောင်းက ဆရာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနဲ့ စီးပွားရေးပညာသဘောတရားတွေ ဆွေးနွေးပါတယ်။ ဒါ့အပြင် အိမ်နီးချင်းနိုင်ငံတွေရဲ့ ကုန်သွယ်ရေးပေါ်လစီ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ ယှဉ်ပြိုင်မှုပေါ်လစီ စတဲ့ အကြောင်းအရာတွေကိုလည်း ဆွေးနွေးပို့ချပါတယ်။

အဓိကပြောလိုတာက ဒီသင်တန်းတက်လိုက်တဲ့အတွက် ပို့ကုန်သွင်းကုန် ကုန်သွယ်မှုလုပ်ငန်းကို ထဲထဲဝင်ဝင် နားလည်သဘောပေါက်ပြီး ကိုယ်တိုင် လုပ်တတ်ကိုင်တတ် ဖြစ်သွားတာပါပဲ။ တချို့ဆိုရင် သင်တန်းပြီးတဲ့နောက် ကိုယ်ပိုင်ကုမ္ပဏီတွေထောင်ပြီး လက်တွေ့လုပ်ကိုင်နေကြပါပြီ။ အရင်ကကုမ္ပဏီမှာ စာရေးလုပ်ခဲ့တဲ့သူဟာ သင်တန်းလည်းပြီးရော မန်နေဂျာရာထူးရပြီး လစာကို အမေရိကန်ဒေါ်လာနဲ့ ရနေတာရှိတယ်။

ဒီသင်တန်းတက်လိုက်တဲ့အတွက် သင်တန်းသားဟာ စီးပွားရေးပတ်ဝန်းကျင်ကောင်း (Good business environment) ထဲ ရောက်ရှိသွားပြီး အဆက်အသွယ်တွေ၊ ကွန်ရက်တွေ (Networks) ရသွားကြတယ်။ ရင်းနှီးမြှုပ်နှံမှု၊ ကုမ္ပဏီမှတ်ပုံတင်၊ အကောက်ခွန်၊ နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ကုန်သည်/စက်မှုအသင်းချုပ်၊ ပို့ကုန်သွင်းကုန်ဌာန၊ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးစတဲ့ လက်တွေ့လည်ပတ်နေတဲ့ ဌာနတွေ၊ အရာရှိတွေနဲ့ ချိတ်ဆက်မိတဲ့ အကျိုးကျေးဇူးကိုလည်း ခံစားရပါတယ်။

ငွေကြေးအကုန်အကျမများဘဲ အချိန်တိုအတွင်းမှာ အတွေ့အကြုံတွေ၊ ပညာတွေ အများကြီးရနိုင်ပါတယ်။ သင်တန်းသားအတွက် အကျိုးများသလို တိုင်းပြည် ကုန်သွယ်မှုမြှင့်တင်ရေးအတွက်လည်း အရေးပါတဲ့ သင်တန်းလို့ မြင်ပါတယ်။



**ဦးကျော်ဆန်းလင်း**

ကျွန်တော်က Myanmar Citizens Bank Ltd ရဲ့ International Banking Department မှာ တာဝန်ထမ်းဆောင်နေပါတယ်။ Export and Import Trade Financing လုပ်ငန်းများကို အဓိကလုပ်ဆောင်နေရတဲ့ Department တစ်ခုဖြစ်ခြင်းကြောင့် International Trade Theory and Concept များ၊ Trading Business နဲ့ Trading Procedure များ၊ International Business Laws များကို လေ့လာသိရှိနိုင်ဖို့ Trade Training Institute မှဖွင့်လှစ်တဲ့ International Trade Basic Course Batch 5 က ဇူလိုင် ၇ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ လေ့လာသင်ယူတက်ရောက်ခဲ့ပါတယ်။ သင်တန်းတက်ရောက်နေစဉ်မှ ပြီးဆုံးသည်အထိ ကျွန်တော်သိရှိလိုတဲ့ အကြောင်းအရာတွေကို သင်တန်းမှ Programme Director ဆရာကြီး ဒေါက်တာမောင်အောင်၊ ဆရာ ဦးသိန်းမြင့်ဝေ စတဲ့ ဆရာကြီးများအပါအဝင်၊ သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်ကြီးများ၊ အလျဉ်းသင့်သလို လာရောက်ဟောပြောပို့ချပေးတဲ့ နိုင်ငံတော်အဆင့် အကြံပေးပညာရှင် ဆရာကြီးများ၊ မြန်မာနိုင်ငံသို့ လာရောက်လုပ်ငန်းဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ပညာရှင်ကြီးတွေထံက Trading နဲ့ ပတ်သက်တဲ့ အကြောင်းအရာများကို စုံလင်စွာ သိရှိရပါတယ်။ ဒါ့အပြင် သင်တန်းကာလအတွင်း Business Trip များအနေနဲ့ နိုင်ငံအတွင်းလက်ရှိ အောင်မြင်ပြီး Export Quality လုပ်ကိုင်လျက်ရှိတဲ့လုပ်ငန်းများ၊ စက်ရုံများ၊ ကုန်စည်များ အတင်အချပြုလုပ်ရာ ဆိပ်ကမ်းကြီးများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများသို့ အလျဉ်းသင့်သလို သွားရောက်ပြီး လေ့လာခွင့်များကို ထူးခြားစွာ ရရှိခဲ့ပါတယ်။ အတွေ့အကြုံများစွာရှိသော ဝါရင့်ဆရာကြီး၊ ဆရာမကြီးပေါင်းများစွာရဲ့ Logistics လုပ်ငန်းစဉ်များ၊ Global Value Change and Supply Chain ဖြစ်စဉ်များ၊ SMEs Development ၊ Business Ethic များမှအစ Trade နဲ့ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေကို စုံစုံလင်လင် ထိထိမိမိ သင်ကြားလေ့လာခွင့် ရရှိခဲ့ပါတယ်။



**ဦးချမ်းသာ**

မင်္ဂလာပါ၊ ကျွန်တော့်အမည် ဦးချမ်းသာဖြစ်ပါတယ်။ စီးပွား/ကူးသန်းမှ ဌာနဆိုင်ရာတာဝန်ရှိသူတွေရဲ့ စီမံမှုနဲ့ဖွင့်လှစ်တဲ့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ Trade Training Institute (TTI) အပတ်စဉ်(၅)သင်တန်းကိုလေးလကြာတက်ရောက် လေ့လာသင်ကြားခဲ့ပါတယ်။ ယနေ့ မြန်မာ့စီးပွားရေး၊ ကမ္ဘာ့စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်နဲ့ ဥပဒေသများကို ဌာနဆိုင်ရာ ဆရာ၊ ဆရာမများက ၎င်းတို့ရဲ့ မအားမလပ်ရတဲ့ အချိန်များထဲမှ သင်တန်းသူ၊ သင်တန်းသားများ မတတ်မဖြစ်၊ မသိမဖြစ်ရလေအောင် သင်ကြားပေးကြလို့ အထူးကျေးဇူးတင်ရှိပါတယ်။ ဒီသင်တန်းကို တက်ရောက်ပြီး စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး သတင်းအချက်အလက်များ၊ ဥပဒေသများကို များစွာ လေ့လာဆည်းပူးရပြီး လွန်စွာအကျိုးရှိတဲ့ သင်တန်းတစ်ခုဖြစ်ပါတယ်။ ဆိုလိုတာက ယနေ့ခေတ် လူငယ်လူရွယ်များသာမက ကျွန်တော်ကဲ့သို့ အသက်အရွယ် ၅၀ ဝန်းကျင်များကလည်း နောက်မကျသေးဘဲ ယနေ့တိုးတက် ပြောင်းလဲနေတဲ့ မြန်မာ့စီးပွားရေး၊ ကမ္ဘာ့စီးပွားရေးဆိုင်ရာများကို တက်ရောက်လေ့လာသင်ကြားသင့်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါတယ်။



**Ms.Rohma**

မင်္ဂလာပါ၊ ကျွန်မကတော့ Trade Training Institute မှ ဖွင့်လှစ်တဲ့ International Advanced Trade Course (Batch-1) ကို တက်ရောက်အောင်မြင်ခဲ့ပြီးတဲ့ ကျောင်းသူ Ms. Rohma ပါ။

ကျွန်မတက်ရောက်ခဲ့တဲ့ လေးလတာမှာကျွန်မတို့ဟာ သင်ကြားရေးနဲ့ပတ်သက်ပြီး Active Learning ဆိုတဲ့တက်ကြွစွာ အားတက်သရော ပါဝင်ခြင်းနဲ့ Trade နဲ့ ပတ်သက် ဆက်စပ်တဲ့ဘာသာရပ်များစွာကို စုံစုံလင်လင် သင်ကြားခွင့်ရခဲ့ပါတယ်။

International Advanced Trade Course ဟာ Certificate Course ဖြစ်သော်ငြားလည်း Macroeconomics, Export-led Economic Growth, International Project Analysis, Trade Promotion Policy and Strategy, Financial Market, Risk Management, Project Management, Human Resources Management, Logistics.. etc. စတဲ့ဘာသာရပ်တွေကို စုံစုံလင်လင် လေ့လာခွင့်ရခဲ့ပါတယ်။ ဘာသာရပ်တွေကိုသင်ကြားပေးခဲ့တဲ့ ဆရာ/ဆရာမတွေဟာလည်း စီးပွား/ကူးသန်းမှ Senior Officials များနှင့် TTI မှ ဆရာကြီးများ ဖြစ်ကြတဲ့ ဒေါက်တာမောင်အောင် (အကြံပေးပုဂ္ဂိုလ်၊ စီးပွား/ကူးသန်း)၊ ဒေါက်တာထိန်လင်း (ညွှန်ကြားရေးမှူး)၊ ဦးသိန်းမြင့်ဝေ (လက်ထောက်ညွှန်ကြားရေးမှူး) တို့က သင်ကြားပေးပြီး သင်ကြားမှုပြီးဆုံးရင် နားမလည်ပါက ကျောင်းသူ၊ ကျောင်းသားများမှ မေးခွန်းမေးနိုင်ဖို့ အမေးအဖြေကဏ္ဍကို အမြဲတစေထားရှိပေးပါတယ်။ ဒါ့ပြင် ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ အထင်ကရ ဆရာကြီး၊ ဆရာမကြီးတွေနဲ့ တခြားသော Trade Field မှ Specialist များမှ လက်တွေ့လုပ်ငန်းခွင် အတွေ့အကြုံတွေနဲ့ သီအိုရီတွေကို ဆက်စပ်ပြီး သင်ကြားပေးခဲ့ကြပါတယ်။

TTI ရဲ့ Teaching Method ဟာဆိုရင်လည်း သင်ကြားခြင်းပြီးနောက်စာမေးပွဲဖြေဆိုခြင်းဆိုတဲ့ အစဉ်အလာဆန်တဲ့ သင်ကြားခြင်းမျိုးမဟုတ်ဘဲ Group Project & Research Assignments များ လုပ်ရခြင်း၊ ကျောင်းသူကျောင်းသားတွေ Trade နဲ့ ပတ်သက်ပြီး ဗဟုသုတတိုးစေဖို့ Industrial Plant Trip များ စီစဉ်ပေးခြင်း၊ လစဉ် Business Talk ကို ပညာရေးနဲ့ စီးပွားရေးနယ်ပယ်မှ အထင်ကရ ဆရာကြီးများဖြစ်ကြတဲ့ ဦးမြင့် (Chief, Centre for Economic & Social Development)၊ ဒေါက်တာအောင်ထွန်းသက် (Economist)၊ ဦးမော်သန်း ပါမောက္ခချုပ် (ငြိမ်း)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စတဲ့ ဆရာကြီးတွေကို ဖိတ်ကြားပြီး Trade Course Basic နှင့် Advanced သင်တန်းသားများအတွက် ဗဟုသုတများ တိုးပွားစေဖို့ စီစဉ်ပေးခြင်း၊ သင်တန်းသူသင်တန်းသားများ တစ်ဦးနဲ့တစ်ဦး ခင်မင်ရင်းနှီးမှု Social Networking ကောင်းမွန်စေဖို့ TTI Dinner Event များ စီစဉ်ဆောင်ရွက်ခြင်းနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေး အခွင့်အလမ်းများ ပွင့်လန်းလာတာနဲ့အညီ Trade ရဲ့ အခန်းကဏ္ဍကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်လျက်ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ Export/Import (Trade) ဟာ နိုင်ငံတစ်နိုင်ငံတိုးတက် အောင်မြင်ဖို့အတွက် အရမ်းကို အရေးကြီးပါတယ်။ Trade is vital to the success of a civilization. Trade ကဏ္ဍတိုးတတ်လွယ်ကူမှသာ နိုင်ငံရဲ့ အနာဂတ်ဟာ ပိုမိုတောက်ပနိုင်မှာ ဖြစ်ပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

# ဓာတ်ဆီ/ဒီဇယ်

## ဓာတ်ဆီ၊ ဒီဇယ် တန်ချိန်လေးရာသုံးဆယ်ကျော်ဝင်

ဇန်နဝါရီ ၁၈ ရက်မှ ဇန်နဝါရီ ၂၄ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၂၃၁၇၇၆ တန်ဖိုးရှိ ဓါတ်ဆီ ၅၃ ဒသမ ၂၄ တန်နဲ့ ကန်ဒေါ်လာ ၂၉၅၇၂၁၁၅ တန်ဖိုးရှိ ဒီဇယ် ၃၈၆ ဒသမ ၄၉၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ယခင် သီတင်းပတ်အတွင်း ဓာတ်ဆီအဝင် ၅၁ ဒသမ ၄၈ တန်အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁ ဒသမ ၇၆ တန် အဝင်ပိုခဲ့ပါတယ်။ ဒီဇယ်က ယခင်တစ်ပတ်မှာ ၃၂၇ ဒသမ ၈၇ တန် ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၅၈ ဒသမ ၆၂၆ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါအဝင်ပို ခဲ့တယ် လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဇန်နဝါရီ ၂၆ ရက်နေ့မှ ဇန်နဝါရီ ၃၀ ရက်အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက ဒီတစ်ပတ်တောင်ကြီး၊ မန္တလေး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီ ပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဒီဇယ်ရော ဓာတ်ဆီပါ ဈေးအနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီမှာ ဈေးငြိမ်ပြီး၊ အောက်တိန်းနဲ့ ဒီဇယ်မှာ ဈေးအနည်းငယ်ကျကာအဆင့်မြင့် ဒီဇယ်မှာ ဈေးတော်တော်ကျလာတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၈၁၄ ကျပ်၊ ဒီဇယ် ၆၄၀ ကျပ်၊ အောက်တိန်း ၅၄၀ ကျပ်နဲ့ အဆင့်မြင့်ဒီဇယ် ၇၁၀ ကျပ်နဲ့ရောင်းချတယ် လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ဓာတ်ဆီဈေးမှာ ဇန်နဝါရီ ၂၆ ရက် ဓာတ်ဆီဝယ်ဈေး တစ်ပီပါ ၁၆၀၀၀၀ ကျပ်၊ရောင်းဈေး တစ်ပီပါ ၁၆၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တစ်ပီပါ ကျပ် တစ်သောင်းဝန်းကျင်ဈေးကျလာတယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဇန်နဝါရီ ၂၆ ရက်မှာ ဝယ်ဈေး၁၂၀၀၀၀ကျပ်၊ ရောင်းဈေး ၁၂၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဝယ်ဈေး၊ ရောင်းဈေးများမှာတော့ ဒီတစ်ပတ်မှာလည်း ဓာတ်ဆီဈေးက ဝယ်ဈေး တစ်ဂါလန် ၃၃၀၀ ကျပ်ဖြစ်ပြီး ရောင်းဈေး ၃၅၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၅၀၀ ကျပ်ဝယ်ပြီး ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓါတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန် အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဈေးရော အပြင်လက်လီဆိုင်များမှာ ရောင်းချနေတဲ့ဈေးမှာ ဒီတစ်ပတ်ဈေးကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးမှာ ဓာတ်ဆီတစ်လီတာ ၈၄၇ ကျပ်၊ အောက်တိန်း ၆၇၀ ကျပ်၊ ဒီဇယ် ၇၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၄၇ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီ ၂၆ ရက် ဒီဇယ်ဝယ်ဈေးမှာ ၁၂၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၂၈ ရက်မှာ ဝယ်ဈေး ၁၂၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၃၀၀၀ ကျပ် ဖြစ်တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇန်နဝါရီ ၂၆ ရက်မှာ ဝယ်ဈေး ၁၃၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၈ ရက်မှာ ဝယ်ဈေး ၁၃၃၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၂၀၀ ကျပ်၊ ဓာတ်ဆီ ၃၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ အောက်တိန်းမှာဈေးငြိမ်ပြီး ဒီဇယ်မှာဈေးကျကာအရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၃၃၀ ကျပ်၊အောက်တိန်း ၃၁၅၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၃၃၀ ကျပ်၊အောက်တိန်း ၃၁၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဈေးများငြိမ်နေသလို ပြင်ပလက်လီဆိုင်များရဲ့ ဈေးမှာလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၂၈၀၀ ကျပ်၊ ဒီဇယ် ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ဓာတ်ဆီ ၃၀၀၀ ကျပ်၊ ဒီဇယ် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## Energy NYMEX 30-1-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 44.80 | +0.27 | +0.61 |
| Brent Crude Futr (USD/bbl) | 49.27 | +0.14 | +0.14 |
| Gasoline Rbob Fut (Cent/gal) | 135.65 | +0.28 | +0.28 |
| Natural Gas Futr (USD/MMBtu) | 2.68 | -0.04 | -0.04 |
| Heating Oil Futr (Cent/gal) | 161.85 | +0.01 | +0.01 |

## ဗဟိုဘဏ်ဈေးအတွင်းပြန်လည်ရောက်ရှိလာ၍ ငွေဈေးနှုန်းများ တည်ငြိမ်လျက်ရှိ

ယခုတစ်ပတ်အတွင်း ငွေလဲလှယ်နှုန်းများသည် များသောအားဖြင့် တည်ငြိမ်လျက်ရှိပြီး အတက်အကျ အနည်းငယ်ဖြင့်သာ ဈေးကွက်အတွင်း ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ဗဟိုဘဏ်မှသတ်မှတ်ထားသည့်ရည်ညွှန်း ငွေလဲနှုန်းနှင့် တူညီလုနီးပါးဖြစ်လာ၍ ဈေးကွက်အတွင်း ရောင်းဝယ်ရာတွင် ဈေးနှုန်းများ တည်ငြိမ်နေရခြင်းဖြစ်ကြောင်း ငွေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"ကျွန်တော်တို့အပြင်မှာတော့ ငွေဈေးက တစ်ကျပ်ကွာ နှစ်ကျပ်ကွာ လောက်ပဲ ရောင်းဝယ်နေပါတယ်။ ခုရက်ပိုင်းမှာ ဗဟိုဘဏ်က သတ်မှတ်ပေးထားတဲ့ရည်ညွှန်းငွေလဲနှုန်းနဲ့လည်း ဈေးက သိပ်မကွာတော့ အရောင်းအဝယ်က တည်ငြိမ်နေတယ်လို့ ပြောရမှာပါ။ ဈေးကွက်ထဲမှာလည်း အရောင်းအဝယ်က ပုံမှန်အတိုင်းပဲရှိတယ်။ ရွှေဈေးကွက်ကလည်း အကျဘက်ကိုပြန်ပြီး ဦးတည်လာတဲ့အတွက် ကျွန်တော်တို့ဘက်မှာလည်း ပုံမှန်အတိုင်းပဲရှိတယ်လို့ ပြောရမှာပါ"ဟု အနော်ရထာလမ်းပေါ်ရှိ ငွေလဲစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သိမ်ဖြူငွေလဲစင်တာတွင် ယခုတစ်ပတ်အတွင်း ရောင်းဈေး ၁၀၃၀ ကျပ်၊ ဝယ်ဈေး ၁၀၂၄ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။ ပြင်ပငွေလဲစင်တာတွင်မူ စင်တာတစ်ခုနှင့်တစ်ခု တစ်ကျပ်နှစ်ကျပ်စီခွာ၍ ရောင်းဝယ်လျက်ရှိပြီး ရောင်းဈေး ၁၀၂၉ ကျပ်၊ ဝယ်ဈေး ၁၀၂၄ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။

**မယ်သီတာ**

## မြန်မာ့ရွှေဈေး ပြန်လည်ကျဆင်းလာ

ယခင်တစ်ပတ်က အမြင့်ဆုံးကျပ်ခုနစ်သိန်းအထိ ရောက်ရှိခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်အတွင်းတွင် ပြန်လည်ကျဆင်းလာခဲ့ကြောင်းသိရသည်။ ရွှေဈေး ပြန်လည်ကျဆင်းလာမှုကြောင့် ပြန်လည်ရောင်းချလိုသူများ တစ်နေ့တခြား များပြားလျက်ရှိကြောင်း သိရသည်။

မြန်မာ့ရွှေဈေးသည် ဈေးစဖွင့်သည့် နေ့ကတည်းက ဈေးကျဆင်းခဲ့ပြီးနောက် အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ ထို့နောက် ရက်သတ္တတစ်ပတ်၏ရုံးဖွင့်ရက်နောက်ဆုံးရက်တွင်မူ ဈေးပြန်လည်ကျဆင်းသွားခဲ့ကြောင်း၊ ရောင်းလိုအားများပြားလာမှုကြောင့်လည်း ယခုကဲ့သို့ ဈေးကျဆင်းရခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ရွှေဈေးပြန်လည်ကျဆင်းလာမှုကြောင့် မြန်မာ့ရွှေဈေးလည်း လိုက်ပါကျဆင်းလာရခြင်းဖြစ်ကြောင်း ရွှေကုန်သည်အသိုင်းအဝိုင်းမှ ပြောကြားချက်များအရ သိရသည်။

"ရွှေဈေးကတော့ ပြန်ကျလာပြီ။ နောက်ရက်တွေမှာ ထပ်ပြီးကျလိမ့်ဦးမယ်လို့ထင်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ တရုတ်နှစ်သစ်ကူးကလည်း နီးလာပြီ။ အဲဒီအချိန်ဆိုရင် ရွှေဈေးကျတတ်တာထုံးစံပဲဆိုတော့ နောက်ရက်တွေမှာ ဈေးကျလိမ့်မယ်လို့ထင်တယ်။ အခုလည်း ဈေးပြန်ကျလာတဲ့အတွက် လာရောင်းတဲ့သူတွေ တော်တော်လေးများတယ်။ အနိမ့်ဈေးနဲ့ဝယ်ပြီး ခုဈေးတက်လာတာကို စောင့်တယ်။ ဈေးလည်း နည်းနည်းပြန်ကျလာရော ပြန်ရောင်းတဲ့သူတွေများလာတာပဲ"ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

မြန်မာ့ရွှေဈေးသည် ဇန်နဝါရီလ ၂၆ရက်နေ့ ဈေးဖွင့်ချိန်တွင် ကျပ် ၆၉၈၅၀၀ ရှိပြီး ထိုနေ့က ဈေးပိတ်ချိန်တွင် ကျပ် ၆၉၇၀၀၀ သို့ ဈေးကျဆင်းခဲ့သည်။ သို့သော် ဇန်နဝါရီလ ၂၈ရက်နေ့တွင် ကျပ် ၆၉၉၀၀၀ သို့ ပြန်လည်မြင့်တက်လာခဲ့သော်လည်း ဇန်နဝါရီလ ၃၀ ရက်နေ့တွင်မူ ကျပ် ၆၉၅၀၀၀ သို့ ဈေးကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီလ ၂၆ရက်နေ့ဈေးဖွင့်ချိန်တွင် ၁၂၉၆ ဒေါ်လာရှိခဲ့ပြီး ဈေးပိတ်ချိန်တွင် ၁၂၉၀ ဒေါ်လာသို့ကျဆင်းခဲ့သည်။ ဇန်နဝါရီလ ၃၀ရက်နေ့တွင်မူ ၁၂၆၀ ဒေါ်လာသို့ ဈေးကျဆင်းခဲ့သည်။

**မယ်သီတာ**



## Currency Exchange Rate

January 30, 2015
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.28 |
| BDT | Bangladesh Taka | 77.35 |
| CAD | Canada Dollars | 1.26 |
| CNY | China Yuan Renminbi | 6.25 |
| EUR | Euro | 0.88 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 61.94 |
| IDR | Indonesia Rupiahs | 12647.05 |
| JPY | Japan Yen | 117.86 |
| MYR | Malaysia | 3.63 |
| PKR | Pakistan Rupees | 101.05 |
| PHP | Philippines Pesos | 44.08 |
| RUB | Russia Rubles | 68.98 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1095.23 |
| LKR | Sri Lanka Rupe | 132.16 |
| THB | Thailand Baht | 32.70 |
| GBP | United Kingdom Pounds | 0.67 |
| VND | Vietnam Dong | 21349.27 |

*Source : xe.com*

## World Gold Price

January, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 26 | 1284 | 1286 | 1286 |
| 27 | 1276 | 1276 | 1277 |
| 28 | 1286 | 1287 | 1288 |
| 29 | 1277 | 1278 | 1278 |
| 30 | 1257 | 1258 | 1259 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 26-1- 2015 | 698.00 | 697.30 |
| 27-1- 2015 | 694.00 | 694.00 |
| 28-1- 2015 | 698.00 | 699.30 |
| 29-1- 2015 | 698.50 | 698.90 |
| 30-1- 2015 | 694.00 | 692.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 26 | 6 .25 | 32.55 | 77.79 | 61.46 |
| 27 | 6. 24 | 32.58 | 77.76 | 61.43 |
| 28 | 6 .25 | 32.65 | 77.24 | 61.45 |
| 29 | 6 .25 | 32.63 | 78.31 | 61.45 |
| 30 | 6.25 | 32.70 | 77.35 | 61.94 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 26-January | 18.05 | 2121.95 | 1800.51 | 5528.77 | 1255.00 |
| 27-January | 17.91 | 2147.94 | 1844.19 | 5647.94 | 1252.00 |
| 28-January | 17.96 | 2142.11 | 1826.05 | 5593.50 | 1256.00 |
| 29-January | 17.84 | 2108.51 | 1816.42 | 5520.93 | 1248.00 |
| 30-January | 16.91 | 2110.53 | 1824.48 | 5506.37 | 1222.00 |

Source:kitco.com

## ဘိလပ်မြေ



### ဘိလပ်မြေတန်ချိန် တစ်သိန်းကျော်တင်သွင်း

ဇန်နဝါရီလ ၁၈ ရက်မှ ၂၄ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၉၆၇၉၄၉၀ တန်ဖိုးရှိ ဘိလပ်မြေ ၁၀၇၇၇၁ ဒသမ ၂၃၅ တန်ကို ရေကြောင်းကုန်သွယ်မှုလမ်းမှ မှာယူ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ ဆင်၊ စိန်၊ SCG၊ အင်စီနဲ့ အခြားတံဆိပ်များဖြစ်ပါတယ်။ ယခင်သီတင်းအပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ခြောက်သောင်းကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

### ဈေးငြိမ်နေပေမယ့် အရောင်းအဝယ် ပုံမှန်ရှိနေတဲ့ ဘိလပ်မြေ

ဇန်နဝါရီ ၁၈ ရက်မှ ဇန်နဝါရီ ၂၄ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် တစ်သိန်းခုနစ်ထောင်ကျော် ရှိခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် လေးသောင်းသုံးထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် ခြောက်သောင်းလေးထောင်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်ဘိလပ်မြေအဝင်မှာတန်ချိန် နှစ်သောင်းကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် တစ်သောင်းခုနစ်ထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ငါးထောင့်ကိုးရာကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းသွက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲမြင်းခေါင်းက ဈေးငြိမ်နေပေမယ့် စိန်က နှစ်ရာ့ငါးဆယ်ကျပ်နဲ့ ဆင်(ထိုင်း)က တစ်ရာကျပ်ဈေးမြင့်ပြီး ကြံ့(မြိုင်ကလေး)က သုံးရာကျပ်ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၅၂၀၀ ကျပ်၊ မြင်းခေါင်း ၄၂၀၀ကျပ်၊ ကြံ့(မြိုင်ကလေး) ၅၀၀၀ ကျပ်၊ စိန် ၄၉၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ၅၁၀၀ ကျပ်၊ မက်စ်(မြန်မာ) ၅၂၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၄၀၀ ကျပ်၊ မြင်း ခေါင်း ၅၁၀၀ ကျပ်၊ ဆင်(မြန်မာ)၄၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဘိလပ်မြေဈေးက လည်းနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ကျားခေါင်းဘိလပ်မြေ က အဝင်နည်းလာပြီး ကမ္ဘောဇဘိလပ်မြေက ဈေးကွက်ထဲဝင်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန် ၇၃၀၀ ကျပ်၊ ခြသေ့် ၅၀၀၀ကျပ် ၊ အပါချီ ၅၁၀၀ ကျပ်၊ ကျားခေါင်း ၅၀၀၀ ကျပ်၊နဂါး ၅၂၀၀ နဲ့ ကမ္ဘောဇ ၄၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်း ဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

### မြေသြဇာတန်ချိန် ခြောက်ထောင်နီးပါးဝင်

ကန်ဒေါ်လာ ၃၈၀၉၇၂၇ တန်ဖိုးရှိ မြေသြဇာ ၅၉၄၄ ဒသမ ၅၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဇန်နဝါရီ ၁၈ မှ ၂၄ ရက်သီတင်းပတ်အတွင်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ UK မှ ၃ ဒသမ ၈ တန်၊ တရုတ်နိုင်ငံမှ ၁၂၅၀ တန်၊ အီတလီနိုင်ငံမှ ၉၇ ဒသမ ၇၂ တန်နဲ့ စင်ကာပူနိုင်ငံမှ ၄၅၉၃ ဒသမ ၀၅ တန်ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အမိုးနီးယမ်း ဆာလဖိတ်နိုက်တြိုဂျင်၊ ကွန်ပေါင်းဩဂဲနစ် အစရှိတဲ့ တံဆိပ်များဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၂၁၄၇ ဒသမ ၁၂ တန်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### အရောင်းအဝယ် ပုံမှန်ရှိနေတဲ့ ဓာတ်မြေသြဇာ

ဇန်နဝါရီလ ၁၈ရက်မှ ၂၄ ရက်အတွင်း ပြည်တွင်းကိုရေလမ်းမှ မြေသြဇာ တန်ချိန် ငါးထောင့်ကိုးရာကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် သုံးထောင့်ခုနစ်ရာကိုးဆယ်ကျော် ရှိခဲ့တာကြောင့် ယခင်တစ်ပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် နှစ်ထောင့်တစ်ရာကျော် အဝင်ပိုခဲ့ပါတယ်။ နယ်စပ်လမ်းမှ ယခု တစ်ပတ်မြေသြဇာအဝင်မှာ တန်ချိန် တစ်သောင်းလေးထောင်ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် တစ်သောင်းငါးထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် တစ်ထောင်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပေမယ့် နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအေးတယ်လို့ သိရပါတယ်။ ဆောင်းသီးနှံကုန်သလို၊ နွေသီးနှံလည်း စိုက်ပျိုးမှု မစသေးတာကြောင့် မြေဆီအရောင်းအဝယ် အေးနေတယ်။ ဒါကြောင့် ဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး ၊ ရွှေပျား ၊ရွှေတောင်-တရုတ်) ၁၉၀၀၀ ကျပ်၊ ကွန် ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၄၀၀၀ ကျပ်၊ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၂၈၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၈၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၁၈၅၀၀ ကျပ် ၊ တီစူပါ ၁၆%(မြားကမ္ဘာ- တရုတ်)၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာကဒီတစ်ပတ်မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီအချိန်မှာ ပဲနဲ့ ကြက်သွန်ဖြူအတွက် အသုံးနည်းနည်း ရှိတာကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်တယ်လို့ သိရပါတယ်။ ယူရီးယား (ကမ္ဘာလုံး) နဲ့ တီစူပါ ၁၅ ပတ်လည်က ဒီတစ်ပတ်မှာ အဝယ်လိုက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ တီစူပါကဈေးနည်းနည်းမြင့်လာပြီး ကျန်မြေသြဇာများက ဈေးငြိမ်ငြိမ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၃၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၁၈၆၀၀ ကျပ်၊ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၁၈၆၀၀ ကျပ်၊ တီစူပါ ၁၂%(တရုတ်) ၉၈၀၀ ကျပ်၊ တီစူပါ ၁၆%(တရုတ်) ၁၀၇၀၀ ကျပ်၊ တီစူပါ (၁၅း၁၅း၁၅-တရုတ်) ၃၅၀၀၀ ကျပ်၊ ဓာတ်ဆား(တရုတ်) ၁၂၅၀၀ ကျပ်၊ ပိုတက် (တရုတ်) ၂၃၅၀၀ ကျပ်၊ ယူရီးယား(ယူအေအီး) ၁၉၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၄၃၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေသြဇာကဒီတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၁၉၈၀၀ ကျပ်၊ ယူရီးယား (နေရွက်လှေ-တရုတ်) ၁၉၈၀၀ ကျပ်၊တီစူပါ(သံကွင်း-တရုတ်)၁၇၈၀၀ ကျပ်၊ပိုတက် (အိန္ဒိယ) ၂၆၀၀၀ ကျပ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅) ၃၀၈၀၀ ကျပ် ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေသြဇာက စိုက်ပျိုးရာသီချိန် မရောက်သေးတာကြောင့် အရောင်းအဝယ်ကငြိမ်သလို ဈေးကလည်းငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃)(အပြာ၊အစိမ်း) ၁၃၂၀၀ ကျပ်၊ ဆင် (၁၀း၁၀း၅) ၁၃၂၀၀ ကျပ်၊ အာမို (၁၀း၁၀း၅) ၁၅၁၀၀ ကျပ်၊ အာမို (၁၅း၁၅း၁၅) ၃၄၀၀၀ ကျပ်၊ အာမို (၁၆း၁၆း၈) ၃၁၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၈၉၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၄၀၀ ကျပ်၊ အောင်ကမ္ဘာ(၁၀း၁၀း၅) ၁၆၀၀၀ ကျပ်၊ ပိုတက် ၂၂၈၀၀ ကျပ်၊ တောင်သူမ ၁၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

■

## နှံ့ဆီနှံ့စိမ်း

### နှံ့ဆီတန်ချိန် နှစ်ရာနီးပါးနဲ့ နှံ့မှုန့်တန် လေးဆယ်ကျော်ဝင်

ဇန်နဝါရီ ၁၈ ရက်မှ ၂၄ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၆၅၁၉၀ တန်ဖိုးရှိ နှံ့ဆီ ၁၉၇ ဒသမ ၃၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မာရီဂိုးနှံ့ဆီ ၁၇၆ ဒသမ ၇၇၈ တန်နဲ့ အခြားတံဆိပ် ၂၀ ဒသမ ၅၉၂ တန် ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် တစ်ရာကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ကန်ဒေါ်လာ ၂၅၂၈၅၀ တန်ဖိုးရှိ နှံ့မှုန့် ၄၇ ဒသမ ၈၃၈ တန်ကိုလည်း ဒီတစ်ပတ်မှာ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနဲ့ ဗီယက်နမ်နိုင်ငံတို့မှသာ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၁၀ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၇/၁ မှ ၂၃/၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၀/၁ မှ ၁၆/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၆၈.၀၀ | ၁၆၂၆.၅၀ | (-) | ၉၅၈.၅၀ |
| ၂။ | လွယ်ဂျယ် | ၃၉၆.၀၀ | ၅၅၀ | (-) | ၁၅၄.၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၀၀.၀၀ | ၁၀၀.၅၀ | (+) | ၉၉.၅၀ |
| ၄။ | ကန်ပိုက်တီး | ၂၆၁၈.၀၀ | ၄၀၆၂.၀၀ | (-) | ၁၄၄၄.၀၀ |
| ၅။ | တာချီလိတ် | ၉၀၀၀.၀၀ | ၇၀၀.၀၀ | (+) | ၈၃၀၀.၀၀ |
| ၆။ | မြဝတီ | ၁၄၅၄.၀၀ | ၁၆၂၉.၀၀ | (-) | ၁၇၅.၀၀ |
| ၇။ | ကော့သောင်း | ၈၂၄၁.၄၇ | ၉၀၅၄.၅၀ | (-) | ၈၁၃.၀၃ |
| ၈။ | မြိတ် | ၁၁၇၅.၀၀ | ၁၂၅.၀၀ | (+) | ၁၀၅၀.၀၀ |
| | စုစုပေါင်း | ၂၃၇၅၂.၄၇ | ၁၇၈၄၇.၅၀ | (+) | ၅၉၀၄.၉၇ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၇/၁ မှ ၂၃/၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၀/၁ မှ ၁၆/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၂၀၉.၂၅၀ | ၁၄၂၈၆.၈၃၀ | (-) | ၁၀၇၇.၅၈ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | ၂၄၀.၇၅၀ | ၄၃၇.၇၅၀ | (-) | ၁၉၇.၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၄၃၆.၀၅၅ | ၂၉၀.၆၅၀ | (+) | ၁၄၅.၄၀၅ |
| ၆။ | ကော့သောင်း | - | ၁၃၆.၈၆၈ | (-) | ၁၃၆.၈၆၈ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၇၀၀.၀၀၀ | ၄၃.၄၀၀ | (+) | ၆၅၆.၆၀၀ |
| | စုစုပေါင်း | ၁၄၅၈၆.၀၅၅ | ၁၅၁၉၅.၄၉၈ | (-) | ၆၀၉.၄၄၃ |

တင်တင်ထွန်း MIRT (DCCA)

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## နှမ်း/ပဲပုပ်

### နှမ်းတင်ပို့မှု လျော့ကျ

ဇန်နဝါရီ ၁၇ ရက်မှ ၂၃ ရက်ထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်စခန်းမှ ကန်ဒေါ်လာ ၃ ဒသမ ၀၀၄ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၁၄၈၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်နဲ့ချင်းရွှေဟော်မှ နှမ်းတန်ချိန် ၂၈၂၂ တန်ခွဲ တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာ ၁၃၄၁ တန်ကျော်လျော့နည်းသွားခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်က နှမ်းတင်ပို့မှုမရှိခဲ့ပါဘူး။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်သီတင်းပတ်က နှမ်းဖြူဈေး တစ်တန်ကို ၂၁၃၉၈၁၉ ကျပ်မှ ၂၁၄၃၃၃၉ ကျပ်သို့ဈေးအနည်းငယ်မြင့်တက်လာခဲ့ပြီး နှမ်းနက်ဈေးကတော့ ၂၂၂၁၉၂၁ ကျပ်မှ ၂၁၄၃၃၃၉ ကျပ်သို့ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ နှမ်းဖြူကို တရုတ်နဲ့ ရန်ကုန်ဘက်က အဝယ်လိုက်လို့ ဈေးတက်လာရတာလို့ သိရပါတယ်။ မန္တလေး-မူဆယ်ကုန်စည်သယ်ယူခမှာ ယခင်သီတင်းပတ် က နှမ်း တစ် ပိဿာကို ၁၀၆-၉၈ ကျပ်ဖြစ်ပြီး ယခုတစ်ပတ်မှာတော့ ၁၀၆-၁၀၀ ကျပ်ထိ သယ်ပို့ကားခတွေ ဈေးအနည်းငယ်မြင့်တက်လာတာ တွေ့ရပါတယ်။ ယခုသီတင်းပတ်ရဲ့ စခန်းအလိုက် တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကို ဖော်ပြပေးလိုက်ရပါတယ်-

တန်ချိန်-ကိန်းပြည့်

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် |
|---|---|---|
| နှမ်းဖြူ | ၃၀. ၂၅ | ၅၈၃ |
| နှမ်းနက် | - | ၈၃၀ |
| နှမ်းဖြူ (အခွံချွတ်) | ၁၈. ၀၀ | - |

မော်မော်အောင် MIRT (DCCA)

### ပြည်ပဲပုပ် လက်လီရော လှောင်လက်ပါအဝယ်ရှိခဲ့

ပြည်ဈေးကွက်သို့ ပဲပုပ်သစ်များ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်များမှ နေ့စဉ်အိတ် ၁၅၀ ကျော်ဝင်ရောက်ခဲ့ပြီး လက်လီသမားရော၊ လှောင်လက်များပါ ဝယ်ယူနေခဲ့ပါတယ်။ ပဲပုပ်သစ်ဈေးမှာ ပဲသစ်ပေါ်စမှ ယခင်တစ်ပတ်ထိ တစ်တင်း ၁၆၀၀၀ ကျပ်နဲ့ ဈေးငြိမ်နေခဲ့သော်လည်း ယခုတစ်ပတ်မှာ တစ်တင်း ၁၅၆၀၀ ကျပ်သို့ ထပ်မံဈေးလျော့နည်းပြီး ဝယ်ယူမှုကတော့ ယခင်တစ်ပတ်ထက် ဝယ်လိုအားပိုခဲ့တယ်လို့ သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

### ဈေးဆက်ကျနေတဲ့ ပြည်ဆီထွက်သီးနှံဈေးကွက်

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ ဆီထွက်သီးနှံဈေး ဆက်ကျနေတာတွေ့ရပါတယ်။ ပေါင်းတည်၊ သာယာဝတီနဲ့ မြန်အောင်ဘက်မှ နှမ်းအိတ် တစ်နေ့ကို ၁၀၀၀ ခန့်ဝင်ရောက်သော်လည်း ဝယ်လက်ကနည်းနေပြီး ဈေးကွက်မှာ နှမ်းများရှိနေတာကြောင့် ဈေးကျလာခြင်းဖြစ်ပါတယ်။ မန္တလေးဝယ်လက်များနဲ့ ဆီစက်များကလည်း တစ်နေ့ အိတ် ၅၀၀ ခန့်သာ အဝယ်ရှိလို့ အရောင်းအဝယ်မပျက်ပေမယ့် ဈေးအနည်းငယ်ကျလာခြင်းဖြစ်ပါတယ်။ နှမ်းဈေးမှာ နှမ်းနီသစ်တစ်တင်း ၂၅၀၀၀ ကျပ်၊ ဆောင်းနှမ်းနက်တစ်တင်း ၃၃၀၀၀ ကျပ်နဲ့ နှမ်းနီအဟောင်းတစ်တင်း ၃၀၀၀၀ ကျပ်၊ နှမ်းနက်အဟောင်းတစ်တင်း ၆၀၀၀၀ ကျပ်ဈေးနဲ့ ယခုတစ်ပတ်ပြည်ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဈေးကျသလို၊ ဆီဈေးလည်းကျလာသဖြင့် ယခုနှစ်က တပို့တွဲလ ထမနဲပွဲမှာ အလှူအတန်းလုပ်သူများ နှမ်းဆီနိုင်နိုင်နဲ့ လှူဒါန်းနိုင်ကြမှာဖြစ်ပါတယ်။ နှမ်းဆီဈေးမှာ တစ်ပိဿာ ၄၈၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။

ဝေဝေမင်း-ပြည်

## စားအုန်းဆီ

### ဝယ်လိုအားနဲ့ ရေနံဈေးနှုန်း ကျဆင်းမှုကြောင့် စားအုန်းဆီဈေးနှုန်းကျဆင်း

ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီ ရောင်းလိုအား အလျှံပယ်ကြွယ်ဝမှုနဲ့ ဝယ်လိုအားကျဆင်းမှုကြောင့် နှစ်ရက်ကြာ မြင့်တက်နေတဲ့ ဈေးကွက်အခြေအနေက ရက်သတ္တပတ်ခြောက်ပတ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် စားအုန်းဆီဈေးကလည်း ဇန်နဝါရီလ ၂၉ ရက်မှာ ၃ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ပါတယ်။

ခြောက်နှစ်အတွင်း အနိမ့်ဆုံးနှုန်းထိ ထိုးကျလာတဲ့ ရေနံစိမ်းဈေးတွေကြောင့်လည်း ပြန်ပြည့်မြဲစွမ်းအင်ထုတ်လုပ်ရာမှာသုံးတဲ့ ဟင်းရွက်ဆီရဲ့ ဝယ်လိုအားကို ကျဆင်းစေခဲ့ပါတယ်။ ထို့ပြင် မလေးရှားစားအုန်းဆီအထွက်လည်း ယခုနှစ်နောက်ပိုင်းမှာ ကောင်းလာနိုင်ပါတယ်။

ဧပြီအတွက် ကြိုရောင်းတဲ့စာချုပ်တွေရဲ့ အခြေခံစံထားဈေးနှုန်းက ၇၇ ရင်းဂစ်သို့မဟုတ် ၃ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၁၃၃ ရင်းရစ် (၅၈၈ ဒေါ်လာ) နှုန်းထိ ရောက်ရှိခဲ့ပါတယ်။ စောစောပိုင်းက တစ်တန်ကို ၂၁၂၈ ရင်းဂစ်အထိ ကျဆင်းပြီး ဒီဇင်ဘာ ၁၉ ရက်နောက်ပိုင်း အနိမ့်ဆုံးဖြစ်ပါတယ်။

ရောင်းဝယ်မှုပမာဏက ၂၅ တန်ရှိအတွဲ ၅၆၃၈၅ တွဲရောင်းချခဲ့ရာ ပုံမှန်ပျမ်းမျှရောင်းချတဲ့တွဲ ၃၅၀၀၀ အထက်မှာ ရှိနေပါတယ်။

စာရင်းဇယားကိန်းဂဏန်း အချက်အလက်တွေကို အခြေခံပြီး ခန့်မှန်းချက်အရ စားအုန်းဆီဈေးက တစ်တန်ကို ၂၁၅၄ ရင်းဂစ် နဲ့ ၂၂၁၁ ရင်းဂစ်အတွင်း အတက်အကျ



ရှိနေလိမ့်မယ်လို့ ရိုက်တာသတင်းဌာနမှ ဈေးကွက်ဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။

မလေးရှားနိုင်ငံမှာ မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ ရေလွှမ်းမိုးမှုကြောင့် ပထမသုံးလပတ်မှာ စားအုန်းဆီ အထွက်ကျဆင်းမယ်လို့ ခန့်မှန်းခဲ့ပါတယ်။ ဒါပေမယ့် ကျန်ကာလတွေမှာ အထွက်နှုန်းမြင့်မားမယ်လို့ ခန့်မှန်းတဲ့အတွက် ဈေးနှုန်းတွေအပေါ်မှာ အကျိုးသက်ရောက်မှုရှိနိုင်ပါတယ်။ ဝယ်လိုအားမှာမှု ဆက်လက်ကျဆင်းနေဆဲဖြစ်ပါတယ်။

ဇန်နဝါရီ ၁ ရက်မှ ၂၅ ရက်အတွင်း အထွက်နှုန်းက ဒီဇင်ဘာနဲ့နှိုင်း ယှဉ်ရင် ၁၇ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူသော Intertek Testing Service က ပြောပါတယ်။ အခြားဟင်းရွက်ဆီဈေးကွက်ဖြစ်တဲ့ အမေရိကန် ပဲပုပ်ဈေးကွက်မှာ ပဲပုပ်ဆီဈေးက ၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံဈေးကွက်မှာ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

ဉာဏ်တင်

### ပြည်တွင်းဆီဈေးနှုန်းများ (၃၀-၁-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၂၀၀ | ၃၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | □ | ၅၇၀၀ | ၅၀၀၀ | ▽ | ၁၃၃၀ | ၁၃၂၀ | ▽ |
| မန္တလေး | ၃၂၀၀ | ၃၂၀၀ | □ | ၄၄၅၀ | ၄၀၀၀ | △ | ၁၄၄၀ | ၁၄၁၀ | ▽ |
| ပဲခူး | ၂၇၀၀ | ၂၆၀၀ | ▽ | ၅၅၀၀ | ၅၅၀၀ | □ | ၁၄၂၀ | ၁၄၀၀ | ▽ |
| မကွေး | ၃၆၀၀ | ၃၆၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၃၆၀၀ | ၃၆၀၀ | □ | ၃၀၀၀ | ၃၀၀၀ | □ | ၁၄၉၀ | ၁၄၆၀ | ▽ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt-dtp*

### စားအုန်းဆီဈေးနှုန်းများ (၂၆-၁-၂၀၁၅ မှ ၃၀-၁-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၂၆-၁-၂၀၁၅ | ၇၀၅ |
| (၂) | ၂၇-၁-၂၀၁၅ | ၆၉၅ |
| (၃) | ၂၈-၁-၂၀၁၅ | ၆၉၀ |
| (၄) | ၂၉-၁-၂၀၁၅ | ၆၉၀ |
| (၅) | ၃၀-၁-၂၀၁၅ | ၆၈၅ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃၀-၁-၂၀၁၅ US$/Ton

| အမျိုးအစား | ဇန်နဝါရီလ တတိယပတ် | ဇန်နဝါရီလ စတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၅၃.၅၀ | ၆၄၂.၅၀ | ▽ |
| RBD P.Olein | ၆၆၀.၀၀ | ၆၄၁.၀၀ | ▽ |
| RBD P.Strarin | ၆၅၆.၀၀ | ၆၃၂.၅၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃၀ - ၁ - ၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၁၅၃.၉၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၂.၈၈ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၅ ၇၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၆၀ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၆ ၃၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၉.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၀၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၂၇၅.၅၈ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ(၃၀-၁-၂၀၁၅)နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၈၅ ဒေါ်လာ၊ FOB ၆၆၀ ဒေါ်လာနှင့် Earning ဈေး၁၀၃၁ကျပ်) ဖြင့်တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ (၃၀- ၁ - ၂၀၁၅)နေ့ ဝယ်ယူပြီးနောက် (၁၀) ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၂၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

## အသေးစားလုပ်ငန်းများ၏ ငွေဖြစ်လွယ်မှုကို မြှင့်တင်ရန် ထိုင်း SME ဘဏ်က ချေးငွေသစ်များ ထုတ်ချေးမည်

ထိုင်းနိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ် (SME Bank) သည် စီးပွားရေး ပြန်လည်နာလန်ထူမှု အားနည်းနေသောကြောင့် အသေးစား စီးပွားရေးလုပ်ငန်းများ၏ ငွေဖြစ်လွယ်မှုကို အားဖြည့်ပေးရန် ယခုနှစ်တွင် ချေးငွေ ဘတ် ၄၀ ဘီလီယံ ထုတ်ချေးရန် ရည်မှန်းထားပါသည်။

ယခုနှစ် ပထမ သုံးလပတ်အတွင်း စီးပွားရေး ပြန်လည်နာလန်ထူလာမှုသည် ထိခိုက်မခံသော အနေအထားတွင် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း SME Bank ၏ ဒါရိုက်တာ အဖွဲ့ဥက္ကဋ္ဌ Ms. Salinee က ပြောကြားခဲ့ပါသည်။ ယင်းကဲ့သို့ စီးပွားရေးအရ ခက်ခဲသော ကာလတစ်လျှောက်တွင် SME Bank အနေဖြင့် အသေးစား စီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည် ဖြစ်ပါသည်။

ထိုင်းနိုင်ငံရှိ ကူးသန်းရောင်းဝယ်ရေးဘဏ်များသည် အစိုးရ၏ အခြေခံအဆောက်အအုံစီမံကိန်းများအတွက် ငွေကြေးဖြည့်တင်းရာတွင် ငွေချေးပေးနိုင်ရန်အတွက် ပြင်ဆင်သည့်အနေဖြင့် အာမခံငွေ (deposit) ကို မြှင့်တင်လိုက်သောကြောင့် ယခုနှစ်၌ ဘဏ်လုပ်ငန်းစနစ်တွင် ငွေဖြစ်လွယ်မှုသည် ကျပ်တည်းမည် ဖြစ်ပါသည်။

နိုင်ငံပိုင်ဘဏ်ဖြစ်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံငွေ ၉၈ ရာခိုင်နှုန်း ပါဝင်သည့် SME Bank သည် ရင်းနှီးငွေဘတ် ၂ ဘီလီယံ တိုးမြှင့်ခြင်းကို ဖေဖော်ဝါရီလ နောက်ဆုံးထား၍ အပြီးသတ် ဆောင်ရွက်မည်ဟု ခန့်မှန်းထားပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံငွေအသစ်မှ ဘတ် ၁ ဒသမ ၅ ဘီလီယံသည် ချေးငွေသစ်များ ထုတ်ချေးခြင်းအတွက်ဖြစ်ပြီး၊ ဘတ်သန်း ၅၀၀ သည် ဘဏ္ဍာရေးဝန်ကြီးဌာန၏ SMEs Private Equity Trust Fund အတွက် ဖြစ်ပါသည်။

SME Bank ၏ ရင်းနှီးမြှုပ်နှံငွေအား ဘတ် ၂၀ ဘီလီယံမှ ၃၀ ဘီလီယံသို့ မြှင့်တင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အတည်ပြုပြီးဖြစ်ကြောင်း၊ ရင်းနှီးငွေ ဘတ် ၂ ဘီလီယံ တိုးမြှင့်ခြင်းသည် အဆိုပါ အတည်ပြုချက်၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ မူဝါဒကော်မရှင်သို့မဟုတ် superboard ၏ စည်းမျဉ်းများနှင့်အညီ SME Bank သည် ဖောက်သည်အသစ်တစ်ဦးလျှင် ဘတ် ၁၅ ဘီလီယံ အထိသာ ထုတ်ချေးပေးမည်ဟု ကန့်သတ်ရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## အမေရိကန်နိုင်ငံတွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း ကုန်သွယ်ရေး လိုငွေပြမှုကျဆင်း

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေသည် ဒေါ်လာ ၃၉ ဘီလီယံဖြစ်၍ အောက်တိုဘာလထက် ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ ကျဆင်းကြောင်း၊ နိုဝင်ဘာလအတွင်း ပို့ကုန်တင်ပို့မှုသည် ဒေါ်လာ ၁၉၆ ဒသမ ၄ ဘီလီယံဖြစ်၍ အောက်တိုဘာလထက် ဒေါ်လာနှစ်သန်းလျော့နည်းကြောင်း၊ သွင်းကုန်တင်သွင်းမှုသည်လည်း ယခင်လထက် ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံ လျော့ ကျကာ ဒေါ်လာ ၂၃၅ ဒသမ ၄ ဘီလီယံဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၇ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။

ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း၌ ကုန်စည်နှင့် ဝန်ဆောင်မှုနှစ်ရပ်ပေါင်း ကုန်သွယ်ရေးတွင် လိုငွေ ဖြစ်ပေါ်မှုသည် ဒေါ်လာ ၂၂ ဒသမ ၃ ဘီလီယံ သို့မဟုတ် ၅ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပြီး ပို့ကုန်တင်ပို့မှုသည် ဒေါ်လာ ၆၀ ဘီလီယံ သို့မဟုတ် ၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် တင်သွင်းမှုသည် ဒေါ်လာ ၈၂ ဒသမ ၄ ဘီလီယံ သို့မဟုတ် ၃ ဒသမ ၃ ရာခိုင်နှုန်း မြင့်မားခဲ့ပါသည်။

ကုန်စည်ကုန်သွယ်ရေးတွင် အရင်းအနှီးကုန်စည်များဖြစ်သည့် အရပ်ဖက်သုံး လေယာဉ်၊ ဂျင်နရေတာ၊ ထရန်စဖော်မာ တင်ပို့မှု ကျဆင်းခဲ့၍ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ လျော့နည်းပြီး နိုဝင်ဘာလအတွင်း ကုန်စည်ပို့ကုန် စုစုပေါင်းမှာ ဒေါ်လာ ၁၃၆ ဒသမ ၇ ဘီလီယံဖြစ်ပါသည်။ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ဆိပ်ကမ်းဝန်ဆောင်မှုများပါဝင်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကဏ္ဍတွင် ဒေါ်လာ သုည ဒသမ ၁ ဘီလီယံလျော့နည်းခဲ့၍ ဝန်ဆောင်မှုကုန်သွယ်ရေးတွင် ဒေါ်လာ သုည ဒသမ ၁ ဘီလီယံ ကျဆင်းပြီး ပို့ကုန် စုစုပေါင်း ဒေါ်လာ ၅၉ ဒသမ ၆ ဘီလီယံသို့ ရောက်ရှိခဲ့ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# သီလဝါအထူးစီးပွားရေးဇုန်အောင်မြင်ရေး

# အလားအလာကောင်းများရှိ

ဂျပန်နိုင်ငံတွင် ဇန်နဝါရီလ ၂၂ ရက်နေ့က ကျင်းပခဲ့သည့် မြန်မာ့စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးဟောပြောပွဲ၏ စကားဝိုင်း ဆွေးနွေးပွဲ (၂) တွင် ဂျပန်ပြည်ပ ကုန်သွယ်ရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုစီးပွားရေးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာကုဒို၊ မြန်မာ-ဂျပန်သီလဝါ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေး ကုမ္ပဏီ ဥက္ကဋ္ဌမစ္စတာရနအိနှင့် မြန်မာငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏ အမှုဆောင်ဒါရိုက်တာ မစ္စတာအိနမိ တို့မှ “မြန်မာနိုင်ငံရှိစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် လက်ရှိအခြေအနေ ” ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရှိခဲ့ရပါသည်။

သီလဝါအထူးစီးပွားရေးဇုန်၏ လုပ်ငန်းစဉ်များကို နေ့ရက်သတ်မှတ်ကာ ဆောင်ရွက်လျက်ရှိပြီး လက်ရှိကာလအထိ သတ်မှတ်ရက်ထက် တစ်ရက်နောက်ကျနေသော်လည်း ယင်းအနေအထားမှာ ပြောပလောက်သည့် အနေအထားမဟုတ်ဘဲ ဇုန်တစ်ခုလုံးပြီးစီးရေးကို ထိခိုက်မည်မဟုတ်ကြောင်းကို မစ္စတာရနအိကပြောကြားခဲ့သည်။ ထို့အတူ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလာရောက်သည့် ကုမ္ပဏီပေါင်း ၃၄ ခုအထိ ရှိနေပြီး ၎င်းအနက် ဂျပန်နိုင်ငံမှကုမ္ပဏီ ၁၄ ခုသာ ပါဝင်ကြောင်း၊ ဂျပန်ကုမ္ပဏီ ၁၈ ခုမှာလည်း ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချထားပြီးဖြစ်ကြောင်း၊ သို့သော် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုပမာဏသည် အများဆုံး အဆင့်ပင်မဟုတ်သေးကြောင်းလည်း ၎င်းမှ ဆက်လက်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ အစိုးရဌာနပိုင်းမှ ဒုတိယသမ္မတဦးစီး၍ လိုအပ်သည်များကို စနစ်တကျပံ့ပိုးကူညီပေးမှုမှာလည်း သီလဝါ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအကြောင်းရင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် ၎င်းနေထိုင်လုပ်ကိုင်နေသည့် သီလဝါအထူး စီးပွားရေးဇုန်တွင် လျှပ်စစ်ဓါတ်အားအတွက် အင်ဂျင်ကိုအသုံးပြု၍ ဆောင်ရွက်နေရပြီး မိုဘိုင်းဆက်သွယ်ရေးမှာလည်း အဆင်မပြေသေးဘဲ ဖုန်းကိုပိတ်ထားရသည့် အချိန်ကသာများကြောင်း စသည့် အခက်အခဲများကိုလည်း ထုတ်ဖော်ပြောကြားခဲ့သည်။ မစ္စတာရနအိမှ ဆက်လက်ဟောပြော ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် တိုးတက်မှုမြန်ဆန်သဖြင့် တစ်ကြိမ်နဲ့တစ်ကြိမ် မြန်မာနိုင်ငံ၏တိုးတက်မှုနဲ့ပတ်သက်သည့် ဆွေးနွေးတိုင်းပင်လျှင် သုံးနှုန်းသည့်စကားများ ကွာခြားကြောင်းလည်း ပြောကြားခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများမှာ မော်တော်ကားပစ္စည်း တပ်ဆင်ထုတ်လုပ်ရေးလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ အိမ်ဆောက်ပစ္စည်းလုပ်ငန်းနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းများ ဖြစ်ကြပြီး ပြည်ပသို့တင်ပို့ဖို့ ရည်ရွယ်ပြီး လုပ်ကိုင်မည့်ကုမ္ပဏီများမှာ ၅ ရာခိုင်နှုန်းခန့်သာရှိကြောင်းလည်း သိရှိရပါသည်။ မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးပစ္စည်းဈေးကွက်မှာ ကြီးမားပြီး အဆိုပါပစ္စည်းအများစုကို ပြည်ပမှ မှာယူတင်သွင်းနေရသည့်အတွက်လည်း အဆိုပါကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများ အတွက် အလားအလာကောင်းကြောင်းလည်း မစ္စတာရနအိမှ ဟောပြောဆွေးနွေးခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် သေချာပြီး ဖြစ်သည့် ကုမ္ပဏီပေါင်း ၃၄ ခုရှိသွားပြီ ဖြစ်ပြီး တရုတ်(တိုင်ပေ)၊ ထိုင်း၊ စင်္ကာပူ၊ ဂျပန်အစရှိသည့်နိုင်ငံများလာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်းလည်း သိရှိရပါသည်။ သီလဝါ အထူးစီးပွားရေးဇုန် ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍လည်း မစ္စတာရနအိအနေဖြင့် အဆင်ပြေပြေဆောင်ရွက်ထားပြီးဖြစ်ရာ မိမိအနေဖြင့် အဆိုပါတည် ဆောက်ရေးလုပ်ငန်းခွင်တွင် နေထိုင်နေသော်လည်း တစ်စုံတစ်ရာရန်မူခြင်း မခံရဘဲ အေးချမ်းစွာ ဆောင်ရွက်နေနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သဖြင့် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ၏ စိုးရိမ်ပူပင်မှုကို အမှန်အတိုင်း သိမြင်စေနိုင်ခဲ့သည်။

မစ္စတာရနအိအနေဖြင့် မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံတို့အကြား ပူးတွဲအကောင်အထည်ဖော် တည်ဆောက်နေသည့် သီလဝါ အထူးစီးပွားရေးဇုန်အနေဖြင့် သင်လွယ်တတ်လွယ်သည့် လူ့စွမ်းအားအရင်းအမြစ် များရှိခြင်းနှင့် ပြုပြင်ပြောင်းလဲတိုးတက် မှုကို ဆန္ဒပြင်းပြနေသည့် အစိုးရရှိခြင်းတို့ကြောင့် အောင်မြင်နိုင်မည်ဟု တစ် ထစ်ချပြောကြားနိုင်သော်လည်း အစိုးရအနေဖြင့် လျှပ်စစ်၊ အိုင်တီနှင့် အထူးစီးပွားရေးဇုန်သို့ ရောက်ရှိနိုင်မည့် လမ်းတံတားများစသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ပံ့ပိုးကူညီမှသာလျှင် ရည်ရွယ်ချက် အောင်မြင်မည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ အထူးစီးပွားရေးဇုန် ဖွင့်ပြီးနောက်တွင်လည်း မြန်မာအစိုးရအနေဖြင့် ဇုန်မဖွင့်မီအားထည့်ဆောင်ရွက်သည့် အရှိန်နှုန်းအတိုင်း ဆက်လက်ဆောင်ရွက်သွားစေလိုကြောင်းနှင့် ဖွင့်ပွဲကျင်းပပြီးစီးပါက မိမိမှ အာမခံ၍ ဂျပန်ကုမ္ပဏီများအား အခြေခံအဆောက်အအုံများရရှိမည် ပြောကြားခဲ့သည်များ ချွတ်ချော်မှုရှိလာပါက ဇုန်အတွင်း အုပ်ချုပ်မှုကိစ္စအတွက်ပါ ထိခိုက်လာနိုင်သည့်အတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ဆွေးနွေးဟောပြောခဲ့သည်ကိုလည်း သိရှိလေ့ လာရပါသည်။ ဂျပန်နိုင်ငံမှ ရင်းနှီး မြှုပ်နှံသူများအနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ရလဒ်အပေါ် အထူးစိတ်ဝင်စားလျက်ရှိပြီး တိုင်းပြည်တည်ငြိမ်အောင် ထိန်းထားနိုင်မည့် အစိုးရတစ်ရပ်ဖြစ်ပေါ်လာမည့်အပေါ် မူတည်၍ သီလဝါ အထူး စီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက် များပြားလာနိုင်မည့် အလားအလာကောင်းများလည်း တည်ရှိနေသည်ကို တွေ့ရပါသည်။

**မင်းဇော်ဦး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ ကျဆင်းခဲ့

နို့၊ နို့ထွက်ပစ္စည်းနှင့် အသားဈေးနှုန်းများ ကျဆင်းသကဲ့သို့ ဇီဝလောင်စာအတွက် ဝယ်လိုအားကျဆင်းသဖြင့် ဟင်းရွက်ဆီနှင့် သကြားဈေးနှုန်းများ ကျဆင်းခြင်းကြောင့် ကမ္ဘာ့အစားအစာဈေးနှုန်းများသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျဆင်းခဲ့ကြောင်း ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization) မှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။

FAO ၏ ဈေးနှုန်းအညွှန်းကိန်းသည် ဒီဇင်ဘာလအတွင်းတွင် ၁၈၈ ဒသမ ၆ ဖြစ်၍ ပျမ်းမျှအဆင့်၌သာရှိပြီး နိုဝင်ဘာလထက် ၃ ဒသမ ၂ မှတ် သို့မဟုတ် ၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

စားအုန်းဆီကို ဇီဝလောင်စာအဖြစ် သုံးစွဲရန် ဝယ်လိုအားနည်းသဖြင့် ဟင်းရွက်ဆီဈေးနှုန်း ကျဆင်းခဲ့ပါသည်။ နို့ထွက်ပစ္စည်းများ အဓိကတင်သွင်းသည့် ရုရှားနှင့်တရုတ်နိုင်ငံတို့၏ ဝယ်လိုအားကျဆင်းသဖြင့် ပို့ကုန်ဈေးကွက်တွင် ကုန်စည်များအဝင်များသဖြင့် ဈေးနှုန်းကျဆင်းခဲ့ပါသည်။ အမဲသား၊ ဆိတ်သားနှင့်ဝက်သား ဈေးနှုန်းများ ကျဆင်းခဲ့၍ အသားဈေးနှုန်းများလည်း ကျဆင်းခဲ့ပါသည်။

အစေ့အနှံ (Cereal) ဈေးနှုန်းများမှာမူ တည်ငြိမ်ခဲ့ပါသည်။ ဒီဇင်ဘာလတွင် ဆန်ဈေးနှုန်းကျဆင်းပြီး ဂျုံဈေးနှုန်း သိသိသာသာ မြင့်တက်ခဲ့၍ FAO ၏ Cereal ဈေးနှုန်း အညွှန်းကိန်းသည် ဒီဇင်ဘာလတွင် ပျမ်းမျှအားဖြင့် ၁၈၃ ဒသမ ၉မှတ်သို့ ရောက်ရှိပြီး နိုဝင်ဘာလထက် သုည ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၄ ခုနှစ် တစ်နှစ်တာကာလအတွင်း အမဲသားဈေးနှုန်းသည် ၈ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ပြီး Cereal၊ နို့ထွက်ပစ္စည်း၊ ဆီနှင့်သကြားဈေးနှုန်း အညွှန်းကိန်းများသည် ၁၂ ဒသမ ၅ ရာခိုင်နှုန်း ၇ ဒသမ ၇ ရာခိုင်နှုန်း၊ ၆ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၃ ဒသမ ၈ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့သဖြင့် နှစ်အလိုက် ကမ္ဘာ့အစားအစာဈေးနှုန်း အညွှန်းကိန်းသည် ပျမ်း မျှ ၂၀၂ မှတ်ဖြစ်ပြီး ၂၀၁၃ ခုနှစ်ထက် ၃ ဒသမ ၇ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

## အမေရိကန်နိုင်ငံ မန်ဟက်တန်ရပ်ကွက်ရှိ အိမ်ခန်းဈေးနှုန်းများ စံချိန်တင်မြင့်တက်

၂၀၁၄ ခုနှစ်အတွင်း၌ အမေရိကန်နိုင်ငံ နယူးယောက်မြို့ မန်ဟက်တန်ရပ်ကွက်ရှိ အိမ်ခန်းဈေးနှုန်းများသည် ပျမ်းမျှအားဖြင့် ဒေါ်လာ ၁ ဒသမ ၇၂ သန်းသို့ မြင့်တက်ခဲ့ပါသည်။ ယခုအခါ ဝယ်လိုအား မြင့်မားနေသော်လည်း ရောင်းလိုအားမှာမူ လျော့နည်းလျက်ရှိကြောင်း၊ Douglas Elliman and Miller Samuel Real Estate Appraisers ၏ အစီရင်ခံစာ အရ ၂၀၀၈ ခုနှစ်၌ ဖြစ်ပေါ်ခဲ့သည့် ပျမ်းမျှဈေးနှုန်းသည် ဒေါ်လာ ၁ ဒသမ ၅၉၁ သန်းဖြစ်ကြောင်း သိရှိရပါသည်။

ချမ်းသာကြွယ်ဝသူများအနေဖြင့် ကမ္ဘာ့ထိပ်တန်း ဈေးကွက်တွင် ပိုမိုရင်းနှီးမြှုပ်နှံမှုပြုကြသဖြင့် ယခုကဲ့သို့ နယူးယောက်တွင် အဆင့်မြင့်အိမ်ခန်းများ ဈေးနှုန်းမြင့်တက်နေမှုသည် အိမ်ခြံမြေကဏ္ဍ အခြေအနေတိုးတက်နေကြောင်းကို ထင်ဟပ်ဖော်ပြနေခြင်း ဖြစ်ပါသည်။ နယူးယောက်အိမ်ခြံမြေ ဈေးကွက်မှ ကွန်ဒိုအခန်းအသစ်များကို ပြည်ပမှဝယ်ယူသူများက ကြိုက်နှစ်သက်သဖြင့် ဝယ်လိုအား မြင့်မားနေခြင်းဖြစ်ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

## အမေရိကန်-မက္ကဆီကို အဆင့်မြင့်စီးပွားရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

အမေရိကန်-မက္ကဆီကို ဒုတိယအကြိမ် အဆင့်မြင့်စီးပွားရေး ညှိနှိုင်းဆွေးနွေးပွဲ (U.S.-Mexico High-Level Economic Dialogue (HLED) ကို ဇန်နဝါရီ ၆ ရက်နေ့တွင် ဝါရှင်တန်မြို့၌ ကျင်းပခဲ့ရာ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး အပါအဝင် အစိုးရဌာနများမှ တာဝန်ရှိသူများ၊ မက္ကဆီကိုနိုင်ငံမှ စီးပွားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးဌာန အပါအဝင် အခြားသောဝန်ကြီးဌာနများ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ ProMexico နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပါသည်။

စီးပွားရေးဆက်သွယ်မှုများ တိုးမြှင့်ရန်နှင့် နှစ်နိုင်ငံမှ စားသုံးသူများ၊ အလုပ်သမားများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းများ ပိုမိုရရှိရန် ရည်ရွယ်၍ အဆိုပါ ဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အမေရိကန်နှင့်မက္ကဆီကိုနိုင်ငံတို့သည် အဓိကဒေါက်တိုင်ကြီး သုံးခုပါဝင်သည့် လုပ်ငန်းစဉ်များကို ချမှတ်ထားပါသည်။ အဆိုပါ ဒေါက်တိုင်ကြီးသုံးခုမှာ ယှဉ်ပြိုင်မှုစွမ်းရည်နှင့် ဆက်သွယ်မှုတို့ကို တိုးမြှင့်ခြင်း၊ စီးပွားရေးကုန်ထုတ်လုပ်မှု၊ စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှုတို့ကို ချမှတ်ဆောင်ရွက်ခြင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့ဦးဆောင်မှုအတွက် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ဖြစ်ကြပြီး လုပ်ငန်းစဉ်များနှင့်အညီ ၂၀၁၅ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းများအဖြစ် စွမ်းအင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေးကဏ္ဍတွင် အပြန်အလှန်ဖလှယ်ရေးနှင့် လုပ်သားထု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ ပွင့်လင်းမြင်သာမှုနှင့် အဂတိတိုက်ဖျက်ရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်း၊ စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှုများ ပိုမိုတိုးတက်စေရေး၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် အမျိုးသမီးများ၏ စီးပွားရေး လုပ်ဆောင်နိုင်မှု ပိုမိုတိုးတက်စေရေးစသည်တို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

## နောင်ခိုင်ဒေသတွင် အထူးစီးပွားရေးဇုန် တည်ထောင်ရန်ထိုင်းနိုင်ငံ အတည်ပြု

ဝန်ကြီးချုပ် ပရာယွတ်ဦးဆောင်သော အထူးစီးပွားရေးဇုန် ကော်မတီသည်အထူးစီးပွားရေးဇုန်များ တည်ထောင်ရန် တည်ပြုပြီးဖြစ်သည့် နေရာငါးခုအပြင် နောင်ခိုင်ပြည်နယ်တွင်ပါ အထူးစီးပွားရေးဇုန် တည်ထောင်ရန် သဘောတူဆုံးဖြတ်ခဲ့ပါသည်။ အထူးစီးပွားရေးဇုန် တည်ဆောက်ရေးကို အရှိန်မြှင့်တင်ရန် စက်မှုလုပ်ငန်းစက်ရုံများနှင့် စက်မှုနယ်မြေများအတွက် (ရင်းနှီးမြှုပ်နှံသူများ) တတ်နိုင်သည့် မြေများ (affordable plots) ရှာဖွေရန် ကတိပြုခဲ့ကြပါသည်။

အစိုးရမှ အထူးစီးပွားရေးဇုန် နေရာများကို အသိပေးကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် ပုဂ္ဂလိကမြေကွက်တချို့၏ ဈေးနှုန်းများသည် မြင့်တက်သွားခဲ့ပါသည်။ သို့ဖြစ်ရာအထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံရန် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန် အစိုးရ၏ပံ့ပိုးကူညီမှုသည် မဖြစ်မနေ လိုအပ်ကြောင်း၊ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြေဈေးနှုန်းသည် အလွန်မြင့်မား၍ ၎င်းတို့အနေဖြင့် တတ်နိုင်ဖွယ်မရှိတော့ဟု ယူဆနိုင်သောကြောင့်ဖြစ်ကြောင်း ဝန်ကြီးချုပ်မှ ပြောကြားခဲ့ပါသည်။

လိုအပ်ပါက ငွေတိုက်ဌာန (Treasury Department)ပိုင် မြေကွက်များနှင့် အပင်များပြုန်းတီးနေသော သစ်တောမြေများကိုပင်အထူးစီးပွားရေးဇုန်များအတွက် ခွဲဝေချထားပေးသင့်ကြောင်း၊ ယခုနှစ်တွင် ပထမဆုံး စတင်တည်ဆောက်မည့် အထူးစီးပွားရေးဇုန်သည် Tak ပြည်နယ်ရှိမဲဆောက်ခရိုင်တွင် ဖြစ်နိုင်ဖွယ်ရှိကြောင်းလည်း ဝန်ကြီးချုပ်က ပြောကြားခဲ့ပါသည်။

Charoen Pokphand Group , Thai Beverage, Amata Corporation, Saha Group နှင့် Mitr Phol စသည်တို့ အပါအဝင် ပုဂ္ဂလိကကုမ္ပဏီကြီးများသည် အထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုရှိကြကြောင်း အမျိုးသားစီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးမှုအဖွဲ့ (NESDB) ၏ အတွင်းရေးမှူးချုပ် Mr.Arkhon ကပြောကြားခဲ့ပါသည်။

ကော်မတီမှ ပုဂ္ဂလိကကုမ္ပဏီများအားအစိုးရ၏ စီမံကိန်းတွင် အဆိုပြုထားသည့် ရိုင် ၁ ဒသမ ၈၃ သန်းတွင် ပါဝင်ခြင်းမရှိသည့်နေရာများ၌သင့်တော်သောနေရာ တွေ့ရှိပါက အထူးစီးပွားရေးဇုန် တည်ဆောက်ရေးအတွက် အဆိုပြု တင်ပြခွင့်ပြုရန် သဘောတူခဲ့ပါသည်။ အစိုးရအနေဖြင့် ၎င်းတို့၏ အဆိုပြုချက်များကို စဉ်းစားသုံးသပ်မည်ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပေးရန် အသင့်ပင်ဖြစ်ကြောင်းလည်း Mr.Arkhon ကပြောကြားခဲ့ပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# စားအုန်းဆီတင်သွင်းရန် ထိုင်းနိုင်ငံအစိုးရအဖွဲ့ အတည်ပြု

ထိုင်းနိုင်ငံက စားအုန်းဆီတန်ချိန် ၅၀,၀၀၀ တင်သွင်းရန် အဆိုပြုချက်ကို အစိုးရအဖွဲ့၏ ဇန်နဝါရီ ၂၀ ရက်နေ့က ကျင်းပခဲ့သော အစည်းအဝေး၌ အတည်ပြုခဲ့ကြောင်း သိရှိရပါသည်။ ပြည်တွင်းဆီအုန်း စိုက်ပျိုးသူများအတွက် ဈေးနှုန်းထိုးကျခြင်းမှ ကာကွယ်ရန် ဆီအုန်းသီးအစို အနည်းဆုံးဈေးနှုန်းကိုလည်း သတ်မှတ်ပေးမည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ယခုလနှင့် လာမည့်လအကြား စားအုန်းဆီ ပြတ်လပ်မှုကို ရင်ဆိုင်ရဖွယ်ရှိသောကြောင့် စားအုန်းဆီတင်သွင်းရန် အဆိုပြုချက်ကို အမျိုးသား စားအုန်းဆီမူဝါဒ ကော်မတီ (NOPPC) မှတင်ပြခဲ့ခြင်း ဖြစ်ပါသည်။ စားအုန်းဆီ သိုလှောင်လက်ကျန်ထားရှိ မှုသည် ပုံမှန်မဟုတ်ဘဲ တန်ချိန် ၁၁၃,၀၀၀ သာရှိသောကြောင့် စားအုန်းဆီ ပြတ်လပ်မှု ဖြစ်ပေါ်နိုင်ပါသည်။ ပုံမှန်အားဖြင့် သိုလှောင်လက်ကျန်ထားသည့် စားအုန်းဆီတန်ချိန် ၁၇၀,၀၀၀ ခန့် ရှိတတ်ကြောင်း သိရှိရပါသည်။

စားအုန်းဆီပြတ်လပ်မှု ပြဿနာကို ဖြေရှင်းရန် ပြီးခဲ့သည့် ရက်သတ္တပတ်၌ ကျင်းပခဲ့သည့် NOPPC ၏ အစည်းအဝေးတွင် စားအုန်းဆီ သိုလှောင်လက်ကျန်ထားရှိမှုသည် တန်ချိန် ၆၀,၀၀၀ - ၇၀,၀၀၀ သို့ ကျဆင်းခဲ့ ကြောင်း အစီရင်ခံတင်ပြခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမှ ဦးဆောင် ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

စာရင်းသစ်အရ သိုလှောင်ထားသော စားအုန်းဆီ ပမာဏသည် တန်ချိန် ၁၁၃,၀၀၀ ဖြစ်သောကြောင့် အလွန်ဆိုးရွားသော အခြေအနေ မဟုတ်ကြောင်း အစိုးရ၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ Maj Gen Sansern က ပြောကြားခဲ့ပါသည်။ ယခင် စားအုန်းဆီ ပြတ်လပ်မှု ဖြစ်ပေါ်ခဲ့ခြင်းကြောင့် သိမ်းဆည်းသိုလှောင်ခြင်းနှင့် ဈေးနှုန်းကစားသည့် ပြဿနာများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ပုံမှန်အားဖြင့် စားအုန်းဆီနှင့် ဆက်နွယ်လျက်ရှိသော ထုတ်ကုန်များ ဈေးနှုန်းမြင့်တက်ခြင်းနှင့်အတူ ဈေးကစားခြင်းများ ပေါ်ပေါက်လေ့ရှိသည်။ စားသောက်ကုန်များမှသည် အိမ်သုံးပစ္စည်းများအထိ ထုတ်ကုန်များတွင် စားအုန်းဆီပါဝင်ကြောင်း သိရှိရပါသည်။

ပြည်တွင်းမှ ထွက်ရှိသော ဆီအုန်းဈေးနှုန်းများ ကျဆင်းမှုမှ ကာကွယ်ရန် အနည်းဆုံးဈေးနှုန်းကို တစ်ကီလိုဂရမ် လျှင် ၅ ဘတ် သတ်မှတ်ရန် အစိုးရမှ သဘောတူပြီးဖြစ်ပါသည်။လောလောဆယ်တွင် ဆီအုန်းဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် ၅ ဒသမ ၅ ဘတ်မှ ၆ ဘတ်အကြား ဖြစ်ပါသည်။ သို့ရာတွင် အစိုးရ၏ စားအုန်းဆီ တင်သွင်းမည့်အစီအစဉ်ကို အသိပေး ကြေညာလိုက်သည်နှင့် ဆီအုန်းဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် သုည ဒသမ ၄ ဘတ် ကျဆင်းသွားပါသည်။ စားအုန်းဆီတင်သွင်းမှုကို ဖေဖော်ဝါရီလလယ် နောက်ဆုံးထား၍ အပြီးတင်သွင်းမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

Vol: 15, No.5 Monday Feb 2 2015

# စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းဆောင်ရွက်မှုအပေါ်

## စားသုံးသူပြည်သူအချို့၏ ရင်လှိုင်းခတ်သံများ



၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့ထုတ် စံတော်ချိန်နေ့စဉ်သတင်းစာပါ ဆောင်းပါးရှင် မောင်စားသုံး ဆိုသူရေးသားတဲ့ သိရင်ပြောပေးပါဆောင်းပါး ဖတ်လိုက်ရပါတယ်။ ကျွန်တော် အိပ်ပျော်ရာက ရုတ်တရက် လှုန့်နှိုးခြင်းခံလိုက်ရသလို ဖြစ်သွားပါတယ်။ သေသေချာချာ ပြန်ဖတ်ပြီး စာရေးသူရဲ့ ဆိုလိုရင်းကို ဖော်ထုတ်ဖို့ ဖြစ်နိုင်ခြေရှိတာတွေ စာရွက်ပေါ် ရေးချတဲ့အခါမှာ စားသုံးသူအကာအကွယ်ပေးရေး ဆောင်ရွက်ချက်တွေ အားမလိုအားမရ ဖြစ်နေရပုံကို တွေ့ရှိရပါတယ်။ စေတနာနဲ့ အကြံပြုတာ တွေ့ရတဲ့အတွက် ကြိုဆိုရမှာပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ကိုစားသုံးသူရဲ့စေတနာကို ပြန်လည်လေးစားတဲ့အနေနဲ့ ဆောင်းပါးတစ်ပုဒ် ရေးလိုက်ရင် ကောင်းမှာပဲလို့ စဉ်စားခဲ့ပါတယ်။

ဘယ်လိုအလုပ်ပဲလုပ်လုပ် ပြန်ပြီးသုံးသပ်မှုမရှိရင် အဲဒီအလုပ်က ပရမ်းပတာ ဖြစ်သွားနိုင်ပါတယ်။ အောင်မြင်မှုရရင်လည်း ရေရှည်ထိန်းထားနိုင်ဖို့ အခြေခံစံထားရမယ့်အချက်အလက်မရှိဖြစ်နေတော့ အထွတ်အထိပ်မရောက်နိုင်ဘဲ လမ်းခုလတ်က ပြန်လာတတ်ကြပါတယ်။ အဲဒီအတိုင်းပဲ နိုင်ငံနဲ့ချီပြီး ဆောင်ရွက်ခဲ့ရတဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းကို အဘက်ဘက်ကသုံးသပ်ပြီး ဘယ်သူက ဘာတာဝန်ကို ထမ်းဆောင်သင့်တယ်၊ ဘယ်လိုဆောင်ရွက်သင့်တယ်၊ ဘာတွေကို ဘယ်လိုလုပ်သင့်တယ် အစရှိသဖြင့် ပြန်လည်ပြုပြင် သင့်တာတွေကို ပြုပြင်၊ ပယ်ဖျက်သင့်တာတွေကို ပယ်ဖျက်၊ ရှေ့ကိုတစ်ဆင့်တိုးပြီး ဆောင်ရွက်ရမယ့်အချိန် ရောက်နေပြီဖြစ်ပါတယ်။ ဘယ်အပိုင်းက အားနည်းနေသေးလဲ၊ ဘာတွေကို ပြုပြင်ပြောင်းလဲဖို့ လိုသေးလဲ ဆိုတာတွေကို သုံးသပ်ဖို့ အထက်ပါဆောင်းပါးရှင်က သတိပေးလိုက်သလို ဖြစ်သွားပါတယ်။

ဘယ်သူက အရေးယူမှာလဲဆိုတဲ့အပိုင်းနဲ့ ဆောင်းပါးရှင် မေးမြန်းအကြံပြုချက်ကို အဆုံးသတ်တာ တွေ့ရတဲ့အတွက် အဓိကမေးခွန်းကလည်း ဒီအပိုင်းပဲဆိုတာ သွားတွေ့ရပါတယ်။ဒီမေးခွန်းကို မိမိအနေဖြင့် ဖြေရမယ်ဆိုပါက "အရေးယူတယ်ဆိုတာထက် စားသုံးသူ ပြည်သူတိုင်းထံကို စားသုံးသူဆိုင်ရာ အသိပညာပေးလုပ်ငန်း အရင်လုပ်ပါ။ ပြီးမှ သိလျက်နဲ့ ချိုးဖောက်လာရင် စားသုံးသူပြည်သူတွေကပဲ တိုင်တန်းရမှာဖြစ်ပြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအတိုင်း ထိထိရောက်ရောက် တရားစွဲအရေးယူရမှာပါ" လို့ အဖြေ ပေးလိုက်ချင်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ရဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲတစ်ခုမှာ စားသုံးသူကိုယ်စားလှယ်တစ်ဦးက 'စားသုံးသူက အငြင်းပွားဖို့နေနေသာသာ သူတို့က သူတို့ရဲ့ အခွင့်အရေးကို မသိကြဘူး။ ထုတ်လုပ်သူအချို့ကလည်း ထုတ်လုပ်သူလိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းကို ကောင်းကောင်းနားမလည်ကြဘူး။ ဒါကြောင့် အငြင်းပွားမှုကို မဖြေရှင်းခင် စားသုံးသူပညာပေးလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်တယ်လို့ သူ့အနေနဲ့ မြင်ပါတယ်' တဲ့။

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းကို ကျွန်တော်တို့နိုင်ငံက အခုမှလုပ်နေတာဖြစ်တဲ့အတွက် အတွေ့အကြုံနုနယ်သေးတာကတစ်ကြောင်း၊ ၂၁ရာစု လူတို့ရဲ့ စိတ်နေစိတ်ထား၊ အလေ့အထများ ပြောင်းလဲလာတာကတစ်ကြောင်း၊ ထုတ်လုပ်မှု အားကောင်းတဲ့ အိမ်နီးချင်း နိုင်ငံများဆီက စစ်ဆေးမှုမပြုနိုင်တဲ့ ကုန်စည်တွေ အလုံးအရင်းနဲ့ ဝင်လာတာကတစ်ကြောင်း၊ အခြားအကြောင်းများစွာများကြောင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း သိကောင်းစရာများ သိသင့်သလောက် မသိနိုင်သေးတဲ့အတွက် စားသုံးသူများ နစ်နာဆုံးရှုံးမှု တစ်ပုံတစ်ပင်ဖြစ်ခဲ့ရပါတယ်။

တစ်နေ့ ကျွန်တော့်ဆီကို မုံရွာမြို့မှာရှိတဲ့ Organic Farming & Products Team က ဦးမျိုးဝင်းနဲ့ ဦးမြတ်နိုင်ထွန်းတို့နှစ်ယောက် ရောက်လာကြပါတယ်။ အရင်တုန်းက သူငယ်ချင်းတွေဖြစ်တာကြောင့် မို့လို့ ရောက်တတ်ရာရာ ပြောကြားရင်း ကျွန်တော်တို့ရဲ့ စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲအကြောင်း စကားစပ်မိကြပါတယ်။ ကျွန်တော့်ရဲ့ အားနည်းချက်ကိုလည်း အားမနာတမ်း ထောက်ပြပြောဆို သွားပါတယ်။ ဘယ်အချက်အလက်တွေက အထောက် ထားမခိုင်လုံဘူး၊ ဘယ်အချက်တွေက မပြည့်စုံဘူး အစရှိသဖြင့် အကြံပြုကြတာလည်း တွေ့ရပါတယ်။ စားသုံးသူအကာအကွယ်ပေရေးဥပဒေရဲ့ ပြစ်မှုပြစ်ဒဏ်မှာ ထောင်ဒဏ် သုံးနှစ်နှင့် ကျပ်ငွေ သိန်းငါးဆယ်ဆိုတာက ယခုခေတ်မှာ ဘယ်သူမှ မကြောက်တော့ဘူးဆိုတဲ့အချက်တွေ၊ အဲဒီဥပဒေအရ ဘယ်သူက တရားလိုလုပ်မှာလဲ၊ ပြစ်မှုမြောက်တာကိုကော ဘယ်သူဆုံးဖြတ်မှာလဲ၊ အစွပ်စွဲခံရသူကကော ငြင်းဆိုမယ်၊ အကြောင်းပြချက်အမျိုးမျိုးနဲ့ ကိုယ်လွတ်ရုန်းရင်ကော ဘယ်လိုလုပ်မှာလဲ အစရှိသဖြင့် မေးခွန်းမျိုးစုံကို မေးခဲ့ကြပါတယ်။သူတို့ရဲ့မေးခွန်းကို သေချာနားထောင်ပြီး ပြန်ရှင်းတဲ့အခါမှာ နေရာဒေသ အလိုက်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ရဲ့ လုပ်ရမယ့်တာဝန်၊ လုပ်ပိုင်ခွင့်၊ အဖွဲ့ဝင်တွေရဲ့ ကိုယ်ရည် ကိုယ်သွေး၊ စေတနာနဲ့ လုပ်နည်းလုပ်ဟန်တွေနဲ့ ဖြေရှင်းပေးရမယ်ဆိုတဲ့အကြောင်းကို ရှင်းပြလိုက်တော့ အတော်ကျေနပ်သွားကြပုံ ရပါတယ်။

မုံရွာမြို့က ကျွန်တော်ရဲ့ သူငယ်ချင်းနှစ်ယောက်ကို ဥပဒေနဲ့ လုပ်ထုံးလုပ်နည်း တတ်သလောက်၊ မှတ်သလောက် ပြောပြပြီးတဲ့နောက်မှာ သူတို့က အော်ဂဲနစ်စိုက်ပျိုးရေးအပိုင်းဘက်ကို စကားပြန်လှည့်လာကြပါတယ်။ ယခုခေတ် ဓာတ်မြေသြဇာတွေရဲ့ စွမ်းပကားတွေ၊ အဲဒီဓာတ်မြေသြဇာတွေက သုံးပြီး တစ်နှစ်အထိ မြေကြီးမှာ သူ့ရဲ့ ဓါတ်ကြွင်းတွေ ကျန်ရှိခဲ့ပုံ၊ ဒီဓာတ်တွေက စားမိတဲ့ စားသုံးသူတွေ ရောဂါပေးပုံ၊ ဒါကြောင့် တောင်သူလယ်သမားတွေကို စည်းရုံးပြီး အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးလာဖို့၊ အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်ဖြန့်ဝေမယ့် အခြေအနေတွေ၊ ပညာရှင်များ ကိုယ်တိုင်ဟောပြောပြီး လက်တွေ့ပြသမယ့်အစီအစဉ်တွေ၊ အော်ဂဲနစ် စိုက်ပျိုးရေးကလည်း သီးနှံအထွက် လျော့မကျပုံများကို ပြောပြပြီး ကျွန်တော်တို့ရဲ့ စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲမှာလည်း အော်ဂဲနစ်သီးနှံအကြောင်း ဟောပြောသင့်ပုံ၊ ဓာတုဓာတ်ကြွင်းများရဲ့ အန္တရာယ်ကို များများဟောပြောပေးဖို့တွေ၊ နောင်ဟောပြောပွဲတွေမှာ သူတို့လည်း ပါဝင်ပေးမယ့် အခြေအနေတွေကို ဆွေးနွေးပြီး ကျွန်တော်တို့ရဲ့စကားဝိုင်းကို ရုပ်သိမ်းလိုက်ကြပါတယ်။

ပြီးခဲ့တဲ့ နွေရာသီတုန်းက မကွေးတိုင်းဒေသကြီး၊ စကုမြို့မှာ နေထိုင်တဲ့ ခန္ဓာကိုယ် အရိုးအဆစ်ခိုင်ရောဂါနဲ့ အိပ်ရာပေါ်မှာ လဲလျောင်းနေရတဲ့ စာရေးဆရာ - ကဗျာဆရာ အေးမင်းစောကို စားသုံးသူအကာအကွယ်ပေးရေးအကြောင်း ပြောပြခွင့် ကျွန်တော်ရရှိခဲ့ပါတယ်။ ဆရာနဲ့ စကားပြောကြည့်တဲ့အခါမှာ နောက်ဆုံးရမြန်မာနဲ့ ကမ္ဘာ့သတင်းပေါင်းစုံကို အံ့သြစရာကောင်းလောက်အောင် သိခဲ့တာကို တွေ့ရပါတယ်။ ကျွန်တော်က စားသုံးသူအကာအကွယ်ပေးရေးအကြောင်းများကို ပြောတော့ သူက ကျွန်တော့်ထက် ပိုမိုဆွေးနွေး နိုင်ပါသေးတယ်။ဆရာပြောပြတဲ့အထဲက ပထမအချက်တစ်ချက်အနေနဲ့ အစိုးရမဟုတ်တဲ့ စားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်းနဲ့ ကျွန်တော်တို့ရဲ့ စားသုံးသူရေးရာဌာန ပူးပေါင်းဆောင်ရွက်ခြင်းမရှိတာ ဘာဖြစ်လို့လဲတဲ့။ ဒုတိယအချက်မေးခွန်းက စားသုံးသူရေးရာ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ပညာပေးလုပ်ငန်း ထိရောက်သင့်သလောက် ထိရောက်အောင် မလုပ်နိုင်ကြတာ ဘာကြောင့်လဲတဲ့။ တတိယမေးခွန်းအနေနဲ့ ဈေးတွေမှာအန္တရာယ်ရှိစားသောက်ကုန်တွေ ရောင်းနေတာ အများပြည်သူကသိပါလျက်နဲ့ ဘာဖြစ်လို့ တားမြစ်တာ၊ စစ်ဆေးတာ၊ ဖမ်းဆီးအရေးယူတာတို့ကို ဘာကြောင့်မလုပ်ကြတာလဲ စတဲ့မေးခွန်း တွေဖြစ်ပါတယ်။

ဆရာအေးမင်းစောရဲ့ မေးခွန်းတွေကို ကျွန်တော်တတ်သလောက် ကြိုးစားပြီးတော့ ဖြေခဲ့ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ အစိုးရမဟုတ်တဲ့ စားသုံးသူကြိုတင်ကာကွယ်ရေးအသင်းနဲ့ ဘာကြောင့် ပူးပေါင်းဆောင်ရွက်ခြင်း မရှိတာလဲ ဆိုတာကို "ပူးပေါင်းဆောင်ရွက်နေပါတယ်၊ ရန်ကုန်တိုင်းဒေသကြီးက လှုပ်ရှားမှု သတင်းများ အပတ်စဉ်ထုတ် ကောမတ်စ်ဂျာနယ်မှာ တွေ့ရလေ့ရှိကြောင်း၊ နောက်ဆိုရင် ပိုမိုပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း" ရှင်းပြခဲ့ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ ပညာပေးလုပ်ငန်း ထိရောက်စွာ မလုပ်နိုင်တဲ့ အကြောင်းကိုတော့ "ဝန်နှင့်အား မမျှတဲ့သဘောလည်းဖြစ်ကြောင်း၊ ကျွန်တော်တို့နိုင်ငံရဲ့ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းဆောင်ရွက်မှု နုနယ်သေးတာကတစ်ကြောင်း၊ ကျွမ်းကျင်သူ နည်းပါးသေးတာကလည်း တစ်ချက်ဖြစ်ကြောင်း၊ အထောက်အကူပြုပစ္စည်း လိုအပ်ချက်ရှိတာကလည်းပါကြောင်း၊ စရိတ်စကပံ့ပိုးမှု အားနည်းချက်ကလည်း အရေးကြီးတဲ့ အချက်ဖြစ်တယ် ဆိုတဲ့အကြောင်း" ကျွန်တော်ရဲ့ အမြင်နဲ့ ဖြေကြားခဲ့ပါတယ်။ တတိယမေးခွန်းဖြစ်တဲ့ ဈေးထဲမှာရှိတဲ့ အန္တရာယ်ရှိ စားသောက်ကုန်ကို ပထမအဆင့်အနေနဲ့ ဈေးမှာ တာဝန်ယူထားတဲ့ ဈေးကော်မတီဆိုတာရှိတယ်။ အဲဒီ ကော်မတီကပဲ သိမ်းဆည်းခြင်းလုပ်ရမှာ ဖြစ်ပါတယ်။ လိုအပ်ရင် လုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို တောင်းခံရမှာဖြစ်ပြီးတော့ ကုန်ပစ္စည်းဖျက်ဆီးခြင်းကို ကော်မတီကပဲ ဘုတ်အဖွဲ့နဲ့ ဖျက်ဆီးရမှာဖြစ်တယ်။ ကုန်ပစ္စည်းရောင်းချတဲ့သူကိုတော့ တရားရုံးကို တိုက်ရိုက်တရားစွဲတင်ပို့ပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနဲ့ပြစ်မှုဆိုင်ရာဥပဒေများ၊ ဆက်စပ်ဥပဒေများနဲ့ လိုအပ်သလို အရေးယူရမှာဖြစ်ပါတယ်လို့ ဖြေခဲ့ပါတယ်။

ကျွန်တော်တို့ ဟောပြောပွဲအတော်များများ လုပ်တဲ့အထဲမှာ ပရိသတ်နဲ့ ကျွန်တော်တို့ အပြန်အလှန် ဆွေးနွေးခဲ့တဲ့ အမှတ်တရပွဲတွေလည်း ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းက ရွှေဘိုမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှာ ပြုလုပ်ခဲ့တဲ့ပွဲဟာ အားရစရာကောင်းတဲ့ပွဲအဖြစ် သတ်မှတ်ခဲ့ပါတယ်။

➲ စာမျက်နှာ ၂၂ သို့



## ဆန်စက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းကျင်းပ

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆပ်ကော်မတီမှ ကြီးမှူးကျင်းပသည့် ကျေးလက်ဒေသ ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေး သင်တန်းကို လှည်းကူးမြို့၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာန (CTQM) ၌ ၂၀၁၅ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လုပ်ငန်းဆပ်ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊သင်တန်းနည်းပြများနှင့် သင်တန်းသား/သူများ တက်ရောက်ခဲ့ကြပါသည်။ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများတွင်ပါဝင်သော ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီဆန်စက်များ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ရန် လိုအပ်သောနည်းပညာများ ပြန့်ပွားရေး၊ဈေးကွက်ဝင်တန်းမြင့်ဆန်များ ပိုမိုထုတ်လုပ် ပြည်ပတင်ပို့နိုင်ရေး ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန၊ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးမှ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၂ဦး တက်ရောက်ခဲ့ပြီး၊ သင်တန်းတွင် ဆန်စပါး၏ ဓာတုရူပ အရည်အသွေးများအကြောင်း၊ ဆန်စက်ယူနစ်များ ကိုင်တွယ်ထိန်းသိမ်းနည်း၊ အခြေခံလျှပ်စစ် ကိုင်တွယ်ထိန်းသိမ်းနည်း၊ဆန်စပါးလက်တွေ့ကြိတ်ခွဲခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်း ဘာသာရပ်များ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းကာလမှာဇန်နဝါရီလ ၂၆ ရက်မှ ၃၀ ရက်နေ့အထိ (၅)ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရှိရပါသည်။

# သဘာဝသီးနှံများ စိုက်ပျိုးထုတ်လုပ်၍ ရေပုသိမ်ကုမ္ပဏီမှ အဏုဇီဝမြေဩဇာ ထုတ်လုပ်ရောင်းချလျက်ရှိ

ရေပုသိမ် ဇီဝမြေဩဇာဖြင့် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော တောင်သူဦးခင်မောင်ဝင်း (ဝါးဒူးကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်)၏ ဂန္ဓမာပျိုးခင်းများ



ရေပုသိမ်ဖွံ့ဖြိုးမှု အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီဟာ ၂၀၀၉ ခုနှစ်မှ စတင်ကာ ဧရာဝတီတိုင်းဒေသကြီးရဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနဲ့ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိရာ ရာသီမပြတ် စိုက်ပျိုးထုတ်လုပ်လျက်ရှိတဲ့ လယ်ယာမြေများမှာ ဓါတ်မြေဩဇာသုံးစွဲမှုပမာဏ မြင့်တက်လာမှုနဲ့ မြေဆီလွှာသဘာဝ အရင်းအမြစ်များ ထိခိုက်မှုမှ ကာကွယ်ရန် လက်ရှိကာလသုံးစွဲနေသော တန်ဖိုးမြင့် ဓာတ်မြေဩဇာများနေရာတွင် အဏုဇီဝမြေဩဇာကို အစားထိုးသုံးစွဲပြီး အသုံးစရိတ်လျှော့ချနိုင်ရန် Asean EconomicCommunty(AEC) အာဆီယံ စီးပွားရေးအသိုက်အဝန်းဈေးကွက်ကြီး ဖြစ်ပေါ်လာချိန်မှာ စားသုံးသူဘေးအန္တရာယ်ကင်းပြီး အရည်အသွေးမြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတကာသို့ တင်ပို့ရောင်းချရာမှာ ဈေးကွက်ခိုင်မာလာစေရန် ရည်ရွယ်လျက် သဘာဝအဏုဇီဝမြေဩဇာကို ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ ရေပုသိမ်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမြင့်လှိုင်က ပြောပါတယ်။

ထိုင်ဝမ်စိုက်ပျိုးရေးပညာတက္ကသိုလ်မှ ပညာရှင်များနဲ့ ကုမ္ပဏီစိုက်ပျိုးရေးတာဝန်ခံများ ပူးပေါင်းပြီး စက်ရုံများမှ ဘေးထွက်စွန့်ပစ်ပစ္စည်းများ၊ တိရစ္ဆာန်တို့ရဲ့အညစ်အကြေး၊ သဘာဝပစ္စည်းများနဲ့ ပြည်ပနည်းပညာတို့ ပေါင်းစပ်ထားလျက် အဏုဇီဝမြေဩဇာကို ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ အဏုဇီဝမြေဩဇာများကို အသုံးပြုပြီး၊ လယ်မြေကို အကျိုးမပြုတဲ့ ပိုးမွှားများကိုနှိမ်နင်းပြီး အကျိုးပြုတဲ့ ပိုးမွှားများကိုမွေးမြူလျက် လယ်ယာမြေများမှာ သဘာဝအရင်းအမြစ်များ ပြန်လည်ဖော်ထုတ်ရန်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားပါတယ်။

ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံများမှာ ဓာတ်မြေဩဇာထက် အဏုဇီဝမြေဩဇာသုံးစွဲမှုကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် လိုက်နာကျင့်သုံးလျက်ရှိကြောင်း၊ ယနေ့ ကမ္ဘာ့ဆန်ဈေးကွက်မှာလည်း အဏုဇီဝ မြေဩဇာသုံးစွဲပြီး စိုက်ပျိုးထုတ်လုပ်လျက်ရှိတဲ့နိုင်ငံများမှာ ဈေးကွက်ရလျက်ရှိကြောင်း၊ ဓါတ်မြေဩဇာများ မဆင်မခြင်သုံးစွဲရင် မိမိတို့ လယ်ကွင်းထဲမှာရှိတဲ့ မြေတွင်းအောင်းသားငါးနဲ့ ကျေးငှက်တိရစ္ဆာန်များ လျော့နည်းလာမှာဖြစ်ကြောင်း၊ ဘေးထွက်ဆိုးကျိုးများမှ ကာကွယ်ရန်နဲ့ သဘာဝကိုမထိခိုက်စေရန် ရေပုသိမ်ဖွံ့ဖြိုးမှုအများနဲ့သက်ဆိုင်တဲ့ကုမ္ပဏီမှ ပြည်ပပညာရှင်များကို ဖိတ်ခေါ်ပြီး အဏုဇီဝမြေဩဇာကို ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံးသာမက နိုင်ငံတစ်ဝန်းလုံး သုံးစွဲနိုင်ရန် ထုတ်လုပ် ဖြန့်ဖြူးရောင်းချသွားမှာ ဖြစ်ကြောင်း ဦးဝင်းမြင့်လှိုင်က ထပ်မံပြောကြားပါတယ်။

အဏုဇီဝမြေဩဇာကို ပုသိမ်မြို့ အမှတ်(၁၀) ရပ်ကွက်၊ ကုမ္ပဏီပိုင် ပေါင်းဆန်စက်ရုံဝင်းအတွင်းမှာ ၂၀၁၂ ခုနှစ်မှာ စတင်ထုတ်လုပ်ပြီး ပုသိမ်မြို့နယ်တွင်းရှိ မင်းကုန်းကျေးရွာ တောင်သူဦးမျိုးထွန်းလယ်မှာ စမ်းသပ်အသုံးပြုခဲ့ရာ အထွက်နှုန်းကောင်းပြီး အဖျင်းအမှော်နည်းသော စပါးများရရှိကြောင်း၊ ဆန်စပါးသာမက အခြားသီးနှံများဖြစ်တဲ့ ငရုတ်သီး၊ ကွမ်း၊ ဂန္ဓမာ၊ ခရမ်းသီးစိုက်ခင်းများမှလည်း မြေခံမှာကတည်းက ထည့်သွင်းစိုက်ပျိုးခဲ့ရာမှာ အောင်မြင်ဖြစ်ထွန်းတဲ့ သီးနှံများရရှိကြောင်း၊ သာပေါင်းမြို့နယ် သဲဖြူကျေးရွာမှ တောင်သူဦးဖြူလေး၊ မင်းကုန်းကျေးရွာမှ ဦးမျိုးထွန်း၊ ကန်ကြီးထောင့်မြို့နယ်မှ ဦးခင်မောင်ဝင်း၊ ကျောက်ချောင်းကြီး ကျေးရွာမှဦးမော်မော်တို့ကပြောကြားပါတယ်။

မြန်မာနိုင်ငံစိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာမြေကဏ္ဍ သုံးနှစ်တာ လေ့လာဆန်းစစ်မှုစာတမ်းကို စိုက်ပျိုးရေး လုပ်ငန်းက ထုတ်ပြန်ရာမှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၊ ဓါတ်မြေဩဇာများ နည်းစနစ်မမှန်မကန်သုံးစွဲခြင်း၊ မြေချဉ်ငံကိန်းမြင့်မားလာပြီး စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းမှု လျော့ကျစေခြင်းနဲ့ ပိုးမွှားအန္တရာယ်များလည်း ကျရောက်နိုင်ကြောင်း၊ အဏုဇီဝမြေဩဇာကို အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းနဲ့အညီ ထုတ်လုပ်ပြီး စိုက်ပျိုးမြေကို အစာကျွေးပြုပြင်ကာ အပင်အတွက်လိုအပ်တဲ့ အာဟာရဓါတ်များကိုသာ သုံးစွဲကြောင်း၊ လွန်ကဲစွာသုံးစွဲမိရင်လည်း အန္တရာယ်မရှိကြောင်း၊ နေပြည်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြေအသုံးချရေးဌာနခွဲမှ ထုတ်လုပ်ခွင့်လိုင်စင်ရရှိထားပြီး၊ ယခုအခါ စမ်းသပ်ကာလပြီးဆုံးပြီး ထုတ်လုပ်သိုလှောင်ဖြန့်ဖြူးရောင်းချလျက် ရှိကြောင်း၊ ရေပုသိမ်ကုမ္ပဏီ စီမံကိန်းဒါရိုက်တာ ဦးဝင်းကြည်က ပြောပါတယ်။

အဏုဇီဝမြေဩဇာ ၃၀ ကီလို တစ်အိတ်ကို သယ်ယူစရိတ်မပါ ၆၀၀၀ ကျပ်ဈေးဖြင့် ပြင်ပဓါတ်မြေဩဇာ ဈေးနှုန်းထက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ညောင်ကုန်းကျေးရွာမှာ တစ်နာရီကို ကီလို ၃၀ ဝင်၊ အိတ်ရေ ၁၅၀ ထုတ်လုပ်နိုင်တဲ့ စက်ရုံတစ်ရုံကို ကုမ္ပဏီမှ ဆောက်လုပ်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်း ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ကျုံပျော်၊ ဟသ်ာတ၊ ဝါးခယ်မ၊ ဓနုဖြူ၊ အိမ်မဲ၊ မြောင်းမြ၊ ငပုတောမြို့နယ်များမှာ အရောင်းကိုယ်စားလှယ်ထားရှိပြီး အဏုဇီဝမြေဩဇာများကို ရောင်းချပေးလျက်ရှိကြောင်း၊ ရေပုသိမ်ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမြင့်လှိုင်နဲ့ဒါရိုက်တာအဖွဲ့ဝင်များဟာ နေပြည်တော်၊ ပုဂံ၊ ညောင်ဦး၊ ပျော်ဘွယ်မြို့များရှိ စိုက်ပျိုးရေးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒေသခံတောင်သူများနဲ့ တွေ့ဆုံလျက် အဏုဇီဝမြေဩဇာအကြောင်း တောင်သူများအား ရှင်းလင်းပြောကြားကာ၊ အရောင်းကိုယ်စားလှယ်များခန့်အပ်ပြီး မြန်မာ့ပြည်တွင်းဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ စိုက်ပျိုးသီးနှံများ ကျန်းမာရေးနဲ့ ညီညွတ်စွာ သဘာဝအတိုင်း စားသုံးနိုင်ရေးနဲ့ ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်နိုင်ရန် ရည်ရွယ်ပြီး အဏုဇီဝမြေဩဇာများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမြင့်လှိုင်ကပြောပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# မွန်ပြည်နယ်ဒေသထွက်ကုန်နဲ့ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှဦးဆောင်ကျင်းပတဲ့ ၂၀၁၅ ဒေသထွက်ကုန်နဲ့ကုန်စည်ပြပွဲ Trade Fair and Regiona; Product Expo (Mon State) ဖွင့်ပွဲအခမ်းအနားကို မွန်ပြည်နယ်ခန်းမမှာ ဇန်နဝါရီလ ၂၄ ရက်က ကျင်းပပြုလုပ်ခဲ့ရာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မွန်ပြည်နယ်ကုန်သည်များနဲ့ စက်မှုလက်မှုအသင်းဥက္ကဋ္ဌနဲ့ အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌနဲ့ အမှုဆောင်အဖွဲ့ဝင်များ၊ ကုန်သည်လုပ်ငန်းရှင်များနဲ့ ဧည့်သည်တော်များ၊ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါတယ်။ အခမ်းအနားကို မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ မွန်ပြည်နယ် ကုန်သည်/စက်မှုအသင်းဥက္ကဋ္ဌဦးလှရှိန်တို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြခန်းအတွင်း ပြသထားတဲ့ ဒေသထွက်ကုန်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပါတယ်။

မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအနေဖြင့် ဒေသထွက်ကုန်နဲ့ကုန်စည်ပြပွဲကို ဒေသထွက်ကုန်များရဲ့ အရည်အသွေးနဲ့အရေအတွက် တိုးတက်မြင့်မားလာပြီး ဈေးကွက်ဝင်ရောက်နိုင်စွမ်း ပိုမိုရရှိစေရန်၊ ဒေသထွက်ကုန်များနဲ့ သုံးစွဲကုန်စနစ်များအား တစ်နေရာတည်းမှာ ကြည့်ရှုလေ့လာခွင့်ရရှိခြင်းဖြင့် ထုတ်လုပ်သူလုပ်ငန်းရှင်များသာမက သုံးစွဲသူပြည်သူများပါ စိစစ်ရွေးချယ်အကဲဖြတ်ခွင့်ရရှိစေရန်၊ ဈေးကွက်ဝင်ရောက်ချဲ့ထွင်နိုင်ရေး နည်းလမ်းများအနက် ကုန်စည်ပြပွဲခင်းကျင်းပြသခြင်းနည်းလမ်းဖြင့် ဆောင်ရွက်တဲ့ အလေ့အထဖွံ့ဖြိုးတိုးတက်စေရန်၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမဲ့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ ပိုမိုတိုးတက်ဆောင်ရွက်လာစေရန် ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်းသိရပါတယ်။

အဆိုပါပြပွဲမှာ ဒေသတွင်းကုမ္ပဏီလုပ်ငန်းရှင်များရဲ့ ဒေသထွက်ကုန်များဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေး အခြေခံသီးနှံထုတ်ကုန်များ၊ ရေထွက်ပစ္စည်းများ၊ သစ်နဲ့ဝါးအခြေခံထုတ်ကုန်များ၊ တွင်းထွက်ပစ္စည်းအခြေခံ ထုတ်ကုန်များ၊ ရိုးရာအထည်ထုတ်ကုန်များနဲ့ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများမှ ထုတ်ကုန်များကို ပြခန်းပေါင်း ၁၄ ခန်း၊ မွန်ပြည်နယ်ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မွန်ပြည်နယ် သစ်သီးဝလံပန်းမန်နဲ့ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မွန်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်းနဲ့ မွန်ပြည်နယ်ပဲမျိုးစုံ၊ ပြောင်းနဲ့နှမ်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့မှ ပြခန်း ၄ ခန်းနဲ့ အခြားပြခန်း ၆ ခန်း၊ စုစုပေါင်း ၂၄ ခန်း ခင်းကျင်းပြသထားပြီး ကုန်စည်ပြပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၄ မှ ၂၅ ထိ ကျင်းပ ပြသခဲ့ရာ မွန်ပြည်နယ်ရဲ့ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မှာဖြစ်ကြောင်း သိရှိရပါတယ်။

**စိုးမြင့်-မော်လမြိုင်**

Commodity Exchange News
Vol: 15, No.5 Monday Feb 2 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂-၂-၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်တွင် မတ်ပဲဈေးကျ၊ ပဲစင်းငုံနီဈေးစွာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးကွက်စဖွင့်ချိန်မှာတစ်တန်ကို ၈၆၉၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ရာက နောက်ပိုင်းရက်တွေမှာ ဈေးအနည်းငယ်တိုးပေးပြီး အဝယ်ရှိတာကြောင့် ဈေးကွက်ပိတ်ချိန်မှာ တစ်တန်ကို ၈၇၁၀၀၀ ကျပ်အထိဈေးမြင့်ခဲ့ပေမယ့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက တစ်တန်ကို ၂၀၀၀၀ ကျပ်ခန့်ဈေးကျနေသေးကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ မတ်ပဲ(သစ်)တွေဈေးကျရတဲ့အကြောင်းက ဒီတစ်ပတ်မှာ အိန္ဒိယဘက်မှ ဝယ်လိုအားလျော့လာလို့ဖြစ်ကြောင်း၊ ဘုရင့်နောင်အခြေစိုက်ပဲကုန်သည်တစ်ဦးက ဆိုပါတယ်။ ပဲစင်းငုံနီ (RC) ကို အိန္ဒိယဝယ်လက်က ဈေးမြင့်ပေးအဝယ်ရှိသလို ဝယ်လိုအားပါ သွက်လာတာကြောင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်တန်ကို အနိမ့်ဆုံး ၈၁၃၀၀၀ ကျပ်ဈေးမှ အမြင့်ဆုံး ၈၂၉၅၀၀ ကျပ်ဈေးအတွင်း အရောင်းရော အဝယ်ပါများခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်ပုံမှန်ရှိပေမယ့် တရုတ်ဘက်မှာ အဖမ်းအဆီးရှိလို့ ပြောင်း အရောင်းအဝယ်နည်း

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းအဝင်က တစ်ပတ်အတွင်း တန် ၂၇၅၀၀ ခန့်ဝင်ရောက်ခဲ့လို့ အဝင်ပုံမှန်ရှိနေတယ်လို့ ဆိုရမှာပါ။ ပြောင်းအဝင်ပုံမှန်ရှိပေမယ့် တရုတ်ဘက်မှာ ဆန်ကားများကို ဖမ်းဆီးရာမှာ ပြောင်းကားတွေလည်း ကြားညပ်ဖမ်းဆီးနေတာကြောင့် ပြောင်းအရောင်းအဝယ်ဖြစ်မှု ပမာဏလျော့သွားကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေ ဖြင့် ၅၀ ကီလို တစ်အိတ်ကို အနိမ့်ဆုံး ၈၇ ယွမ်မှ အမြင့်ဆုံး ၉၁ ယွမ်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်အဝယ်သွက်၊ ပဲတီစိမ်း(ခရမ်းရွှေဝါ)ဈေးကွက်သို့ စတင်ဝင်ရောက်လာ၊ မတ်ပဲကို ခွဲစက်ပုံမှန်အဝယ်ရှိ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်)တွေ အဝင် သွက်နေသလို Exportအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း အရည်အသွေးပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိတာကြောင့် ယခင်အပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးသိသာစွာမြင့်လာပြီး တစ်ပိဿာကို ၁၃၀၀ ကျပ်(တစ်တန်ကို ၇၉၆၁၀၇ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ မန်းဈေးကွက်သို့ ပဲတီစိမ်း(ခရမ်းရွှေဝါ)တွေစတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၁၉၉၀ ကျပ် (တစ်တန်ကို ၁၂၁၈၆၅၆ ကျပ်)ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ တရုတ်နိုင်ငံသို့ တင်ပို့မည့်သူများက အရည်အသွေးကောင်းတဲ့ ပဲတီစိမ်း(ထိပ်စ) ပဲတွေကို တစ်ပိဿာ ၁၈၈၄ ကျပ် (တစ်တန်ကို ၁၁၅၃၇၄၂ ကျပ်) ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ မတ်ပဲ(သစ်)တွေဈေးကွက်ထဲ ပုံမှန်ဝင်ရောက်နေသလို မြို့ခံပဲခွဲစက်များနှင့် ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၃၆၇ ကျပ် (တစ်တန်ကို ၈၃၇၁၃၇ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၄၀၀ ခန့်ဖြစ်ခဲ့ ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးမြင့်လာ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်းဆက်တိုက် ဝင်ရောက်မှုရှိသလို ရန်ကုန်-မန္တလေးနှင့် မူဆယ်ဝယ်လက်ကလည်း ပြောင်းရဲ့အရည်အသွေးအပေါ် မူတည်ပြီး တစ်ပိဿာကို ၃၆၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၅ သိန်းကျော်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းအဝင်ကလည်း များတယ်။ ဝယ်လိုအားကလည်း သွက်လာတာကြောင့် တက်ဈေးမှာ အရောင်းပိုများ လာတယ်လို့ သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီအဝင်လျှိုင် အရောင်းအဝယ်သွက်၊ ပဲတီစိမ်းနယ် အဝင်လျော့

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်)တွေက ချောင်းဦး၊ အရာတော်၊ ကနီနဲ့ ယင်းမာပင်ဘက်မှ ဝင်ရောက်မှုလျှိုင်လာသလို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားသွက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာ ၁၃၀၀ ကျပ် (တစ်တန်ကို ၇၉၆၁၀၇ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ပမာဏများခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းသေးအနေဖြင့် နယ်အဝင်လျော့လာသလို ဒိုင်မှာလည်း ပစ္စည်းလက်ကျန်နည်းနေကြောင်း၊ ဒါပေမယ့် ရန်ကုန်ဝယ်လက်ကတော့ ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ပုံမှန်အဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၆၇၄ကျပ်(တစ်တန်ကို ၁၀၂၅၁၄၀ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၄၀၀ ခန့်သာဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးမြောက်၊ သိပ္ပံနှမ်းနှင့် ပဲတီစိမ်းပုံမှန် အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်)တွေ နယ်စုံမှ အဝင်သွက်လာသလို Export အတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားသွက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးသိသာစွာမြင့်လာပြီး တစ်ပိဿာကို ၁၃၀၅ ကျပ် (တစ်တန်ကို ၇၉၉၁၆၈ ကျပ်) ဈေးဖြင့် တစ်ပတ်အတွင်း အိတ် ၅၆၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ် လက်နှင့် မန္တလေးဝယ်လက် ပုံမှန်အဝယ်ရှိနေတဲ့ သိပ္ပံနှမ်းကတော့ တစ်ပိဿာ ၄၃၃၅ ကျပ် ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးအနေဖြင့် Export ဝယ်လက်တွေက ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၇၅ ကျပ်(တစ်တန်ကို ၁၁၄၈၂၃၁ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## မကွေးဈေးကွက်မှာ နှမ်းမျိုးစုံနှင့် ပဲစင်းငုံနီဈေးစွာ

မကွေးဈေးကွက်မှာ ဒီတစ်ပတ် နှမ်းမျိုးစုံကို ရန်ကုန်-မန္တလေးဝယ်လက်နှင့် ဒေသတွင်းဆီစက်တွေ ဝယ်လိုအားပြန်လိုက်လာလို့ ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာကြောင်းသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းနီ တစ်ပိဿာ ၂၃၁၅ ကျပ်၊ နှမ်းဖြူ တစ်ပိဿာ ၂၅၃၅ ကျပ်၊ နှမ်းနက်စမုံတစ်ပိဿာ ၄၀၀၀ ကျပ်၊ နှမ်းနက်ရိုးရိုးတစ်ပိဿာ ၂၇၈၀ ကျပ်၊ နှမ်းညိုကြားတစ်ပိဿာ ၂၁၃၅ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံ တစ်ပတ်အတွင်း အိတ် ၂၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဈေးကွက်သို့ ပဲစင်းငုံနီ(သစ်) အဝင်ပုံမှန်ရှိသလို ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားသွက်တာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၁၃၀၅ ကျပ် (တစ်တန်ကို ၇၉၉၁၆၈ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ဟင်္သာတဈေးကွက်မှာ မတ်ပဲ(သစ်)ဝင်ရောက်မှုပိုလာ

ဟင်္သာတဈေးကွက်မှာ နယ်စုံမှ မတ်ပဲ(သစ်)တွေ ဝင်ရောက်မှု များလာတာကြောင့် ဝင်လာတဲ့ မတ်ပဲ(သစ်)တွေကို ရန်ကုန်ဝယ်လက်နှင့် ဒေသတွင်း လှောင်လက်တချို့က ပဲရဲ့ အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၃၈၅ ကျပ် (တစ်တန်ကို ၈၄၈၁၆၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ဒ့ါအပြင် ဈေးကွက်ထဲ ဝင်ရောက်နေတဲ့ ပဲလွန်းဖြူ(သစ်)ကိုလည်း ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၀၂၅ ကျပ်(တစ်တန်ကို ၆၂၇၆၉၉ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀ ခန့်ပုံမှန်အဝယ်ရှိခဲ့ ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ပုံမှန်ဖြစ်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံ အဝင်လျှိုင်နေသလို တရုတ်ဘက်ရဲ့ ဝယ်လိုအားကလည်း ပုံမှန်ရှိခဲ့တာကြောင့် တစ်ပိဿာ ၃၉၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၀ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်တွင် မတ်ပဲ(သစ်)အဝင်လျှိုင်၊ ပဲစင်းငုံနီ တက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်မှာ မတ်ပဲ(သစ်)တွေ ပန်းတောင်း၊ ပေါက်ခေါင်းနှင့် ကံမဘက်မှ နေ့စဉ်အိတ် ၂၀၀ ကျော် ဝင်ရောက်လာသလို ရန်ကုန်ဝယ်လက်ကလည်း ဝင်လာသမျှ ပဲသစ်တွေကို အရည် အသွေးအပေါ် မူတည်ပြီး ဈေးကောင်းပေးအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် မတ်ပဲ တစ်ပိဿာ ၁၄၀၀ ကျပ် (တစ်တန်ကို ၈၅၇၃၄၆ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်) အနေဖြင့် နယ်စုံမှ တစ်ရက်ကိုအိတ် ၈၀၀ ခန့်ဝင်ရောက်ခဲ့သလို ရန်ကုန်ဝယ်လက်နှင့် နယ်ဝယ်လက်အဝယ်ဆုံ လို့ ဈေးမြင့်လာပြီး တစ်ပိဿာ ၁၃၀၅ ကျပ် (တစ်တန်ကို ၇၉၉၁၆၈ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ပြောင်းသီးနှံကို ရန်ကုန်ပုံမှန်အဝယ်ရှိ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံကို Export အတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်တွေကလည်း ဝယ်ဈေးကြိုက်လို့ တစ်ပိဿာကို ၃၅၀ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးမာ၊ ကုလားပဲအုပ်စု ပုံမှန်အရောင်းအဝယ်ထက် လျော့လာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီ(သစ်)တွေ ဈေးကွက်သို့ အဝင်သွက်လာသလို အဝင်ရှိသလောက်လည်း Export အတွက် ဝယ်ယူနေတဲ့ရန်ကုန်ဝယ်လက်က ဝယ်လိုအားသွက်တာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးသိသာစွာမြင့်လာပြီး တစ်ပိဿာ ကို ၁၃၀၀ ကျပ် (တစ်တန်ကို ၇၉၆၁၀၇ ကျပ်) ဈေးဖြင့် တစ်ပတ် အတွင်းအိတ် ၄၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်၊ အမှုန့်ကြိတ်စက်များရဲ့ ဝယ်လိုအား ပုံမှန်ထက်စာရင် လျော့သွားကြောင်း၊ ဈေးလည်းအေးနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၈၂၁ကျပ်(တစ်တန်ကို ၅၀၂၇၇၂ ကျပ်)၊ ကုလားပဲ (ထိုင်ဝမ်)တစ်ပိဿာ ၇၄၇ ကျပ်(တစ်တန်ကို ၄၅၇၄၅၅ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကိုအိတ် ၁၀၀ ခန့်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။

## စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများနဲ့ မြေဩဇာလုပ်ငန်းလုပ်ကိုင်သူများသိရှိရန် မြေဩဇာကော်မတီက မြေဩဇာမှတ်ပုံတင်လက်မှတ်မရှိသော မြေဩဇာစာရင်းထုတ်ပြန်

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများနဲ့ မြေဩဇာလုပ်ငန်းလုပ်ကိုင်သူများသိရှိရန် မြေဩဇာမှတ်ပုံတင်လက်မှတ်မရှိသော မြေဩဇာစာရင်းအသိပေးထုတ်ပြန်ကြေညာချက်ကို လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန မြေဩဇာကော်မတီကထုတ်ပြန်ထားကြောင်းသိရပါတယ်။

မြေဩဇာကော်မတီမှ ထုတ်ပြန်တဲ့ မြေဩဇာမှတ်ပုံတင်လက်မှတ်မရှိတဲ့ မြေဩဇာ ၅ မျိုးကို ဖော်ပြပေးလိုက်ပါတယ်-

| စဉ် | မြေဩဇာအမည် | ဖော်ပြထားသော စံချိန်စံညွှန်း | တွေ့ရှိရာဒေသ |
|---|---|---|---|
| ၁။ | TRN စပါးနှံနှင့် ဟင်းသီးဟင်းရွက်ပုံ ပါရှိ၊ အဖြူရောင်အိတ်တွင် အစိမ်းစင်း ထိုင်းစာရေးထား | - | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် |
| ၂။ | TUANGJINDADANG Compound Fertilizer | - | သထုံမြို့နယ်၊ မွန်ပြည်နယ် |
| ၃။ | Golden Cock (GTSP) | P2 O3: 16%,Ca: ၂၅%si, mg,mn,fe | ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |

(P2 O51 ၁၂%-၁၆% ပါရှိသောမြေဩဇာများကိုမြေဩဇာကော်မတီက တင်သွင်းခွင့် ပိတ်ပင်ထားသည်။)

| စဉ် | မြေဩဇာအမည် | ဖော်ပြထားသော စံချိန်စံညွှန်း | တွေ့ရှိရာဒေသ |
|---|---|---|---|
| ၄။ | ဝိုးဝိန်းဂျစ်ပထန်မြေဩဇာ AGT, (Agro, TechCo.Ltd) | - | ရွှေတောင်မြို့နယ် ပဲခူးတိုင်းဒေသကြီး |
| ၅။ | ကမ္ဘာလုံးသီးနှံစုံ (Organic Fertilizer) | - | သဲကုန်းမြို့နယ် ပဲခူးတိုင်းဒေသကြီး |

မြေဩဇာကော်မတီသည် အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသောမြေဩဇာများကို စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူများသုံးစွဲနိုင်ရန် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများစနစ်တကျပြုလုပ်ပြီး မြေဩဇာမှတ်ပုံတင် လက်မှတ်များ ထုတ်ပေးလျက်ရှိပါတယ်။ ယခုအခါဈေးကွက်အတွင်း မြေဩဇာမှတ်ပုံတင်လက်မှတ်မရှိသော မြေဩဇာရောင်းဝယ်ခြင်းများ၊ မြေဩဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင်မရှိဘဲ ဖြန့်ဖြူးရောင်းချနေသည်များကို စစ်ဆေးတွေ့ရှိနေရတဲ့အတွက် စိစစ်မှုပြုလုပ်ရာမှာ ကြေညာချက်ပါ မြေဩဇာများမှာမြေဩဇာကော်မတီမှာ မှတ်ပုံတင်ထား ခြင်းမရှိတဲ့အတွက် အရည်အသွေးနဲ့ စံချိန်စံညွှန်းပြည့်မီမှု အာမခံချက်မရှိကြောင်း ဖော်ပြထားခြင်းဖြစ်ပါတယ်။အဆိုပါ မြေဩဇာများကို ဝယ်ယူသုံးစွဲမိပါက သီးနှံအထွက်နှုန်းကိုထိခိုက်စေခြင်း၊ စီးပွားရေးတွက်ခြေမကိုက်ခြင်း၊ ဆုံးရှုံးနစ်နာခြင်းတို့ဖြစ်ပွားစေနိုင်သဖြင့် မြေဩဇာကော်မတီတွင် မှတ်ပုံတင်ထားတဲ့ မြေဩဇာများကိုသာ ဝယ်ယူသုံးစွဲသင့်တယ်လို့ မြေဩဇာကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

မြေဩဇာထုတ်လုပ်တင်သွင်းတဲ့ ကုမ္ပဏီလုပ်ငန်းများ၊ မြေဩဇာရောင်းချတဲ့ အရောင်းဆိုင်များဟာ မြေဩဇာကော်မတီမှာ မှတ်ပုံတင်ထားခြင်းမရှိတဲ့ မြေဩဇာများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ လုံးဝမပြုလုပ်ရန်နဲ့ လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြေဩဇာဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိပါတယ်။

**ဂန္ဓမာ**

### စာမျက်နှာ ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန... မှအဆက်

ပြည်ပအကူအညီများရယူပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်သော ပူးပေါင်းလုပ်ဆောင်မှုများကိုလုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် 2nd Myanmar Development Cooperation Forum (MDCF) တွင် ကုန်သွယ်မှုကဏ္ဍနှင့်ဆိုင်သော Trade Sector Working Group အဖွဲ့ကို ၁၇ ခုမြောက် အဖွဲ့အနေဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ TSWG အဖွဲ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်၍ ကုန်သွယ်မှုနှင့် ဆက်စပ်သော ဝန်ကြီးဌာန ၄၁ ခုမှ အဖွဲ့ဝင် ၄၉ ဦးပါဝင်ကြောင်း၊ ကုန်သွယ်မှုကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဦးဆောင်ကာ သက်ဆိုင်ရာ အစိုးရဌာနများ၊ ဖွံ့ဖြိုး မူမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ နေပြည်တော်ရှိ ရွှေပြည်တော်ဟိုတယ်တွင် ၂၀၁၄ ခုနှစ်၊ မေလ ၂၁ ရက်နေ့က ကျင်းပခဲ့ပါကြောင်း၊ အဆိုပါပထမအကြိမ်အစည်းအဝေးတွင် TSWG အဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံတွင် Sector Working Group လုပ်ဆောင်မှုအခြေအနေများကို ခြုံငုံသုံးသပ် တင်ပြခဲ့ကြသည့်အပြင် TSWG အတွက် ရှေ့ဆက်လုပ်ရမည့်လုပ်ငန်းစဉ်များအတွက် နည်းလမ်းများ ဖော်ထုတ်ခဲ့ပါကြောင်း၊ ယခုဒုတိယအကြိမ်အစည်းအဝေး၌လည်း ဆွေးနွေးလိုသည့်အချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန် ဖိတ်ခေါ်ပါ ကြောင်းဖြင့် ဆွေးနွေးခဲ့ပါသည်။

ထို့ပြင် TSWG ၏ဒုတိယအကြိမ်မြောက် အစည်းအဝေးတွင် Enhanced Integrated Framework (EIF) အတွက် ဖွဲ့စည်းထားသည့် National Steering Committee (NSC) နှင့် National Export Strategy (NES) အတွက် ဖွဲ့စည်းထားသည့် Myanmar Trade Development Committee (MTDC) တို့ကို နောင်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တစ်ခုတည်းသော Steering Body အဖြစ်ပူးပေါင်းသွားမည်ဖြစ်ကြောင်း၊ ပြည်ပဖွံ့ဖြိုးမှု မိတ်ဖက်များ (Development Partners) နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအကြား Donor Coordination အတွက်ကို Trade Sector Working Group (TSWG) ၏ Single Window အောက်မှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်၊ ဦးလှမော်ဦးက ၎င်း၏ဖွင့်ပွဲအမှာစကားတွင် အသိပေးပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး TSWG ၏ Co-Chair အဖြစ်ဆောင်ရွက်သည့် European Union (EU) မှ ကိုယ်စားလှယ်ဖြစ်သူ Mr.Alberto Menghi မှလည်း အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ အစည်းအဝေးတွင် ကိုယ်စားလှယ် များက သက်ဆိုင်ရာခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးတင်ပြကြသည်။ ထို့နောက် TSWG အတွက် သီးသန့်အပြီးသတ်ရေးဆွဲထားသည့် Terms of Reference (ToR) ကို အတည်ပြုချပြခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ဥရောပသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ JICA၊ ဂျပန်သံရုံး၊ US Aids၊ KOICA၊ UNOPS ,UNESCAP၊ WTO၊ ITC ၊ DFID၊ IMF ၊ GIZ၊ ILO တို့မှ ကိုယ်စားလှယ် ၃၂ ဦးနှင့် TSWG ၏အဖွဲ့ဝင်များဖြစ်သော အစိုးရဌာနများမှကိုယ်စားလှယ် ၄၉ ဦး၊ စုစုပေါင်းကိုယ်စားလှယ် ၈၁ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ (MTD)

## ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ်အဖွဲ့သည် ဌာနဆိုင်ရာနှင့်ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများအားတွေ့ဆုံဆွေးနွေး

ရှမ်းပြည်နယ်တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊ သိုလှောင်ရုံဝင်းတွင် ဇန်နဝါရီလ ၂၁ ရက်နေ့၌ ကမ္ဘာ့ဘဏ်မှ Mr. Sjamsu Rahardja ခေါင်းဆောင်သော ကျွမ်းကျင်သူကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်နယ်အတွင်းကုန်သွယ်မှုလုပ်ငန်းနှင့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြုံတွေ့နေရသော အခက်အခဲများ၊ လိုအပ်ချက်များကို သိရှိနိုင်ရန် ရှမ်းပြည်နယ်အတွင်းရှိ သက်ဆိုင်ရာ အကြီးအကဲများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီး၍ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့သည်။

ပထမဦးစွာ ကမ္ဘာ့ဘဏ်မှ လုပ်ဆောင်နေသောလုပ်ငန်းများ၊ စီမံချက်များကို ရှင်းလင်းပြောကြား၍ ကမ္ဘာ့ဘဏ်အနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ကုန်သွယ်မှုလုပ်ငန်းများ၏အခြေအနေမှန်ကို ဒေသခံလုပ်ငန်းရှင်များ တင်ပြမှသာ လိုအပ်သော ကူညီထောက်ပံ့မှုများ လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်အတွင်း ကုန်သွယ်မှုလုပ်ငန်းများသည် အဆင်ပြေမှုရှိသော်လည်း လိုအပ်ချက်များရှိနေကြောင်း၊ ဒေသခံများသည် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေသော်လည်းခေတ်မီနည်းပညာနှင့် အရည်အသွေးမီ မျိုးစေ့များ၊ လယ်ယာသုံးစက်ယန္တရားများ များစွာလိုအပ်နေကြောင်း၊ ထို့ပြင် ပြည်ပတင်ပို့ကုန်ဈေးကွက်များ၊ နိုင်ငံတကာအဆင့်မီထုတ်ကုန်များ ထုတ်လုပ်ရန်စက်ရုံများစွာလိုအပ်ကြောင်း ရှင်းလင်းတင်ပြပြီး ယခုလက်ရှိမိမိတို့အနေဖြင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေပြီး တရုတ်နိုင်ငံ၏ ကုန်သွယ်မှုဈေးကွက်ကိုသာ မှီခိုနေရကြောင်း ရှမ်းပြည်နယ်ကုန်သည်များ အသင်းမှ တာဝန်ရှိပုဂ္ဂိုလ်ကဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးအောင် (စားသုံးသူ) ရှမ်းပြည်နယ်**

### စာမျက်နှာ ၃ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ... မှအဆက်

အဆိုပါဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန(၅)ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်အသီးသီးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းက ယနေ့ကျင်းပသည့်ဆွေးနွေးပွဲသည် ကုန်သွယ်မှုပိုင်းသာမက ရင်းနှီးမြှုပ်နှံမှုပိုင်းကိုပါထည့်သွင်းဆွေးနွေးမည့်ပွဲဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကဘဏ်များကိုပါ လုပ်ပိုင်ခွင့်များ ပေးထားပြီးဖြစ်ပါကြောင်း၊ ယခုအခါတွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် အခက်အခဲအနည်းငယ် ရှိနေ၍ ခေါ်ယူဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ ကုန်သွယ်မှုများပြုလုပ်ရာတွင်သာမက ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်သည့်အခါများတွင်ပါ ပုဂ္ဂလိကပိုင်းတွင်သာမက အစိုးရပိုင်းတွင်ပါ အခက်အခဲများရှိနေသည်ကို တွေ့နေရပါကြောင်း၊ ထို့ပြင် တိုင်းပြည်တွင်ဖြစ်ပေါ်လာမည့် ကောင်းကျိုး ဆိုးကျိုးစသည့် အချက်များကို ဆွေးနွေးကြမည်ဖြစ် ကြောင်း၊ ဌာနအချင်းချင်းပေါင်းစပ်လုပ်ကိုင်နိုင်မှုအားနည်းနေသည့်အတွက် ယခုကဲ့သို့အခက်အခဲများဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်း၊ ယခုအခါတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို National Treatment ပေးထားပါကြောင်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများကိုပေးသည့် အခွင့်အရေးများအတိုင်း ၎င်းတို့ကိုလည်း အခွင့်အရေးများပေးအပ်ထားပါကြောင်း၊ နိုင်ငံခြားသားကုမ္ပဏီများကို ရင်းနှီးမြှုပ်နှံမှုများပြုလုပ်စေခဲ့ပြီးနောက် ၎င်းကုမ္ပဏီများမှ လိုအပ်သည့်ကုန်ပစ္စည်းများတင်သွင်းရာတွင် Bank statement ပြရန်လို အပ်ပါကြောင်း၊ ပြည်တွင်းမှကုန်ပစ္စည်းတင်ပို့တင်သွင်းသူများအား အဆိုပါ Bank Statement ပြသခြင်းကို ၂၀၁၁ ခုနှစ်ကတည်းက ဖြေလျော့ပေးထားပြီးဖြစ်ပါကြောင်း၊ သို့သော် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့၏လုပ်ငန်းနှင့်ပတ်သက်သည့်ကုန်ပစ္စည်းများကို တင်သွင်းရာတွင် ၎င်းတင်သွင်းမည့်ကုန်ပစ္စည်းများ၏ တန်ဖိုးနှင့်ညီမျှသည့်ငွေကို ဖော်ပြထားသည့် Bank Statement ကို တောင်းယူကြည့်ရှုရန် လိုအပ်နေပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်ကို ညှိနှိုင်းလို၍ တွေ့ဆုံရခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်း ရောင်းဝယ်ရေးဘဏ်တို့မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်အသီးသီးမှ တာဝန်ရှိသူများက အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (MTD)

## ကျပ်သိန်း ၂၀၀ နီးပါးခန့်မှန်းတန်ဖိုးရှိ ဆင်သားရေခြောက် ၉၇ ပိဿာကျော် သိမ်းဆည်းရမိ

ဇန်နဝါရီလ ၁၉ ရက်နေ့ နေ့လယ် ၁ နာရီအချိန်မှာ မန္တလေး- မူဆယ် ကုန်သွယ်မှုလမ်းကြောင်းအတိုင်း မောင်းနှင် လာသောစိတ်ကြိုက်မှန်လုံ ယာဉ်လိုင်းပေါ်မှယာဉ်အမှတ်၅ခ/xxxx ယာဉ်အား နောင်ချို Mobile Team အဖွဲ့သို့ဝင်ရောက်စစ်ဆေးခံရာ ယာဉ်နောက်ပိုင်းမှာ သိုဝှက်တင်ဆောင်လာတဲ့ ဆင်သားရေခြောက် ၁၀ ထုတ်၊ ၉၆ ဒသမ ၁၆ ပိဿာ၊ ခန့်မှန်းတန်ဖိုးကျပ် ၁၉၆ ဒသမ ၃၂၀ သိန်းအား ပိတောက်ခွဲသား၊ တမလန်းခါးရွှေများနဲ့အတူ စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တို့မှာ ယာဉ်ပေါ်ပါကုန်များအား Mobile Team အဖွဲ့မှ စစ်ဆေးစဉ် ထွက်ပြေးတိမ်းရှောင်သွားတယ်လို့ သိရပါတယ်။

သိမ်းဆည်းရမိတဲ့ သစ်များနဲ့ ဆင်သားရေခြောက်များကို လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်ထားပြီးနောက် မြို့နယ်သစ်တောဦးစီးဌာနသို့ အပ်နှံပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ ပစ္စည်းများတင်ဆောင် လာတဲ့ ယာဉ်ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၇၀ ကိုလည်း အကောက်ခွန်အမှုတွဲဖွင့်၍ အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံထားပြီးဖြစ်တယ်လို့ သိရပါတယ်။

**DCCA**

## လိုင်စင်၊ ID များနဲ့ ကွဲလွဲပြီး တရားမဝင်တင်ဆောင်လာသော Backhole ယာဉ်ယန္တရားနဲ့ အခြားပစ္စည်းများ စစ်ဆေးတွေ့ရှိ



တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီရဲ့ စီမံကွပ်ကဲမှုနဲ့ မြဝတီ-ရန်ကုန် ကုန်သွယ်မှု လမ်းကြောင်းပေါ်ရှိ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးနဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား စစ်တောင်းတံတားဟောင်းသစ် လမ်းဆုံရှိ ညောင်ခါးရှည်မှာ Mobile Team အဖွဲ့ လရ-၂ သည် ယာယီအခြေပြု၍ ဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ ဆောင်ရွက်နေစဉ် ဇန်နဝါရီလ ၂၆ရက် ညနေ ၆ နာရီအချိန်မှာ သတင်းပေးမှု တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ ကွပ်ကဲမှုရုံးသို့ မြဝတီမှ ရန်ကုန်သို့ ထွက်ခွာလာသော သွင်းကုန်ယာဉ် ၃ စီးပေါ်မှာ တရားမဝင်အကောက်ခွန်မဲ့ Backhole ယာဉ်ငယ်များ၊ ကားအင်ဂျင်၊ ဂီယာဘောက်(စ်) များ၊ ကားတာယာ၊ ကားအပိုပစ္စည်းများ၊ မီးစက်များ တင်ဆောင်သွားကြောင်း သတင်းပေးတိုင်ကြားလာတဲ့အတွက် လရ-၂သို့အကြောင်းကြားပြီး ပိတ်ဆို့တားဆီးစစ်ဆေးစေခဲ့ပါတယ်။ အဆိုပါယာဉ်များနဲ့ ပတ်သက်ပြီး ရောက်ရှိမှုမြေပြင်သတင်းစုံစမ်းလေ့လာရာမှာ ညောင်ခါးရှည်တံတားလမ်းဟောင်းမှာ စစ်ဆေးခံရန် ရပ်တန့်ထားတာကိုတွေ့ရှိခဲ့ရပြီး ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်များအား ရှာဖွေရာ မတွေ့ရှိတော့ဘဲ ထွက်ပြေးတိမ်းရှောင်သွားပြီလို့ သိရပါတယ်။ အဆိုပါယာဉ် ၃ စီးမှာ မဲစနစ်အရ ယာဉ် စစ်ခံရန် Mobile Team တာဝန်ကျ အကောက်ခွန်ဌာနတွင် စာရင်းပေးသွင်း ID ဖြတ်ပြီး ID မိတ္တူနဲ့ မှတ်ပုံတင်စာရင်း ရေးသွင်းထားသည်ကို စိစစ်တွေ့ရှိရပါတယ်။

မြေပြင်အနေအထားနဲ့ အချိန်အခါအရ ၂၀၁၅ ဇန်နဝါရီလ ၂၇ ရက် နံနက်အချိန်မှ Mobile Teamအဖွဲ့စုံနဲ့ ဖွင့်ဖောက်စစ်ဆေးသောအခါ အခြားကုန်များနဲ့ သိုဝှက်ဖုံးအုပ် သယ်ဆောင်လာတဲ့ ယာဉ်ယန္တရား Backhole ၅ စီး၊ ကားအင်ဂျင်၊ ဂီယာ ဘောက်(စ်)၊ ရှော့ဘား၊ ဟွန်း၊ ကားတာယာ၊ ပီနံအိတ်ခွံ၊ Cooling Pad၊ ကား အပိုပစ္စည်း၊ မီးစက်၊ ဂုံနီအိတ်ခွံ၊ ကားပစ္စည်း၊ ကားတာယာအသေး၊ 3K Bat-tery၊ ကားဝှေအသေးများကို အီဆူဇူ ၆ ဘီးယာဉ် 4E/ xxxx၊ နစ်ဆန်းဒီဇယ် ၁၂ ဘီး 8J/ xxxx နဲ့ ဟီးနိုး ၁၂ ဘီး 1B/xxxx တို့ပေါ်မှ စစ်ဆေးတွေ့ရှိခဲ့ရ ပါတယ်။ အသေးစိတ်ဖွင့်ဖောက်စစ်ဆေးပြီး အကောက်ခွန်ဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနဲ့ အညီ အမှုဖွင့်အပ်နှံ နိုင်ရေးအတွက် Mobile Team လရ-၂ ဒုတိယတာဝန်ခံဦးစီးအဖွဲ့မှ ရန်ကုန်သို့ လာရောက်အပ်နှံနေပြီလို့ သတင်းရရှိပါတယ်။ စစ်ဆေးတွေ့ရှိရတဲ့ ပစ္စည်းအမျိုး အစား၊ အရေအတွက်နဲ့ ခန့်မှန်းတန်ဖိုးများကို ဆက်လက်ဖော်ပြပေးသွားပါမယ်။

**DCCA**

## ကျပ် ၁၆၅ သိန်းကျော်တန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းမျိုးစုံနဲ့အတူ တစ်ဖက်နိုင်ငံလုပ်အရက်အတုများအား စစ်ဆေးသိမ်းဆည်း






မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်အားရှောင်ကွင်းပြီး တရားမဝင်ကုန်သွယ်မှုများပြုလုပ်လျက်ရှိကြောင်း သတင်းများအရ မြေပြင်စုံစမ်းမှုများအချိန်ယူပြုလုပ်ပြီး တရားမဝင်ကုန်ပစ္စည်းများ ယာယီသိုလှောင်ထားတဲ့ မော်ထောင်ကျေးရွာအနီးရှိနေရာအား ဇန်နဝါရီလ ၂၂ ရက် ညနေ ၅ နာရီ မိနစ် ၄၀ အချိန်မှာ ဝင်ရောက်စစ်ဆေးမှု ပြုလုပ်ခဲ့ရာမှာ အကောက်ခွန်မဲ့ပစ္စည်း ၁၀ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် ၁၆၅ သိန်းကျော်ဖိုးအား သိမ်းဆည်း ရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ အဆိုပါအကောက်ခွန်မဲ့ပစ္စည်းများနဲ့အတူ မြန်မာနိုင်ငံအတွင်း တရားမဝင် ဖြန့်ဖြူးရန် သယ်ဆောင်လာသော High Commissioner ပုလင်း ၁၉၀၀ ကျော်ကိုလည်း သိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။အရက်များကိုစိစစ်ရာမှာ အရက်တုများဖြစ်ကြောင်း တွေ့ရှိရပြီး သောက်သုံးသူများအတွက် ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်စေနိုင်တဲ့အပြင် တရားဝင် ကိုယ်စားလှယ် တင်သွင်းခွင့်ရထားသော ကုမ္ပဏီများ အကျိုးထိခိုက်စေနိုင်မှာ ဖြစ်ပါတယ်။

အခြားတရားမဝင်အကောက်ခွန်မဲ့သိမ်းဆည်းရမိပစ္စည်းများကတော့ နာရီမျိုးစုံ ၄၉၀ လုံး၊ ကာဆီယိုဒစ်ဂျစ်တယ် ဂဏန်းပေါင်းစက် ၂၄၀၀ ခု၊ Bolt & Nut ၅၀ ကီလိုဂရမ်ပါ ၁၃၂ အိတ်၊ ဖုန်းအင်တာနာ (ကြိုးပါ) ၁၅၀ ခု၊ Hot Stamping Foil ၂၄၀ ကီလိုဂရမ်၊ Zipper MBB ခဲပါကင်အိတ် ၉၆ ဖာ၊ ဆိုးဆေးမှုန့် (Mepiquat Chloride) ၂၆ ကီလိုဂရမ်ပါ ၂၅ ပုံး ၊ High Pure Zinc Oxide ၂၅ ကီလိုဂရမ်ပါ ၁၀ အိတ် အသီးသီးဖြစ်ပါတယ်။

သိမ်းဆည်းရမိ အကောက်ခွန်မဲ့ပစ္စည်းများနဲ့ အရက်အတုများကို လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်၍ ဖျက်ဆီးမှု၊ လွှဲပြောင်းမှုများကို လုပ်ဆောင်သွားမယ်လို့ သတင်းရရှိပါတယ်။ **DCCA**

## စားသောက်ကုန်အပါအဝင် ကျပ် ၈၇ သိန်းကျော်ဖိုး မန္တလေး-မူဆယ်လမ်းပေါ်မှ စစ်ဆေးတွေ့ရှိ

မန္တလေး-မူဆယ်ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ နောင်ချိုယာယီအခြေပြု Mobile Team အဖွဲ့သည် ဇန်နဝါရီလ ၁၅ ရက်နေ့ မနက် ၂ နာရီခွဲမှ ၁၆ ရက်နေ့ ည ၁ နာရီမိနစ် ၅၀ အချိန်တွင်း Center နဲ့ မှန်လုံယာဉ် ၆ စီးပေါ်မှ ကျပ် ၈၇ ဒသမ ၆၁၀ သိန်းတန်ဖိုးရှိ မှိုခြောက်၊ ကြက်သားမှုန့်၊ ဘီစကစ်၊ အချိုရည်၊ မဝတ်နဲ့ ကလေးဝတ်အင်္ကျီ၊ ရှုပ်၊ ဘောင်းဘီ၊ Portable EVD Player ၊ ကြွက်သတ်ဆေး၊ Jin Shenxang Yan Beer၊ အမွှေးတိုင်၊ ငြမ်းကလစ်၊ လျှပ်စစ်စက်ဘီးရှေ့မီးသီး၊ Gearbox၊ LED မီးသီးများ၊ Bolt & Nut၊ Cleaning & Maintaining Tellary၊ Desktop Manual ၊ Paper Cutting Machine များနဲ့အတူ ဆက်သွယ်ရေးပစ္စည်း I.con ၊ I.con Charger နဲ့ အင်တာနက်များကိုပါ သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။

**DCCA**

## စုပုံထားတဲ့ ပိတောက်သစ်များနဲ့ မှန်လုံယာဉ်ပေါ်မှ သိုဝှက်သယ်ဆောင်လာတဲ့တမလန်းသစ်များ စစ်ဆေးတွေ့ရှိ

နောင်ချို Asia World တိုးဂိတ်အနီးအခြေပြု Mobile Team လရ-၁ အဖွဲ့သည် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ယာဉ်စစ်ဆေးရေးဂိတ်တွင် ဝင်ရောက်စစ်ဆေးနေစဉ် ဧရာဝတီမှန်လုံယာဉ် အမှတ် ၅ခ/xxxx ပေါ်မှ ယာဉ်နောက်ပိုင်း တွင် သိုဝှက်သယ်ဆောင်လာတဲ့ တမလန်းသစ်များကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ ဇန်နဝါရီလ ၂၀ ရက်နေ့တွင်လည်း ဂုတ်တွင်းအနီးညောင်ပင်မှ နောင်ချိုမြို့အထွက် ရှောင်ကွင်းလမ်းတွင် စုပုံထားတဲ့ပိတောက်ခွဲသားများကို သိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။အဆိုပါသိမ်းဆည်း ရမိမှန်လုံယာဉ်ပေါ်မှ တမလန်းသစ်များနဲ့ စုပုံထားတဲ့ ပိတောက်သစ်များရဲ့ ခန့်မှန်းတန်ဖိုးကျပ် သန်းပေါင်း ၂ ဒသမ ၃၉၇ ဖြစ်ပြီး ဧရာဝတီမှန်လုံယာဉ်ရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၁၅၀ ခန့်ဖြစ်တယ်လို့သိရပါတယ်။ သိမ်းဆည်းရမိ တမလန်းသစ်ပိတောက်သစ်များနဲ့ တင်ဆောင်လာတဲ့ ဧရာဝတီမှန်လုံယာဉ်အား မြို့နယ်အကောက်ခွန်ဦးစီးဌာနတွင် အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီးဖြစ်တယ်လို့ သိရပါတယ်။ **DCCA**




# တရားမဝင်ကုန်သွယ်မှုများ စီးဆင်းနေဆဲဖြစ်၍ ကုန်သွယ်မှုတွင် ထိုင်းက အသာစီးရလျက်ရှိ

|wdfu ifpif

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်အနေနဲ့ တစ်ဖက်ထိုင်းနိုင်ငံနဲ့ အပြန်အလှန် ကုန်သွယ်မှုများ ပြုလုပ်လျက်ရှိပါတယ်။ မြန်မာ-ထိုင်းနယ်စပ်မှာ မြဝတီအပါအဝင် ကော့သောင်း၊ မြိတ်၊ တာချီလိတ်၊ မောတောင်၊ ကျိုင်းတုံ၊ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းများ၊ စစ်ဆေးရေးစခန်းများ ဖွင့်လှစ်ပြီး နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်နေသော ကုန်သည်လုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်ရာမှာ အဆင်ပြေချောမွေ့စေရေးဆောင်ရွက်လျက်ရှိနေပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလထိ ၈လတာကာလမှာ မြန်မာ-ထိုင်းနယ်စပ်စခန်းများရဲ့ ကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ ၄၉၈ သန်းကျော်ရှိပြီး ပို့ကုန် ကန်ဒေါ်လာ ၁၂၂ သန်းကျော်နဲ့ သွင်းကုန် ၃၇၆ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ထိုင်းနယ်စပ်ရှိစခန်းအလိုက် ကုန်သွယ်မှုဆောင်ရွက်နိုင်မှုများကတော့ -

| | | | ကန်ဒေါ်လာသန်း |
|---|---|---|---|
| | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှု |
| ကျိုင်းတုံ | ၀. ၅၉၉ | ၀. ၆၅၉ | ၁. ၂၅၈ |
| တာချီလိတ် | ၁. ၀၉၃ | ၇. ၇၃၄ | ၈. ၈၂၇ |
| မြဝတီ | ၃. ၅၈၁ | ၃၅. ၅၆၁ | ၃၉. ၁၄၂ |
| ကော့သောင်း | ၃. ၄၈၄ | ၇. ၀၀၂ | ၁၀. ၄၆၈ |
| မြိတ် | ၉. ၁၇၆ | ၂. ၅၇၆ | ၁၁. ၇၅၂ |
| ထီးခီး | ၀. ၀၀၃ | ၀. ၄၈၁ | ၀. ၄၈၄ |
| မောတောင် | - | ၀. ၀၀၆ | ၀. ၀၀၆ |

အသီးသီးဖြစ်ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်း ခုနစ်ခုအနက် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်ဟာ ကုန်သွယ်မှု ပမာဏအများဆုံးဆောင်ရွက်နိုင်တဲ့ စခန်းတစ်ခုဖြစ်ပြီး ကျန်ထိုင်းနယ်စပ်စခန်းများနဲ့ နှိုင်းယှဉ်လျှင် ကုန်းလမ်းမှတစ်ဆင့် ပြည်မသို့ ကုန်ပစ္စည်းပမာဏအမြောက်အများကို အချိန်ကုန်သက်သာစွာနဲ့ ကုန်သွယ်မှုပြုနိုင်တဲ့ စခန်းတစ်ခုလည်းဖြစ်ပါတယ်။ ကျန်စခန်းများမှာ ရေကြောင်း/လေကြောင်းများမှတစ်ဆင့် ပြည်မသို့ သယ်ယူပို့ဆောင်ရသဖြင့် ကုန်ပမာဏသယ်ယူမှုမှာ ကန့်သတ်ချက်ရှိနေကြပါတယ်။

ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်းအနက် ကုန်သွယ်မှုပမာဏအများဆုံးဆောင်ရွက်နိုင်သလို အိမ်နီးချင်းနိုင်ငံများနဲ့ နယ်စပ်ကုန်သွယ်မှုပြုနေတဲ့ ကုန်သွယ်ရေးစခန်း ၁၅ ခုအနက် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ပြီးလျှင် ဒုတိယအများဆုံး ကုန်သွယ်မှုဆောင်ရွက်နိုင်တဲ့ စခန်းတစ်ခုလည်းဖြစ်ပါတယ်။ ဒါပေမယ့် တစ်ဖက်ထိုင်းနိုင်ငံ တာ့ခ်ခရိုင်က ထုတ်ပြန်တဲ့ ပို့ကုန်၊ သွင်းကုန် ပမာဏများနဲ့ နှိုင်းယှဉ်လျှင်တော့ ကွာခြားချက်များကို အောက်ပါအတိုင်းတွေ့ရှိရမှာဖြစ်ပါတယ်-

| | | ကန်ဒေါ်လာသန်း |
|---|---|---|
| မိမိဘက်ပို့ကုန် | | ၃. ၅၈၁ |
| ထိုင်းဘက်သွင်းကုန် | | ၁၃. ၅၃၀ |
| ခြားနားချက် | (-) | ၉. ၉၄၉ |
| မိမိဘက်သွင်းကုန် | | ၃၅. ၅၆၂ |
| ထိုင်းဘက်ပို့ကုန် | | ၁၆၄. ၀၀၆ |
| ခြားနားချက် | (-) | ၁၂၈. ၄၄၄ |

ပို့ကုန်ပိုင်းခြားနားခြင်းမှာ မိမိဘက်မှ တရားဝင်တင်ပို့ခွင့်ပြုထားခြင်းမရှိတဲ့ ကျွဲနွားအရှင်များ တစ်ဖက်နိုင်ငံ စာရင်းတွင်ပါရှိနေခြင်း၊ မိမိဘက်မှ တရားဝင်အမှန်တင်ပို့သော ကြက်သွန်နီ၊ နှမ်း၊ မြေပဲဆံပမာဏနဲ့ တစ်ဖက်နိုင်ငံစာရင်းတွင် ဖော်ပြပမာဏမှာ ပိုမိုနေတာကို တွေ့ရပါတယ်။

အလားတူသွင်းကုန်ပိုင်းမှာလည်း မိမိဘက်သို့ တင်သွင်းရန် ကန့်သတ်ထားတဲ့ ဘီယာနဲ့ ဝီစကီအရက်များ တစ်ဖက်နိုင်ငံပို့ကုန်စာရင်းတွင်ပါရှိနေခြင်း၊ တရားဝင် မိမိဘက်သို့ တင်သွင်းရန် ခွင့်ပြုထားတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ တယ်လီဖုန်းနဲ့ တယ်လီဖုန်းဆက်စပ်ပစ္စည်း၊ အချိုရည်မျိုးစုံ၊ စားသုံးဆီများ မိမိဘက်သို့ တရားဝင်တင်သွင်းတဲ့စာရင်းထက် တစ်ဖက်နိုင်ငံစာရင်းက ပိုမိုနေတာတွေ့ရပါတယ်။

မိမိဘက်ကုန်သွယ်မှုစာရင်းထက် တစ်ဖက်နိုင်ငံကုန်သွယ်မှုစာရင်းက ပိုမိုအသာစီးရရှိနေခြင်းမှာ နယ်နိမိတ်ထိစပ်နေတဲ့ သောင်ရင်းမြစ်ကမ်းတစ်လျှောက်ရှိ တရားမဝင်ဂိတ် ၂၂ ခုမှ နေ၍ နေ့စဉ် တရားမဝင် တင်ပို့တင်သွင်းမှုများ ပြုလုပ်နေခြင်း၊ ကုန်ပစ္စည်းအလိုက် သတ်မှတ်ဈေးနှုန်း/တန်ဖိုးကွာဟမှုရှိနိုင်ခြင်း၊ တရားမဝင်မှောင်ခိုကုန်သည်များအနေနဲ့ ကုန်သွယ်ရေးဇုန်ရှောင်ကွင်းလမ်းများမှတစ်ဆင့် ယာဉ်ကြီး/ယာဉ်ငယ်များနဲ့ သယ်ဆောင်လျက်ရှိတဲ့အပြင် ကုန်မဲ့ယာဉ်များ ၊ ကုန်ပစ္စည်းအနည်းငယ်သာ တင်ဆောင်ထားတဲ့ ယာဉ်များနဲ့ ကုန်သွယ်ရေးဇုန်အတွင်း ဝင်ရောက်စစ်ဆေးခံပြီး ကုန်သွယ်ရေးဇုန်အား ကျော်လွန်ပြီး ကြိုတင်သယ်ဆောင်စုပုံသိုလှောင်ထားတဲ့ ကုန်ပစ္စည်းများကို တင်ဆောင်ပြီး ပြည်မသို့ တရားမဝင်သယ်ဆောင်မှုများရှိနေခြင်း၊ နေ့စဉ်အိမ်စီးယာဉ်အဖြစ် သွားလာနေတဲ့ ယာဉ်ငယ်များ၌ ကုန်ပစ္စည်းအပြည့်ပါရှိနေသော်လည်း ကုန်သွယ်မှုစာရင်းတွင် ပါဝင်မှုမရှိခြင်းတို့ကြောင့် မိမိဘက်ထက် ထိုင်းဘက်က ကုန်သွယ်မှု အသာစီးရရှိနေကြောင်း စိစစ်ဖော်ထုတ်နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်အနေနဲ့ ကုန်သွယ်ရေးဇုန်အတွင်းမှ ဝင်ရောက်ဖြတ်သန်းအစစ်ဆေးခံသော ကုန်တင်ယာဉ်များနဲ့ စပ်လျဉ်း၍သာ အခွန်ကောက်ခံရရှိနိုင်သဖြင့် လစဉ်နိုင်ငံတော်မှ ရသင့်ရထိုက်တဲ့ အခွန်အခရရှိရေးအတွက် များစွာ နစ်နာဆုံးရှုံးနေရတယ်လို့ သိရပါတယ်။

ကုန်သွယ်ရေးဇုန်အတွင်းကို ဝင်ရောက်စစ်ဆေးခံတဲ့ယာဉ်များတွင် တရားမဝင်ကုန်စည်များ အကောက်ခွန်မဲ့ ရောနှောသယ်ဆောင်မှုမရှိစေရန်နဲ့ ကုန်တင်ယာဉ်များအား စနစ်တကျစစ်ဆေးဆောင်ရွက်ပေးရန် ကုန်သွယ်ရေးဇုန်တာဝန်ကျ OSS အကောက်ခွန်အဖွဲ့အား အသိပေးညှိနှိုင်းဆောင်ရွက်ထားလျက်ရှိသော်လည်း တရားမဝင် ကုန်ပစ္စည်းသယ်ဆောင်သူများဟာ ဇုန်ရှောင်ကွင်းလမ်းများမှ နေ့ညအချိန်မရွေး ကုန်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များနဲ့ ဖြတ်သန်းသွားလာပြီး နယ်မြေလုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးမှု လျော့နည်းခြင်းအပေါ် အခွင့်အရေးယူပြီး မသမာသူ ဝိသမလောဘသမားများက တရားမဝင်ဆောင်ရွက်လျက်ရှိနေကြပါတယ်။ ဒေသအုပ်ချုပ်ရေးအဖွဲ့က တာဝန်ပေးအပ်ထားတဲ့ စစ်ဆေးရေးအဖွဲ့များကလည်း စနစ်တကျကြပ်မတ်နိုင်မှုမရှိတဲ့အတွက် တရားမဝင်ကုန်သွယ်မှုတားဆီးရန် OSS အဖွဲ့တစ်ခုတည်းအနေနဲ့ အင်အားမမျှဖြစ်နေရတယ်လို့ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူများရဲ့ သုံးသပ်ချက်များကို ဆက်သွယ်စုံစမ်းမေးမြန်း အသိပေးလိုက်ပါရစေ။

မဲဆောက်-မြဝတီ-ထိုင်းဘက်ခြမ်း ပို့ကုန် (မိမိဘက်သွင်းကုန်) စာရင်းပါ ထိပ်တန်း ၂၀ စာရင်းဝင် ပစ္စည်းများမှာ " တယ်လီဖုန်းနဲ့ ဆက်စပ်ပစ္စည်း၊ ဘီယာ၊ ဓါတ်ဆီ၊ ဒီဇယ်ဆီ၊ လယ်ထွန်စက်၊ ခြွေလှေ့နဲ့ ရိတ်သိမ်းစက်၊ TV ၊ ပွင့်ရိုက်ပိတ် ၁၀၀ ရာခိုင်နှုန်းချည်သား၊ ညှပ်ဖိနပ်၊ ပွင့်ရိုက်ပိတ်ဆိုးဆေး၊ ဆပ်ပြာမှုန့်၊ ဟင်းခတ်အမွှေးအကြိုင်၊ မော်တော်ဆိုင်ကယ်၊ အလှကုန်အမျိုးမျိုး၊ စက်သုံးဆီ၊ စားသုံးဆီအမျိုးမျိုး၊ ပဲနို့၊ Synthetic Cotton Textile ၊ လက်တွန်းလယ်ထွန်စက်နဲ့ ဆိုင်ကယ်တာယာများပါရှိပါတယ်။

မဲဆောက်-မြဝတီ-ထိုင်းဘက်ခြမ်း သွင်းကုန် (မိမိဘက်ပို့ကုန်) စာရင်းထိပ်တန်း ၂၀ စာရင်းဝင်ပစ္စည်းများမှာ ကျွဲ/နွားအရှင်၊ သစ်ဖြင့် ပြုလုပ်ထားတဲ့ အလှပန်းခက် (ကနုတ်) နဲ့ ပရိဘောဂများ၊ ငရုတ်သီးခြောက်၊ မြေပဲ၊ ကြက်သွန်ဥကြီး၊ စက်ဘီးအဟောင်း (Used) များ၊ ပင်လယ်ငါး၊ ပဲမျိုးစုံ၊ ပင်လယ်ကဏန်း၊ နှမ်း၊ ဆိုးဆေးပြုလုပ်တဲ့ ကုန်ကြမ်း၊ အရိုးကြိတ်မှုန့်၊ အလူမီနီယံအတိုအစ၊ သံတိုသံစ၊ ကွမ်းသီးခြောက်၊ ငါးရှဉ့်အရှင်နဲ့ နန္ဒင်းတက်တို့ဖြစ်ကြပါတယ်။

မိမိတို့အနေနဲ့ စားသုံးသူအကာအကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးရေးအတွက် မြဝတီ-ရန်ကုန်ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ယာယီအခြေပြု Mobile Team အဖွဲ့အား တာဝန်ပေးပြီး ဖြတ်သန်းသွားလာသော ကုန်တင်ယာဉ်များကိုသာ ရပ်တန့်စစ်ဆေးရှာဖွေတားဆီး ထိန်းသိမ်းမှုများကို လုပ်ဆောင်လျက်ရှိပါတယ်။ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီရဲ့ ကြီးကြပ်မှုဖြင့် မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်မှာ ယာယီအခြေပြုဖွင့်လှစ်ထားသော Mobile Team လရ-၂ အဖွဲ့သည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့ထိ တားဆီးစစ်ဆေးထိန်းသိမ်းထားတဲ့ ကုန်ပစ္စည်းများအား အမှုတွဲ ၁၄၁၉ ခု၊ ခန့်မှန်းတန်ဖိုးကျပ် ၂၇၉၄ ဒသမ ၃၄၅ သန်းဖိုးရှိနေပြီဖြစ်ပါတယ်။

လရ-၂ အဖွဲ့အနေနဲ့ တားဆီးထိန်းသိမ်းရမိတဲ့ များစုမှာ စားသောက်ကုန်များ၊ ရာသီအလိုက်ပေါ်သော သီးနှံများ၊ အချိုရည်အမျိုးမျိုး၊ အရက်ဘီယာအမျိုးမျိုး၊ အထည်အလိပ်များ၊ အဝတ်အထည်များ၊ လူသုံးကုန်အိမ်သုံးကုန်များ၊ အလှကုန်ပစ္စည်းများ၊ ပုလင်းအခွံဟောင်း၊ ဂြိုလ်တုစလောင်းဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်း၊ ငါးဖမ်းပိုက်၊ ခွေးစာ၊ ကြောင်စာ၊ အပင်အားဆေး၊ ပေါင်းသတ်ဆေး၊ ဆေးဝါး၊ ခြင်ဆေးခွေ၊ ကြက်မြစ်ကြက်သည်း၊ ကြက်သား၊ လိုင်စင်မဲ့ယာဉ်များ၊ ကား/ဆိုင်ကယ်ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများ၊ ကားအင်ဂျင်စသည်တို့ဖြစ်ပါတယ်။

အစိုးရသစ်တာဝန်ယူပြီးနောက် မိမိတို့စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပို့ကုန် သွင်းကုန်ပိုင်းဆိုင်ရာ ဖြေလျှော့မှုများစွာ ပြုလုပ်ပေးထားပြီးဖြစ်တဲ့အတွက် ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ ရိုးရိုးသားသားနဲ့ တရားဝင်ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ သစ္စာရှိရှိနဲ့ ကျသင့်အခွန်အခများ ပေးဆောင်ခြင်းဖြင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ တရားဝင်လမ်းကြောင်းပေါ်မှ ကုန်သွယ်မှုပြုလုပ်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# Enhanced Integrated Framework (EIF) ဆိုင်ရာ Diagnostic Trade Intergration Study (DTIS) လုပ်ငန်းစဉ် အကူအညီပေးရေးအတွက်

## ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်သူ ကိုယ်စားလှယ်အဖွဲ့ လားရှိုးမြို့သို့ လာရောက်ဆွေးနွေး

|ဝင်းမြင့်ဦး - လားရှိုး|

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ EIF ဆိုင်ရာ DTIS လုပ်ငန်းစဉ် ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အကူအညီပေးနေတဲ့ ကမ္ဘာ့ဘဏ်မှ Mr. MASSIMILIANO CALI ခေါင်းဆောင်ပြီး Mr. JARED BISSINGER ၊ Mr. CHRISTLAN KSOLL နဲ့ ဦးဖရန်စစ် တို့ပါဝင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက် (၃)၊ ရွှေဖူးစာခန်းမမှာ တွဲဖက်ပြည်နယ်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ တွဲဖက်ပြည်နယ်ဦးစီးမှူးနဲ့ ဝန်ထမ်းများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များ၊ လားရှိုးလက်ကားကုန်စည်ဒိုင်မှ အလုပ်အမှုဆောင်များ၊ ကုန်သည်လုပ်ငန်းရှင်များနဲ့ ဖိတ်ကြားထားသူများ စုစုပေါင်း ၆၀ ဦးတို့နှင့် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. MASSIMILIANO CALI (အီတလီနိုင်ငံ)က အဖွဲ့ဝင်များအား တစ်ဦးချင်းမိတ်ဆက်ပြီးနောက် ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က အမှာစကားပြောကြားခဲ့ပါတယ်။ ဆက်လက်ပြီး Mr. JARED BISSINGER မှ ငြိမ်းချမ်းရေးကိစ္စနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆက်စပ်နေမှုများအကြောင်းကိုလည်းကောင်း၊ Mr. CHRISTIAN KSOLL က ကုန်ပစ္စည်းထုတ်လုပ်သည်မှစ၍ စားသုံးမှုအဆင့်ထိ ကုန်ပစ္စည်းထုတ်လုပ်မှု ကုန်ကျစရိတ်များအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ လားရှိုးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဦးမောင်မောင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းနဲ့ အသင်းစာရင်းစစ် ဦးဘိုဘိုတို့က သိရှိလိုသည်များအား ဆွေးနွေးမေးမြန်းရာ ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်အဖွဲ့က ၎င်းတို့နဲ့သက်ဆိုင်တဲ့ ကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးပြောကြားခဲ့ပါတယ်။

ထို့နောက် ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်အဖွဲ့က ကမ္ဘာ့ဘဏ်ရဲ့ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတို့သို့ ငွေကြေးအရင်းအနှီး၊ နည်းပညာများကို ပံ့ပိုးကူညီမှုပေးနေတဲ့ အခြေအနေများ၊ ကမ္ဘာ့နိုင်ငံများ၌ ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် ကူညီပံ့ပိုးပေးနေမှုများ၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ အခြားကဏ္ဍများအလိုက် လိုအပ်တဲ့ ကူညီပံ့ပိုးမှုများ၊ ကူညီထောက်ပံ့နေတဲ့ အခြေအနေများ၊ ငွေကြေးအရင်းအနှီးများ ကူညီပံ့ပိုးပေးရာတွင် နိုင်ငံအစိုးရများ၊ ပုဂ္ဂလိကကဏ္ဍများကို ငွေကြေးကူညီမှုနှင့် ပတ်သက်သည့် ဆောင်ရွက်နေသည့် အခြေအနေများ၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုပြုလုပ်ရာတွင် နိုင်ငံအစိုးရများနှင့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် လက်ရှိကြုံတွေ့နေရသော အခက်အခဲများ၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ဆောင်ရွက်ရမည့် အခြေအနေများ၊ ပြည်တွင်းပြည်ပနှင့် ကုန်သွယ်မှုပြုလုပ်ရာ၌ သယ်ယူပို့ဆောင်ရေးကဏ္ဍသည်လည်း အဓိကအရေးကြီးသည်ဖြစ်ရာ တစ်ဖက်နိုင်ငံနှင့် လက်ရှိပို့ကုန်၊ သွင်းကုန်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ စိုက်ပျိုးထုတ်လုပ်ထွက်ရှိတဲ့ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် အစေ့ထုတ်ပြောင်း၊ ကြံ၊ ရော်ဘာနှင့် အခြားကုန်ပစ္စည်းများအား တစ်ဖက်နိုင်ငံသို့ တင်ပို့ရာတွင် ဈေးနှုန်းဈေးကွက်အခြေအနေ၊ ရောင်းလိုအား၊ ဝယ်လိုအားများအပေါ် ကုန်စည်ဈေးနှုန်း အတက်အကျ၊ ဈေးကွက်ဝင် အားနည်းချက်၊ အားသာချက်များအား ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

> ဒေသထွက် အစေ့ထုတ်ပြောင်းများအား တရုတ်နိုင်ငံမှ တစ်နှစ်ထက်တစ်နှစ် ဝယ်လိုအား ကြီးမားနေပါကြောင်း၊ မိမိတို့ဒေသအတွင်း၌လည်း **Value Added** တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်လည်း မတင်ပို့နိုင်သည့် အခြေအနေရှိနေသေးကြောင်း၊

ဆက်လက်ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသများမှ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် လက်ရှိတရုတ်နိုင်ငံကိုသာ မိမိဒေသထွက်ကုန်ပစ္စည်းများအား အဓိကတင်ပို့နေသည့် အခြေအနေထက် စိုက်ပျိုးထုတ်လုပ်ထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများအား အခြားပြည်ပနိုင်ငံများသို့ ဈေးကွက်အနေအထားအရ ပြည်ပတင်ပို့နိုင်ခြင်း ရှိ/ မရှိအပေါ် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကုန်သည်လုပ်ငန်းရှင်များက မိမိတို့ပြည်နယ်မှ လယ်ယာထွက်ကုန်ပစ္စည်းများအပေါ် တရုတ်နိုင်ငံသို့သာ အများအပြား တင်ပို့ရောင်းချနေရပါကြောင်း၊ ပထဝီဒေသအနေအထားအရ တရုတ်နိုင်ငံနှင့် နီးကပ်သဖြင့် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ် သက်သာစွာဖြင့် Export ပြုလုပ်နိုင်ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှလည်း လယ်ယာထွက်ကုန်ပစ္စည်းများအား (Raw ) အဆင့်အတန်းနဲ့ တင်ပို့ရင်လည်း ဝယ်ယူသုံးစွဲနေတဲ့နိုင်ငံဖြစ်ကြောင်း၊ လောလောဆယ်ဒေသထွက် အစေ့ထုတ်ပြောင်းများအား တရုတ်နိုင်ငံမှ တစ်နှစ်ထက်တစ်နှစ် ဝယ်လိုအား ကြီးမားနေပါကြောင်း၊ မိမိတို့ဒေသအတွင်း၌လည်း Value Added တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်လည်း မတင်ပို့နိုင်သည့် အခြေအနေရှိနေသေးကြောင်း၊ ကုန်ပစ္စည်းများအပေါ် ဈေးကွက်အနေအထားအရ တင်ပို့သလောက်လည်း တရုတ်နိုင်ငံမှ ဝယ်ယူနေသည့် အနေအထားရှိနေသဖြင့် နှစ်စဉ်တင်ပို့ရောင်းချနေသည့် အခြေအနေရှိပါကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါတယ်။

ထို့နောက် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဒေးဗစ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါတယ်။

ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်အဖွဲ့မှ Mr. CHRISTIAN KSOLL သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၄ ရက် ညနေတွင် လားရှိုးမြို့၊ ရွှေကိန္နရာဟိုတယ်၌ တွဲဖက်ပြည်နယ်ဦးစီးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ လားရှိုးလက်ကားကုန်စည်ဒိုင် ဥက္ကဋ္ဌ ဒေါ်နန်းခမ်း၊ အလုပ်အမှုဆောင် ဒေါ်ရီတို့နဲ့ တွေ့ဆုံပြီး ဒေသတွင်းအဓိက စိုက်ပျိုးထုတ်လုပ်သည့် အစေ့ထုတ်ပြောင်းများအား စတင်စိုက်ပျိုးထုတ်လုပ်သည်မှစ၍ ရိတ်သိမ်းခြွေလှေ့မှု၊ ဝယ်ယူမှု၊ သိုလှောင်မှု၊ ပြန်လည်သန့်စင်မှု Packing အခြေအနေ၊ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချမှု၊ တစ်ဖက်နိုင်ငံ၏ ဈေးကွက်ဝယ်လိုအား၊ ပြောင်းကုန်သည်များ၏ ရောင်းလိုအားအပေါ်တွင် တစ်ဖက်နိုင်ငံမှ ငွေပေးချေမှုစနစ်၊ စိုက်ပျိုးသည့် တောင်သူများအား မျိုး၊ သွင်းအားစု၊ အခြားအကူအညီများအား ကုန်သည်လုပ်ငန်းရှင်များမှ ကူညီပေးမှုအခြေအနေ၊ ရာသီချိန်တွင် ထွက်ရှိသည့် သီးနှံများအား တောင်သူများထံမှ ကုန်သည်လုပ်ငန်းရှင်များမှ လက်ရှိဝယ်ယူနေမှု အခြေအနေနှင့် ပြောင်းဈေးကွက်အပေါ် နောင်ဖြစ်ပေါ်လာနိုင်သည့် ဈေးကွက်အခြေအနေ စသည်တို့အား တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဆက်လက်ပြီး တွဲဖက်ပြည်နယ်ဦးစီးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ လားရှိုးလက်ကားကုန်စည်ဒိုင် အတွင်းရေးမှူးနှင့် ကြံစိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းကို ဆောင်ရွက်နေတဲ့ ဦးစိန်မြင့် (ဖူလီလိုက်ကုမ္ပဏီ) တို့အား တွေ့ဆုံပြီး၊ လားရှိုးခရိုင်၊ သိန်းနီမြို့နယ်အတွင်း၌ ကြံစိုက်ပျိုးထုတ်လုပ်နေမှုအပေါ် စိုက်ပျိုးထုတ်လုပ်မှု၊ ကြံရိတ်သိမ်းချိန်၌ ထွက်ရှိမှုအခြေအနေ၊ ကြံဈေးနှုန်း အတက်အကျ၊ ဈေးကွက်အနေအထား၊ ရောင်းလိုအား၊ ဝယ်လိုအားအခြေအနေ၊ တစ်ဖက်နိုင်ငံသို့ ကြံတင်ပို့ရောင်းချနေမှု အခြေအနေ၊ တစ်ဖက်နိုင်ငံမှ ငွေပေးချေမှု အခြေအနေ၊ အကျိုးအမြတ်ရရှိမှု အခြေအနေနှင့် လုပ်ငန်းအခက်အခဲများ စသည်တို့အား တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ထို့နောက် ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်အဖွဲ့မှ Mr. CHRISTIAN KSOLL ၊ တွဲဖက်ပြည်နယ်ဦးစီးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ လားရှိုးကုန်စည်ဒိုင် အတွင်းရေးမှူးနှင့် ဦးစိန်မြင့် (ဖူလီလိုက်ကုမ္ပဏီ)တို့က ယင်းနေ့ညနေတွင် လားရှိုးမြို့၊ ရပ်ကွက် (၅)ရှိ ရှစ်ဧကအကျယ်အဝန်းပေါ်မှာ စိုက်ပျိုးထားတဲ့ နဂါးမောက်စိုက်ခင်းသို့လည်းကောင်း၊ သုံးဧက အကျယ်အဝန်းတွင် စိုက်ပျိုးထားသည့် သစ်ခွစိုက်ခင်းသို့လည်းကောင်း၊ သွားရောက်ကွင်းဆင်းကြည့်ရှုလေ့လာပြီး ဈေးနှုန်းဈေးကွက်အခြေအနေ၊ ရင်းနှီးမြှုပ်နှံထားမှု၊ တင်ပို့ရောင်းချမှု၊ စိုက်ခင်းများအကျိုးအမြတ်ရရှိမှု အခြေအနေတို့ကို တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ဆက်လက်၍ လားရှိုးမြို့၊ ရပ်ကွက် (၅) ရှိ ဆင်နှစ်ကောင် ဖယောင်းတိုင်ထုတ်လုပ်ရေး လုပ်ငန်းသို့သွားရောက်၍ SME လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှု၊ တစ်နေ့ထုတ်လုပ်မှုစွမ်းအား၊ လုပ်သားသုံးစွဲမှုအခြေအနေ၊ ဈေးနှုန်းဈေးကွက်အနေအထား၊ ဖြန့်ဖြူးရောင်းချမှု အခြေအနေစသည်တို့အား တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဇန်နဝါရီလ ၂၅ ရက်နေ့ နံနက်တွင် ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်အဖွဲ့မှ Mr. CHEISTIAN KSOLL ၊ တွဲဖက်ပြည်နယ်ဦးစီးမှူး၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနနှင့် လားရှိုးကုန်စည်ဒိုင်အတွင်းရေးမှူးတို့သည် လားရှိုးမြို့၊ ရပ်ကွက် ၅ ရှိ ဦးရန်လျောက်လမ်း နေအိမ်၌ သစ်ခွကိုင်းများအား (Value Added )ပြုပြင်ပြီး ဆေးဖက်ဝင်သစ်ခွများအဖြစ် အလုံးများပြုလုပ်၍ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချနေမှု အခြေအနေကိုလည်းကောင်း၊ လားရှိုးမြို့၊ ရပ်ကွက် (၁) ဆင်နှစ်ကောင် သွပ်ပြားစက်ရုံသို့လည်းကောင်း၊ ဟူးမွန်ဆည်အနီး ဆင်နှစ်ကောင် အပန်းဖြေစခန်းတွင် သစ်ခွများအား ပြည်ပတင်ပို့အခြေအနေများကိုလည်းကောင်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

## ပြောင်း

### တရုတ်နယ်စပ်ပြောင်းတင်ပို့မှုသွက်

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးနဲ့ လွယ်ဂျယ်နယ်စပ်စခန်းများမှ ဇန်နဝါရီလ ၁၇ ရက်မှ ၂၃ ရက်တာ ရက်သတ္တပတ်အတွင်း ကန်ဒေါ်လာ ၁၀ ဒသမ ၂၄၁ သန်းတန်ဖိုးရှိပြောင်းဖူးစေ့တန်ချိန် ၃၆၅၅၂ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်နဲ့ ချင်းရွှေဟော်စခန်း နှစ်ခုမှ ပြောင်းဖူးစေ့ ၃၀၆၄၆ တန်သာ တင်ပို့ခဲ့လို့ ယခုရက်သတ္တပတ်မှာ တရုတ်နယ်စပ်က ပြောင်းတင်ပို့မှုတွေ ပိုမိုလာတယ်လို့ဆိုရပါမယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ပြောင်းတစ်တန်ဈေးဟာ ယခင်တစ်ပတ်က ၂၇၁၁၈၂ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာတော့ ၂၇၈၂၀၇ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်လာတာတွေ့ရပါတယ်။ အရည်အသွေးပြည့်ဝတဲ့ မြန်မာ့ပြောင်းတွေကို တရုတ်နိုင်ငံမှာ တိရစ္ဆာန် အစားအစာအဖြစ်လည်းကောင်း၊ အမှုန့်ကြိတ်ပြီး မုန့်ပဲသွားရည်စာအဖြစ်လည်းကောင်း ပြုလုပ်စားသုံးကြတာလို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

### ဆောင်းပြောင်းများအရည်အသွေးထိန်းပြီး တစ်ဖက်ကုန်သည်များ စိတ်ကြိုက်တွေ့ရန် ကြိုတင်ပြင်ဆင်ထားရန်လို

ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်အနေဖြင့် ဆောင်းပြောင်းများ စတင်တင်ပို့လာနိုင်မည်ဖြစ်ပြီး ပြောင်းကုန်သည်များမှ မိမိတို့ပြောင်းအရည်အသွေးထိန်းသိမ်းပြီး တစ်ဖက်ကုန်ဝယ်သူများ စိတ်ကြိုက်တွေ့ရန် ကြိုတင်ဆောင်ရွက်ထားရန်လိုကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ စခန်းတာဝန်ခံ ဦးဇော်ဝမ်း မှ ပြောကြားခဲ့တယ်လို့သိရပါတယ်။ အရည်အသွေးကောင်းပါက ဈေးကွက်ရရှိမှုအပြင် ဈေးကောင်းလည်း ရရှိလာ မည်ဖြစ်တဲ့အတွက် ဂရုပြုဆောင်ရွက်သွားရန် ကုန်သည်လုပ်ငန်းရှင်များအား ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ MIRT (DCCA)**

### စာမျက်နှာ ၁၄ စားသုံးသူအကာအကွယ်ပေးရေးမှအဆက်

အဲဒီပွဲမှာ အထက်တန်းကျောင်းသူ၊ ကျောင်းသားတွေ ဖြစ်လင့်ကစား အတွေးအခေါ်နဲ့ အယူအဆတွေမြင့်မားနေတာကို သတိထားမိပါ တယ်။ မေးတဲ့မေးခွန်းအချို့ကိုတင်ပြရမယ်ဆိုရင် "ဟင်းချိုမှုန့်စားရင် ဉာဏ်ရည်ဉာဏ်သွေး နိမ့်ကျနိုင်တယ်၊ ပြီးတော့ ရောဂါတွေရမယ်လို့ ဆိုပါတယ်၊ သမီးတို့ကလည်း ဟင်းချိုမှုန့်မပါရင် ထမင်းစားမကောင်းဘူး။ အဲဒီလိုဆိုရင် သမီးတို့က ဘာစားရမလဲ" မေးခွန်းထုတ်သူက နဝမတန်းကျောင်းသူတစ်ယောက်။ နောက်ဒသမတန်းကျောင်းသားက "စားအုန်းဆီမှာ ပြည့်ဝအဆီပါဝင်မှုနှုန်းက ၅၀ ရာခိုင်နှုန်း၊ မပြည့်ဝအဆီ ၄၇ ရာခိုင်နှုန်းဆိုတော့၊ စားလို့မရတဲ့ပြည့်ဝအဆီပါဝင်တဲ့နှုန်းက များတဲ့အတွက် ဘာဖြစ်လို့ နိုင်ငံတော်က တင်သွင်းခွင့်ပြုတာလဲ"တဲ့။ နောက် ကျောင်းသူတစ်ယောက်ကပဲ "အရက်နဲ့ဘီယာတွေ နိုင်ငံတော်က နိုင်ငံခြားမှ တင်သွင်းခွင့်မပြုထားဘူးလို့ သိရပါတယ်၊ ရပ်ကွက်တွေမှာ အရက်ဆိုင်နဲ့ဘီယာဆိုင်တွေ ပြည့်နှက်နေပါတယ်။ ဘာပြုလို့ အဲဒီဆိုင်တွေကိုကျတော့ နိုင်ငံတော်က မပိတ်တာလည်းရှင့်" ဒသမတန်းကျောင်းသားတစ်ယောက်ကလည်း "အိမ်နီးချင်းနိုင်ငံကြီးက အန္တရာယ်ရှိ စားသောက်ကုန်တွေအများအပြားကို ကျွန်တော်တို့နိုင်ငံထဲကို ဈေးနှုန်းချိုချိုနဲ့ ခိုးကြောင်ခိုးဝှက် တင်သွင်းလာတယ်လို့ သိရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နယ်စပ်ကိုကော အုတ်တံတိုင်းကာပြီး ပိတ်ဆို့လို့မရနိုင်ဘူးလား"တဲ့။ နောက်ထပ် ကျောင်းသူတစ်ယောက်ကတော့ "နိုင်ငံခြားက ကုန်ပစ္စည်းတင်သွင်းရာမှာ လိုအပ်တဲ့ ထောက်ခံချက်ကို အတုလုပ်လာတာကော မရှိဘူးလား၊ ဘယ်လိုကာကွယ်ထားသလဲဆိုတာ သိလိုပါတယ်ရှင့်"တဲ့။

အထက်ပါ မေးခွန်းများဟာ စားသုံးသူပြည်သူအချို့ရဲ့ ရင်ထဲကလာတဲ့ မေးခွန်းများပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို လူနည်းစုဆီကပဲ ရရှိသေးတာဖြစ်ပြီးတော့ လူအများနဲ့ဆိုရင် မေးခွန်းပေါင်းများစွာ ထွက်ပေါ်လာဦးမှာ ဖြစ်ပါတယ်။ ဒီအချက်တွေကို ကြည့်ခြင်းအားဖြင့် စားသုံးသူပြည်သူများသည် စားသုံးသူအကာအကွယ်ပေးရေးအတွက် မေးခွန်းပေါင်းများစွာ မေးနေပြီဆိုတဲ့ သုံးသပ်ချက်ရရှိမှာဖြစ်ပါတယ်။ တစ်ခုတော့ ရှိပါတယ်။ စားသုံးသူပြည်သူများအနေနဲ့ တာဝန်ရှိသူများကို စောင့်မနေဘဲ မိမိရဲ့လုပ်နိုင်တဲ့စွမ်းအားနဲ့ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းကို မိမိတို့သိသလောက် တတ်သလောက် ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း အောင်မြင်ဖို့ အလွန်လွယ်ကူလာမှာ ဖြစ်ပါတယ်။ စားသုံးသူနဲ့ ထုတ်လုပ်သူတွေဟာ လူတွေဖြစ်တဲ့အတွက် လူတိုင်းက အတ္တမကင်းနိုင်ဘူး၊ လောဘ အဆုံးမသတ်နိုင်ဘူး၊ ပရသမား မဖြစ်နိုင်ဘူး။ ဒါကြောင့် နိုင်ငံချစ်စိတ်မွေးမြူပြီး စားသုံးအကာအကွယ်ပေးရေးလုပ်ငန်းအတွက် စည်းရုံးရင်းအခြေခံအကျဆုံးကနေစပြီး လုပ်မယ်ဆိုရင် မူလနဲ့ အရေးကြီးဆုံး စားသုံးသူကိစ္စဖြေရှင်းရေးအဖွဲ့အဖြစ် အများပြည်သူက သတ်မှတ်သွားမှာသာဖြစ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

**ခမ်လျှန်စွမ်း**

## ရော်ဘာ

### မြန်မာ့ရော်ဘာကို မလေးရှားနိုင်ငံမှအများဆုံးဝယ်ယူ

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇန်နဝါရီလ ၁၈ ရက်မှ ၂၄ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၅၄၅ သန်းတန်ဖိုးရှိ ရော်ဘာ ၄၁၇ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ရော်ဘာကို မလေးရှားနိုင်ငံသို့ အများဆုံး တင်ပို့ခဲ့တာဖြစ်ပါတယ်။ မလေးရှားနိုင်ငံသို့တင်ပို့မှုကို ကြည့်မယ်ဆိုပါက RSS -3 ကို ၂၇၂ တန်၊ RSS -5 ကို ၂၄ တန်ကျော်နဲ့ MSR -20 ကို တန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ စင်ကာပူနိုင်ငံသို့ MSR -20 တန် ၂၀ သာ တင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာ့ရော်ဘာကို မလေးရှားနိုင်ငံမှ အများဆုံးဝယ်ယူပြီး ဒုတိယအများဆုံးကတော့ စင်ကာပူနိုင်ငံမှ ဝယ်ယူတာဖြစ်ပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာရော်ဘာပေါက်ဈေးများ အတက်အကျသိပ်မရှိကြောင်း သိရှိရပြီး၊ မြန်မာ့ရော်ဘာ FOB ဈေးနှုန်းလည်းမပြောင်းလဲကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရှိရပါတယ်။ အသင်းက ထုတ်ပြန်ထားသော ဈေးနှုန်းများကို ဖော်ပြပေးလိုက်ပါတယ်-

| | | |
|---|---|---|
| **RSS -1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၄၀၀-၁၅၀၀** |
| **RSS -2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၅၀-၁၄၅၀** |
| **RSS -3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **RSS -4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **RSS -5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **MSR-10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **MSR-20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **MSR-50** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |

**ယဉ်ယဉ်အေး MIRT (DCCA)**



### နယ်စပ်စခန်းများမှ ရော်ဘာပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်စခန်းမှ ဇန်နဝါရီလ ၁၇ ရက်မှ ၂၃ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ ၁ ဒသမ ၃၅၃ သန်း တန်ဖိုးရှိ ရော်ဘာ ၉၅၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ် ၁၀၅ မိုင်မှ RSS-3 ၇၇၅ တန်ကျော်နဲ့ MSR-20 ၆၇တန် တင်ပို့ခဲ့ပြီး ယခင်သီတင်းပတ်ထက် ၂၆၆ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ချင်းရွှေဟော်စခန်းမှ RSS-3 ၁၁၁ တန်တင်ပို့နိုင်ပြီး ယခုတစ်ပတ်မှာ ၁၆ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုရက်သတ္တပတ်အတွင်း မူဆယ်ကုန်စည်ဒိုင်မှာဖြစ်ပေါ်နေတဲ့ ရော်ဘာဈေးကတော့ အနည်းငယ် အတက်ရှိနေကြောင်း သိရပါတယ်။ ရော်ဘာ RSS-3 တစ်တန်ကို ယခင်တစ်ပတ်က ၁၄၆၉၈၆၉ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၄၇၂၂၈၆ ကျပ်သို့ မြင့်တက်လာခဲ့တာဖြစ်ပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

### မြန်မာ့ရော်ဘာများ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရန် ကြိုးပမ်းလျက်ရှိ

မြန်မာ့ရော်ဘာလိုအပ်ချက်များနဲ့ ပတ်သက်ပြီး စိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ အရည်အသွေးထိန်းသိမ်းမှုများ မြှင့်တင်ရန်အတွက် နည်းပညာများ ကူညီမှုပေးရန် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနဲ့ ဂျပန်နိုင်ငံရော်ဘာကုန်သည်များအသင်း၊ ဂျပန်နိုင်ငံ စက်မှုကုန်ချောထုတ်လုပ်သူများအသင်းတို့ပူးပေါင်းပြီး နားလည်မှုစာချွန်လွှာ ရေးထိုးထားပြီးဖြစ်ပါတယ်။ အဓိက ရော်ဘာအထွက်နှုန်းကောင်းရန်နဲ့ အရည်အသွေးကောင်းရန် အတွက် နည်းပညာအကူအညီများပေးမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက နိုင်ငံတကာရော်ဘာသုတေသနနဲ့ ဖွံ့ဖြိုးရေးဘုတ်အဖွဲ့တွင် ၂၀၀၇ ခုနှစ်ကတည်းက အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့တယ်လို့သိရပါတယ်။

အဆိုပါ အဖွဲ့နှင့် မြန်မာ့ရော်ဘာအသင်းတို့ ပူးပေါင်းပြီး International Rubber Workshop များပြုလုပ်ပေးခဲ့ပြီး မော်လမြိုင်တွင် အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ်၊ ရန်ကုန်တွင် တစ်ကြိမ်၊ ထားဝယ်တွင် တစ်ကြိမ်ပြုလုပ်ပေးခဲ့တယ်လို့ သိရပါတယ်။

ယခုအခါ ရော်ဘာအရည်အသွေး စစ်ဆေးသည့် ဓာတ်ခွဲခန်းတစ်ခုကိုလည်း လှည်းကူးရှိ ကုန်ပစ္စည်းစစ်ဆေးရေးနဲ့ အရည်အသွေးစီမံခန့်ခွဲမှုဌာနမှာ ထားရှိပြီးဖြစ်ပါတယ်။ အဆိုပါ ဓာတ်ခွဲခန်းအတွက် လိုအပ်တဲ့ ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ၊ ဓာတ်ခွဲရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများကိုလည်း ဂျပန်နိုင်ငံမှ အကူအညီပေးမှာဖြစ်တယ်လို့ သိရပါတယ်။

မြန်မာ့ရော်ဘာအသင်းမှလည်း ဓာတ်ခွဲခန်းအတွက် လိုအပ်ချက်များကို ကူညီပံ့ပိုးပေးမှာဖြစ်ပါတယ်။ အဆိုပါ ဓာတ်ခွဲခန်းအတွက် ဂျပန်မှ ပညာရှင်များလည်းရောက်ရှိနေပြီဖြစ်ရာ အရည်အသွေးစစ်ဆေးခြင်းနဲ့ ပို့ကုန်ပစ္စည်းများ အရည်အသွေးမီရန်အတွက် လုပ်ဆောင်မည်ဖြစ်ပြီး မကြာမီအချိန်အတွင်း လုပ်ငန်းစတင်နိုင်တော့မှာဖြစ်ပါတယ်။

ဓာတ်ခွဲခန်းကို နိုင်ငံတကာအသိအမှတ်ပြုအဆင့်ထိဖြစ်အောင် လုပ်ဆောင်မှာဖြစ်ပါတယ်။ ပြည်ပသို့တင်ပို့မယ့် ရော်ဘာများရဲ့ အရည်အသွေးကို နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရှိရပါတယ်။ သို့မှသာ ထွက်ရှိလာမယ့် ရော်ဘာများမှာ ကမ္ဘာ့ရော်ဘာဈေးကွက်ပေါက်ဈေးအတိုင်း ရရှိနိုင်တော့မှာဖြစ်တဲ့ကြောင်း ကြိုတင်သတင်းကောင်းပါးလိုက်ရပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

# စိုက်ပျိုးရေးထွက်ကုန်သီးနှံများကို ဝယ်ယူသိုလှောင်၍ ပြန်လည်ရောင်းချရာတွင်တွေ့ကြုံရသည့် ဈေးနှုန်းပြောင်းလဲမှုနှင့် ငွေကြေးဖောင်းပွမှု

a u smfjrih


စိုက်ပျိုးရေးထွက်ကုန်သီးနှံများသည် ရေမြေသဘာဝအခြေခံ အရလည်းကောင်း၊ စိုက်ပျိုးထွက်ရှိသည့် ရာသီဥတုသဘာဝအခြေခံ များအရလည်းကောင်း၊ စိုက်ပျိုးသည့် သီးနှံမျိုးနှင့် သက်တမ်းအရ လည်းကောင်း၊ တစ်နှစ်အတွင်း တစ်ကြိမ်သာ စိုက်ပျိုးထွက်ရှိခြင်း၊ တစ်နှစ်အတွင်း နှစ်ကြိမ်ထွက်ရှိခြင်း၊ အမြင့်ဆုံးအဖြစ် တစ်နှစ်အတွင်း သုံးကြိမ်စိုက်ပျိုးထွက်ရှိခြင်းများ ရှိပါသည်။

ဥပမာ-ပဲစင်းငုံသည် တစ်နှစ်အတွင်းတစ်ကြိမ်သာ စိုက်ပျိုး ထွက်ရှိသည့် သီးနှံ ဖြစ်သည်။ ဒီဇင်ဘာလတွင် ပဲစင်းငုံရိတ်သိမ်းပြီး၊ ပဲစင်းငုံအသစ်အဖြစ် ဈေးကွက်သို့ ဝင်ရောက်လာသည်။ လာမည့် နောက်နှစ် ပဲစင်းငုံအသစ်မပေါ်သေးသည့် ဒီဇင်ဘာလမတိုင်မီထိ စိုက်ပျိုးထွက်ရှိခဲ့သော ပဲစင်းငုံကို ဝယ်ယူသိုလှောင်ပြီး ရောင်းဝယ်ကြ ရသည်။ ထိုနည်းတူ ကုလားပဲ၊ မြေထောက်ပဲသည်လည်း တစ်နှစ် အတွင်း တစ်ကြိမ်သာ စိုက်ပျိုးထွက်ရှိသည့် ဆောင်းသီးနှံဖြစ်သည်။


စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ရောင်းဝယ်ရာတွင် သီးနှံစိုက်ပျိုး ထွက်ရှိမှု အခြေခံသဘောအရ၊ဝယ်ယူသိုလှောင်၍ သိုလှောင်မှုအပေါ် (Stored quantities) အားထားပြီး ပြန်လည်ရောင်းချရသည့် သီးနှံများ ရှိပါသည်။ သိုလှောင်သည့်ကာလအတွင်း ကုန်သည်များ၊ ပြည်ပတင်ပို့ ရောင်းချသူများသည် ဈေးနှုန်းပြောင်းလဲမှုနှင့် ငွေကြေးဖောင်းပွမှုများ ကို တွေ့ကြုံရတတ်ပါသည်။

**ဈေးနှုန်းပြောင်းလဲမှုများ။** ဖော်ပြပါ ပုံ-၁မှပုံ-၄ ထိလေ့လာ ကြည့်ရှုပါ။ မွမ်ဘိုင်းနှင့် ရန်ကုန်တွင် နောက်ပိုင်းကာလများ၌ ပဲစင်းငုံအနီဈေးကျသော နှစ်များအဖြစ် ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂၊ နှင့် ၂၀၁၃ ခုနှစ်အတွက် ရေးဆွဲဖော်ပြထားပါသည်။


**ပုံ-၁။ မွမ်ဘိုင်းနှင့် ရန်ကုန်ပဲစင်းငုံအနီနောက်ပိုင်းကာလများတွင် ဈေးကျသောနှစ်များ (၂၀၁၀)**





**ပုံ-၂။ မွမ်ဘိုင်းနှင့် ရန်ကုန်ပဲစင်းငုံအနီနောက်ပိုင်းကာလများ တွင် ဈေးကျ သောနှစ်များ (၂၀၁၁)**





**ပုံ-၃။ မွမ်ဘိုင်းနှင့် ရန်ကုန်ပဲစင်းငုံအနီနောက်ပိုင်းကာလများ တွင် ဈေးကျ သောနှစ်များ (၂၀၁၂)**





**ပုံ-၄။ မွမ်ဘိုင်းနှင့် ရန်ကုန်ပဲစင်းငုံအနီနောက်ပိုင်းကာလများ တွင် ဈေးကျ သောနှစ်များ (၂၀၁၃)**





**ပုံ-၅။ ရန်ကုန်ပဲစင်းငုံအနီနောက်ပိုင်းကာလများတွင် ဈေးမြင့်လာသော နှစ်များ (၂၀၀၈)**




**ပုံ-၆။ မွမ်ဘိုင်းနှင့် ရန်ကုန်ပဲစင်းငုံအနီနောက်ပိုင်းကာလများ တွင် ဈေးမြင့်လာသောနှစ်များ (၂၀၀၉)**




**ပုံ-၇။ မွမ်ဘိုင်းနှင့် ရန်ကုန်ပဲစင်းငုံအနီနောက်ပိုင်းကာလများ တွင် ဈေးမြင့်လာသောနှစ်များ (၂၀၁၄)**




ဇာစ်မြစ်။ www.etrademyanmar.net

မွမ်ဘိုင်းတွင် မြန်မာပဲစင်းငုံဈေးကျလာသောကြောင့် ရန်ကုန် တွင် ပဲစင်းငုံအနီဈေးကျလာခဲ့သည်။ ဖော်ပြပါ ပုံ-၁ မှ ပုံ-၄ ပါအတိုင်း ပဲစင်းငုံဈေးကျမှုမျိုး ဖြစ်ပေါ်ပါက သိုလှောင်မှုအတွက် အကျိုးအမြတ် မသေချာခြင်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ဖော်ပြပါ ပုံ-၅ မှ ပုံ-၇ ထိလေ့လာကြည့်ရှုပါ။ နောက်ပိုင်းကာလများတွင် ပဲစင်းငုံအနီ ဈေးမြင့်လာသောနှစ်များဖြစ်သည့် ၂၀၀၈၊ ၂၀၀၉ နှင့် ၂၀၁၄ ခုနှစ် အတွက် ရေးဆွဲဖော်ပြထားပါသည်။ နောက်ပိုင်းကာလများတွင် ပဲစင်းငုံအနီ ဈေးမြင့်လာသောကြောင့် သိုလှောင်မှုမှ အကျိုးအမြတ် များ ရရှိနိုင်မည့် အခြေအနေဖြစ်ပါသည်။

လတ်တလောဖြစ်ပေါ်သည့် ဈေးကွက်သတင်း (Up-to-date market information) နှင့် ပြီးခဲ့သည့်ကာလများက ဈေးကွက်သတင်း အချက်အလက် များ(Historical market information) ကိုရောင်းဝယ် သည့် ကုန်သည်များ သိရှိရန် လိုအပ်ပါသည်။ သိုလှောင်ထားသော ပဲစင်းငုံကို မည်သည့်အချိန်တွင် ရောင်းချမည့် (When to sell)ဆုံး ဖြတ်ချက်ကို အထောက်အကူဖြစ်စေရန်၊ ပဲစင်းငုံရောင်းဝယ်သည့် ရာသီကာလအတွင်း ပဲစင်းငုံဈေးကျလာသော ဈေးနှုန်းပြောင်းလဲမှု (Price movement)မျိုးကို ပဲစင်းငုံရောင်းဝယ်သည့် ကုန်သည်များ သတိပြုမိရန် နှင့် သိုလှောင်မှုအတွက်ကုန်ကျစရိတ် (Storage cost) ကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်လာပါကြောင်း စိစစ်သုံးသပ် ဖော်ပြအပ်ပါသည်။

**ငွေကြေးဖောင်းပွမှုများ** (Inflation)။ စိုက်ပျိုးရေးထွက်ကုန်သီးနှံ များ ဝယ်ယူသိုလှောင်ပြီး ပြန်လည်ရောင်းချသည့်အခါ ငွေကြေး ဖောင်းပွမှုနှင့် ပတ်သက်၍ တွေ့ကြုံရသည့် အခြေအနေကို ဇယား-၁၊ ဥပမာ-၂တွင် တွက်ချက်ဖော်ပြထားသည်ကို လေ့လာကြည့်ရှုရန် ဖြစ်ပါသည်။

➲ စာမျက်နှာ ၂၈ သို့

# ကလောမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပ

ရှမ်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအမံများအနက် ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက် ကျေးလက်ပြည်သူများ လက်တွေ့အသုံးချနိုင်ရေး၊ နည်းပညာဈေးကွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန် ရည်ရွယ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဦးဆောင်၍ သစ်သီးဝလံ စားသောက်ကုန်ထုတ်လုပ်နည်း ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာသင်တန်းကို ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့နယ်ရှိ အစည်းအဝေးခန်းမတွင် ဒီဇင်ဘာလ ၁၆ ရက်မှ ၂၁ ရက်ထိ အခမဲ့ သင်တန်းပို့ချပေးပြီး ဒီဇင်ဘာလ ၂၂ ရက်တွင် သင်တန်းဆင်းပွဲ ကျင်းပကြောင်း သိရှိရပါသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ်ဒေသ ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး ဦးစိုးအောင်က စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ မိမိတို့ကို အကာအကွယ်ပေးမည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေထွက်ရှိထားပြီးဖြစ်ကြောင်း၊ ဥပဒေတွင်ပါရှိသည့် စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်၊ ထုတ်လုပ်သူ၊ ရောင်းချသူ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေး၊ တာဝန်တာမြစ်ချက်များကို သိရှိစေရန်နှင့် စားသုံးသူအနေဖြင့် မည်ကဲ့သို့သော အစားအစာများ၊ ကုန်ဆုံးရက်စွဲကျော်လွန်နေသော အစားအစာများ၊ နားမလည်သည့်စာသားများဖြင့်ထုပ်ပိုးကာ မည်သည့်ပစ္စည်းများဖြင့် ထုပ်ပိုးထားသည်ကို မသိရသောပစ္စည်းများကို ဝယ်ယူစားသုံးရန်မသင့်ကြောင်း၊ ရွေးချယ်စားသုံးရန်လိုကြောင်း၊ စားသုံးသူရေးရာ ကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူများအနေနှင့် ယခင်က သိရှိမှုအားနည်းခြင်းကြောင့် လိုက်နာဆောင်ရွက်ရန် သိသင့်သိထိုက်သည့် ဥပဒေပါအချက်အလက်များကို ပြောကြားခဲ့ပါသည်။

ထို့ပြင် FDA မှ တာဝန်ရှိသူများကလည်း အစားအသောက်ဆေးဝါးများနှင့်ပတ်သက်၍ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရန်များကို ရှင်းလင်းတင်ပြခဲ့ပြီး သင်တန်းဆင်းပွဲအား အောင်မြင်စွာကျင်းပခဲ့ပါသည်။

အဆိုပါသင်တန်းဆင်းဟောပြောပွဲ၌ ကလောမြို့နယ်ရှိ သက်ဆိုင်ရာဌာနမှ အကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသူ၊ သင်တန်းသားများ စုစုပေါင်း ၇၀ ဦး ခန့်တက်ရောက် ခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးအောင် (စားသုံးသူ) ရှမ်းပြည်နယ်**

# မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း ဟောပြောဆွေးနွေး






ပြည်သူများ နေ့စဉ်စားသုံးနေသည့် အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းစေရန် အာဟာရ ပြည့်ဝပြီး ကျန်းမာရေးနှင့်ပြည့်စုံသည့်အစားအစာများ၊ ကုန်ပစ္စည်းများကို ရွေးချယ်ဝယ်ယူ စားသုံးတတ်စေရန် ရည်ရွယ်၍ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်းတို့နှင့် ပူးပေါင်း၍ ၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ စန္ဒိမာခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

ဆွေးနွေးပွဲတွင် မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်အေးက မိမိတို့စားဝတ်နေရေးအတွက် လူတိုင်းကိုယ်တိုင် ထုတ်လုပ်နိုင်မှု မရှိသဖြင့် အရင်းအနှီးရှိသူများမှ ထုတ်လုပ်ခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်းတို့မှ ဝယ်ယူစားသုံးရပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များမှ ကုန်ပစ္စည်းများကို မှန်မှန်ကန်ကန် ထုတ်လုပ်ရောင်းချခြင်းမရှိကြ၍ ဝယ်ယူအသုံးပြုသူများ ရောဂါများဖြစ်ပွားနေကြောင်း၊ ယခုဟောပြောဆွေးနွေးပွဲ၌ ပြောကြားသည့် အချက်များကို ကျောင်းသား/ ကျောင်းသူများအနေဖြင့် သေချာစွာ ဂရုစိုက်နားထောင်ပြီး ကိုယ် တိုင်လိုက်နာကျင့်သုံးကြရန်နှင့် မိမိပတ်ဝန်းကျင်သို့လည်း ပြန်လည်ပြောကြားပေးကြရန် အဖွင့်အမှာစကား ပြောကြား ခဲ့ပါသည်။

ဆက်လက်၍ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက ယခုဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများအပါအဝင် စားသုံးသူများကို အကာအကွယ်ပေးရန် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ပြဌာန်းပေးခဲ့ပြီးဖြစ်သလို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများ၏ အမှန်တကယ်ဆုံးရှုံးနစ်နာမှု၊ မကျေနပ်မှုများကို တိုင်ကြားနိုင်ရန် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဈေးကွက်များ၌ လုံခြုံစိတ်ချမှုမရှိသော ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေးအတွက် ကွင်းဆင်းလေ့လာ စစ်ဆေးခြင်းများဆောင်ရွက်ရန်၊ ထုတ်ကုန်များ လုံခြုံစိတ်ချမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းခဲ့ပြီးပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် ကျောင်းသားကျောင်းသူများ အပါအဝင် စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များကို ဝယ်ယူစားသုံးနိုင်ရန် ကုန်ပစ္စည်းထုတ်လုပ်သည့် စက်မှုဇုန်များသို့လည်း သွားရောက်၍ စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် ပတ်သက်သည့် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝယ်ယူစားသုံးသည့် စားသောက်ကုန်၊ ဆေးဝါးများတွင်ပါရှိသည့် ညွှန်ကြားချက်များကို သေချာစွာဖတ်ရှု၍ လိုက်နာရန် လိုအပ်ကြောင်း၊ ဥပဒေတွင်ပါရှိသည့် စားသုံးသူ၏အခွင့်အရေး၊ တာဝန်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။

မရမ်းကုန်းမြို့နယ် ကျန်းမာရေးဆရာဝန် ဒေါက်တာဒေါ်အေးအေးမျိုးက အကင်၊ ဆိုးဆေးပါအစားအသောက်များ၊ ဓါတုပစ္စည်းများအသုံးပြုထားသော အချိုရည်များ၊ ယင်နားစာများ၏အန္တရာယ်၊ ဖော့ဘူး၊ ပလတ်စတစ်ဘူးများကို ပူသည့်ပစ္စည်းများထည့်သုံးခြင်းဖြင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများအကြောင်းနှင့် အန္တရာယ်ကင်းသည့်အစားအသောက်များကို ကျန်းမာရေးသတိဖြင့် ရွေးချယ်၍ ဆင်ခြင်စားသုံးဖို့လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း အတွင်းရေးမှူး ဦးကိုကိုနိုင်ကလည်း အသင်းအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ တတ်နိုင်သလောက် ပါဝင်ဆောင်ရွက်နေကြောင်း၊ ကြာရှည်ခံအောင်ပြုလုပ်ထားသော အသင့်စား အစားအသောက်များမှာ ရေရှည်တွင် ဆိုးကျိုးဖြစ်နိုင်သဖြင့် ငါးနှစ်အောက် ကလေးငယ်များ လုံးဝမစားသင့်ကြောင်း၊ အစားအသောက်များကို ဂရုတစိုက် ရွေးချယ်ဝယ်ယူ စားသုံးခြင်းမရှိလျှင် အဆိပ်ဝယ်စားသကဲ့သို့ဖြစ်နိုင်ကြောင်း၊ အစားအသောက်နှင့်ပတ်သက်သည့် ဗဟုသုတများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဆရာဝန်၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်းအတွင်းရေးမှူး၊ အထက(၁) ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ စုစုပေါင်း ၆၃၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ချောဥမ္မာနိုင်(စားသုံးသူ) ရန်ကုန်**

# ဧရာဝတီတိုင်းဒေသကြီးတွင် စားသုံးသူအကာအကွယ် ပေးရေး ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၇ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ကြီးမှူးပြီး ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်၊ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်ဥက္ကဌ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှခိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးစောမိုက်ကယ်က စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်များအား ဆွေးနွေးတင်ပြခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ ပါဝင်ဆွေးနွေးခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

**ဖြူဖြူဝင်း (စားသုံးသူရေးရာဌာနခွဲ)**

## ၂၀၁၄ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေချိုးဖောက်မှုနည်းပါး

အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနမှ တွေ့ရှိချက်အရ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေချိုးဖောက်မှုများမှာ နည်းပါးသွားပြီး ယင်းအနက် အင်ဒိုနီးရှား အမျိုးသားစံချိန်စံညွှန်းနှင့် တံဆိပ်အမှတ်အသား (labelling) ကိစ္စများလည်း ပါဝင်ကြောင်း သိရှိရပါသည်။ ၂၀၁၃ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေချိုးဖောက်မှုကိစ္စများမှာ ၆၀၁ ခုရှိပြီး ၂၀၁၄ ခုနှစ်တွင် ၄၆၇ ခုသို့ ကျဆင်းသွားသဖြင့် ရာခိုင်နှုန်းအားဖြင့် ၂၈ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်း သွားကြောင်း စံချိန်စံညွှန်းနှင့်စားသုံးသူကာကွယ်ရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့ပါသည်။ ဥပဒေချိုးဖောက်မှုများအနက် အဓိကအားဖြင့် တံဆိပ်အမှတ်အသားမပါရှိခြင်းနှင့် အမျိုးသားစံချိန်စံညွှန်းကို မလိုက်နာခြင်းတို့ဖြစ်ကြပြီး ဆက်လက်၍ စည်းမျဉ်းဥပဒေချိုးဖောက်သည့် ကုန်စည်များ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကာ ၎င်းတို့အားကုန်ပစ္စည်းဖြန့်ဝေခြင်းမှ ရုပ်သိမ်းစေခြင်းနှင့် ရောင်းချမှုကိုတားမြစ်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။ အဆိုပါကုန်စည်များအနက် လျှပ်စစ်ထုတ်ကုန်များ၊ အဝတ်အထည်များ၊ အစားအသောက်၊ အဖျော်ယမကာများနှင့် မော်တော်ကားပစ္စည်းများ ပါဝင်ကြောင်း သိရှိရပါသည်။

**မျိုးမျိုးထိုက် (စားသုံးသူရေးရာဌာနခွဲ)**

## စားသုံးသူစေ့စပ်ဖျန်ဖြေသည့်ဌာန တည်ထောင်ရန်အတွက် အိန္ဒိယနိုင်ငံအစိုးရက ငွေကြေးထောက်ပံ့

အိန္ဒိယနိုင်ငံအစိုးရသည် အိန္ဒိယ တက္ကသိုလ် အမျိုးသားဥပဒေကျောင်းတွင် စားသုံးသူ စေ့စပ်ဖျန်ဖြေသည့်ဌာန တည်ထောင်ရန်အတွက် ရူပီးငွေ ၁၀,၀၀၀,၀၀၀ (ဒေါ်လာ ၁၆၂၆၂၈) ကို ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။ စားသုံးသူရေးရာဝန်ကြီးဌာန၏ အမြဲတမ်းကော်မတီ(အွန်လိုင်း)မှ ဌာနတည်ထောင်ရန် ငွေပမာဏကို ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ စားသုံးသူကာကွယ်ရေး အက်ဥပဒေကိုပြင်ဆင်ရန် အဆိုပြုချက်များအရ စားသုံးသူအမှုကိစ္စများ ဖြေ ရှင်းပေးနိုင်ရန်အတွက် ခရိုင်များ၊ ပြည်နယ်များနှင့် နိုင်ငံတော်အဆင့် စေ့စပ်ဖျန်ဖြေသည့် ဌာနများကို တည်ထောင် သွားနိုင်ရန်အတွက် အခန်းတစ်ခန်းကို ထည့်သွင်းထားကြောင်းလည်း သိရှိရပါသည်။ ဥပဒေပြင်ဆင်ချက်များအရ အွန်လိုင်းမှ တိုင်တန်းမှုများနှင့် အွန်လိုင်းမှ တရားရုံးစရိတ် ပေးချေမှု အဖိုးအခများအတွက် အွန်လိုင်းစားသုံးသူ အရေးယူဆောင်ရွက်သည့်ဌာန တည်ထောင်သွားရန် လိုအပ်မည်ဟုလည်း ဆိုပါသည်။

စေ့စပ်ဖျန်ဖြေသည့်ဌာနများ အနေဖြင့် ထုတ်လုပ်သူများနှင့် ဝန်ဆောင်မှုပေးအပ်သူများ၏ အမြတ်ကြီးစားမှု အပါအဝင် တရားမျှတမှုမရှိသော ကုန်သွယ်မှု အလေ့အထများကို အဓိကဖြေရှင်း ပေးသွားမည်ဖြစ်ပြီး ခရိုင်စားသုံးသူ အရေးယူဆောင်ရွက်သည့်ဖိုရမ်မှ ဖြေရှင်းပေးနိုင်မှုမရှိသည့် အမှုများကိုလည်း စေ့စပ်ဖျန်ဖြေသည့် ဌာနများမှ ဆက်လက်ဖြေရှင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ထို့ပြင် အွန်လိုင်းလက်လီကုန်သွယ်မှု ကုမ္ပဏီများ၏ ချိုးဖောက်မှုများကိုလည်း စေ့စပ်ဖျန်ဖြေသည့်ဌာနများမှ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။ အိန္ဒိယနိုင်ငံ၏ ပြန်လည်ပြင်ဆင်ထားသည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအား နောင်လာမည့် လွှတ်တော်တွင်တင်ပြသွားမည်ဖြစ်ပါသည်။

**မျိုးမျိုးထိုက်**
**(စားသုံးသူရေးရာဌာနခွဲ)**

## မြောင်မြို့နယ်တွင် စားသုံးသူအကာအကွယ်ပေး ပညာပေးဟောပြောပွဲများကျင်းပ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အသိပညာပေး ဟောပြောပွဲများကို မြို့ရွာများအနှံ့ အရှိန်အဟုန်မြှင့် ကျင်းပလျက်ရှိရာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်တွင် ပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။

မြောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သော စားသုံးသူအကာအကွယ်ပေး အသိပညာပေးဟောပြောပွဲသို့ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ် စီမံခန့်ခွဲရေးကော်မတီဝင် များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ စိတ်ပါဝင်စားသူ စုစုပေါင်း ၇၂ ဦး တက်ရောက်ခဲ့ပါသည်။

ဟောပြောပွဲတွင် မြောင် မြို့နယ် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်ခင်မျိုးလှိုင်က အမှာစကားပြောကြားခဲ့ပြီး ကူးသန်းရောင်း ဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းစိုးက စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက နိုင်ငံတော်ရဲ့ ကုန်သွယ်မှုပမာဏ တိုးတက်ရေးအတွက်သာ ဆောင်ရွက်နေခြင်း သက်သက်မဟုတ်ဘဲ ကုန်သွယ်သည့် ကုန်ပစ္စည်းများ၏ လုံခြုံစိတ်ချရမှု၊ စားသုံးသူများအတွက် အန္တရာယ်ကျရောက်နိုင်မည့် အချက်များ၊ မမှန်ကန်သည့် ဝန်ဆောင်မှုများကြောင့် စားသုံးသူများ နစ်နာဆုံးရှုံးမှု မဖြစ်စေရန် ရည်ရွယ်လျက် စားသုံးသူရေးရာဌာနကို တိုးချဲ့ဖွဲ့စည်းခဲ့ပါကြောင်း၊ စားသုံးသူများ၏နစ်နာမှုများအတွက် ဥပဒေဖြင့် ကာကွယ်မှုပြုနိုင်ရန် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို နိုင်ငံတော်အစိုးရက ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့ပြီး ယင်းဥပဒေအရ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တွင် သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပါကြောင်း၊ ထုတ်လုပ်သူ လုပ်ငန်းရှင်များသည် မိမိတို့ ထမ်းဆောင်ရမည့် တာဝန်နှင့်ဝတ္တရားကို အလေးထား ဆောင်ရွက်ကြရမှာဖြစ်ပြီး ရပိုင်ခွင့်များကိုလည်း နားလည်သိရှိထားနိုင်ရန် ရှင်းပြရခြင်း ဖြစ်ပါကြောင်း၊ စားသုံးသူများအနေဖြင့် မိမိတို့၏ ရပိုင်ခွင့်အခွင့်အရေးများကိုနားလည်သိရှိသဘောပေါက်ထားရန် ပညာပေး ဟောပြောပွဲများပြုလုပ်ပေးရခြင်းဖြစ်ပြီး နစ်နာဆုံးရှုံးမှုများကို တင်ပြတိုင်ကြားနိုင်ပါကြောင်း၊ စားသုံးသူကို နစ်နာစေသည့် အချက်များဖြစ်သည့် အန္တရာယ်ရှိ စားသောက်ကုန်ပစ္စည်းများ၊ အန္တရာယ်ရှိ လူသုံးကုန်ပစ္စည်းများ၊ အန္တရာယ်ရှိဝန်ဆောင်မှုများနှင့် အန္တရာယ်ရှိ ဖျော်ဖြေတင်ဆက်မှုများအကြောင်းကို အကျယ်တဝင့် ရှင်း လင်းပြောကြားခဲ့ပါသည်။

ထို့ပြင် နေ့လည် ၂ နာရီအချိန်တွင် အခြေခံပညာအထက်တန်းကျောင်း၊ မြောင်မြို့ ရာပြည့်ခန်းမမှာ စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ အသိပညာပေး ဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ဆရာ/ဆရာမ ၁၈ ဦးနှင့် ကျောင်းသား/ကျောင်းသူ ၄၄၉ ဦး စုစုပေါင်းအင်အား ၄၆၇ ဦး တက်ရောက်ခဲ့ကြပါသည်။ ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကပ်ကျော်က အသိပညာပေးဟောပြောပွဲကျင်းပရတဲ့ ရည်ရွယ်ချက်များကို အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားပြီး ဟောပြောပွဲအခမ်းအနား စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယင်းနောက် ဟောပြောပွဲတွင် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဌာနမှ ဦးသိန်းစိုး၊ ဦးသောင်းကြိုင်၊ ဦးသန်းထွန်း၊ ဒေါ်နှင်းနှင်းခိုင် တို့က စားသုံးသူအကာအကွယ်ပေးရေး အကြောင်းအရာများ၊ ကျောင်းသားလူငယ်တို့ရဲ့ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုနဲ့ ဉာဏ်ရည်တိုးတက်မှုကို ထိခိုက်စေနိုင်သည့် မုန့်မျိုးစုံတို့အကြောင်း၊ အရည်အသွေးညံ့ဖျင်းသည့် လူသုံးကုန်ပစ္စည်းများကြောင့် မိမိတို့တစ်ဦးတစ်ယောက်ချင်းအတွက်သာမက ရပ်ကွက်မြို့ရွာများအထိပါ နစ်နာဆုံးရှုံးရမှုများအကြောင်း၊ ဆေးလိပ်၊ အရက်နှင့် ကွမ်းယာများကြောင့် လူမှုရေး၊ စီးပွားရေး သာမက ကျန်းမာရေးကိစ္စများအထိပါ နစ်နာ ဆုံးရှုံးရမှုများ အကြောင်းတို့ကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းပညာပေး ဟောပြောခဲ့ကြပါသည်။ ပိုမိုသိရှိလိုသည့် ကျောင်းသားလူငယ်များ ၏ မေးခွန်းများကို ဖြေကြားရှင်းလင်းပြောကြားခဲ့ပါသည်။

ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပညာပေးဟောပြောပွဲများကို စီမံချက် လျာထားမှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ယနေ့အချိန်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၇ ခရိုင်ရှိ မြို့နယ် ၁၄ မြို့နယ်သို့ သွားရောက်၍ နေရာပေါင်း ၈၇ နေရာတွင် ပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ပြီး ဟောပြောပွဲတက်ရောက်သူ လူဦးရေစုစုပေါင်း ၂၈၄၈၆ ဦးအတွက် ပညာပေးပိုစတာ ၁၂၆ ခုနှင့် လက်ကမ်းစာစောင် ၁၈၅၆၀ စောင်ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါသည်။ စားသုံးသူရေးရာဌာနအနေဖြင့် မူလရည်မှန်းချက်ဖြစ်သည့် တိုင်းဒေသကြီးတစ်ခုလုံးကို သုံးနှစ်အတွင်း ပညာပေးဟောပြောနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးလိုက်ရပါသည်။

**နှင်းနှင်းခိုင်**

# ရေကြောင်းအန္တရာယ်ကင်းရှင်းစေရန်နှင့် အဆင့်မီသင်္ဘောများဖြစ်စေရန် သံထည်သင်္ဘောများ မှာယူတင်သွင်းစေလို

မြန်မာ-ထိုင်း၊ မြန်မာ-မလေးရှား တို့မှ ရေကြောင်းဖြင့် ကုန်သွယ်မှုပြုနေသော သင်္ဘောများမှာ နိုင်ငံတကာအဆင့်မီသင်္ဘောများမဟုတ်ဘဲ သစ်သားဖြင့်ပြုလုပ်ထားသော Sub-Standard Ship သင်္ဘော များသာဖြစ်နေသည့်အတွက်ကြောင့် လုပ်ငန်းရှင်များအနေဖြင့် ရေကြောင်းတွင် အန္တရာယ်ကင်းရှင်းစေရန်နဲ့ အဆင့်မီသင်္ဘောများဖြစ်စေရန်သစ်သားဖြင့်ပြုလုပ်သော သင်္ဘောများအစား သံထည်သင်္ဘောများကို မှာယူတင်သွင်းစေလိုကြောင်းကို မြိတ်နယ်စပ်ကုန်သွယ်ရေးမှာ ကျင်းပပြုလုပ်တဲ့ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ ရေကြောင်းဦးစီးဌာနမှ တိုင်းဦးစီးမှူးမှ ပြောကြားသွားပါတယ်။

ကုန်လှေငယ်များအနေဖြင့် ဆိပ်ကမ်းများတွင် ဆိုက်ကပ်နိုင်ရန်အတွက် မြိတ်တွင်ကိုယ်ပိုင်ဆိပ်ခံများသာရှိသည့်အတွက် နိုင်ငံခြားဆီတင်သင်္ဘောနှင့် အခြားစက်လှေကြီးများ ဆိုက်ကပ်နိုင်သော အများပိုင်ဆိပ်ခံတံတားမျိုးထားရှိနိုင်ရေး ဝိုင်းဝန်းစဉ်းစားစေလိုကြောင်းလည်း မြိတ်ဆိပ်ကမ်းအာဏာပိုင်မှဖြည့်စွက်ဆွေးနွေးတင်ပြသွားတယ်လို့သိရပါတယ်။

**ခင်မိုးသူ MIRT (DCCA)**



# ကားဈေးကွက်အတွင်း အရောင်းအဝယ်ထက် အလဲအလှယ်လုပ်ငန်း ပိုမိုခေတ်စားလာ

၂၀၁၄ ခုနှစ်အတွင်းက အွန်လိုင်းဈေးကွက်တွင် နာမည်ကြီးလျက်ရှိသည့် အွန်လိုင်းကားဈေးကွက်သည် ၂၀၁၅ခုနှစ် နှစ်ဆန်းပိုင်းတွင် ရောင်းလိုအားမြင့်တက်လာခဲ့ကြောင်း၊ ယင်းကဲ့သို့ ရောင်းလိုအားမြင့်တက်လာခဲ့သော်လည်း ဝယ်လိုအားမှာမူ အကျဘက်သို့သာ ဦးတည်လျက်ရှိနေကြောင်း Ads. com.mm ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ယင်းကဲ့သို့ ကားဝယ်ရောင်းလုပ်ငန်းများ အေးလာသော်လည်း ကားအလဲအထပ်လုပ်သည့်လုပ်ငန်းမှာမူ လူငယ်များကြားတွင် ရေပန်းစားလာသည့်လုပ်ငန်းတစ်ခုဖြစ်လာကြောင်း အဆိုပါဝက်ဘ်ဆိုက်က သတင်းထုတ်ပြန်ခဲ့သည်။

Ads.com.mm မှ Head of Public Relation ဖြစ်သူ Mr. Elijah Htang က "ကျွန်တော်တို့ကားကဏ္ဍမှာ ၂၀၁၄ခုနှစ်တုန်းကဆိုရင် ကားတွေရောင်းဖို့ တင်လိုက်တာနဲ့ အရောင်းအဝယ်ကဖြစ်သွားတယ်။ အဲဒီတုန်းက ကားစီးရေ ၁၀၀ လောက်ရောင်းခဲ့ရတယ်။ ၂၀၁၅ ခုနှစ် လဆန်းပိုင်းလောက်မှာ ကျွန်တော်တို့ ဝက်ဘ်ဆိုက်အသုံးပြုနေတဲ့သူတွေကို မေးကြည့်တဲ့အခါမှာ သူတို့တင်ထားတဲ့ကားတွေကို ဆက်ရောင်းဖို့ပဲ ပြောကြပါတယ်။ အခုဆို လူငယ်အများစုဟာ ပြိုင်ကားတွေကို အလဲအထပ်လုပ်ပြီး စီးလာကြပါပြီ။ တချို့ကလည်း အရောင်းအဝယ်လုပ်ဖို့ထက် ငွေထပ်ပြီးအလဲအထပ်လုပ်တဲ့ပုံစံမျိုးလုပ်လာကြတယ်။ ဒါကြောင့်အွန်လိုင်းဈေးကွက်မှာလည်း Barter Category မှာ ကားအလဲအထပ်လုပ်ငန်း ပိုမိုခေတ်စားလာပြီး ပိုပြီးအလုပ်ဖြစ်နိုင်ခြေများလာပါတယ်"ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံတွင်း၌ ကားအရောင်းအဝယ်အေးနေသော်လည်း နယ်စပ်မြို့များနှင့်မန္တလေးမြို့တို့တွင်မူ ဆိုင်ကယ်အရောင်းအဝယ်များ ဆက်လက်ကျယ်ပြန့်လျက်ရှိပြီး ဆိုင်ကယ်ဈေးကွက်ဝယ်လိုအားမှာလည်း မြင့်တက်ခဲ့ကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်အတွင်း အခွန်စနစ်ပြောင်းလဲမှုကြောင့် ကားဈေးကွက်ဆက်လက်ပြောင်းလဲနိုင်ကြောင်း ကားဈေးကွက်မှ ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | တာမွေ၊ ကျောက်မြောင်း သတိပဋ္ဌာန်လမ်း | (၁၅×၆၀)ပေ | (၄)လွှာ | ၄၅၀ သိန်း | | ၀၉/၂၅/၃၈၂၈၂၀၂ |
| ၂။ | လုံးချင်း | သဃ်န်းကျွန်း၊ မေခအိမ်ရာ | (၅၀×၆၀)ပေ | RC (၂)ထပ် | ၇၅၀၀ သိန်း | | ၀၉/၂၅/၃၈၂၈၂၀၂ |
| ၃။ | လုံးချင်း | တောင်ဥက္ကလာပ၊ မြသီတာအိမ်ရာ | (၄၀×၆၀)ပေ | RC (၁)ထပ် | ၆၅၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပ(၁၄/၂)ရပ်ကွက် ဟသ်ာလမ်း | (၄၅×၃၅)ပေ | RC (၁)ထပ် | ၃၅၀၀ သိန်း | | ၅၆၃၀၇၀ |
| ၅။ | အိမ်/မြေ | တောင်ဥက္ကလာပ (၁၄/၂)ရပ်ကွက် မယ်ညိုလမ်း | ၂၀၀၀ စ/ပေ | BN (၁)ထပ် | ၂၇၅၀ သိန်း | ကားဂိုဒေါင်ပါ | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖြတ်လမ်း မြန်မာ့ဂုဏ်ရည်အနီး | (၁၂×၅၀)ပေ | (၆)လွှာ(ဟောလ်) | ၂၅၀ သိန်း | | ၀၉/၂၅/၃၈၂၈၂၀၂ |
| ၇။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၂.၅×၅၀)ပေ | အခန်းဖွဲ့ ပြင်ဆင် | ၉၀၀ သိန်း | | ၀၉/၂၅/၃၈၂၈၂၀၂ |
| ၈။ | ကွန်ဒိုခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၂၀၀ စ/ပေ | (၇)လွှာ၊ (၆၀ရာခိုင်နှုန်းပြီးစီး) | ၁၄၀၀ သိန်း | ကြိုပွိုင့်၊ ဓာတ်လှေကားပါ | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ပြည်တော်သာ(၄)လမ်း | ၁၅၀၀ စ/ပေ | RC (၁)ထပ် | ၁၃၅၀ သိန်း | ထောင့်ကွက်၊ | ၀၉/၂၅၀/၃၇၆၃၇၉ |

# သွန်ဘူရီဆေးရုံအုပ်စုနှင့် ဂမုန်းပွင့်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ ပုဂ္ဂလိကဆေးရုံသစ်နှစ်ရုံ ဖွင့်လှစ်မည်

ထိုင်းနိုင်ငံ၏ တတိယအကြီးဆုံးသော ပုဂ္ဂလိကဆေးရုံလုပ်ငန်းဖြစ်သည့် သွန်ဘူရီဆေးရုံအုပ်စု (Thonburi Hospital Group) နှင့် မြန်မာနိုင်ငံ၏ အကြီးဆုံး စီးပွားရေးလုပ်ငန်းများတွင်တစ်ခုအပါအဝင်ဖြစ်သည့် ဂမုန်းပွင့်ကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီပုဂ္ဂလိကဆေးရုံနှစ်ရုံကို တည်ဆောက်မည်ဖြစ်ကြောင်း ဘန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားချက်အရ သိရသည်။

အဆိုပါဆေးရုံတည်ဆောက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဖေဖော်ဝါရီ ပထမပတ်အတွင်းကျင်းပမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

သွန်ဘူရီဆေးရုံအုပ်စု၏ ပိုင်ရှင်ဖြစ်သူ ဒေါက်တာဘွန်ဗာနစင်သည် ထိုင်းနိုင်ငံနှင့်နိုင်ငံတကာတွင် ပုဂ္ဂလိကဆေးရုံပေါင်း ၂၂ လုံးအထိ ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံတွင်ဖွင့်လှစ်မည့် ပုဂ္ဂလိကဆေးရုံသစ်ကြီးနှစ်ရုံတွင် အမေရိကန်ဒေါ်လာသန်း ၁၀၀ ခန့် ရင်းနှီးမြှုပ်နှံရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ THG အနေနဲ့ မြန်မာနိုင်ငံမှာပထမဆုံး နိုင်ငံတကာအဆင့်မီ ကျန်းမာရေးဝန်ဆောင်မှု ပေးမှာပါ။ မြန်မာနိုင်ငံမှာ ထိုင်းနိုင်ငံရဲ့ သွန်ဘူရီဆေးရုံလာရောက်ဖွင့်လှစ်ရင် မြန်မာပြည်ကလူတွေ နိုင်ငံခြားကိုသွားပြီး ဆေးကုရတဲ့စရိတ်သက်သာသွားသလို နိုင်ငံတကာအဆင့်မီတဲ့ဆေးဝါးကုသမှုတွေ ဝန်ဆောင်မှုတွေကိုရရှိမှာပါ"ဟု ဒေါက်တာဘွန်ဗာနစင်က ပြောကြား ခဲ့သည်။

ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံမှ ဆေးဝါးကုသမှုခံယူရန် လာရောက်သည့် နိုင်ငံတကာမှလူနာများအနက် မြန်မာနိုင်ငံမှလူနာများ အများဆုံးဖြစ်ပြီး ဥရောပနှင့် အာရပ်နိုင်ငံတို့မှလည်း အများဆုံးလာရောက်ကုသလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆေးရုံနှစ်ရုံကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းက စတင်ဆောက်လုပ်လျက်ရှိပြီး လာမည့်နှစ်အနည်းငယ်အတွင်းတွင် ဖွင့်လှစ်နိုင်မည်ဖြစ်သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထိုင်းသွန်ဘူရီဆေးရုံအုပ်စုအနေဖြင့် မြန်မာနိုင်ငံ၏ အထက်တန်းစားနှင့် လူလတ်တန်းစားဈေးကွက်ကို ရည်မှန်း၍ ထိုင်းပုဂ္ဂလိကဆေးရုံကို လာရောက်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းမှာ လွန်ခဲ့သည့်နှစ်က ၁၀ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ လူတို့၏စီးပွားရေးတိုးတက်လာလျှင် လူအများစုသည် ကျန်းမာရေးအသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါဆေးရုံသစ်စီမံကိန်းတွင် ထိုင်းသွန်ဘူရီဆေးရုံအုပ်စုက ၄၀ ရာခိုင်နှုန်းနှင့် ဂမုန်းပွင့်စီးပွားရေးလုပ်ငန်းစုက ၆၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | နီဆန်း (နတ်) (2009) | ယာယီ | ၁၀၀ သိန်း | |
| ၂။ | ဟွန်ဒါဖစ် (2011) | ယာယီ | ၁၁၅ သိန်း | |
| ၃။ | ရက်တစ် (2011) | ယာယီ | ၁၃၅ သိန်း | |
| ၄။ | ပရီမီယို (2009) | ယာယီ | ၁၉၅ သိန်း | 1 .8 ဓာတ်ဆီ |
| ၅။ | ဘယ်(လ်)တာ (2009) | ယာယီ | ၁၂၅ သိန်း | 1 .3 ဓာတ်ဆီ၊ကီးလိုနဲ |
| ၆။ | ဗီ(လ်)ဒါ (2009) | ယာယီ | ၁၅၈ သိန်း | 1 .5 ဓာတ်ဆီ |
| ၇။ | နီဆန်း/အေဒီဗင် (2009) | ယာယီ | ၈၅ သိန်း | 1 .2 ဓာတ်ဆီ |
| ၈။ | မတ်(ခ်)တူး (2002) | ယာယီ | ၁၆၀ သိန်း | 2 .0 ဓာတ်ဆီ |
| ၉။ | မတ်(ခ်)အိပ်(စ်) (2005) | ယာယီ | ၂၆၀ သိန်း | 2 .5 ဓာတ်ဆီ |
| ၁၀။ | စူဇူကီး (အယ်လ်တို) | ယာယီ | ၆၅ သိန်း | ၆၆၀ စီစီ |

SN

## သင့်ကျန်းမာရေး

# သွေးတိုးနှင့် ကျောက်ကပ်၊ နှလုံး၊ အခြားနှင့် ကိုယ်ဝန်သည်များ

ဒေါက်တာလွင်သန့်

သွေးတိုးရောဂါဆိုတာ အပေါ် သွေး၊ သွေးဖိအား ၁၄၀ နဲ့ အောက်သွေး၊ သွေးဖိအား ၉၀ မီလီမီတာထက်ပိုများနေတဲ့ သွေးဖိအား အခြေအနေမှန်သမျှကို ခေါ် ဆိုပါ တယ်။

**ကျောက်ကပ်။** ကျောက်ကပ်ရောဂါ အမျိုးမျိုးရှိတယ်။ ကျောက်ကပ်ရောင် ရောဂါ၊ ကျောက်ကပ်ကျောက်တည် ရောဂါ၊ ဆီးချိုရောဂါကြောင့်ဖြစ်တဲ့ ကျောက်ကပ်ပျက်ရောဂါ၊ ယောကျ်ား များတွင်ဖြစ်တတ်တဲ့ ဒူလာခေါ် အရိုးအဆစ်ရောင်ရောဂါတို့က ကျောက်ကပ်ရဲ့လုပ်ငန်းများ ချို့ယွင်းပြီး၊ သွေးတိုးဖြစ်တယ်။ ကျောက်ကပ်ကြောင့်ဖြစ်တဲ့ သွေးတိုးရောဂါဟာ ကလေး၊ လူငယ်၊ လူလတ်မှာ အဖြစ်များပြီး လူကြီးပိုင်းမှာ အဖြစ်နည်းတယ်။ အသက် ၄၀ နှင့်အောက် သွေးတိုးရောဂါမှာ ကျောက်ကပ်ထိတယ်။

**နှလုံး။** အမြင့်ဆုံးသွေးဖိအား၊ အမြင့်ဆုံး သွေးပေါင်ချိန်ဟာ နှလုံးပိုမိုညှစ်ရလို့ ပင်ပန်းတယ်။ သည်လိုပဲ အောက်သွေး ဖိအား ၉၀ ကျော်ဆိုရင်လည်း ပိုမိုမြင့် တက်လေ၊ နှလုံးကြွက်သားညှစ်ရမှုပိုများ လေ၊ သွေးတိုးနှုန်းမြင့်လေဖြစ်တယ်။ လူတစ်ယောက်ရဲ့ သွေးပေါင်ချိန် တစ်ကြိမ်တစ်ခါတိုင်းရုံ၊ အီးစီဂျီ တစ်ကြိမ်ဆွဲရုံနဲ့ သွေးတိုးဟု မပြောနိုင်ပါ။ သွေးတိုး အားလုံးဟာ နှလုံးရဲ့အထွက် သွေးခုန်နှုန်းပုံမှန် မဟုတ်ဘဲ၊ မြန်ခြင်း၊ မှုမမှန်ခြင်း၊ နှေးခြင်းဖြစ်စေနိုင်တယ်။ စိတ်လက်ချမ်းသာနားနေရင်၊ သွေးတိုး ရောဂါရှိတယ်လို့ မဆိုနိုင်ပေမယ့် သုံးရက်ခန့်ဆက်တိုက်တိုင်းပြီး၊ သတ်မှတ် ပမာဏထက်မြင့်နေရင်သာ နှလုံးရောဂါ၊ သွေးတိုးရောဂါသတ်မှတ်တယ်။

ကိုယ်ဝန်ဆောင်နှင့်ကိုယ်ဝန်ဆိပ်တက်ခြင်း။ အချို့အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ် သွေးတိုးတယ်။ ကိုယ်ခန္ဓာ ဖောရောင်ပြီး ဆီးထဲမှာ ပရိုတင်းခေါ် အသားဓာတ်များပါလာတယ်။ ထိုသို့ ကိုယ်ဝန်ဆိပ်တက်ခြင်းကို ကိုယ်ဝန် ငါးလနောက်ပိုင်းအဖြစ်များတယ်။ ကိုယ်ဝန်ငါးလမတိုင်မီ၊ သွေးတိုးရောဂါ ရှိရင် စနစ်တကျကုသသင့်တယ်။ ကလေးမွေးဖွားပြီးအလိုအလျောက်ပျောက်သွားတတ်တယ်။ ယင်းကိုယ်ဝန်သည် သွေးဆိပ်တက်ခြင်းဟာ နှလုံးကို မထိခိုက်တတ်ပါ။

**အခြား။** အခြားအကြောင်းများ၌ သွေးတိုးရောဂါဟာ အသက် ၄၀ နောက်ပိုင်း အထူးသဖြင့် ၄၅ နှစ်နှင့် ၆၅ နှစ်အကြားအများဆုံးဖြစ်တတ်တယ်။

သွေးတိုးရောဂါဟာမျိုးရိုးကြောင့် ဖြစ်နိုင်တယ်။ မိဘနှစ်ပါးကသွေးတိုးလေဖြတ်လို့သေဆုံးရရင်၊ ကိုယ့်အလှည့် မှာ သွေးတိုးရောဂါနဲ့သေဖို့များတယ်။ မိဘတစ်ဦးသာရောဂါရှိရင် ၃၀ ရာခိုင်နှုန်းဖြစ်ဖို့ သေချာတယ်။ အမြွှာကလေးတွေမှာ မျိုးရိုးဗီဇကြောင့် သုံး ယောက်လုံးရှိနိုင်တယ်။

လူတို့အသက်ကြီးလာတာနဲ့အမျှ သွေးတိုးအားမြင့်တက်ရာမှာ အတက်နှုန်းဟာ တစ်ဦးနဲ့တစ်ဦးမတူ၊ ထိုအတက်နှုန်းဟာ ဝတဲ့သူများ၊ ကိုယ်လက်လှုပ်ရှားမှုနည်းသူများ၊ မိဘနှစ်ပါးသွေးတိုးရောဂါရှိသူများမှာ မြင့်တက်တတ်တယ်။ အငန်အစား များရင် သွေးလေးပြီးမုချသွေးတက် တတ်တယ်။

ကျောက်ကပ်မှစွန့်ထုတ်တဲ့ အငန်ဓာတ်ထက်ပိုပြီး၊ စားသုံးမိရင် သွေးထဲအောင်းနေပြီး၊ ကိုယ်အလေး ချိန်တတ်ခြင်း၊ ကိုယ်ခန္ဓာဖောရောင်ခြင်း၊ နှလုံးအားနည်းခြင်း၊ ဆီးနည်းခြင်း ဖြစ်လာစေတယ်။

သွေးတိုးဟာဦးနှောက်ထဲက သွေးကြောငယ်တွေ ထိခိုက်မိလို့ ဒုက္ခပေးတတ်တယ်။ ဇက်ကြောတတ်၊ ခေါင်းကိုက်ခေါင်းမူးမှအစ သွက်ချာပါဒလိုက်ပြီး၊ ဦးနှောက်ထဲကသွေး လည်ပတ်မှု ချို့ယွင်းမှုက သွက်ချာပါဒဖြစ်စေတယ်။ သွေးတိုးရင်မျက်စိထိခိုက် ပြီး၊ သက်ကြီးမျက်စိမှုန်ခြင်း၊ တိမ်စွဲရောဂါများဖြစ်စေနိုင်တယ်။ လေဖြတ်ကာ ကိုယ်တစ်ခြမ်းသေနိုင်တယ်။ စကားမပီသခြင်း၊ ရူးခြင်းဖြစ်တယ်။

# ကယ်လီဖိုးနီးယားအခြေစိုက် Dexcon.lnc မှ ထုတ်လုပ်သည့် Smart Phone နဲ့ သွေးချိုတိုင်းနိုင်တော့မည်




သင့်သွေးထဲရှိသကြားပါဝင်မှုကို တိုင်းတာရန် လိုအပ်နေပါသလား၊ မကြာမီ ပေါ်လာပါတော့မည်။ ဆရာဝန်နဲ့ အခြားကျန်းမာရေး ဂရုစိုက်သူများ အနေနဲ့ ဆီးချိုဝေဒနာသည်များရဲ့ သွေးထဲမှာ သကြားဓါတ်မည်မျှ ပါရှိသည်ကို တိုင်းတာပေးနိုင်တဲ့ ရိုးရှင်းစွာအသုံးပြုနိုင်သော နည်းစနစ်တစ်ခုကို Smart-Phone များမှာ ထည့်သွင်းထုတ်လုပ်ထားပြီ ဖြစ်ပါတယ်။

သကြားပမာဏကို တိုင်းတာနိုင်သော ကျန်းမာရေးအတွက်လုံခြုံစိတ်ချရသော သွေးချိုတိုင်းနိုင်တဲ့ စနစ်ကို ပထမဆုံးအကြိမ်အဖြစ် ထည့်သွင်းထားတဲ့SmartPhone ကို အစားအသောက်နဲ့ဆေးဝါးကွပ်ကဲမှုဌာနက အတည်ပြုပေးလိုက်ပြီလို့Googleကျန်းမာရေး သတင်းမှာ ဖော်ပြထားပါတယ်။

ဒီစနစ်ကို ကယ်လီဖိုးနီးယားအခြေစိုက် Dexcon.lnc က Smart ဖုန်းမှာ ထည့်သွင်းထားပြီး အရေပြားနဲ့ထိတွေ့ပြီး သွေးချိုကို တိုင်းပေးနိုင်မယ့် သေးမျှင်တဲ့ ဝိုင်ယာကြိုးသဖွယ် Sensor ကို ထည့်သွင်းထားတာ ဖြစ်ပါတယ်။ ဒီစနစ်ကို အသုံးပြုခြင်းဖြင့် ဆီးချိုဝေဒနာသည်ဟာ သူရဲ့ သွေးထဲမှာ သကြားဓာတ်ဘယ်လောက် ရှိတယ်ဆိုတာကို သူ့ကို ကုသပေးနေတဲ့သူ၊ သူ့ရဲ့ ဆက်နွယ်နေသူများထံကို အင်တာနက်အခြေခံစနစ်နဲ့ ပေးပို့နိုင်တဲ့အပြင် သူ့ရဲ့သွေးချိုမှတ်တမ်းကိုလည်း ထိန်းသိမ်းထားနိုင်မှာဖြစ်စေပါတယ်။ သူနဲ့ ဆက်နွယ်နေသူများ ဆေးကုသသူများဟာ အချက်အလက်များကို Download လုပ်ခြင်း သို့မဟုတ် ကြည့်ရှုခြင်းအားဖြင့် လိုအပ်တဲ့ ကုသမှုများကို လုပ်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလို SmartPhone မျိုးကို အသုံးပြုခြင်းအားဖြင့် ကျန်းမာရေးအထောက်အကူပြုစေနိုင်ဖို့ အခွင့်အလမ်းကို ရရှိစေနိုင်တော့မှာဖြစ်တယ်လို့ သတင်းမှာ ဖော်ပြထားပါတယ်။

**CMK**

## ဆေးဖက်ဝင်အပင်များ၊ ဟင်းခတ်အမွှေးအကြိုင်နဲ့ နှလုံးကျန်းမာရေး

ဟင်းသီးဟင်းရွက်၊ အသား၊ ငါး၊ ဆေးဖက်ဝင်အပင်များနဲ့ ဟင်းခတ်အမွှေးအကြိုင်များရဲ့ အနှစ်၊ အနံ့ (Flavor)များဟာ နှလုံးကျန်းမာရေးအတွက် များစွာအထောက်အကူပြုတယ်လို့ အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယား ပြည်နယ်တက္ကသိုလ်မှ ဒေါက်တာရှီလာဂျီဝက်စ်နဲ့ အဖွဲ့ရဲ့လေ့လာသုတေသနပြုမှုက ပေါ် ထွက်လာခဲ့ပါတယ်။

သုတေသီအဖွဲ့ဟာ အသက် ၃၀ မှ ၆၅ နှစ်ကြားရှိပြီး ဝဖြိုးသော်လည်း ကျန်းမာရေးကောင်းမွန်သော အမျိုးသား ၆ ဦးနဲ့ စမ်းသပ်မှုပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။ အမျိုးသား ၆ ဦးကို ကြက်သား၊ ပေါင်မုန့်နဲ့ အချိုပွဲ စတဲ့ဟင်းဆင်တူကို ၂ ရက် ကျွေးမွေးပါတယ်။ စမ်းသပ်မှုအတွက် အသုံးပြုတဲ့အစာမှာတော့ ဟင်းခတ်အမွှေးအကြိုင်များ ရောသမမွှေထားတဲ့ Antioxidant မြင့်မားတဲ့ အရောအနှောကို စားပွဲတင်ဇွန်းနဲ့ ၂ဇွန်းစာ ကျွေးမွေးပါတယ်။ ဟင်းခတ်အမွှေးအကြိုင် အရောအနှောမှာ ကြက်သွန်ဖြူမှုန့်၊ ပင်စိမ်း၊ သစ်ဂျပိုး၊ လေးညှင်း၊ ငရုတ်ပွသီး (Paprika)၊ နနွင်း၊ ချင်းနဲ့ ငရုတ်ကောင်းအနက်များ ပါဝင်တယ်လို့ သိရပါတယ်။

သုတေသီများဟာ အစာစမ်းသပ်ကျွေးပြီး ၃ နာရီကြာတိုင်းမှာ သွေးဖောက်စစ်ပါတယ်။ ထိုသို့ စစ်ဆေးကြည့်ရာမှာ အင်ဆူလင်ကို ၂၁ ရာခိုင်နှုန်းနဲ့ Triglycerides ကို ၃၁ ရာခိုင်နှုန်းလျှော့ချပေးပြီး သွေးခုန်နှုန်းကို မှန်စေတာတွေ့ရပါတယ်။ သုတေသီအဖွဲ့ခေါင်းဆောင်က စမ်းသပ်အစာဖြစ်တဲ့ ဆေးဖက်ဝင် အပင်များနဲ့ ဟင်းခတ်အမွှေးအကြိုင် အရောအနှောဟာ သွေးလှည့်ပတ်မှုကို မှန်ကန်စေပြီး နှလုံးရောဂါဖြစ်ပွားစေနိုင်မှုကို လျှော့ချပေးတယ်လို့ လေ့လာတွေ့ရှိခဲ့ရကြောင်း သုတေသနအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ **ရှင်ပါဂူ**

## စည်သွပ်ဘူးများနဲ့ထည့်သိုသော စားသောက်ကုန်အချိုရည်များတွင်ပါဝင်သော ဓာတုပစ္စည်း Bisphenol-A BPA ကြောင့် အင်ဒိုခရိုင်းကို ပျက်စီးစေနိုင်


စည်သွပ်ဘူးများနဲ့ ပလတ်စတစ်ပုလင်းများရဲ့ အတွင်းမှာ လိုင်နာအဖြစ်အသုံးပြုတဲ့ Bisphenol -A BPA ဓာတုပစ္စည်းတစ်မျိုးကို အသုံးပြုထားတာဖြစ်ပါတယ်။ လေ့လာသုတေသနပြုထားချက်များအရ BPA က အင်ဒိုခရိုင်းကို ပျက်စီးစေတဲ့ ဓာတုပစ္စည်းအဖြစ်ထုတ်ပြန်ထားပါတယ်။ အဆိုပါ BPA ဒြပ်ပေါင်းဟာ ခန္ဓာကိုယ်ရဲ့ အင်ဒိုခရိုင်းစနစ်၊ မျိုးပွားမှု၊ အာရုံကြောပိုင်းဆိုင်ရာများကို ပျက်စီးစေနိုင်တယ်လို့ သုတေသီများက ပြောကြား ပါတယ်။ Seoul National University College of Medicine မှ Yun - Chul Hong နဲ့ အဖွဲ့ဟာ အသက်၆၀ နဲ့ အထက်ရှိ ကိုးရီးယားအမျိုးသား၊ အမျိုးသမီး ၆၀ ကိုသုတေသနပြုရာမှာအသုံးပြုခဲ့ကြပါတယ်။ အဆိုပါအသက် ၆၀ နဲ့ အထက်အမျိုးသား၊ အမျိုးသမီးများကို သံဘူး (သို့မဟုတ်) ဖန်ပုလင်းများနဲ့ ထည့်ထားတဲ့ ပဲနို့များကို သောက်သုံးစေခဲ့ပါတယ်။ ထိုသို့စားသောက်စေပြီး ၂ နာရီကြာပြီးနောက် ဆီးနမူနာများကိုရယူပြီး BPA ပါဝင်မှု ပမာဏ စစ်ဆေးရန် ဓာတ်ခွဲခန်းသို့ နမူနာပေးပို့ခဲ့ပါတယ်။ ဒါ့အပြင် သွေးခုန်နှုန်း၊ နှလုံးခုန်နှုန်းတို့ကိုလည်း တိုင်းတာထားပါတယ်။

အဲဒီနောက် စမ်းသပ်ကြည့်ရာမှ ဆီးထဲ၌ BPA ပါဝင်မှုဟာ ဖန်ပုလင်းကဖျော်ရည် သောက်သုံးမှုထက် စည်သွပ်ဘူးထဲက ဖျော်ရည်သောက်သုံးခြင်းဟာ BPA ကို ၁၆၀၀ ရာခိုင်နှုန်းထိ မြင့်တက်တာကို သုတေသီများက တွေ့ရှိခဲ့ကြပါတယ်။ သွေးခုန်နှုန်းကလည်း ပိုမိုမြင့်တက်တာကို တွေ့ရတဲ့အတွက် စည်သွပ်ဘူးထဲက အချိုရည်ကိုသောက်သုံးခြင်းရဲ့ အကျိုးဆက်ကြောင့် BPAပါဝင်မှုမြင့်တက်သလို သွေးခုန်နှုန်းကိုလည်းတိုးစေတယ်ဆိုတာကို ဖော်ထုတ်နိုင်ခဲ့တယ်လို့ google ကျန်းမာရေးသတင်းတစ်ပုဒ် မှာ ဖတ်ရှုလိုက်ရတာကို မျှဝေပေးလိုက်ရပါတယ်။

**ရှင်ပါဂူ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂-၂-၂၀၁၅ မှ ၈-၂-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** သွက်လက်၍ ဖော်ရွေမှုရှိနေမည်။ အလုပ်အကိုင်များကိုပင်ပန်းခံ၍ ကိုယ်တိုင်လုပ်မှကျေနပ်နိုင်သော သဘောရှိနေမည်။ စီးပွားရေးတွင် ရွှေလုပ်ငန်း၊ ရွှေဆိုင်ပန်းတိမ်လုပ်ငန်းအကျိုးဖြစ်ထွန်းမှု အားကောင်းနေတတ်ပါသည်။ ပညာရေး စိတ်ဝင်စားမှုအားကောင်းနေတတ်သည်။ ဝီရိယအကျိုးကြောင့် အောင်မြင်မှုရရှိလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်တိုင်းကျမှုခက်ခဲသော်လည်း ညှိနှိုင်းယူရတတ်သည်။ ကျန်းမာရေးအနေဖြင့် ရာသီဥတုကြောင့်ဖြစ်သော ဝေဒနာခံစားရတတ်သည်။ အဆုတ်အအေးမိခြင်း၊ ချောင်းဆိုး၊ ရင်ကျပ်ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ကြာဆံကြော်ဆွမ်းကပ်ပါ။**




**တနင်္လာသားသမီးများအတွက်** စိတ်နှလုံးကောင်းရှိ၍ ဉာဏ်ပညာထက်မြက်နေမည်။ အစီအစဉ်ရည်ရွယ်ချက်မရှိဘဲအလုပ်အကိုင်များ လုပ်ကိုင်နေတတ်သည်။ တိရစ္ဆာန်ထွက်ပစ္စည်း နွားနို့၊ နို့ဆီလုပ်ငန်းများဖြစ်ထွန်းအောင်မြင်လိမ့်မည်။ ပညာရေးတွင်ထူးချွန်ထက်မြက်၍အောင်မြင်မှုရရှိနေလိမ့်မည်။ အချစ်ရေးတွင် မိမိက ကြိုးစားနေရတတ်သည်။ ရွေးချယ်မှုမမှားအောင် ဆင်ခြင်သင့်သည်။ အိမ်ထောင်ရေး သင့်တင့်နေမည်။ ကျန်းမာရေးအနေဖြင့် မျက်စိ၊ သွားခံတွင်း၊ လည်ချောင်း ဝေဒနာများ ခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ သာကူလှူပေးပါ။**



**အင်္ဂါသားသမီးများအတွက်** မည်သည့်အလုပ်ကိစ္စမဆို မဖြစ်မနေလုပ်တတ်သောသဘော ရှိနေမည်။ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းကံကောင်းနေတတ်သည်။ အလုပ်သမားများစွာနှင့် လုပ်ရသောလုပ်ငန်းများတွင် ပြဿနာဖြေရှင်းပေးရတတ်ပါသည်။ ပညာရေးတွင် လုပ်ငန်းခွင်ပညာရေး ထူးချွန်မှုရှိမည်။ အချစ်ရေးတွင် ငေးမောနေရတတ်သည်။ အိမ်ထောင်ရေးသာယာခိုင်မြဲမှု ရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် သွေးကြောရောင်ခြင်းဝေဒနာ ခံစားရတတ်ပါသည်။

**ယတြာ။ မုန့်ဖက်ထုပ်လှူဒါန်းပေးပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အမြဲတမ်း ယှဉ်ပြိုင်လုပ်ရသော စီးပွားရေးလုပ်ငန်းများ လုပ်နေရတတ်သည်။ ဆက်သွယ်ရေးလုပ်ငန်း အသံလှိုင်းနှင့်ပတ်သက်သော လေလှိုင်းလုပ်ငန်း၊ ကွန်ပျူတာ-တယ်လီဖုန်းပြုပြင်ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်အကျိုးဖြစ်ထွန်းနေမည်ဖြစ်သည်။ ပညာဉာဏ်စွမ်း တီထွင်မှုအားကောင်းနေမည်။ အချစ်ရေးတွင် စကားနိုင်လုနေတတ်သည်။ အိမ်ထောင်ရေး ပူးတွဲညှိနှိုင်းလုပ်ဆောင်မှုဖြင့် သာယာပျော်ရွှင်မှုကိုရရှိလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အရေပြားတွင်ဖြစ်တတ်သော ယားယံခြင်း၊ အဖုအပိန့်ထွက်ခြင်းများဖြစ်တတ်ပါသည်။

**ယတြာ။ ထန်းညက်နှင့် မုန့်လက်ဆောင်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** နေရာတကာ ဆရာလုပ်ခြင်းတွင် ဝါသနာ ပါနေလိမ့်မည်။ ပညာရေးသင်ကြားခြင်းလုပ်ငန်းအောင်မြင်ဖြစ်ထွန်းမှုရှိမည်။ စာပေနှင့်ပတ်သက်သော စာအုပ်ဆိုင်၊ မီဒီယာလုပ်ငန်း၊ ဂျာနယ်မဂ္ဂဇင်းလုပ်ငန်းများမှ ဝင်ငွေအားကောင်းနေတတ်ပါသည်။ ပညာဉာဏ်ထက်မြက်မှုရှိ၍ ပညာရေးအောင်မြင်မှု ရရှိလိမ့်မည်။ အချစ်ရေးတွင်တင့်တယ်လှပသောချစ်သူရရှိမည်။ အိမ်ထောင်ရေးတွင် သာယာပျော်ရွှင်မှုများရှိနေမည်။

**ယတြာ။ ပဲထမင်းလှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ လုပ်ရမှကျေနပ်တတ်လိမ့်မည်။ ယာဉ်စက်နှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းအကျိုးပေး အားကောင်းတတ်ပါသည်။ ပညာရေးတွင်ထူးချွန်မှုများရှိလာတတ်ပါသည်။ အချစ်ရေးတွင် မျှော်လင့်သူနှင့်နီးစပ်တတ်သည်။ အိမ်ထောင်ရေးတွင် တစ်ဦးနှင့်တစ်ဦး အနိုင်မခံ အရှုံးမပေး တိုက်ပွဲဝင်တတ်ပါသည်။ ကျန်းမာရေးအနေဖြင့် သွေးတိုးရောဂါ၊ အအေးမိသောရောဂါများ ဖြစ်တတ်ပါသည်။

**ယတြာ။ အုန်းနို့ခေါက်ဆွဲလှူဒါန်းပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းများကို ဇွဲသတ္တိဖြင့် ဦးဆောင်ဦးရွက် လုပ်ကိုင်နေတတ်ပါသည်။ မြေတွင်းထွက်ပစ္စည်း၊ ရေနံဓာတ်ငွေ့လုပ်ငန်းများ ပိုမိုအားကောင်းလာတတ်ပါသည်။ ဝင်ငွေအားကောင်းလာမည်ဖြစ်ပါသည်။ ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်သည့်အတွက် ပညာဉာဏ်ကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး၊ လူမှုရေးများတွင် ပုံမှန်အနေအထားရှိနေမည်ဖြစ်ပါသည်။ ကျန်းမာရေးတွင် အကြော၊ လေတို့နှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်ပါ သည်။

**ယတြာ။ ထမနဲလှူဒါန်းပေးပါ။**

## "ဒိုးအော့" ကျေးရွာတွင် ဖရဲစိုက်ပျိုးခြင်းမှ အကျိုးအမြတ်များရရှိ

ကသာမြို့နယ်မှာ ဖရဲသီးကို မြေနုကျွန်းတွေဖြစ်တဲ့ ဧရာဝတီ၊ ရွှေလီမြစ်ဘေးဝဲယာက ကျေးရွာအုပ်စုတွေမှာ အစိုက်များကြပြီး နှစ်စဉ် ဧက ၇၀၀ ကျော်ရှိပါတယ်။ "ကျွန်တော်ဒီနှစ်မှာ ၃ ဧကစိုက်ပျိုးထားပါတယ်။ မျိုးက ၁၆၈ ပါ။ တစ်ဧက ကုန်ကျစရိတ်က မြေပြင်၊ ကျင်းဖောက်၊ အစေ့ထည့်ပုတ်ပြတ်ခိုင်းပါတယ်။ ၁ သိန်းလောက်ရှိမယ်။ စိုက်ပျိုးပြီးချိန်မှာ အပင်ပြုစုရတယ်။ ပိုးသတ်ဆေး ၁၅ ကြိမ်လောက် ဖျန်းရတယ်။ အဲဒါက ၁ သိန်း ၆ သောင်း ကုန်ပါတယ်။ သွင်းအားစုမှာ မျိုးပါကင်ဘူး ၁ ဘူးကို ၄ သောင်း၊ မြေပြင်တာ ၅ သောင်း၊ စုစုပေါင်း ၉ သောင်းနဲ့ အပင်အတက်ဖွဲ့အသီးကောက်က ၅ သောင်းပါ။ အားလုံးကုန်ကျစရိတ် ကျပ် ၃ ဒသမ ၅ သိန်းရှိပါတယ်။ အထွက်က တစ်ဧကကို (ရှယ်) ၈၀၀-၉၀၀ လုံး၊ (ပယ်) ၅၀၀ လုံးလောက်ထွက်ပါတယ်။ ရှယ်ကတော့ ဈေးကွက်ကို ပို့တယ်။ ပယ်သီးကတော့ ဒေသတွင်းစားသုံးဖို့ဖြန့်ချိပါတယ်။ ပေါ်ချိန်ရောင်းဈေးက တစ်လုံးကို (ရှယ်) ၈၀၀ ကျပ်၊ ၁၀၀၀ ကျပ်၊ ပယ် ၄၀၀ ကျပ်လောက်ရှိတော့ တစ်ဧကဝင်ငွေ ၉ သိန်းရှိပြီး အကျိုးအမြတ် ၅ သိန်း ၅ သောင်း ခံစားရပါတယ်။ ဈေးကွက်မရှိလို့ မတင်ပို့နိုင်ခဲ့ရင်တောင်မှ ဒေသတွင်းဈေးနှုန်းနဲ့တင် အရှုံးမရှိနိုင်ပါဘူး" လို့ "ဒိုးအော့" ကျေးရွာမှ တောင်သူဦးမြင့်သိန်းက ပြောပါတယ်။

**စွမ်းရည်-ကသာ**

## မြိတ်နယ်စပ်မှ ဇန်နဝါရီလ ၂၃ ရက်အတွင်း ငါးမှုန့် ၁၂၄၅ တန်ကျော် တင်ပို့နိုင်

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလ ၂၃ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၈၇၂ သန်းတန်ဖိုးရှိ ငါးမှုန့် ၁၂၄၅ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခုသီတင်းပတ်အတွင်းမှာလည်း ငါးမှုန့် တန် ၁၈၀ ၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၁၃၅ သန်းတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၇၈၀ လျော့နည်းတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

➲ စာမျက်နှာ ၂၃ - စိုက်ပျိုးရေးထွက်ကုန်သီးနှံများကို . . . မှ အဆက်

**ဇယား-၁။ စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ဝယ်ယူသိုလှောင် ပြန်လည်ရောင်းချသည့်အခါ ငွေကြေးဖောင်းပွမှုနှင့် ပတ်သက်၍ တွေ့ကြုံရမှု**

| ဥပမာ-(၁) | | | ဥပမာ-(၂) | | |
|---|---|---|---|---|---|
| ငွေကြေးဖောင်းပွမှုပါဝင်သောဈေး (Nominal price)အရ တွက်ချက်ခြင်း | | | ငွေကြေးဖောင်းပွမှုမပါဝင်သောဈေး( Real price) အရ တွက်ချက်ခြင်း | | |
| မေလပဲစင်းငုံအနီဈေး(၁တန်) | = | ၁၀၀ကန်ဒေါ်လာ | မေလပဲစင်းငုံအနီဈေး (၁တန်) | = | ၁၀၀ကန်ဒေါ်လာ |
| နိုဝင်ဘာလပဲစင်းငုံ အနီဈေး (၁တန်) | = | ၁၅၀ကန်ဒေါ်လာ | နိုဝင်ဘာလပဲစင်းငုံအနီဈေး (၁တန်) | = | ၁၅၀ကန်ဒေါ်လာ |
| ဈေးနှုန်းပြောင်းလဲမှု | = | ၅၀ ကန်ဒေါ်လာ (၁၅၀-၁၀၀) | ဈေးနှုန်းပြောင်းလဲမှု (Inflation-30%မေမှ နိုဝင်ဘာလထိ(၆လ) | = | ၁၅ကန်ဒေါ်လာ (၁၁၅# -၁၀၀) |
| သိုလှောင်မှုစရိတ် မေမှ နိုဝင်ဘာလထိ(၆လ) အတွက်(၁တန်) | = | ၂၀ကန်ဒေါ်လာ | သိုလှောင်မှုစရိတ် မေမှ နိုဝင်ဘာလထိ(၆လ) အတွက်(၁တန်) | = | ၂၀ကန်ဒေါ်လာ |
| သိုလှောင်မှုကြောင့် အမြတ် | = | ၃၀ ကန်ဒေါ်လာ (၅၀-၂၀) | သိုလှောင်မှုကြောင့်အရှုံး | = | (-)၅ကန်ဒေါ်လာ (၁၅-၂၀) ကန်ဒေါ်လာ |

**ရှင်းလင်းချက်။** ငွေကြေးဖောင်းပွမှုမပါဝင်သောဈေး = **(Real price)**,
ငွေကြေးဖောင်းပွမှုပါဝင်သောဈေး = **(Nominal price)**,
ငွေကြေးဖောင်းပွမှု = **( inflation)** .......
**Real price# = Nominal price / (1+ inflation rate)**
= ၁၅၀/ ( ၁+ ၀. ၃၀)
= ၁၁၅

**ဥပမာ-၁** တွင် မေလတွင် ပဲစင်းငုံအနီတစ်တန်ကို ကန်ဒေါ်လာ ၁၀၀ ဖြင့် ဝယ်ယူသိုလှောင်သည်ဆိုပါစို့၊ နိုဝင်ဘာလတွင် ပဲစင်းငုံအနီ တစ်တန်ဈေးသည် ကန်ဒေါ်လာ ၁၅၀ ဖြစ်လာပါက ပဲစင်းငုံဈေး ပြောင်းလဲမှုသည် နိုဝင်ဘာလတွင် တစ်တန်ကို ကန်ဒေါ်လာ ၅၀ ပိုမြင့်လာခဲ့သည်။ ပဲစင်းငုံအနီတစ်တန်ကိုမေလမှ နိုဝင်ဘာလထိ သိုလှောင်စရိတ် (Storage cost) မှာ တစ်တန်ကို ကန်ဒေါ်လာ ၂၀ ကုန်ကျသည်ဆိုပါက သိုလှောင်မှုကြောင့် ကုန်သည်၏ အမြတ်မှာ တစ်တန်ကို ကန်ဒေါ်လာ ၃၀ (၅၀-၂၀)ဖြစ်သည်။ **ဇယား-၁၊ ဥပမာ-၁ ကို ကြည့်ရှုရန်ဖြစ်ပါသည်။**

**ဥပမာ-၂** တွင် မေလတွင် ပဲစင်းငုံအနီတစ်တန်ကို ကန်ဒေါ်လာ ၁၀၀ ဖြင့် ဝယ်ယူသိုလှောင်သည်ဆိုပါစို့၊ နိုဝင်ဘာလတွင် ပဲစင်းငုံ အနီတစ်တန်ဈေးသည် ကန်ဒေါ်လာ ၁၅၀ ဖြစ်လာပါက ပဲစင်းငုံဈေး ပြောင်းလဲမှုသည် နိုဝင်ဘာလတွင် တစ်တန်ကို ကန်ဒေါ်လာ ၅၀ ပိုမြင့်လာခဲ့သည်။ ယင်းဈေးသည် ငွေကြေးဖောင်းပွမှုပါဝင်နေသော ဈေးနှုန်း(Nominal price) ဖြစ်သည်။ မေလမှ နိုဝင်ဘာလထိ ခြောက် လအတွင်း ငွေကြေးဖောင်းပွမှု (Inflation) သည် ၃၀ ရာခိုင်နှုန်းရှိသည် ဆိုပါက နိုဝင်ဘာလတွင် ပဲစင်းငုံအနီတစ်တန်ဈေးသည် ကန်ဒေါ်လာ **၁၅၀ မှ ၁၁၅** ဖြစ်လာသည်။ ငွေကြေးဖောင်းပွမှုကို ဖယ်ရှားပစ်သောအခါ နိုဝင်ဘာလ ပဲစင်းငုံအနီတစ်တန်ဈေး (Real price) သည် ကန်ဒေါ်လာ **၁၁၅** ဖြစ်သွားသည်။ **ဥပမာ-၂ မှ ရှင်းလင်းချက်ကိုကြည့်ရှုပါ။** မေလတွင်ပဲစင်းငုံအနီတစ်တန်ကိုကန်ဒေါ်လာ ၁၀၀ ဖြင့် ဝယ်ယူ သိုလှောင်ရသဖြင့် ပဲစင်းငုံဈေးပြောင်းလဲမှုသည် နိုဝင်ဘာလတွင် တစ်တန်ကို ကန်ဒေါ်လာ ၁၅ ပိုမြင့်လာခဲ့ပြီး (Storage cost)မှာ တစ်တန်ကို ကန်ဒေါ်လာ ၂၀ ကုန်ကျသဖြင့် **သိုလှောင်မှုကြောင့် ကုန်သည်၏အရှုံးမှာ တစ်တန်ကို အမေရိကန် ၅ ဒေါ်လာဖြစ်သည်။**

ဥပမာ-၁အရ ပြောင်းလဲလာသည့် ဈေးနှုန်းသည် ငွေကြေးဖောင်းပွမှု မပါဝင်ပါက သိုလှောင်မှုကြောင့် တစ်တန်ကို ကန် ဒေါ်လာ ၃၀ အမြတ်ရရှိပါသည်။ ဥပမာ-၂ အရသိုလှောင်မှုကြောင့် ပြောင်းလဲ လာသည့်ဈေးနှုန်းတွင် ငွေကြေးဖောင်းပွမှု နုတ်ပယ်ပါက သိုလှောင်မှုကြောင့် တစ်တန်ကို အမေရိကန် ၅ ဒေါ်လာအရှုံးပေါ်ပါတော့သည်။ ပဲစင်းငုံရောင်းဝယ်သည့် ကုန်သည်များသည် ငွေကြေးဖောင်းပွမှု သတိပြုမိရန်လိုအပ်လာပါကြောင်း စိစစ်သုံးသပ် ဖော်ပြအပ်ပါသည်။

**Reference**
1. Understanding and using market information (FAO, Rome 2000), inflation and storage, page 70, Andrew W. Shepherd,
2. FEWSNET, Adjusting prices for inflation and creating Price Indices, FEWSNET Markets Guidance, No3, May 2009, USAID

# မြို့ကြီးများ၏ ၂-၂-၂၀၁၅ မှ ၆-၂-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂-၂-၂၀၁၅) | အင်္ဂါ(၃-၂-၂၀၁၅) | ဗုဒ္ဓဟူး(၄-၂-၂၀၁၅) | ကြာသပတေး(၅-၂-၂၀၁၅) | သောကြာ(၆-၂-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၄°C/၉၄°F |
| ရန်ကုန်မြို့ | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F |
| မန္တလေးမြို့ | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F |
| မြစ်ကြီးနား | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F |
| လားရှိုး | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၉°F |
| ကျိုင်းတုံ | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F |
| လွိုင်ကော် | နေသာ ၂၈°C/၈၂°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F |
| တောင်ကြီး | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F |
| မော်လမြိုင် | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F |
| ဘားအံ | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F |
| တောင်ငူ | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F |
| မုံရွာ | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၁°F |
| ပုသိမ် | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F |
| မြိတ် | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| စစ်တွေ | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F |
| မကွေး | နေသာ ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၄°C/၉၃°F |
| ဖလမ်း | နေသာ ၂၂°C/၇၂°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၂°C/၇၂°F |

# အမေရိကန်နိုင်ငံအရှေ့မြောက်ပိုင်းတွင် နှင်းမုန်တိုင်းများတိုက်ခတ်

အမေရိကန်နိုင်ငံအရှေ့မြောက်ပိုင်း ဒေသများဖြစ်သည့် နယူးယောက်စီးတီး၊ ဘော့စတွန်၊ ဖီလ်ဒါဒယ်လ်ဖီးယားနှင့် အခြားသောအဓိကမြို့ကြီးများတွင် နှင်းမုန်တိုင်းများ တိုက်ခတ်ခဲ့ကြောင်း သတင်းများက ဖော်ပြသည်။

နှင်းမုန်တိုင်းသည် ဇန်နဝါရီလ ၂၇ ရက်နေ့ကတည်းက တိုက်ခတ်လျက်ရှိရာ ယနေ့အထိ တိုက်ခတ်နေဆဲဖြစ်ကြောင်း သိရသည်။


အမေရိကန်နိုင်ငံ မိုးလေဝသဌာနက ဘော့စတွန်နှင့် မန်ဆာချူးဆက်ပြည်နယ်တို့တွင် နှင်းမုန်တိုင်းများဆက်လက်တိုက်ခတ်နေဦးမည်ဖြစ်ပြီး နှင်းမုန်တိုင်းများကြောင့် လမ်းမများပေါ်တွင် နှင်းထုမှာ ၅၀ စင်တီမီတာအထိ ရောက်ရှိလာနိုင်ကြောင်းဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံမိုးလေဝသပညာရှင်များက ယခုနှစ်သည် အမေရိကန်နိုင်ငံအတွက် နှင်းမုန်တိုင်းကျရောက်နိုင်သည့် ရာသီတစ်ခုဖြစ်သည်ဟု ခေါ်ဆို ရမည်ဖြစ်ကြောင်း၊ ၎င်းတို့ခန့်မှန်းထားသည်ထက် နှင်းမုန်တိုင်းကျရောက်မှုမှာ ပိုမိုဆိုးရွားခဲ့သည်ကို ဝန်ခံရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နယူးယောက်မြို့တွင် နှင်းထုသည် ၉၁ ဒသမ ၄၄စင်တီမီတာအထိရှိခဲ့ကြောင်း၊ ယင်းကဲ့သို့နှင်းများထူထပ်စွာ ကျဆင်းခဲ့မှုကြောင်း ကျောင်းများပိတ်ထားခဲ့ရပြီး လေယာဉ်ခရီးစဉ်များကိုလည်း ဖျက်သိမ်းခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

ထိုကဲ့သို့နှင်းမုန်တိုင်းများ တိုက်ခတ်နေစဉ်အတွင်း ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုနှင့်လည်း ရင်ဆိုင်နေရကြောင်းဖြင့် ဒေသဆိုင်ရာရဲတပ်ဖွဲ့ဝင်များက ပြောကြားခဲ့သည်။

မာရှ်ဖီးလ်နှင့် မန်ဆာချူးဆက်ပြည်နယ်တို့တွင် ပင်လယ်ဒီရေသည် ၅၀ ကီလိုမီတာခန့်အထိ တက်လာခဲ့သဖြင့် ပင်လယ်ကမ်းခြေဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအား သတိပြု၍နေထိုင်ကြရန်နှင့်နောက်ထပ် ဒီလှိုင်းများလည်း ဖြစ်ပေါ်လာနိုင်သေးကြောင်း သတိပေးပြောကြားခဲ့သည်။



# မိုဇမ်ဘစ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူဦးရေ တိုးလာ

အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် မိုဇမ်ဘစ်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ ယခုလက်ရှိအချိန်အထိ လူပေါင်း ၁၁၇ ဦး သေဆုံးခဲ့ပြီး သေဆုံးသူဦးရေမှာ တိုးလာနိုင်ကြောင်းဖြင့် မိုဇမ်ဘစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ပြောကြားချက်ကို ရိုက်တာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

မိုဇမ်ဘစ်နိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှုများမှာ အဆိုးရွားဆုံးဖြစ်ပြီး လူအသေအပျောက် အများဆုံးသောဒေသဖြစ်နေကြောင်း၊ ဇန်နဝါရီ ၂၅ရက်အထိ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် လူပေါင်း နှစ်သိန်းကျော်မှာ ရေဘေးဒုက္ခကို ခံစားခဲ့ကြရကြောင်းဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများကြောင့် ကျောင်းပေါင်း ၁၄၀၀ ကျော်ပျက်စီးခဲ့ရပြီး ကျောင်းသားပေါင်း ၇၈၀၀၀ ကျော်မှာ စာသင်ကြားမှုများ ရပ်ဆိုင်းခဲ့ရသည်ဟု အဆိုပါသတင်းတွင်ဖော်ပြထားသည်။

ထို့ပြင် မိုဇမ်ဘစ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ စိုက်ပျိုးမြေဧက ဟက်တာပေါင်း ၃၃၇၀၀ ပျက်စီးခဲ့ရပြီး လမ်းများတံတားများလည်းပျက် စီးခဲ့ရကြောင်းဖြင့် ဖော်ပြထားသည်။

ရေလွှမ်းမိုးခံရသည့်ဒေသခံများအား ရေဘေးမှလွတ်ရာသို့ ရွှေ့ပြောင်းပေးထားပြီး ကယ်ဆယ်ရေးစခန်းပေါင်း ၂၀၀၀ ကျော်ကို ဖွင့်လှစ်ကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂ၏ သတင်းထုတ်ပြန်ချက်များအရ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အာဖရိကနိုင်ငံများဖြစ်သည့် မိုဇမ်ဘစ်၊ မာလာဝီ၊ မဒါဂါစကာ၊ ဇင်ဘာဘွေ၊ ဇမ်ဘီယာနိုင်ငံတို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် လူပေါင်းတစ်သန်းခန့် ရေလွှမ်းမိုးမှုကိုခံခဲ့ရကြောင်း၊ တချို့သောသူများမှာ အိမ်ကိုလက်လွှတ်ထားပြီး ထွက်ပြေးခဲ့ရကြောင်းဖြင့် ဖော်ပြထားသည်။

မာလာဝီသမ္မတ ပီတာမူသရီကာက "ကျွန်တော်တို့နိုင်ငံဟာ အရမ်းကို ဆင်းရဲတဲ့နိုင်ငံတစ်နိုင်ငံပါ။ နိုင်ငံရဲ့စီးပွားရေးကို တိုးတက်အောင်လုပ်နေတဲ့ အချိန်မှာ ခုလို မိုးရွာပြီးရေတွေကြီးသွားတဲ့အတွက် နိုင်ငံရဲ့စီးပွားရေးဟာ ၅ ဒသမ ၈ ရာခိုင်နှုန်းလောက် ကျဆင်းသွားမှာပါ"ဟု ပြောကြားခဲ့သည်။

Domestic Sport News
Vol: 15, No.5 Monday Feb 2 2015



# အာရှယူ-၂၃ခြေစစ်ပွဲတွင် မြန်မာပါဝင်သည့်အုပ်စု(စ)ပွဲစဉ်များကို တရုတ်(တိုင်ပေ)တွင်ကျင်းပမည် မြန်မာနှင့်အိမ်ရှင်တရုတ်(တိုင်ပေ)တို့ ပွဲဦးထွက်တွေ့ဆုံ

၂၀၁၆ အေအက်ဖ်စီယူ-၂၃ ခြေစစ်ပွဲများကို လာမည့် မတ် ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာအသင်းပါဝင်သည့် အုပ်စု(စ)ပွဲစဉ်များကို တရုတ်(တိုင်ပေ)ရှိ Kaoh-siung City တွင်ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာရှယူ-၂၃ချန်ပီယံရှစ်ခြေစစ်ပွဲအုပ်စု(စ)တွင် မြန်မာယူ-၂၃ အသင်းနှင့်အတူ အိမ်ရှင်တရုတ်(တိုင်ပေ)ယူ-၂၃၊ ဩစတြေးလျ ယူ-၂၃၊ ဟောင်ကောင်ယူ-၂၃အသင်းတို့ပါဝင်လျက်ရှိသည်။

မြန်မာယူ-၂၃အသင်းသည် မတ်လ ၂၇ရက်နေ့တွင်အိမ်ရှင်တရုတ်(တိုင်ပေ)အသင်း၊ မတ်လ ၂၉ရက်နေ့တွင် ဟောင်ကောင်အသင်း၊ မတ် ၃၁ရက်တွင် ဩစတြေးလျအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာယူ-၂၃အသင်းတွင် (ဂိုး) ဇော်ဇော်နိုင်၊ ကျော်ဇင်ဖြိုး၊ အောင်ဝေဖြိုး၊ ရန်အောင်လင်း၊ (နောက်) ရဲဝင်းအောင်၊ စည်သူအောင်၊ ဇော်ဝင်း၊ ဇာနီထက်၊ အောင်ကျော်နိုင်၊ သိန်းနိုင်ဦး၊ ဟိန်းသီဟဇော်၊ နေဇော်အောင်၊ တလျှန်ဟပ်သန်း၊ ဖိလစ်ထွန်း၊ ကိုကိုဟိန်း၊ သိန်းဇော်၊ (လယ်) သန်းထက်အောင်၊ ကောင်းဆက်နိုင်၊ ညီညီမင်း၊ ဇွန်မိုးအောင်၊ အောင်ရှိုးသာမောင်၊ မျိုးမင်းဇော်၊ ရဲလင်းအောင်၊ ဖြိုးကိုကိုသိန်း၊ သက်ပိုင်ဦး၊ ဝင်းဇင်ဦး၊ နေလင်းထွန်း၊ ငြိမ်းတေဇာဝင်း၊ ဆွမ်လမ်မန်၊ လာဒင်မာဂီယာ၊ လှိုင်ဘိုဘို၊ ဇင်ဖြိုးအောင်၊ (ရှေ့) ဒွေးကိုကိုချစ်၊ ချစ်စုမိုး၊ ရန်နိုင်ထွေး၊ ဇင်မင်းထွန်း၊ စိုးပိုင်သွေး၊ ထက်ဇော်ထွန်းတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါမြန်မာယူ-၂၃အသင်းအား နည်းပြချုပ်အဖြစ် ဆားဘီးယားနိုင်ငံသား အဗရာဟီမိုဗစ်ကို ခန့်ထားကာ လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။

မြန်မာယူ-၂၃အသင်းသည် မတ်လ ၂၁ရက်နေ့တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

၂၇-၃-၁၅ ဩစတြေးလျ - ဟောင်ကောင်
၂၇-၃-၁၅ မြန်မာ - တရုတ်(တိုင်ပေ)
၂၉-၃-၁၅ ဟောင်ကောင် - မြန်မာ
၂၉-၃-၁၅ တရုတ်(တိုင်ပေ) - ဩစတြေးလျ
၃၁-၃-၁၅ ဩစတြေးလျ - မြန်မာ
၃၁-၃-၁၅ တရုတ်(တိုင်ပေ) - ဟောင်ကောင်

# ရတနာပုံအသင်း ပြည်ပနည်းပြတစ်ဦးခန့်အပ်ရန် စီစဉ်

ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းသည် အသင်း၏ နည်းပြအဖွဲ့က အင်အားတောင့်တင်းလာစေရန် ရည်ရွယ်၍ ဆွစ်ဇာလန်နိုင်ငံသားနည်းပြတစ်ဦးကို ခေါ်ယူသွားဖွယ်ရှိနေကြောင်း သိရသည်။

ရတနာပုံအသင်းသည် ၂၀၁၄ခုနှစ်အတွင်းကကျင်းပခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ချန်ပီယံဆုကို ရရှိခဲ့ပြီးနောက် အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ခြေစစ်ပွဲမှတစ်ဆင့်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ထို့ကြောင့် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက အသင်းအတွက် ကျပ်သိန်းပေါင်း ၁၅၀၀၀ သုံးစွဲသွားမည်ဟုဆိုသည်။

ရတနာပုံအသင်းသည် ယခုလက်ရှိ ၂၀၁၅ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ နှစ်ပွဲကစားပြီးချိန်တွင် ရမှတ်လေးမှတ်သာရယူထားနိုင်ခဲ့သည်။ ရတနာပုံအသင်းသည် အဆိုပါပြိုင်ပွဲ၏ ရင်ဆိုင်ရခက်ခဲသည့် မကွေးအက်ဖ်စီအသင်းနှင့် နေပြည်တော်အက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် မကွေးအက်ဖ်စီအား တစ်ဂိုးစီ သရေရလဒ်ရရှိခဲ့ပြီး နေ ပြည်တော်အသင်းအား တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ ဇယားတိုင်၏အဆင့်သုံးနေရာသို့ တက်လှမ်းလာခဲ့သည်။

သို့သော် ရတနာပုံအသင်းအနေဖြင့် ခက်ခဲသည့် မြန်မာနေရှင်နယ်လိဂ်မှ ပြိုင်ဘက်များ၊ အာရှချန်ပီယံလိဂ်ပွဲမှ ပြိုင်ဘက်များနှင့် ဆက်လက်ယှဉ်ပြိုင်ရဦးမည်ဖြစ်ရာ အာရှအဆင့်ပြိုင်ပွဲများတွင် ထိုက်သင့်သောအောင်မြင်မှုများရရှိနိုင်ရန်အတွက် ပြည်ပနည်းပြတစ်ဦးကို ငှားရမ်းရန် စီစဉ်နေခြင်းဖြစ်သည်။

ရတနာပုံအသင်းသည် အာရှချန်ပီယံလိဂ် ပထမအဆင့် ခြေစစ်ပွဲအဖြစ် စင်ကာပူကလပ်ဝါရီယာအသင်းနှင့် မန္တလာသီရိကစားကွင်းတွင် ဖေဖော်ဝါရီ ၄ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# ရန်ကုန်နည်းပညာတက္ကသိုလ်(ယခင်စက်မှုတက္ကသိုလ်) ဘောလုံးကွင်းအား ပြုပြင်မွမ်းမံမှုများ ပြုလုပ်လျက်ရှိ



ယခင်ခေတ်က အစဉ်အလာရှိခဲ့သည့် ရန်ကုန်စက်မှုတက္ကသိုလ် (ယခုနည်းပညာတက္ကသိုလ်) ဘောလုံးကွင်းအားပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရေးအတွက် ပြုပြင်မွမ်းမံမှုများပြုလုပ်လျက်ရှိကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် တက္ကသိုလ်ဘောလုံးလောကတွင် အစဉ်အလာ ကြီးမားခဲ့သည့် ရန်ကုန်စက်မှုတက္ကသိုလ်ဘောလုံးကွင်းတွင်ဘောလုံးပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနိုင်ရေး၊ လေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရေးတို့အတွက် ပြုပြင်မွမ်းမံမှုများကို စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီလ ၂၉ရက်နေ့ကရန်ကုန်နည်းပညာတက္ကသိုလ်သို့ သွားရောက်၍ အဆိုပါတက္ကသိုလ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ယခင်စက်မှုတက္ကသိုလ်ဘောလုံးအားကစားလောက ပြန်လည် ဖွံ့ဖြိုးလာရေးနှင့် တက္ကသိုလ်ကွင်းတွင်ဘောလုံးပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်အနေဖြင့် လက်ရှိနည်းပညာတက္ကသိုလ်(ရန်ကုန်)ဘောလုံးကွင်းအား ပြုပြင်မွမ်းမံပေးလျက်ရှိပြီး နည်းပညာတက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲများ ကျင်းပပေးနိုင်ရေးနှင့် ဘောလုံးသမားများ လေ့ကျင့်ပေးနိုင်ရေးတို့ကိုလည်း ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# ယခုနှစ်ဘောလုံးရာသီတွင် ဧရာဝတီယူနိုက်တက်အသင်း ကျပ်သိန်းပေါင်း ၁၃၀၀၀ အသုံးပြုသွားမည်

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ဧရာဝတီယူနိုက်တက်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ငွေကျပ်သိန်းပေါင်း ၁၃၀၀၀ အကုန်အကျခံ၍ အသင်းကို ဖွဲ့စည်းပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဧရာဝတီယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးမင်းလှိုင်က ပြောကြားခဲ့သည်။

ဧရာဝတီယူနိုက်တက်အသင်းသည် ယခုနှစ် ဘောလုံးရာသီအစတွင် ချာရတီ ကွင်းဖွင့်ဖလားချန်ပီယံအဖြစ် တာထွက်လှပခဲ့သည်။ ထို့ပြင် ပြီးခဲ့သည့်ရာသီကရှုံးထွက်ချန်ပီယံဆုကိုရရှိခဲ့သဖြင့် အေအက်ဖ်စီဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားသည့် အသင်းတစ်သင်းဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဧရာဝတီအသင်း ဥက္ကဋ္ဌ ဦးမင်းလှိုင်က “ကျွန်တော်တို့ ဒီနှစ်မှာ ကျပ်သိန်းပေါင်း ၁၃၀၀၀ လောက်သုံးစွဲသွားမှာပါ။ ကစားသမားဖြည့်တင်းမှုတွေလည်း ပြုလုပ်ထားပါတယ်။ ဒီနှစ်မှာ ကျွန်တော်တို့အနေနဲ့ လိဂ်ပြိုင်ပွဲရဲ့ချန်ပီယံဆုကို ရရှိနိုင်ဖို့ ရည်ရွယ်ထားတာကြောင့် ပြည်ပကစားသမားရော နည်းပြကိုပါ ခေါ်ယူထားတာပါ။အခုဆိုရင် အိမ်ကွင်းလည်း ရှိနေပြီဖြစ်တဲ့အတွက် ပရိသတ်တွေရဲ့အားပေးမှုကိုလည်း ပိုမိုရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကောင်းမွန်တဲ့အနေအထားတစ်ရပ်ကို ရောက်ရှိလာမှာဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။



ဧရာဝတီ ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ၂၀၁၄ ဘောလုံးရာသီကတည်းက အိမ်ကွင်းအဖြစ် အသုံးပြုရန်ကြိုးပမ်းခဲ့သည့် ကျောက်တိုင်ကွင်းကို ပြန်လည်ပြင်ဆင်ခဲ့ပြီး ဇန်နဝါရီ ၂၄ ရက် ညနေပိုင်းက ဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ခဲ့သည်။

အဆိုပါ ကျောက်တိုင်ကွင်းတွင် ဧရာဝတီယူနိုက်တက်အသင်းသည် ၂၀၁၅ခုနှစ်မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် (၃)အဖြစ် မနောမြေအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည်။ ထိုပွဲတွင် ဧရာဝတီအသင်းက မနောမြေအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းအနိုင်ရလဒ်ကြောင့် ဧရာဝတီယူနိုက်တက်ကစားသမားများသည် အသင်းပိုင်ရှင်များမှပေးအပ်သည့် ဆုကြေးငွေ ကျပ်သိန်း၃၀နှင့်ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ပေးအပ်ချီးမြှင့်သည့်ကျပ် ၁၀သိန်း အပါအဝင် ဆုကြေးငွေကျပ်သိန်း ၄၀ ရရှိခဲ့သည်။

# ဖီဖာဥက္ကဋ္ဌရွေးချယ်ပွဲသို့ ပေါ်တူဂီဘောလုံးသမား ဖီဂို ဝင်ရောက်ယှဉ်ပြိုင်မည် ဝင်ရောက်ယှဉ်ပြိုင်မည့်သူ ခြောက်ဦးထွက်ပေါ်လာ



ပေါ်တူဂီလက်ရွေးစင်အသင်း၏ ဂန္တဝင်ဘောလုံးသမား တစ်ဦးဖြစ်သည့် လူးဝစ်ဖီဂိုသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ဥက္ကဋ္ဌအဖြစ် ဝင်ရောက်ယှဉ်ပြိုင် ရွေးချယ်ခံမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

လူးဝစ်ဖီဂိုအား ဖီဖာအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံ၏ထောက်ခံပေးမှုဖြင့် အဆိုပါ ရွေးချယ်ပွဲသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဖီဂိုသည် ချဲလ်ဆီးအသင်း၏ မန်နေဂျာ ဂျိုစေမော်ရင်ဟိုနှင့် ဆောက်သမ်ပတန်အသင်း၏ မန်နေဂျာဖြစ်သူ ရော်နယ်ကိုးလ်မန်းတို့ကို ကျောထောက်နောက်ခံပြု၍ အဆိုပါ ဖီဖာဥက္ကဋ္ဌရာထူး ရွေးချယ်ပွဲသို့ ဝင်ရောက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ဂင်းနှင့်အတူ အဆိုပါရာထူးနေရာသို့ ဒေးဗစ်ဂျီနိုလာလည်း ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံမည်ဖြစ်ကြောင်း သိရသည်။ ဒေးဗစ်ဂျီနိုလာသည် ဖီဖာအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံ၏ ထောက်ခံမှုကို ရယူထားသူတစ်ဦးဖြစ်သည်။

ရွေးချယ်ပွဲသို့ ဝင်ရောက်မည့်ကိစ္စနှင့်ပတ်သက်၍ ဖီဂိုက "ကျွန်တော် ဘောလုံးနဲ့ ပတ်သက်လာရင် အမြဲစိတ်ဝင်တစားနဲ့ဂရုတစိုက်ရှိပါတယ်။ ဖီဖာရဲ့လှုပ်ရှားမှုတွေမှန်သမျှကို ကျွန်တော်သိနေပါတယ်။ အဲဒီကိစ္စတွေကိုလည်း ကျွန်တော် သဘောမတွေ့ခဲ့ပါဘူး"ဟု စီအန်န်အန်န်သတင်းဌာနသို့ပြောကြားခဲ့သည်။

အသက် ၄၂နှစ်ရှိပြီဖြစ်သည့် ဖီဂိုသည် စပို့တင်းလစ္စဘွန်း၊ ဘာစီလိုနာ၊ ရီးရဲလ်မက်ဒရစ်နှင့် အင်တာမီလန်တို့တွင်ကစားခဲ့ဖူးကာ ၂၀၀၀ ပြည့်နှစ်တွင် Ballon d'Or ဆုနှင့် ၂၀၀၁ခုနှစ်တွင် ဖီဖာ၏အကောင်းဆုံး ဘောလုံးသမားဆုကို ရရှိခဲ့သည်။

ဖီဂိုနှင့်အတူ ဖီဖာဥက္ကဋ္ဌရာထူးနေရာသို့ ဝင်ရောက်ရွေးချယ်ခံမည့်သူများမှာ လက်ရှိဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာ၊ လက်ရှိ ဖီဖာဒုတိယဥက္ကဋ္ဌ ဂျော်ဒန်အိမ် ရှေ့မင်းသား အလီဘင်အယ်လ်ဟူစိန်၊ အေဂျက်အသင်း၏ ဥက္ကဋ္ဌဟောင်း မိုက်ကယ်လ်ဗန်ပရက်ဂ်၊ ဆပ်ဘလတ္တာနှင့် အနီးကပ်နေခဲ့ဖူးသူ ဂျရိုမီကမ်ပိန်းနှင့် တော့တင်ဟမ်နှင့် ပြင်သစ်လက်ရွေးစင် တောင်ပံကစားသမား ဒေးဗစ်ဂျီနိုလာတို့ဖြစ်ကြသည်။

ဖီဖာသည် ၂၀၁၈နှင့် ၂၀၂၂ ကမ္ဘာ့ဖလား ကျင်းပမည့်နိုင်ငံများ ရွေးချယ်ထားမှုနှင့်ပတ်သက်၍ဝေဖန်ခံနေရသည်။



# တောင်ကိုရီးယားရေကူးချန်ပီယံ တားမြစ်ဆေးဝါး သုံးစွဲမှုဖြင့် အိုလံပစ်ရွှေတံဆိပ် ပယ်ဖျက်ခံရ


တောင်ကိုရီးယားအိုလံပစ် ရေကူးရွှေတံဆိပ်ဆုရှင် ပက်တေးဟွမ်သည် တားမြစ်ဆေးဝါးများသုံးစွဲပြီး ပြိုင်ပွဲဝင်ခဲ့မှုကြောင့် ဂင်းရရှိခဲ့သည့် အိုလံပစ်ရွှေတံဆိပ်ဆုအား ပယ်ဖျက်ခြင်းခံရကြောင်း တောင်ကိုရီးယားနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ ထုတ်ဖော်ကြေညာခဲ့သည်။

အဆိုပါဆေးစစ်ခြင်းကို ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်းက တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် အင်ချုံးအာရှအားကစားပြိုင်ပွဲ မတိုင်မီ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပက်သည် အာရှအားကစားပြိုင်ပွဲမတိုင်မီက အရိုးအကြောအဆစ်များ သန်မာစေရန်ထိုးသည့် ဆေးကိုထိုးခဲ့ကြောင်းဖြင့်ပက်၏ကိုယ်စားလှယ်က ပြောကြားခဲ့သည်။

"ရေပျော်လူသား"ဟု အမည်ပြောင်ပေးခြင်း ခံထားရသည့် ပက်သည် တောင် ကိုရီးယားနိုင်ငံ၏ နာမည်ကျော်ရေကူးချန်ပီယံတစ်ဦးလည်းဖြစ်သည်။ သူသည် ဘေဂျင်းအိုလံပစ်နှင့် လန်ဒန်အိုလံပစ်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ်ဆုနှင့် ငွေတံဆိပ် ဆုရရှိထားသူဖြစ်သည်။

အဆိုပါဖြစ်ရပ်ကြောင့် ပက်အနေဖြင့် အပြည်ပြည်ဆိုင်ရာတားမြစ်ဆေးဝါး ထိန်းချုပ်ရေးကော်မတီ၏ စစ်ဆေးမေးမြန်းခြင်းကိုလည်း ရင်ဆိုင်ရဦးမည်ဖြစ်ကြောင်း ယွန်ဟပ်သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။



# ဗီလာရီးယဲလ်တိုက်စစ်မှူး ဂါဘရီရယ်လ်ကို အာဆင်နယ် အပြီးသတ်ခေါ်ယူ

အာဆင်နယ်အသင်းသည် ဗီလာ ရီးယဲလ်တိုက်စစ်မှူး ဂါဘရီရယ်လ်ပေါ်လစ္စတာကို အပြီးသတ်စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ ဂင်းအားခေါ်ယူမှုနှင့်ပတ်သက်၍ အာဆင်နယ်အသင်းအနေဖြင့် အလုပ်လုပ်ခွင့်ပါမစ်ကိစ္စအပါအဝင် ကြန့်ကြာမှုအချို့နှင့် ကြုံခဲ့ရသော်လည်း မန်နေဂျာ အာစင်ဝင်းဂါးအနေဖြင့် ဂင်း၏ပစ်မှတ်ဖြစ်သည့် ဂါဘရီရယ်ကို ခေါ်ယူနိုင်ခဲ့ ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ဗီလာရီးယဲလ်နှင့် အပြန်အလှန်သဘောတူညီမှုအရ တောင်ပံတိုက်စစ်သမား ဂျိုဝယ်လ်ကမ့်ဘဲလ်ကို ဗီလာရီးယဲလ်ထံသို့ ရာသီကုန်သည်အထိ အငှားစေလွှတ်ပေးရန် သဘောတူညီခဲ့ရသည်။

ဂါဘရီရယ်လ်သည် လက်ရွေးစင်အသင်းအတွက် တစ်ပွဲမျှမကစားဘူးသေးသော်လည်း အထူးခွင့်ပြုချက်ဖြင့် ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ဂါဘရီရယ်လ်အား အာဆင်နယ်အသင်းက ပြောင်းရွှေ့ကြေး ယူရို ၁၈သန်းပေးရန် သဘောတူညီခဲ့ရသည်။ အာဆင်နယ်အသင်းသို့ရောက်ရှိလာသည့် ဂါဘရီရယ်လ်က "အာဆင်နယ်အသင်းကစားတဲ့ပွဲတွေကို ကျွန်တော် စောင့်-ကြည့် ခဲ့ဖူးပါတယ်။အာဆင်နယ်ဟာ ထိပ်တန်းအသင်းတစ်သင်းဖြစ်တယ်ဆိုတာ ကို အဲဒီအချိန်ကတည်းက သဘောပေါက်ခဲ့တာပါ။ အာဆင်နယ်ဟာ အနာဂတ်မှာ အသင်းအတွက် အရေးပါတဲ့ဆုဖလားတွေကိုရယူဖို့ တိုက်ပွဲဝင်နေမှာပါ"ဟုပြောကြားခဲ့သည်။

# ပြိုင်ဘက်ကို တက်နင်းခဲ့သည့်အတွက် ကော်စတာကို အက်ဖ်အေ စွဲချက်တင်

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်(FA)သည် လီဗာပူးကွင်းလယ်လူ အမ်မရီကန်ကို တက်နင်းခဲ့သည့် ချဲလ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာကို စွဲချက်တင်ခဲ့ကြောင်း သိရသည်။

ပြိုင်ဘက်ကစားသမားကို အကြမ်းပတမ်းပြုမှုဖြင့် ကော်စတာကို စွဲချက်တင်ခဲ့ခြင်းဖြစ်ကြောင်း အက်ဖ်အေက ကြေညာခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ကက်ပီတယ်ဝမ်းဖလား အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ် တစ်ပွဲဖြစ်သည့် ချဲလ်ဆီးနှင့် လီဗာပူးတို့၏ပွဲစဉ်ကို စတန်းဖို့ဒ်ဘရစ်ချ်တွင်ကျင်းပခဲ့ရာ ချဲလ်ဆီးက လီဗာပူးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပွဲစဉ်တွင် ကော်စတာသည် အမ်မရီကန်၏ ခြေကျင်းဝတ်ကို တမင်တက်နင်းခဲ့ကြောင်း ဗီဒီယိုအနှေးပြကွက်များတွင် တွေ့ရှိခဲ့ရသဖြင့် ယခုကဲ့သို့ စွဲချက်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

ယင်းပွဲ၏ ကွင်းလယ်ဒိုင်လူကြီး မိုက်ကယ်အိုလီဗာက အဆိုပါဖြစ်ရပ်ကို တစ်စုံတစ်ရာ အရေးမယူရခြင်းမှာ ဒိုင်လူကြီးလေးဦးစလုံး မမြင်တွေ့ခဲ့၍ဖြစ်သည်ဟု FA က အတည်ပြုခဲ့သည်။ FA က ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်ခဲ့ပါက သုံးပွဲပယ်ပြစ်ဒဏ်အထိ အမြင့်ဆုံးချမှတ်ခံရနိုင်ကြောင်း သိရသည်။

# ခရစ္စတင်းဟမ်းမားနှင့် ထိုးသတ်မည့်အစား ဒီအွန်နေဝီလ်ဒါနှင့် ထိုးသတ်ရန် တိုင်ဆန်ဖူရေးအတွက် ဖရန့်ဝါရန်းညှိနှိုင်းလျက်ရှိ

ဗြိတိသျှကြေးစားလက်ဝှေ့သမား တိုင်ဆန်ဖူရေးအနေဖြင့် ခရစ္စတင်းဟမ်းမားနှင့် ထိုးသတ်မည့်အစား ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ အသစ်စက်စက်ဖြစ်လာသည့် ဒီအွန်နေဝီလ်ဒါနှင့်ထိုးသတ်နိုင်ရန် အဆိုပါလက်ဝှေ့ပွဲအားစီစဉ်သူ ဖရန့်ဝါရန်းက ညှိနှိုင်းလျက်ရှိကြောင်း သတင်းများက ဖော်ပြထားသည်။

တိုင်ဆန်ဖူရေးနှင့် ခရစ္စတင်းဟမ်းမားတို့သည် လာမည့်ဖေဖော်ဝါရီလအတွင်းတွင် O2 အရီယာနာ၌ထိုးသတ်ရန် စီစဉ်ထားပြီးဖြစ်သော်လည်း ပွဲသွင်းသူ ဖရန့်ဝါနာအနေဖြင့်အဆိုပါပွဲကိုပရိသတ်များ စိတ်ကြိုက်မတွေ့မည်စိုးသဖြင့် ပွဲဖျက်သိမ်းရန် စီစဉ်နေခြင်းဖြစ်သည်။

ဖူရေးအနေဖြင့် ဒီအွန်နေဝီလ်ဒါ ကို စိန်ခေါ်ရန် ဖရန့်ဝါရန်းက ပြောကြားလျက်ရှိပြီး သဘောတူညီချက်ရရှိပါက အဆိုပါပွဲသည် ပက်ကီအိုနှင့် ဖလွိုက်မေဝဲသားတို့ကဲ့သို့ ကမ္ဘာကျော်မည့် ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဟု ယုံကြည်ထားကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါပွဲသည် အမေရိကန်၏ Box Office တွင် လူအများစိတ်ဝင်စားမှုရှိပြီး အကြီးမားဆုံးသော အမြတ်အစွန်းရရှိသည့် ပွဲတစ်ပွဲဖြစ်လာနိုင်သည်ဟု ဂင်းကခန့်မှန်းထားသည်။ ဝါရန်းအနေဖြင့် ဝီလ်ဒါ၏ အကြံပေးဖြစ်သူ အယ်လ်ဟေမွန်နှင့် စကားပြောဆိုခဲ့ပြီး ကတိစကားများ လက်ခံရရှိခဲ့သည်ဟု ဆိုသည်။

ဖူရေးသည် ဂင်း၏ ဆုကြေးစားသက်တမ်းတစ်လျှောက် ၂၃ ပွဲထိုးသတ်ခဲ့ရာ ၁၇ပွဲမှာ အလဲထိုးပွဲဖြစ်ခဲ့သည်။ ဟဲဗီးဝိတ်ချန်ပီယံလက်သစ် ဒီအွန်နေဝီလ်ဒါသည်လည်း ၃၃ ပွဲ ထိုးသတ်ခဲ့ရာတွင် ၃၂ ပွဲမှာ အလဲထိုးပွဲဖြစ်ခဲ့ပြီး တစ်ပွဲမှာ ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သည်။

## နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှု တတိယလှိုင်းနဲ့ တာဝန်ခံတာဝန်ယူမှုစနစ် သုံးသပ်ဆွေးနွေးပွဲ မန္တလေးမြို့တွင်ကျင်းပ

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု တတိယလှိုင်းနဲ့ တာဝန်ခံ၊ တာဝန်ယူမှုစနစ်အပေါ် သုံးသပ်ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက်နေ့က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမမှာ ကျင်းပရာ မန္တလေးခရိုင်အတွင်းရှိ ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း အမှုထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြပါတယ်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး နိုင်ငံတော်သမ္မတရဲ့ စီးပွားရေးအကြံပေး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်ရဲ့ ကိုယ်ရေးအကျဉ်းအား ဖတ်ကြားပါတယ်။ ဆက်လက်ပြီး နိုင်ငံတော်သမ္မတရဲ့ စီးပွားရေးအကြံပေးပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး တတိယလှိုင်းနဲ့ တာဝန်ခံ၊ တာဝန်ယူမှု အပေါ် ဝန်ထမ်းများ ပြောင်းလဲရမည့်စိတ်ပိုင်းဆိုင်ရာ ခံယူချက်များ၊ ပြည်သူဗဟိုပြုဆောင်ရွက်ပေးရမည့် ဝန်ဆောင်မှုများ အစိုးရဌာနဆိုင်ရာနဲ့ ပုဂ္ဂလိကလုပ်ငန်းများ ဟန်ချက်ညီစွာ ဒီမိုကရေစီစနစ်နှင့်အညီ လိုက်ပါ ပြောင်းလဲရမည့် လုပ်ငန်းစဉ်များ၊ ဝန်ထမ်းတစ်ဦးချင်း၊ အစုအဖွဲ့လိုက်တာဝန်ခံမှုတာဝန်ယူမှုလုပ်ငန်းများကို ရှင်းလင်းဟောပြောဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးခြင်းများအား ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရပါတယ်။

**မောင်ပြည်သူ(မန္တလေး)**

## ဖျာပုံတွင် EDNA Myanmar နဲ့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတို့ပူးပေါင်း၍ တတိယအကြိမ် လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေးဆွေးနွေးပွဲ ကျင်းပပြုလုပ်

ဖျာပုံမြို့နယ်မှာ အာရှစွန့်ဦးတီထွင်စီးပွားရေးစွမ်းဆောင်ရည်ဖွံ့ဖြိုးမှုကွန်ရက် (မြန်မာ) Entrepreneurship Development Network Asia Myanmar (EDNA Myanmar) နဲ့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပပြုလုပ်တဲ့ တစ်ပိုင်တစ်နိုင်နဲ့ အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် စွန့်ဦးတီထွင် စီးပွားရေးစွမ်းဆောင်မှု နည်းပညာနဲ့ လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက်က ဖျာပုံမြို့၊ သီရိအဏ္ဏဝါခန်းမမှာ တတိယအကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားမှာ Original Group Co.Ltd မှ ဒါရိုက်တာဒေါ်ချိုသာခင်က ဆောက်လုပ်ရေးလုပ်ငန်းရဲ့ အခြေခံမှ စတင်သင်ယူခဲ့ပုံ၊ လုပ်ငန်းအောင်မြင်မှုရဲ့ လျှို့ဝှက်ချက်များ၊ အလုပ်အပေါ် လေးစားစွာလုပ်ဆောင်ပုံ၊ ကိုယ့်ဝန်ထမ်းများကို မိသားစုသဖွယ် ကူညီစောင့်ရှောက်ပုံများ၊ ငယ်ရွယ်စဉ်မှာပင် ဈေးကွက်တစ်ခုကို ဖန်တီးရယူပုံများ၊ ဖောက်သည်ထိန်းသိမ်းနည်းများကို တင်ပြဆွေးနွေးခြင်းဖြင့်လည်းကောင်း၊ ရွှေမုဒြာ Travel & Tours Co.Ltd မှ MD ဒေါ်ချောစုလှိုင်က ခရီးသွားဝန်ဆောင်မှုလုပ်ငန်းရဲ့ အရေးပါတဲ့သော့ချက်ဖြစ်တဲ့ ခရီးသည်များရှာဖွေစုဆောင်းပုံ၊ ခရီးသည်များကို နွေးထွေးပျူငှာစွာ ဧည့်ဝတ်ပြုကာ ခရီးစဉ်တစ်လျှောက်လုံးကို ဝန်ဆောင်မှုပေးပုံများ၊ ကုသိုလ်လည်း ရ၊ ဝမ်းလည်းဝစေမယ့်အကြောင်းများကို ဆွေးနွေးမျှဝေခြင်းဖြင့်လည်းကောင်း၊ ဒေါ်မွန်မွန်မြင့် (Mon Mon Beauty Saloon) က အလှအပရေးရာနဲ့ ပတ်သက်တဲ့ အလှပြင်ဆင်ခြင်းလုပ်ငန်း၊ ပန်းအလှပြုပြင်ခြင်းလုပ်ငန်း၊ အခမ်းအနား ပြင်ဆင်ခြင်းလုပ်ငန်း၊ လုပ်ငန်းစတင်ထူထောင်ပုံမှစပြီး လုပ်ငန်းချဲ့ထွင်အောင်မြင်ခဲ့ပုံနဲ့ ၂၅ နှစ်ကျော် ဖြတ်သန်းခဲ့ရတဲ့ တန်ဖိုးရှိလှတဲ့ အတွေ့အကြုံများကို လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက မိမိတို့ သိလိုတာများကို မေးမြန်းခြင်း၊ ရှင်းလင်းခြင်းများ ပြုလုပ်ခဲ့တယ်လို့သိရပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

## ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၊ ပီလောပီနံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ ပညာရှင်များ ကွင်းဆင်းလေ့လာ

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ဒေသထွက်၊ ပီလောပီနံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှပီလောပီနံပညာရှင် ဒေါက်တာတင်မောင်အေးနဲ့ နိုင်ငံတကာမှပညာရှင်များ၊ ထုတ်လုပ်သူများ အင်ဂျင်နီယာများနှင့် ကုမ္ပဏီအမှုဆောင်များ စုစုပေါင်း ၃၃ ဦးဟာ ဇန်နဝါရီ ၂၈ ရက်မှာ တိုင်းကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် ဦးစီးအရာရှိ ဦးစိုးဦး၊ ရေကြည်၊ ကျုံပျော်ဒေသတာဝန်ခံများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းပီလောပီနံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရေးအသင်း ဥက္ကဋ္ဌ ဦးကျော်သူရ (ကျုံပျော်)နှင့် အသင်းသားများ၊ ကျုံပျော်၊ လေးမျက်နှာမြို့နယ်များမှ ကုန်သည်လုပ်ငန်းရှင် ကလောစက်ပိုင်ရှင်နှင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ စုစုပေါင်း ၇၀ ကျော်နှင့် တွေ့ဆုံခဲ့ပါတယ်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းညွှန်ကြားရေးမှူးက ပြည်ပနိုင်ငံသားများသည် ပီလောပီနံလုပ်ငန်းများ လေ့လာရာတွင် စိုက်ခင်းများ၊ ကလောစက်ရုံများကိုလည်း လေ့လာလိုတဲ့အတွက် ယခုလိုအောက်ခြေအထိ ဆင်းလာချိန်၊ မိမိတို့က အမှန်အတိုင်းတင်ပြဖို့လိုကြောင်း၊ သို့မှသာ ဘာကူညီရမလဲဆိုတာသိမှာဖြစ်ကြောင်း၊ သူတို့မှာ နည်းပညာနှင့် ငွေကြေးရှိပြီး မိမိတို့မှာလုပ်အားနှင့် ကုန်ပစ္စည်းများထွက်ရှိ၍ နိုင်ငံတကာနှင့်ပူးပေါင်းပြီး မိမိတို့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ဆွေးနွေးပြောကြားပါတယ်။

စကိုင်းနက်ရုပ်သံလွှင့်ဌာနမှ တိုင်းပီလောပီနံအသင်း ဥက္ကဋ္ဌ ဦးကျော်သူရထံ နိုင်ငံတကာပညာရှင်များ လာရောက်မှုနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာတွင် ဥက္ကဋ္ဌ ဦးကျော်သူရက "ပီလောပီနံစိုက်ပျိုးထုတ်လုပ်မှု နှစ်ပေါင်း ၅၀ အတွင်း ပြည်ပနိုင်ငံသားများ ပထမဦးဆုံးအကြိမ် လာရောက်လေ့လာခြင်းဖြစ်ကြောင်း၊ ပညာရှင်များကို မိမိတို့အသင်းမှဖိတ်ခေါ်၍ ဒေသ ရှိပီလောပီနံစိုက်ပျိုးထုတ်လုပ်မှုတွင် မျိုးပြောင်းလဲရေးနှင့် စိုက်ပျိုးရေးနည်းပညာများကို လိုအပ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ ပီလောပီနံစက်ရုံတည်ဆောက်စေလိုကြောင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် ပီလောပီနံထုတ်လုပ်မှုမှာ လုပ်အားခများ ဈေးမြင့်ပြီး ဈေးကွက်တွင် အခက်အခဲများရှိကြောင်း၊ မိမိတို့လုပ်ငန်းများ၏ ပကတိအခြေအနေမှန်ကို တင်ပြပြီး ပြည်ပအဆင့်မီထုတ်လုပ်တင်ပို့နိုင်ရေးနှင့် အထွက်နှုန်းတိုးရေး နည်းပညာအကူအညီများရယူပြီး ပူးပေါင်းဆောင်ရွက်နိုင်ရေး တင်ပြမှာဖြစ်ကြောင်း မိမိတို့မှာ တစ်ဧကကို ပိဿာချိန် ၃၀၀၀၊ ၃၅၀၀ သာထွက်ရှိပြီး နိုင်ငံတကာမှာ တစ်ဧက ပိဿာချိန် ၈၀၀၀၊ ၁၀၀၀၀ ခန့် ထွက်ရှိကြောင်း၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီယားနိုင်ငံများတွင် ဆန်ပြီးလျှင် အဓိက ပြည်ပပို့ကုန်မှာ ပီလောပီနံဖြစ်ကြောင်း၊မြန်မာနိုင်ငံ၏ပီလောပီနံ စိုက်ပျိုးထုတ်လုပ်မှုတွင် ကျုံပျော်မြို့နယ်မှ အများဆုံးဖြစ်ကြောင်း၊ အနာဂတ်မှာ ရေရှည်ရင်းနှီးမြှုပ်နှံ၍ အကျိုးစီးပွားဖြစ်ထွန်းနိုင်မည့် ကမ္ဘာ့တစ်ဝန်း စက်မှုကုန်ကြမ်း ပီလောပီနံ အသုံးပြုမှုကို ပြည့်ပြည့်စုံစုံရှင်းလင်း ပြောကြားခဲ့ပါတယ်။"

ဆက်လက်၍ ကျုံပျော်မြို့နယ် ပင်လုံရပ်ကွက်၊ ကလောစက်ပိုင်ရှင် ဦးမြင့်ကြိုင်၊ ကျုံပျော်မြို့နယ် ဒေါ်မလေးစုကျေးရွာ ကလောစက်ပိုင်ရှင် ဦးမိုးနိုင်၏ စက်ရုံဝင်းအတွင်း ပီလောပီနံအမှုန့်ပြုလုပ်နေပုံ လုပ်ငန်းအဆင့်ဆင့်ကို စိတ်ဝင်တစားမေးမြန်းခဲ့ပြီး လုပ်ငန်း၏ အားနည်းချက်များကိုလည်း ရှင်းလင်းခဲ့၍ မိမိတို့မှ ကူညီဖို့နှင့် လေ့လာရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း ယခုလိုအစစ်အမှန်မြင်တွေ့ရသည့်အတွက် လိုအပ်သည်များ ကိုလည်း ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ပြည်ပနိုင်ငံသားများက ပြောကြားခဲ့တယ်လို့ သိရပါတယ်။

**မင်းမင်းဦး**



## ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဈေးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးကွင်းဆင်းဆောင်ရွက်ခြင်း

စားသုံးသူပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို သိရှိနားလည်စေရန်နှင့် ကုန်စည်၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ဥပဒေ၏ အကာအကွယ်ပေးမှုများ ရရှိစေရန်ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် သင်္ဃန်းကျွန်းမြို့နယ်၊ စည်ပင်သာယာရေးကော်မတီမှ ဌာနစုမှူးနှင့် တာဝန်ရှိသူများ၊ သုဝဏ္ဏဈေးတာဝန်ခံ ဈေးသာယာရေးအဖွဲ့တို့နှင့်ပူးပေါင်း၍ ဇန်နဝါရီ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏဈေးရှိ ဈေးရောင်းချသူကိုယ်စားလှယ် ၃၅ ဦးအား ဈေးကော်မတီရုံးတွင်တွေ့ဆုံ၍ စားသုံးသူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများကို အသိပညာပေးခြင်းများနှင့် ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

အဖွဲ့သည် ဈေးကော်မတီရုံး၌ ဈေးရုံးကိုယ်စားလှယ်များ၊ ဈေးမိဈေးဖများ၊ စားသောက်ကုန်ပစ္စည်း၊ ဆေးဝါး၊လူသုံးကုန်၊ အလှကုန်ပစ္စည်းရောင်းချသည့်သူများအား စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းပြီးသည့်အခြေအနေ၊ စားသုံးသူနှင့် ရောင်းချသူအကြား နစ်နာမှု၊ မကျေနပ်မှုများ ဖြေရှင်းပေးရန် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးစီးမှု၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ပြည်တွင်းပြည်ပမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ လုံခြုံစိတ်ချမှုရှိစေရန် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ စားသုံးသူ၊ ရောင်းချသူစီးပွားရေး လုပ်ငန်းရှင်များ သိသင့်သိထိုက်သည့် အချက်အလက်များအား ရှင်းလင်းပြောကြားပြီး စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဈေးအတွင်းရှိ စားသောက်ကုန်၊ ဆေးမျိုးစုံ၊ အလှကုန်၊ လူသုံးကုန်၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်ရောင်းချလျက်ရှိသည့်ဆိုင်များသို့ လှည့်လည်ကြည့်ရှုပြီး မိမိတို့ရောင်းချသည့် ကုန်ပစ္စည်းများသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးဥပဒ်အန္တရာယ်မဖြစ်စေရန်၊ စံချိန်စံညွှန်း၊ အရည်အသွေးမပြည့်မီသည့် ကုန်ပစ္စည်းများရောင်းချခြင်းမပြုရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် စားသုံးရန်နှင့် သုံးစွဲရန်မသင့်သည့် အစားအစာ၊ ဆေးဝါးနှင့် အလှကုန်တို့ကို ရောင်းချခြင်းမပြုရန်၊ သက်တမ်းကုန်ဆုံးနေသည့် ပစ္စည်းများရောင်းချခြင်း မပြုရန်နှင့် ထုတ်လုပ်ဖြန့်ဖြူးသည့်ပင်ရင်းသို့ဆက်သွယ်၍ ပြန်လည်လဲလှယ်စေခြင်းများ ပြုလုပ်ရန်တို့ကို စည်းရုံးပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ ကွင်းဆင်းပညာပေးမှုများဆောင်ရွက်ရာတွင် ဈေးတာဝန်ခံများ၊ ဈေးမိဈေးဖများ၊ ဈေးရောင်းချသူများနှင့် ဈေးဝယ်ယူသူများမှ ၎င်းတို့သိသင့်သိထိုက်သည့်အချက်များ၊ ဆောင်ရန်/ရှောင်ရန်များကို ယခုလိုလာရောက်ပညာပေးမှုများဆောင်ရွက်ပေးသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်းနှင့် လိုက်နာဆောင်ရွက်သင့်သည်များကို လိုက်နာဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဈေးအတွင်း မုန့်မျိုးစုံရောင်းချသည့်ဆိုင်တွင်လည်း စားသုံးရန် ကုန်ဆုံးရက်စွဲကျော်လွန်နေသည့်မုန့် တွေ့ရှိရသဖြင့် ဆက်လက်ရောင်းချခြင်းမပြုရန် စည်းရုံးဆွေးနွေးခဲ့ရာ ရောင်းချသူမှ ဆက်လက်ရောင်းချခြင်းမပြုတော့ဘဲ သက်ဆိုင်ရာ မုန့်တိုက်နှင့်ချိတ်ဆက်၍ ပြန်လည်လဲလှယ်ရောင်းချသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏဈေး တွင် ဆိုင်ခန်းပေါင်း ၄၇၀ ခန်း ၊ဆိုင်ခန်းလွတ်ရောင်းချသည့်ဈေးသည် ၉၀ ဦးခန့်ဖြင့် နေ့စဉ်ဈေးရောင်းချခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**စန္ဒာ(စားသုံးသူ)ရန်ကုန်**

# Trade Facilitation & Trade Promotion

## ကလေးမြို့ ရက်ကန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ကလေးခရိုင်ဦးစီးမှူးရုံး၊ ကလေးမြို့မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရရဲ့ပံ့ပိုးမှုနဲ့ ရက်ကန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းကို ဇန်နဝါရီလ ၂၆ ရက်နေ့က ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်မောင်း၊ ခရိုင်စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင် ဒုရဲမှူးကြီး တင့်ဇော်ထွန်း၊ ကလေးခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ရက်ကန်းနှင့်သက်မွေးပညာသင်တန်းကျောင်း (မုံရွာ) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းငွေးနဲ့ နည်းပြများ၊ ကလေးမြို့ ရွှေထိပ်တန်း ရက်ကန်းအသင်းဥက္ကဋ္ဌနဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသူ အသင်းသားများ၊ ကလေးခရိုင်လက်အောက်ရှိ ကလေး၊ ကလေးဝ၊ တမူးမြို့နယ်တို့မှ မြို့နယ်တာဝန်ခံများနဲ့ သင်တန်းသားသင်တန်းသူ ၈၀ ဦးအပါအဝင် စုစုပေါင်းအင်အား ၁၀၇ ဦး တက်ရောက်ခဲ့ကြပါတယ်။

ဖွင့်ပွဲအခမ်းအနားမှာ တိုင်းဒေသကြီးဦးစီးမှူးက အမှာစကားပြောကြားရာမှာ အစိုးရသစ တာဝန်ယူပြီးနိုင်ငံတော်သမ္မတရဲ့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲရလဒ်မှာ နိုင်ငံတော်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် ကဏ္ဍ ၈ ရပ်နဲ့သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ရာ၊ ၎င်းကဏ္ဍများအနက်မှ တတိယကဏ္ဍဖြစ်တဲ့ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ကြောင်း၊ ယင်းအစီအစဉ်အရ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အသေးစားကုန်ထုတ်လုပ်ငန်းများနဲ့ သက်ဆိုင်တဲ့ SME နဲ့ ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး (OVOP) လုပ်ငန်းများရဲ့ လုပ်ငန်းရှင်များ ဦးမော့လာစေရန် အတိုးနှုန်းသက်သာတဲ့ အရင်းအနှီးမတည်ငွေများကို ထုတ်ပေးခဲ့ပါကြောင်း၊ နှစ်နှစ်တာကာလကြာပြီး နိုင်ငံတော်မူဝါဒအရ အရင်းအနှီးထုတ်ပေးခြင်းမပြုတော့ဘဲ လုပ်ငန်းရှင်များ လုပ်ငန်းနဲ့ပတ်သက်တဲ့နည်းပညာများ ရရှိနိုင်ရေးဆောင်ရွက်ခြင်းဖြင့် ရက်ကန်းခတ်သူဘဝမှ ရက်ကန်းလုပ်ငန်းရှင်ဘဝ၊ ရက်ကန်းလုပ်ငန်းရှင်များဘဝမှ ယခုထက်ပိုမိုမြင့်မားတဲ့လုပ်ငန်းရှင်များဘဝသို့ဖြစ်ကြပါစေကြောင်း ဆန္ဒပြုပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ခရိုင်စီမံကိန်းခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဒုရဲမှူးကြီး တင့်ဇော်ထွန်း၊ မုံရွာမြို့ ရက်ကန်းနဲ့ သက်မွေးပညာ သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဒေါ်သိန်းငွေးနဲ့ ကလေးမြို့ ရွှေထိပ်တန်းရက်ကန်းအသင်း ဒုဥက္ကဋ္ဌ ဦးဝင်းစိုးတို့မှ သင်တန်းနဲ့ပတ်သက်ပြီး အမှာစကားများ ပြောကြားခဲ့ပါတယ်။ အဆိုပါ ရက်ကန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကို ဇန်နဝါရီလ ၃၀ ရက်နေ့ အထိ ၅ ရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရပါတယ်။

**သက်နိုင်-ဟုမ္မလင်း**

## မန္တလေးတိုင်းဒေသကြီးတွင် အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီသင်တန်းဆင်း ပွဲပြုလုပ်



မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးသိပ္ပံကျောင်းတို့မှ ပူးပေါင်းဖွင့်လှစ်သော " အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီသင်တန်း" အား ဇန်နဝါရီလ ၁၅ ရက်မှ ၂၉ ရက်အထိ ၁၅ ရက်ကြာ အောင်မြင်စွာဖွင့်လှစ်ခဲ့ပြီး ဇန်နဝါရီ ၂၉ ရက် နံနက်က သင်တန်းဆင်းပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါသင်တန်းသို့ မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးငွေးလွင်၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးသူ၊ ဒုတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်နိုင်နှင့် အရာထမ်း၊ အမှုထမ်းများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာမှ အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် အသင်းအဖွဲ့အစည်းအသီးသီးမှ ဥက္ကဋ္ဌများနှင့် ဆောင်းဒါးရက်ကန်းနှင့်သက်မွေးသိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြပါတယ်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးငွေးလွင်က သင်တန်းဆင်းပွဲအမှာစကားပြောကြားပါတယ်။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးသူက သင်တန်းဆင်းပွဲအမှာစကားပြောကြားရာတွင် မိမိတို့၏ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနနှင့် အတူ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးသိပ္ပံကျောင်းတို့မှ ပူးပေါင်းဖွင့်လှစ်သည့် သင်တန်းဖြစ်သလို ပူးပေါင်းဖွင့်လှစ်ရခြင်းကြောင့် အောင်မြင်မှုများ ရရှိသလို သင်တန်းတက်ရောက်ပြီးမြောက်သည့် သင်တန်းသားများမှာလည်း ယခုသင်တန်းကို အခြေခံပြီး ရှေ့လာမည့် အနာဂတ်မှာလည်း ကြီးပွားတိုးတက်အောင်မြင်ကြတဲ့ သူများဖြစ်စေလိုကြောင်း ပြောကြားပါတယ်။

အစီအစဉ်အရ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးသိပ္ပံကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်မှ သင်တန်းသူတစ်ဦးချင်းအား သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ပြီးနောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးက ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် သင်တန်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး "အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီ" သင်တန်းအား အောင်မြင်အောင်ဆောင်ရွက်ပြီး သင်တန်းပို့ချပေးသောဆရာ၊ ဆရာမများအား မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးမှ ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

## သင်ဖျာလုပ်ငန်းနှင့် ဝါးထရံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့နယ်တွင် ကျေးလက်ဒေသ အသေးစားစက်မှုလက်မှု သင်ဖျာလုပ်ငန်းနှင့် ဝါးထရံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၅ ရက်နေ့က မော်လမြိုင် ကျွန်းမြို့နယ်၊ ကျွဲခြံဝကျေးရွာမှာ ကျင်းပခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲတွင် ဒု-မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာ စကားပြောကြားပြောကြားခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ မြောင်းမြခရိုင်၊ ခရိုင်ဦးစီးမှူး ဦးတိုးလွင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ကျော်က ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းအသင်းများဖွဲ့စည်းမှုနှင့် ငွေကြေးထုတ်ချေးနိုင်မှုအခြေအနေများကိုလည်းကောင်း၊ မြို့နယ်စီမံကိန်း ဦးစီးမှူး၊ မြို့နယ်သမဝါယမဦးစီးမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးမှူးတို့က သင်ဖျာနှင့် ဝါးထရံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

သင်ဖျာလုပ်ငန်းရှင် ဒေါ်သန်းသန်းရီနှင့် ဝါးထရံလုပ်ငန်းရှင် ဦးအောင်ဝင်းတို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြခဲ့ပြီး ယင်းတင်ပြချက်အပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း၊ ဆွေးနွေးပွဲသို့သင်ဖျာနှင့် ဝါးထရံလုပ်ငန်းရှင် ၉၀ ဦးတက် ရောက်ခဲ့ကြကြောင်း၊ ဆက်လက်ပြီး သင်ဖျာယက်လုပ်နေမှုများကို လေ့လာ ကြည့်ရှုခဲ့ကြကြောင်းလည်း သိရှိရပါသည်။

**လှထွန်းဦး (မြောင်းမြ)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-21844, 21108 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-21093,Ph:081-21627 email:m.myintmaungmaung@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## အေအီးစီက အာဆီယံဒေသကို လူဦးရေ သန်း ၆၀၀ ကျော်ရှိတဲ့ ဈေးကွက်အဖြစ်ဖန်တီးမည်

အာဆီယံဒေသက ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် ကြီးမားတဲ့ အလားအလာတွေနဲ့အတူစွမ်းအင်ကြီးမားတဲ့ အဖွဲ့အစည်းကြီးတစ်ခုအဖြစ် ဖွဲ့စည်းဖြစ်ပေါ်စေမယ့် လမ်းကြောင်းပေါ်ကိုရောက်ရှိနေပြီဖြစ်ကြောင်းနဲ့ လူဦးရေအားဖြင့် ၆၂၅ သန်းရှိပြီး စုစုပေါင်းဂျီဒီပီက အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိမှာဖြစ်ကြောင်း ထိုင်းလင်းဘိဇနက်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

ဒီလိုအခြေအနေတွေကြောင့် ယခုနှစ်အကုန်မှာအာဆီယံစီးပွားရေးအသိုက် အဝန်း(အေအီးစီ)ဖြစ်ပေါ်မှာကတော့ မြေကြီးလက်ခတ်မလွဲပါဘူး။ အေအီးစီက ဒေသတွင်းကုမ္ပဏီတွေအတွက် အရောင်းမြှင့်တင်ပေးမယ့်၊ ပြည်တွင်းဈေးကွက်ပြင်ပမှာ လုပ်ငန်းတွေဆောင်ရွက်ခွင့်ရစေမယ့် ဒေသတစ်ခုလုံး လွှမ်းခြုံတဲ့အရင်းအမြစ်တွေရစေမယ့် ပတ်ဝန်းကျင်ကိုဖန်တီးပေးမှာဖြစ်ပါတယ်။

အဖွဲ့ဝင်နိုင်ငံအားလုံးပေါင်းစုလိုက်ရင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုက ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိနေတဲ့အတွက် ဘင်္ဂလားဒေ့ရှ်နဲ့ တီမောလက်စလေ အပါအဝင် အာဆီယံအဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေကိုဆွဲဆောင်ပြီး စီးပွားရေးအရကမ္ဘာပေါ်မှာ သတ္တမမြောက် အကြီးမားဆုံးအသိုက်အဝန်းကြီးဖြစ်လာနိုင်ပါတယ်။

ဒီအခြေအနေတွေကြောင့် ဩစတြေးလျနိုင်ငံက ပထမဆုံးဆွေးနွေးဖက်နိုင်ငံတစ်ခုဖြစ်လာပြီး တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ ကနေဒါနဲ့ ဥရောပသမဂ္ဂတို့လည်း ပါဝင်လာကြပါ တယ်။

ပိုမိုထူးခြားလာတာက အာဆီယံဒေသက ဒေသတွင်းဘက်စုံပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Partnership-RCEP) ကို ဖော်ဆောင်ပြီး ဆွေးနွေးဖက်နိုင်ငံတွေနဲ့ လွတ်လပ်စွာ ကုန်သွယ်ခွင့်သဘောတူ စာချုပ်တွေချုပ်ဆို ကာယှဉ်ပြိုင်နိုင်မှုမြင့်မားတဲ့ စီးပွားရေးနယ်မြေကြီးကို ဖန်တီးနိုင်တော့မှာဖြစ်ပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

## အာဆီယံခရီးသွားဝန်ကြီးများ ဒေသဆိုင်ရာမဟာဗျူဟာများထုတ်ပြန်

ဇန်နဝါရီ ၂၆ ရက်က မြန်မာနိုင်ငံမှာကျင်းပတဲ့ ခရီးသွားလုပ်ငန်းဖိုရမ်ကို အာဆီယံခရီးသွားဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး ဒေသဆိုင်ရာနဲ့ ကမ္ဘာ့အဆင့်တွေနှစ်ခုစလုံးမှာ ခရီးသွားလုပ်ငန်းတွေ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ဖို့ ရေးဆွဲထားတဲ့သက်ဆိုင်ရာ စီမံကိန်းတွေကိုကြေညာခဲ့ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ASEAN Tourism Forum 2015

အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ် (ASEAN Tourism Forum-ATF) ကို မြန်မာနိုင်ငံမှာ ကျင်းပခဲ့တာ ယခုအကြိမ်က ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ အဆိုပါဖိုရမ်သို့ ဝယ်သူ ၃၀၀ နဲ့ ရောင်းသူ ၉၀၅ ဦး တက်ရောက်ခဲ့တဲ့အပြင် နိုင်ငံ ၆၇ နိုင်ငံက မီဒီယာတွေလည်း တက်ရောက်ခဲ့ကြပါတယ်။

အာဆီယံဝန်ကြီးများက ခရီးသွားလုပ်ငန်း ပညာသည်များဆိုင်ရာ အာဆီယံအပြန်အလှန် အသိအမှတ်ပြုသဘောတူညီချက် (ASEAN Mutual Recognition Agreement -MRA) ကို အကောင်အထည်ဖော်ရေးအတွက်ဒေသဆိုင်ရာ အတွင်းရေးမှူးချုပ်ရုံးထူထောင်ဖွဲ့စည်းရေးနောက်ဆုံးသဘောတူညီချက်ကို ထပ်ဆင့်လက်မှတ်ရေးထိုးခဲ့ကြကြောင်း မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ ပြပွဲရဲ့ ဥက္ကဋ္ဌဖြစ်သူ ဦးဌေးအောင်က ပြောပါတယ်။

ယခုသဘောတူစာချုပ်အရ ခရီးသွားလုပ်ငန်း ပညာသည်များအတွက် အာဆီယံအရည်အသွေးမီစံ (ASEAN Common Competency Standard For Tourism Professionals) ကို အခြေခံပြီး ပညာသည် ၆၀၀၀ ကျော်ကိုအသိအမှတ်ပြု လက်မှတ်များထုတ်ပေးရမှာဖြစ်ပါတယ်။

ယခင်နှစ်က ဟိုတယ်ခန်းထိန်းသိမ်းရေး၊ အစားအစာနဲ့ အဖျော်ယမကာအစားအစာထုတ်လုပ်မှုနဲ့ ဟိုတယ်ဧည့်ကြိုလုပ်ငန်း စသည်တို့အတွက် သင်တန်းများကို ထိုင်းနိုင်ငံမှာ ဖွင့်လှစ်ပေးခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ စံနှုန်းများ ရေးဆွဲချမှတ်ခြင်းဖြင့် အာဆီယံဒေသကို တစ်ခုတည်းသော ခရီးသွားဒေသတစ်ခုအဖြစ် ထူထောင်ရေးအတွက် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်တိုးတက်ရေးစီမံကိန်းများကို ဝန်ကြီးများက ကြေညာခဲ့ပါတယ်။

ဒီစီမံကိန်းများမှာ ဟိုတယ်၊ အလှပြင်ခန်း၊ ရေချိုးခန်းသန့်ရှင်းရေးနှင့် လူအဖွဲ့အစည်းအခြေပြုဝန်ဆောင်မှုများ ပါဝင်ပါတယ်။ ဒါ့အပြင် ခရီးသည်များရဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ လုံခြုံရေးကိစ္စများလည်း ပါဝင်ပါတယ်။

## ကွာလာလမ်ပူ အာဆီယံအစည်းအဝေးများမှာ ပြဿနာများကို ဖြေရှင်းမည်

၂၀၁၅ ခုနှစ်မှာ မလေးရှားနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့အခါ ဧပြီလမှနိုဝင်ဘာလအတွင်း အဓိကအာဆီယံအစည်းအဝေး အမြောက်အများကို လက်ခံကျင်းပပေးသွားမှာဖြစ်ကြောင်း သည်စတားဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

ထိပ်သီးအစည်းအဝေးက နှစ်မျိုးရှိမှာဖြစ်ပါတယ်။ တစ်မျိုးက အာဆီယံ ၁၀ နိုင်ငံတည်းသာ ကျင်းပမှာဖြစ်ပြီး ကျန်ထိပ်သီးအစည်းအဝေးတစ်မျိုးက တရုတ်၊ အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ ဥရောပသမဂ္ဂနဲ့ ဩစတြေးလျ စတဲ့ဆွေးနွေးဖက်နိုင်ငံများနဲ့ ဆွေးနွေး မယ့်ထိပ်သီးဆွေးနွေးပွဲဖြစ်ပါတယ်။

အစည်းအဝေးတွေကို ကျင်းပရာမှာ ပဏာမအစည်းအဝေး(Planary Meeting) နဲ့ ပြန်လည်သုံးသပ်ဆွေးနွေးပွဲ (Retreat) ကိုသီးခြားတစ်နေရာစီမှာ ပထမဆုံးအကြိမ်အဖြစ် ကျင်းပပေးမှာဖြစ်ပါတယ်။ ပဏာမအစည်းအဝေးက ပုံစံတကျကျင်းပတဲ့အစည်းအဝေးဖြစ်ပြီး ခေါင်းဆောင်တွေက ပြင်ဆင်ထားတဲ့ မိန့်ခွန်းတွေကို ဖတ်ကြားမှာဖြစ်ပါတယ်။ ပြန်လည်သုံးသပ်တဲ့အစည်းအဝေးမှာ ခေါင်းဆောင်တွေနဲ့အတူ အရာရှိတစ်ဦးသာလိုက်ပါပြီး ဆွေးနွေးလိုတဲ့အကြောင်းအရာကို အလွတ်သဘောမျိုး ဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံမှ လွှဲပြောင်းရယူစဉ်က ဝန်ကြီးချုပ် ဒါတွတ်ဆရီနာဂျစ်တွန်ရာဇတ်ပေးခဲ့တဲ့ကတိစကားများအနက် အာဆီယံဒေသကိုအများပြည်သူနဲ့ ပိုမိုနီးစပ်အောင်ဆောင်ရွက်မယ်ဆိုတဲ့ ကတိဖြစ်ပါတယ်။ အဲဒီလို ကတိကဝတ်ပြုခဲ့တဲ့အတွက် ဆောင်ရွက်မယ့် အစီအစဉ်တွေအနက် ယခုနှစ်မှာ ထူးထူးခြားခြားဆောင် ရွက်တာက အာဆီယံလူငယ်ထိပ်သီးအစည်းအဝေးဖြစ်ပါတယ်။ အစည်းအဝေးရဲ့ အဓိကရည်ရွယ်ချက်က လူငယ်တွေပိုမိုပေါင်းစည်းဖို့နဲ့ ပြည်သူလူထုအတွင်း ပိုမိုထိရောက်စွာပူးပေါင်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်ဖို့ အာဆီယံခေါင်းဆောင်တွေက ချမှတ်ထားပြီးဖြစ်ပါတယ်။ အာဆီယံဒေသကို တူညီတဲ့စီးပွားရေးဖွံ့ဖြိုးမှုရှိဖို့၊ ပြည်သူလူထုကိုအခြေပြုတဲ့ အသိုက်အဝန်းအဖြစ် ထူထောင်ဖို့နဲ့ လူမှုရေးအရတာဝန်ယူတဲ့ အသိုက်အဝန်းဖြစ်ဖို့ ရည်ရွယ်ထားပါတယ်။ အာဆီယံအသိုက်အဝန်းကို စီးပွားရေး၊ လူမှုယဉ်ကျေးမှုနဲ့ နိုင်ငံရေး အရလုံခြုံမှုရှိတဲ့ မဏ္ဍိုင်သုံးရပ် ကြံ့ခိုင်အောင်ဆောင်ရွက်ဖို့ လုပ်ငန်းစဉ် ၆၀၀ ကျော်ကိုချမှတ်ထားပြီး ဖြစ်ပါတယ်။ ဒီမဏ္ဍိုင်သုံးရပ်ထူထောင်ရေးလုပ်ငန်းစဉ်ရဲ့ ၈၀ ရာခိုင်နှုန်းကို အကောင်အထည်ဖော်ထားပြီးဖြစ်ပါတယ်။

## အာဆီယံဒေသကတစ်ခုတည်းဈေးကွက်ကို ကြေညာတော့မည်



အာဆီယံဒေသက တစ်ခုတည်းသောဈေးအဖြစ် ယခုနှစ်အကုန်မှာ ဖွဲ့စည်းဖြစ်ပေါ်လာတော့မှာ ဖြစ်ကြောင်း၊ ဒါပေမယ့် ၁၀ နိုင်ငံအတွင်း အတားအဆီးမရှိ သွားလာနိုင်ရေးဆိုတဲ့ကြီးမားတဲ့ တချို့ကိစ္စတွေကိုတော့ ၂၀၂၀ ပြည့်နှစ်မှသာ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ မလေးရှားကုန်သွယ်ရေးဝန်ကြီးက ပြောပါတယ်။

"အာဆီယံ စီးပွားရေးအသိုက်အဝန်းအဖြစ် ကျွန်တော်တို့ကြေညာပါတော့မယ်။ မလေးရှားနိုင်ငံကဒီနှစ်မှာ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်"လို့ ဒါဗို့စ်မြို့၌ ကျင်းပနေတဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်နဲ့ အလွတ်သဘောတွေ့ဆုံမေးမြန်းခန်းမှာ မလေးရှားကုန်သွယ်ရေးဝန်ကြီး ဒါတွတ်ဆရီမွတ်စတာဖာမိုဟာမက်က ပြောပါတယ်။

လူဦးရေ သန်း ၆၀၀ ရှိတဲ့ အရှေ့တောင်အာရှဒေသကို ဥရောပသမဂ္ဂစတိုင်ပေါင်းစည်းမှုမျိုး ဆောင်ရွက်ဖို့ ၂၀၁၅ ခုနှစ်ကို နောက်ဆုံးနှစ်အဖြစ်သတ်မှတ်ထားပါတယ်။ ဒီလိုပေါင်းစည်းပြီးနောက်ပိုင်းမှာ အခွန်တွေကို ပယ်ဖျက်ပြီးကျွမ်းကျင်လုပ်သားတွေကိုလည်းလွတ်လပ်စွာ ရွှေ့ပြောင်းနိုင်တော့မှာဖြစ်ပါတယ်။ ဒါပေမယ့် ဒေသတွင်းမှာရှိတဲ့နိုင်ငံတွေက ဖွံ့ဖြိုးမှုအဆင့်အမျိုးမျိုးရှိနေတဲ့အတွက် ရည်မှန်းချက်ကို အောင်မြင်အောင်အကောင်အထည် ဖော်နိုင်ပါ့မလားဆိုတဲ့ သံသယများက ရှိနေဆဲဖြစ်ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံကဆယ်စုနှစ်ပေါင်းများစွာ အထီးကျန်နေခဲ့ရာမှ စီးပွားရေးကို စတင်ဖွင့်ပေးကာစပဲ ရှိပါတယ်။ စင်ကာပူနိုင်ငံကတော့ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံတွေထဲမှာ ပါဝင်ပါတယ်။

အခွန်တွေ အောင်မြင်စွာဖျက်သိမ်းဖို့၊ ကျွမ်းကျင်လုပ်သားတွေလွတ်လပ်စွာပြောင်းရွှေ့နိုင်ဖို့အတွက်ဆိုရင် အာဆီယံပေါင်းစည်းရေးက ၂၀၂၀ ပြည့်နှစ်မှသာ ပြီးမြောက်အောင်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း သူကပြောပါတယ်။

# Singtel နဲ့ Ericsson တို့ပူးပေါင်းပြီး 5G နည်းပညာကိုစမ်းသပ်မည်

အနာဂတ်ကာလမှာ 5G နည်း ပညာဖွံ့ဖြိုးရေးကို ဦးတည်ချက်ထားပြီး နည်းပညာများကို စမ်းသပ်ဖော်ထုတ်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို စင်ကာပူနည်းပညာကုမ္ပဏီ Singtel နဲ့ ကွန်ရက်ထူထောင်ရေးကုမ္ပဏီကြီး Ericsson တို့ ဇန်နဝါရီ ၂၇ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း စီအင်အေသတင်းမှာ ဖော်ပြပါတယ်။

5G ကွန်ရက်တွေထူထောင်ရေး စူးစမ်းရှာဖွေဖို့နဲ့ သုံးစွဲသူဖောက်သည်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ လိုအပ် ချက်တွေဖြည့်ဆည်းနိုင်မယ့် အပလီကေးရှင်းတွေစူးစမ်းရှာဖွေဖို့အတွက် ကုမ္ပဏီကြီး နှစ်ခုက နားလည်မှုစာချွန်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ကုမ္ပဏီကြီးနှစ်ခုက ခေတ်မီနိုင်ငံတော် (Smart Nation) ထူထောင်ရေးအတွက် ချမှတ်ထားတဲ့ စင်ကာပူနိုင်ငံရဲ့ ရည်မှန်းချက်ကိုထောက်ပံ့ပေးနိုင်ဖို့အတွက် နောက်မျိုးဆက်သစ်မိုဘိုင်းကွန်ရက်ထူထောင်မယ့်နည်းလမ်းတွေကိုလည်း လေ့လာစူးစမ်းသွားမှာဖြစ်ပါတယ်။

Mssive Type Communication (MTC) နဲ့ Cloud-base ကွန်ရက်ကဲ့သို့သော ဆက်သွယ်မှုပုံစံတွေကို ဒေသတွင်းနဲ့လိုက်ဖက်မယ့် 5G ထူ ထောင်ရေးအလားအလာတွေကိုလေ့လာဖို့ အဖွဲ့များကို ကုမ္ပဏီကြီးနှစ်ခု ကတည်ထောင်သွားမှာဖြစ်ပါတယ်။ အနာဂတ်ကာလမှာ အလွန်ခေတ်မီတိုးတက်တဲ့ ဆက်သွယ်ရေးလိုအပ်ချက်တွေကို အထောက်အကူပေးဖို့ အလားအလာရှိတဲ့ နည်းပညာတစ်ခုအဖြစ် 5G နည်းပညာကို ကျွန်တော်တို့က ရှုမြင်ထားပါတယ်လို့ စင်တဲလ်ရဲ့နည်းပညာဆိုင်ရာအရာရှိချုပ်ဖြစ်သူ တေးဆူးမင်းကပြောပါတယ်။

5G နည်းပညာကို ရှာဖွေဖော်ထုတ်ဖို့ ပူးပေါင်းဆောင်ရွက်နေတဲ့ နည်းပညာကုမ္ပဏီက Ericsson တစ်ခုတည်း မဟုတ်ပါဘူး။ ယခင်နိုဝင်ဘာလက 5G နည်းပညာ ပူးတွဲတီထွင်ဖန်တီးရေးအစီအစဉ်ကို စတင်ဆောင်ရွက်ဖို့ တရုတ်အိုင်တီကုမ္ပဏီ HUAWEI နဲ့ သဘောတူစာချုပ်ချုပ်ဆိုခဲ့ပါတယ်။ စာချုပ်ပါ အစီအစဉ်အရ 5G Mobile Broband နည်းပညာအတွက် သုတေသနလုပ်ငန်းကို ထူထောင်မှာဖြစ်ပါတယ်။

# လောင်စာဆီဈေးနှုန်းကျဆင်းမှုကြောင့် ဗီယက်နမ်နိုင်ငံရဲ့ စီပီအိုင်ကျဆင်း

ဗီယက်နမ် စားသုံးသူအညွှန်းကိန်း (စီပီအိုင်)က ဒီဇင်ဘာနဲ့နှိုင်းယှဉ်ရင် ဇန်နဝါရီမှာ သုည ဒသမ ၂ ကျဆင်းခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။



ဒီလိုကျဆင်းရတဲ့ အကြောင်းရင်းက မကြာသေးမီလများအတွင်း ကမ္ဘာတစ်ဝန်းလုံးမှာ ရေနံစိမ်းဈေးနှုန်းတွေ အဆမတန်ကျဆင်းမှုကြောင့်ဖြစ်တယ်လို့ အထွေထွေစာရင်းရုံး (General Statistics Office-GSO) က ကြေညာပါတယ်။ စီပီအိုင်ညွှန်းကိန်းတွေက ၂၀၁၄ ခုနှစ်က နိုဝင်ဘာမှာတစ်ကြိမ်နဲ့ ဒီဇင်ဘာလမှာတစ်ကြိမ် ကျဆင်းလာခဲ့ရာမှ ယခုတစ်ကြိမ်က တတိယမြောက်လအဖြစ် ဆက်တိုက်စံချိန်တင်ကျဆင်းခဲ့တာဖြစ်ပါတယ်။

တရုတ်နှစ်သစ်ကူးပွဲမတိုင်မီ ဇန်နဝါရီမှာ ပြည်တွင်းဈေးကွက်တွေထဲက ဈေးနှုန်းတွေက အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်မှုရှိခဲ့ပါတယ်။ ဒါကြောင့် စီပီအိုင်ညွှန်းကိန်းက ယခုလမှာ ယခင်နှစ်ကနဲ့မတူဘဲ ကွဲပြားခြားနားမှုရှိခဲ့ပါတယ်။

စီပီအိုင်ညွှန်းကိန်းဇန်နဝါရီမှာ စံချိန်တင်ကျဆင်းခဲ့ရတာက ၁၉၉၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ယခင်နှစ်တွေက စီပီအိုင်တိုးတက်မှုနှုန်းက ဇန်နဝါရီလတိုင်းမှာ ၁ ရာခိုင်နှုန်းကနေ ၁ ဒသမ ၇၄ ရာခိုင်နှုန်းအကြား ရှိခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် ဇန်နဝါရီက အမြင့်ဆုံးဖြစ်ပြီး ၂ ဒသမ ၃၈ ရာခိုင်နှုန်းဖြစ်ပါတယ်။

ယခုနှစ်ဇန်နဝါရီမှာ စီပီအိုင်ညွှန်းကိန်းကျဆင်းတဲ့အကြောင်းရင်းက ဇူလိုင်လကစပြီး ဓာတ်ဆီနဲ့ သဘာဝဓာတ်ငွေ့တွေရဲ့ ကမ္ဘာ့ဈေးနှုန်းတွေ ကျဆင်းလာခဲ့တဲ့အတွက်ကြောင့် ဖြစ်ကြောင်း၊ ဗဟိုစာရင်းရုံး စီပီအိုင်ဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒိုသီငေါ့က ပြောပါတယ်။ ဇန်နဝါရီက စီပီအိုင်ကိုတွက်ချက်ရာမှာ အသုံးပြုတဲ့ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုကဏ္ဍသုံးခုက သိသိသာသာ ကျဆင်းခဲ့ပါတယ်။ အဲဒီသုံးခုက သယ်ယူပို့ဆောင်ရေး၊ အိမ်နဲ့ ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းနဲ့ တယ်လီကွန်ဆက်သွယ်ရေးတို့ဖြစ်ပြီး ၃ ဒသမ ၉၆ ရာခိုင်နှုန်း၊ ၁ ဒသမ ၀၉ ရာခိုင်နှုန်းနဲ့ သုည ဒသမ ၀၇ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ပါတယ်။

# ရေနံဈေးနှုန်းကျဆင်းရုံဖြင့် ထိုင်းအဲဝေးလေကြောင်းလိုင်း အသက်ရှူ မချောင်သေး

၂၀၁၄ ခုနှစ်က ထိုင်းအဲဝေး အင်တာနေရှင်နယ်ရဲ့ လုပ်ငန်းမှာ ဘတ် ၉ ဒသမ ၂ ဘီလီယံအရှုံးပြခဲ့တာကို တွေ့ရပါတယ်။ ယခုနှစ်မှာ ဂျက်လေယာဉ်ဆီဈေးနှုန်းက ယခင်နှစ်နဲ့ နှိုင်းယှဉ်ရင် ထက်ဝက်ကျော် ကျဆင်းခဲ့တဲ့အတွက် အမြတ်ပြန် ပေါ်နိုင်ပါမည်လား။

ဇန်နဝါရီ ၉ ရက်နေ့စာရင်းအရ အာရှနဲ့ အိုရှင်းနီယားဒေသမှာ ဂျက်လေယာဉ်ဆီရဲ့ဈေးကတစ်စည်ကို ၆၅ ဒသမ ၈ ဒေါ်လာနှုန်းကို ရောက်ရှိပြီး ၁၂ လအတွင်းမှာ ၄၆ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လေကြောင်းသယ်ယူပို့ဆောင်ရေးအသင်း (Internatioanl Air Transport Association-IATA) က ထုတ်ပြန်ချက်အရ သိရပါတယ်။ ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းခဲ့တဲ့ ကျေးဇူးကြောင့် ကမ္ဘာ့လေကြောင်းလိုင်းတွေရဲ့ လောင်စာဆီကုန်ကျစရိတ်က ၂၀၁၄ခုနှစ်မှာ ဒေါ်လာ ၂၀ ဒသမ ၁ ဘီလီယံ သက်သာခဲ့ပါ တယ်။

ဒါပေမယ့် ရေနံဈေးနှုန်းတွေ ကျဆင်းတာတစ်ခုတည်းနဲ့တော့ ထိုင်းအဲဝေးအင်တာနေရှင်နယ်ရဲ့ အခြေအနေက ဒီနှစ်ထဲမှာ အမြတ်အစွန်း ပြန်မရနိုင်ပါဘူး။

လောင်စာဆီဈေးနှုန်းတွေအပြင် ထိုင်းအဲဝေးအင်တာနေရှင်နယ်ရဲ့ ဘဏ္ဍာရေးကြံ့ခိုင်မှုက အခြားသော အကြောင်းတရားတွေအပေါ်မှာလည်း မှီခိုလျက်ရှိရာ ဗျူရိုကရေစီပုံစံအုပ်ချုပ်မှုကလည်း တစ်ခုအဖြစ် ပါဝင်ပါတယ်။

နိုင်ငံပိုင်လုပ်ငန်းတစ်ခုဖြစ်တဲ့အတွက် ဘဏ္ဍာရေးဝန်ကြီးဌာန ရဲ့ ရှယ်ယာက ၅၁ ရာခိုင်နှုန်း ပါဝင်ပါတယ်။ ဒါရိုက်တာဘုတ်အဖွဲ့ ၂၀ အနက် ထက်ဝက်ကျော်ကို ဗျူရိုကရက်တွေက တာဝန်ယူထားပါတယ်။ ဗိုလ်ချုပ်ကြီးတွေ၊ ဘဏ္ဍာရေးနဲ့သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက အရာရှိတွေဖြစ်ပြီး ကူးသန်းရောင်းဝယ်မှု လေကြောင်းလိုင်း အကြောင်း ဗဟုသုတ မရှိသူတွေဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၁၀ နှစ်က လေယာဉ် အမျိုးအစားရွေးချယ်မှုမှားယွင်းတဲ့အတွက် ထိုင်းအဲဝေးအင်တာနေရှင်နယ်ကို အပြစ်တင်ခြင်းခံခဲ့ရပါတယ်။ အထူးသဖြင့် A340-500 လေယာဉ်တွေဖြစ်ပြီး ယခုတော့ သုံးမရတော့ပါဘူး။ ဒီလေယာဉ်တွေကို ဘန်ကောက် နယူးယောက်လို ခရီးရှည်တွေအတွက် သုံးပြီး ရေနံဈေးမြင့်လာတဲ့အခါ တွက်ခြေမကိုက်တာကို တွေ့ရပါတယ်။ စင်ကာပူလေကြောင်းလိုင်းတွေက ဒီလိုလေယာဉ်မျိုးတွေကို ၂၀၁၃ ခုနှစ်က အဲဘတ်စ်ကို ပြန်ပေးခဲ့ပါတယ်။ ဒါပေမယ့် ဗျူရိုကရေစီစနစ်ကြောင့် ထိုင်းလေယာဉ်တွေကိုတော့ ပြန်မရောင်းနိုင်ခဲ့ဘဲ ထိန်းသိမ်းစရိတ်ပါ ထပ်မံမြင့်တက်ခဲ့ပါတယ်။

ဘာကျတင်-စုစည်းတင်ပြသည်

# ၂၀၁၅ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံအတွက် အပြုသဘောဆောင်သော ကာလဖြစ်

လောင်စာဆီဈေးနှုန်းများ ကျဆင်းမှုနဲ့ ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းမှုတို့ကြောင့် ၂၀၁၅ ခုနှစ်က တောင်ကိုရီးယားနိုင်ငံအတွက် အပြုသဘောဆောင်တဲ့ နှစ်တစ်နှစ်ဖြစ်လိမ့်မယ်။

ငွေကြေးဖောင်းပွမှုနှုန်းကျဆင်းတဲ့အတွက် ဗဟိုဘဏ်က မူဝါဒအတိုးနှုန်းများကို လျှော့ချပေးမှာဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးမှုကို အားပေးရာရောက်လိမ့်မယ်လို့ ANZ ဘဏ်ရဲ့ တောင်အာရှ၊ အာဆီယံနဲ့ ပစိဖိတ်ရေးရာစီးပွားရေးပညာရှင်အကြီးအကဲ ဂလန်မာဂွီးက ပြောကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ ၂၀၁၅ ခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက ၅ ဒသမ ၈ ရာခိုင်နှုန်းရှိမယ်လို့ အင်ဒိုနီးရှားအစိုးရနဲ့ ဗဟိုဘဏ်တို့က ခန့်မှန်းထားပါတယ်။ ဒါပေမယ့် ANZ ကတော့ အဲဒီနှုန်းကိုမရောက်နိုင်ဘူးလို့ ခန့်မှန်းထားပါတယ်။

ဒါပေမယ့် ဒီနှစ်ထဲမှာ အင်ဒိုနီးရှားနိုင်ငံရဲ့ တိုးတက်မှုနှုန်းက အပြုသဘော အလားအလာတွေရှိနေကြောင်း မာဂွီးကပြောပါတယ်။

“ဒီနှစ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို အင်ဒိုနီးရှားဗဟိုဘဏ်ရဲ့ ခန့်မှန်းချက်အောက် အနည်းငယ်လျှော့ပြီး ၅ ဒသမ ၄ ရာခိုင်နှုန်းရှိမယ်လို့ ကျွန်တော်တို့ခန့်မှန်းပါတယ်။ လာမယ့်နှစ်မှာ တော့ ၆ ရာခိုင်နှုန်း တိုးတက်မယ်လို့ ခန့်မှန်းထားပါတယ်”လို့ ဂျာကာတာပို့စ် နဲ့တွေ့ဆုံမေးမြန်းခန်းမှာ သူကပြောပါတယ်။

ယခုလိုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ခန့်မှန်းရာမှာ အစိုးရရဲ့ အခြေခံအဆောက်အအုံစီမံကိန်းတွေနဲ့ ပြည်သူ့ဆောက်လုပ်ရေးစီမံကိန်းတွေကို အခြေခံပြီးတွက်ချက်တာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်ဟာ ဆောက်လုပ်ရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် အင်ဒိုနီးရှားရဲ့ စီးပွားရေးဖွံ့ဖြိုးမှုလည်း တိုးတက်လာလိမ့်မယ်လို့ သူက ရှုမြင်ထားပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဆိုးလ်

မော်တော်ကား၊ တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ မင်မိုရီချစ်ပ်နဲ့ တခြားစက်အစိတ်အပိုင်းတွေရဲ့ထုတ်လုပ်မှုမြင့်တက်လာတဲ့အတွက် တောင်ကိုရီးယားနိုင်ငံရဲ့ စက်မှုလုပ်ငန်းကုန်ထုတ်လုပ်မှု ယခင်တစ်လကနဲ့နှိုင်းယှဉ်ရင် ဒီဇင်ဘာလမှာ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ဇန်နဝါရီ ၃၀ ရက်ကထုတ်ပြန်တဲ့ နိုင်ငံတော်ရဲ့ ကိန်းဂဏန်းများကို ကိုးကားပြီး ယွန်ဟပ်သတင်းမှာ ဖော်ပြပါတယ်။

### တိုကျို

ဂျပန်နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေက နိုဝင်ဘာလမှာ ကျဆင်းနေခဲ့ရာမှ ပြန်လည်ဦးမော့ကာ ဒီဇင်ဘာလမှာ တစ်ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဇန်နဝါရီ ၃၀ ရက်က ထုတ်ပြန်တဲ့ တရားဝင်စာရင်းဇယားများအရ သိရပါတယ်။ ဒါပေမယ့် ဒီကိန်းဂဏန်းက ဈေးကွက်က ခန့်မှန်းထားတဲ့ ၁ ဒသမ ၃ ရာခိုင်နှုန်းအောက်ကျဆင်းနေသေးကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

### စင်ကာပူ

စင်ကာပူနိုင်ငံ ဝန်ဆောင်မှုကဏ္ဍမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ၂၀၁၅ ခုနှစ် ပထမနှစ်ဝက်အတွင်း စီးပွားရေး အခြေအနေနည်းနည်းပဲကောင်းမယ်လို့ ခန့်မှန်းသူက ၄ ရာခိုင်နှုန်း၊ စီးပွားရေးတိုးတက်မှုပိုနှေးမယ်လို့ ခန့်မှန်းသူက ၁၇ ရာခိုင်နှုန်းနဲ့ စီးပွားရေးတိုးတက်မယ်လို့ ခန့်မှန်းသူက ၁၃ ရာခိုင်နှုန်းရှိပြီး အများစုကြီးဖြစ်တဲ့ ၆၆ ရာခိုင်နှုန်းက ပုံမှန်အတိုင်းရှိမယ်လို့လည်း ခန့်မှန်းကြောင်း Business Expectation စစ်တမ်းကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

### ဟနွိုင်း

ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်း ၁၁၀၀၀ ကျော်က လွန်ခဲ့တဲ့တစ်နှစ်အတွင်း ရပ်ဆိုင်းသို့မဟုတ် ဖျက်သိမ်းခဲ့ရာ အရင်းအနှီး ဗီယက်နမ်ဒေါင် ၁၀ ဘီလီယံ (470,000 ဒေါ်လာ)အောက် ရှိတဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း ၉၉၃ ခုကို ဖျက်သိမ်းခဲ့ပြီး ကုမ္ပဏီပေါင်း ၉၇၀၀ ရဲ့ လုပ်ငန်းတွေကို ယာယီရပ်ဆိုင်းထားကြောင်း အထွေထွေစာရင်းရုံးရဲ့ ထုတ်ပြန်ချက်ကို ဗီယက်နမ်သတင်းအေဂျင်စီ ဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

## EAST ASIA

# ဂျပန်နိုင်ငံခြားကုန်သွယ်မှုလိုငွေ စံချိန်တင်မြင့်တက်

ဖူကူရှီးမားအလွန်ကာလ စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာမှုဂယက်ကြောင့် ဂျပန်နိုင်ငံရဲ့နိုင်ငံခြားကုန်သွယ်မှုလိုငွေက ၂၀၁၄ ခုနှစ်မှာ ဒေါ်လာ ၁၀၉ ဘီလီယံထိစံချိန်တင်မြင့်တက်လာခဲ့ပါတယ်။ ဒါပေမယ့် ရေနံဈေးနှုန်း ကျဆင်းမှုက ကွာဟချက်ကို နိမ့်ကျစေလိမ့်မယ်လို့ လေ့လာဆန်းစစ်သူတွေက ခန့်မှန်းကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြထားပါတယ်။

ယခုလို လိုငွေမြင့်တက်မှုက ဂျပန်ယန်းငွေနဲ့ဆိုရင် ၁၂ ဒသမ ၇၈ ထရီလီယံရှိပြီး ၂၀၁၃ ခုနှစ်က အခြေအနေနဲ့နှိုင်းယှဉ်ရင် မြင့်တက်မှုက ၁၁ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ၁၉၇၉ ခုနှစ်နောက်ပိုင်း အဆိုးဆုံးအခြေအနေ ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ပါ တယ်။

၂၀၁၄ ခုနှစ်သွင်းကုန်တန်ဖိုးက ၅ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ပြီး ယန်း ၈၅ ဒသမ ၈၉ ထရီလီယံရှိခဲ့ပါတယ်။ သွင်းကုန်တန်ဖိုးက ယန်း ၇၃ ဒသမ ၁၁ ထရီလီယံရှိခဲ့တဲ့အတွက် ပို့ကုန်ထက် သွင်းကုန်က ၄ ဒသမ ၈ ရာခိုင်နှုန်း သာလွန်ခဲ့တာကို တွေ့ရပါတယ်။ ဂျပန်နိုင်ငံမှာ တစ်ချိန်က နျူကလီးယားဓာတ်အားပေးစက်ရုံတွေရဲ့ ဖြန့်ဖြူးမှုက လျှပ်စစ်ဓာတ်အားသုံးစွဲမှုရဲ့ လေးပုံတစ်ပုံရှိခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၁ ခုနှစ်မှာ နျူးကလီးယားအကျပ်အတည်းနောက်ပိုင်း သယံဇာတရှားပါးတဲ့ ဂျပန်နိုင်ငံအတွက် စွမ်းအင်ရရှိရေးကိစ္စကို အလူးအလဲကြိုးစားပြီး ဖြည့်ဆည်းဆောင်ရွက်ခဲ့ရပါတယ်။ ဒါကြောင့် စွမ်းအင်အတွက် ကုန်ကျမှုဟာကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်ခဲ့ပါတယ်။

ဒီပြဿနာကြောင့် ယန်းငွေတန်ဖိုး ကျဆင်းစေခဲ့တဲ့အတွက် နိုင်ငံခြားငွေနဲ့ ပေးချေရတဲ့သွင်းကုန်တန်ဖိုးတွေကိုလည်းမြင့်တက်စေခဲ့ပါတယ်။ ဂျပန်နိုင်ငံရဲ့ ကုန်သွယ်မှုလိုငွေက ဒီဇင်ဘာတစ်လတည်းမှာပင်ယခင်နှစ်အလားတူကာလနဲ့နှိုင်းယှဉ်ရင်ထက်ဝက်နှုန်းနီးပါးပြန်ကျပြီး ယန်း ၆၆၀ ဒသမ ၇ ဘီလီယံရှိလာခဲ့ပါတယ်။ အဓိကအားဖြင့် ရေနံဈေးနှုန်း ကျဆင်းခဲ့လို့ဖြစ်ပါတယ်။ဂျပန်နိုင်ငံရဲ့ဒီဇင်ဘာလအတွင်း ပို့ကုန်လုပ်ငန်းပမာဏက ခန့်မှန်းထားတာ ထက် ၁၂ ဒသမ ၉ ရာခိုင်နှုန်း ကျော်လွန်ပြီး ယန်း ၆ ဒသမ ၉၀ ထရီလီယံထိရောက်ရှိခဲ့တဲ့အတွက် ကုန်သွယ်မှု ရှင်းတမ်းကို အထောက်အကူရစေခဲ့ပါတယ်။

## EUROPE

# ဥရောပရဲ့လှည့်လည်ငွေကြေးပမာဏမြင့်မားရေး အစီအစဉ်ကြောင့် စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ရာမှာ အခက်အခဲဖြစ်စေနိုင်



အမေရိကန် ပြည်ထောင်စုနဲ့ ဂျပန်နိုင်ငံတို့ကဆောင်ရွက်နေတဲ့ လှည့်လည်ငွေကြေးအရေအတွက် တိုးမြှင့်ရေးအစီအစဉ် (Quantitative Easing-QE) ကို နမူနာယူပြီး ဥရောပဗဟိုဘဏ်(အီးစီဘီ)ဥက္ကဋ္ဌ မာရီယိုဒရပ်ဂီက QE အစီအစဉ်သစ်ကို မတ်လမှာ စတင်ဆောင်ရွက်မှာဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ QE အစီအစဉ်ကြေညာလိုက်တဲ့ဂယက်အဖြစ် ဒေါ်လာနဲ့ ဖလှယ်ရာမှာ ယူရိုငွေကြေးရဲ့ ဖလှယ်နှုန်းက တစ်ယူရို ၁ ဒသမ ၁၅ ဒေါ်လာဝန်းကျင်ကို ကျဆင်းခဲ့ပါတယ်။ ယခုနှစ်အတွင်း ဒီနှုန်းကို ပထမဆုံးအကြိမ်ရောက်ရှိခဲ့တာဖြစ်ကြောင်း wantchinatime ဝက်ဘ်ဆိုက်မှာ ဖော်ပြပါတယ်။

၂၀၁၄ ခုနှစ် နှစ်လည်မှာယူရိုတန်ဖိုးကတစ်ဟုန်ထိုး စတင်ကျဆင်းခဲ့ပါတယ်။ ဇန်နဝါရီ ၁၄ ရက်ကတစ်ယူရိုကို ၁ ဒသမ ၁၇ ဒေါ်လာနှုန်းထိရောက်ရှိကာ ယူရိုစတင်သုံးစွဲစဉ်ကရှိခဲ့တဲ့ ဖလှယ်နှုန်းဖြစ်တဲ့ တစ်ယူရို ၁ ဒသမ ၁၈ ဒေါ်လာနှုန်းအောက်ကို ရောက်ရှိခဲ့ပါတယ်။ ဇန်နဝါရီ ၁၆ ရက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၅ဒေါ်လာနှုန်းအထိ ရောက်ခဲ့ပါတယ်။ ယူရိုတန်ဖိုး ကျဆင်းတဲ့အကြောင်းရင်းမှာ နိုင်ငံရေးနဲ့ စီးပွားရေးအကြောင်းအရာတွေ ပါဝင်ပြီး အလွန်ရှုပ်ထွေးပါတယ်။

နိုင်ငံရေးအရ ဂရိနိုင်ငံမှာ ရွေးကောက်ပွဲအပြီး ခြိုးခြံချွေတာရေးကိုဆန့်ကျင်တဲ့ပါတီ အနိုင်ရလာရင် ဂရိနိုင်ငံကို ယူရိုဇုန်က ထွက်သွားအောင် ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ဖိအားပေးလိမ့်မယ်လို့ တွက်ဆကြပါတယ်။ တကယ်လို့ ဂရိနိုင်ငံယူရိုဇုန်ထဲမှာ ဆက်လက်တည်ရှိနေမယ်ဆိုရင် ယူရိုဇုန်စီးပွားရေးကို ကျဆင်းစေပြီး ယူရိုငွေကြေးအပေါ် ရင်းနှီးမြှုပ်နှံသူတွေရဲ့ယုံကြည်မှု ကျဆင်းနိုင်ပါတယ်။

စီးပွားရေးအရယူရိုဇုန်မှာ စီးပွားရေးအတိုးနှုန်းတက်မယ်။ အလုပ်လက်မဲ့နှုန်းမြင့်တက်မယ်။ ကြွေးမြီအချိုးမြင့်မယ်။ ငွေကြေးတန်ဖိုးကျပြီး ထုတ်လုပ်မှု လုပ်ငန်းတွေနာလန်ထူတာနှေးကွေးနိုင်မယ်လို့ ခန့်မှန်းကြပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## SOUTH ASIA

# ၂၀၁၄ ခုနှစ်အတွင်း ဆွစ်ဇာလန်မှ အိန္ဒိယသို့ ရွှေတင်ပို့မှု ရူပီး ၁၂ သန်းကျော်ရှိခဲ့

ရွှေတုံးများကို တရားမဝင် ငွေကြေးများရရှိဖို့ နည်းလမ်းအဖြစ်သုံးနေတယ်ဆိုတဲ့ စိုးရိမ်မှုတွေ တည်ရှိနေပေမယ့် ၂၀၁၄ ခုနှစ်အတွင်းက အိန္ဒိယနိုင်ငံသို့ ဆွစ်ဇာလန်နိုင်ငံရဲ့ ရွှေတင်ပို့မှုက ရူပီး ၁၂ သန်းကျော်ခဲ့ကြောင်း ဟိန္ဒူသတင်းမှာ ဖော်ပြပါတယ်။

၂၀၁၄ ခုနှစ် ဇန်နဝါရီမှ နိုဝင်ဘာလကုန်အထိ ၁၁ လတာကာလအတွင်း ဆွစ်ဇာလန်မှ အိန္ဒိယသို့တင်ပို့ခဲ့တဲ့ ရွှေတန်ဖိုးက ဆွန်ဖရန့် ၁၇ ဒသမ ၁ ဘီလီယံ(ရူပီး သန်း ၁၂ သိန်းကျော်)ရှိခဲ့ကြောင်း ဆွစ်ဇာလန်အစိုးရကထုတ်ပြန်ပါတယ်။

၂၀၁၄ ခုနှစ် နိုဝင်ဘာတစ်လတည်းမှာ ဆွစ်ဇာလန်မှ ရွှေတုံးတင်ပို့မှုကဆွစ်ဖရန့် ၂ ဒသမ ၉ ဘီလီယံ(ရူပီး သန်း ၂၀ သိန်းကျော်) ရှိခဲ့ပါတယ်။ အောက်တိုဘာလအတွင်း တင်ပို့မှုကလည်း ဒီပမာဏနီးပါးလောက်ရှိကြောင်း ဆွစ်ဇာလန်အကောက်ခွန်အုပ်ချုပ်ရေးအဖွဲ့က ပြောပါတယ်။

၂၀၁၄ ခုနှစ် ဇန်နဝါရီမှ နိုဝင်ဘာအထိကာလအတွင်း ဆွစ်ဇာလန်နိုင်ငံမှအိန္ဒိယသို့တင်ပို့မှုက ရွှေ ၄၅၇ ကီလိုဂရမ်ကျော် ရှိပါတယ်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလကုန်အထိ အိန္ဒိယနိုင်ငံဟာ ဆွစ်ဇာလန်နိုင်ငံရဲ့ရွှေတင်ပို့မှုမှာ အကြီးမားဆုံး ဒေသကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက ထုတ်ပြန်တဲ့ နောက်ဆုံးကိန်း ဂဏန်းများအရ နိုဝင်ဘာလအတွင်း ရွှေတင်သွင်းမှုက ခြောက်ဆမြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၁ ဘီလီယံ(ရူပီး သန်း ၃၅၀၀၀၀)ရှိခဲ့ပါတယ်။

ရွှေတင်သွင်းမှု မြင့်မားရတဲ့ အဓိကအကြောင်းရင်းက လက်ထပ်ရာသီနဲ့ ပွဲတော်ကာလဝယ်လိုအားမြင့်တက်မှုနဲ့ နိုဝင်ဘာမှာ သွင်းကုန်ထိန်းချုပ်မှုတွေကို လျှော့ချပေးလိုက်လို့ဖြစ်ပါတယ်။ အောက်တိုဘာလရဲ့ ရွှေတင်သွင်းမှုက ၂၈၀ ရာခိုင်နှုန်းမြင့်တက်ပြီး ဒေါ်လာ ၄ ဒသမ ၁၇ ဘီလီယံဖိုး ရှိခဲ့ပါတယ်။ စက်တင်ဘာလမှာလည်း ဒေါ်လာ ၃ ဒသမ ၇၅ ဘီလီယံဖိုး တင်သွင်းခဲ့ပါတယ်။

## SOUTH EAST ASIA

# ဖိလစ်ပိုင်ဘဏ်များက အေတီ အမ်ကွန်ရက်ကိုဖွဲ့စည်းမည်

စွမ်းဆောင်ရည်တိုးတက်ကောင်းမွန်ဖို့နဲ့ ကုန်ကျစရိတ်သက်သာဖို့အတွက် ဖိလစ်ပိုင်ဘဏ်များကအလိုအလျောက် ငွေထုတ်စက်(အေတီအမ်)ကွန်ရက်ကို ထူထောင်တော့မှာဖြစ်တဲ့အတွက် အေတီအမ်စက်တွေမှတစ်ဆင့် ငွေထုတ်ငွေသွင်းလုပ်တဲ့အခါ ကောက်ခံတဲ့ဆောင်ရွက်ခတွေ ကျဆင်းလာတော့မှာဖြစ်ကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ်Bangko Sentral ng Philipinas က ပြောပါတယ်။ ဒီသတင်းကို philstar ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

"လာမယ့်ရက်သတ္တပတ်မှာ ဖိလစ်ပိုင်ဘဏ်လုပ်ငန်းရှင်များအသင်း၊ BancNet နဲ့ Megalink တို့က အေတီအမ်ကွန်ရက်နှစ်ခုကို ဖွဲ့စည်းတည်ထောင်ကြမှာဖြစ်ပါတယ်" လို့ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး အာမန်ဒိုအမ်တဲတန်ကို (ဂျူနီယာ)က ယခင်ရက်သတ္တပတ်အကုန်က ပြောပါတယ်။

ဘဏ်တွေက ဖောက်သည်တွေ အများကြီးကို ကူညီနိုင်ဖို့အတွက် အေတီအမ်က အကူအညီပေးပြီး စက်တွေကို ၂၄ နာရီ ၇ ရက်အချိန်မလပ် ဖွင့်ပေးထားတဲ့အတွက် ငွေလိုအပ်တဲ့ အသုံးပြုသူတွေအတွက် အရေးပါတဲ့ ကိရိယာဖြစ်နေပါတယ်။ လက်ရှိအချိန်မှာဘဏ်တွေမှာရှိတဲ့ အေတီအမ်စက်တွေက ငွေထုတ်တဲ့အခါ အခကြေးငွေက ပီဆို ၁၀ မှ ၁၅ ပီဆိုအတွင်း ကောက်ခံပါတယ်။

ငွေလက်ကျန်စုံစမ်းတဲ့အခါနဲ့ တခြားဝန်ဆောင်မှုတွေအတွက်လည်း အခကြေးငွေကို ကောက်ခံပါတယ်။ နိုင်ငံအတွင်းရှိ အေတီအမ်စက်အရေအတွက်က ၂၀၁၃ ခုနှစ်ကာလတုန်းမှာ ၁၃၆၂၀ ခုရှိခဲ့ရာမှ ၂၀၁၄ ခုနှစ် စက်တင်ဘာလကုန်မှာ ၁၅၁၈၇ ခုထိ ရောက်ရှိခဲ့တဲ့အတွက် ၁၁ ရာခိုင်နှုန်း ထပ်မံမြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

ဒီစက်တွေအနက် ဘဏ်တွေရဲ့ ပရဝုဏ်အတွင်းမှာ ၈၈၄၅ ခုနဲ့ ဈေး ဆိုင်တန်းတွေနဲ့ တခြားအဆောက်အဦလို ဘဏ်ပြင်ပနေရာတွေမှာ ၆၃၄၂ ခုရှိပါတယ်။

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်






စင်ကာပူနဲ့ အိန္ဒိယနိုင်ငံတို့အပါအဝင်နိုင်ငံအများအပြားက လုည့်လည်ငွေကြေးပမာဏကိုတိုးမြှင့်လာတဲ့အတွက် ဒေါ်လာဝယ်လိုအားကို မြင့်တက်လာစေခဲ့ပါတယ်။ ဒါကြောင့် ထွန်းသစ်စဈေးကွက်တွေမှာရှိတဲ့ ငွေကြေးတွေက လအလိုက်နှိုင်းယှဉ်ရင် ပဥ္စမမြောက်လအဖြစ်ကျဆင်းခဲ့ရာ ဘဏ္ဍာရေးအကျပ်အတည်းဖြစ်တဲ့ ၁၉၉၈ ခုနှစ်နောက်ပိုင်း ကျဆင်းတဲ့ကာလအရှည်ကြာဆုံးဖြစ်ခဲ့ပါတယ်။

ထွက်ပေါ်လာတဲ့ အစီရင်ခံစာအရ အလုပ်လက်မဲ့ခံစားခွင့် တောင်းဆိုမှုကျဆင်းပြီး အလုပ်သမားခန့်ထားမှုမြင့်တက်လာတဲ့အတွက် အမေရိကန်ဗဟိုဘဏ်က အမေရိကန်ပြည်ထောင်စု စီးပွားရေးကောင်းလာပြီလို့ ခန့်မှန်းခဲ့ပါတယ်။ ဒါကြောင့် အတိုးနှုန်းမြှင့်တင်ဖို့ကိစ္စကို ဆိုင်းငံ့ထားဦးမှာဖြစ်ကြောင်း ယခုရက်သတ္တပတ်အတွင်းကပြောပါတယ်။ စင်ကာပူနိုင်ငံကလည်း ငွေကြေးဖလှယ်မှုနှုန်းကို ဖြည်းဖြည်းချင်းသာ မြှင့်တင်သွားမှာဖြစ်ကြောင်း ဇန်နဝါရီ ၂၈ ရက်ကကြေညာထားပါတယ်။

ယခုအချိန်မှာ ငွေကြေးဖောင်းပွမှုနှုန်းတွေကျဆင်းနေတဲ့အတွက် ကမ္ဘာပေါ်မှာရှိတဲ့ ဗဟိုဘဏ်တွေက စီးပွားရေးဖွံ့ဖြိုးမှုကို ကျားကန်ပေးဖို့အတွက် အတိုးနှုန်းတွေလျှော့ချပေးလျက်ရှိရာ ဒိန်းမတ်၊ တူရကီ၊ အိန္ဒိယ၊ ကနေဒါနဲ့ ပီရူးနိုင်ငံတို့ပါဝင်ပါတယ်။ ဥရောပဗဟိုဘဏ်က ဘွန်းစာချုပ်တွေဝယ်ယူဖို့ အစီအစဉ်ကို ကြေညာခဲ့တဲ့အတွက် ယူရို တန်ဖိုးကိုကျဆင်းစေခဲ့ပါတယ်။

ရေနံစိမ်းဈေးနှုန်းတွေ သက်သာလာတဲ့အတွက် အိန္ဒိယ၊ ဖိလစ်ပိုင်၊ ထိုင်း၊ တရုတ်(တိုင်ပေ)နဲ့ ဗီယက်နမ် ငွေကြေးတွေရဲ့ တန်ဖိုးတွေ မြင့်တက်လာစေခဲ့ပါတယ်။

**တရုတ်ယွမ်**

ငွေကြေးဈေးကွက်အတွင်းသို့ ရန်ပုံငွေတွေ ဖြည့်ဆည်းပေးမှာ ဖြစ်ကြောင်း တရုတ်ဗဟိုဘဏ်က ကြေညာလိုက်တဲ့အတွက် တရုတ်ငွေကြေးအာဏာပိုင်အဖွဲ့ကငွေကြေးမူဝါဒကို လျှော့ချပေးလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။ ဒါကြောင့် ဟောင်ကောင်မှာ ယွမ်ငွေကြေးတန်ဖိုးက ၂၀၁၂ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးအဆင့်ကိုရောက်ရှိခဲ့ပါတယ်။ ဘလွမ်းဘတ်က ပြုစုထားတဲ့ ကိန်းဂဏန်းတွေအရ ဇန်နဝါရီ ၃၀ ရက်နံနက် ၈ နာရီ ၁၀ မိနစ်က ယွမ်ငွေကြေးတန်ဖိုးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၆ ဒသမ ၂၇၈၂ ယွမ်နှုန်းရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ပို့ကုန်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာကို ပိုမိုရောင်းချလာတဲ့အတွက် ဘဏ်အချင်းချင်း နိုင်ငံခြားငွေရောင်းဝယ်ရေးဈေးကွက်မှာ ဇန်နဝါရီ ၃၀ ရက်က ရူပီးငွေကြေးတန်ဖိုးက သုည ဒသမ ၁၂ ရူပီးနှုန်းမြင့် တက်ပြီး တစ်ဒေါ်လာကို ၆၁ ဒသမ ၇၄ ရူပီးနှုန်းရှိခဲ့ပါတယ်။ ပြည်ပဈေးကွက်တွေမှာ ဒေါ်လာတန်ဖိုး ကျဆင်းမှုနဲ့ ရှယ်ယာဈေးကွက်တွေ မြင့်တက်မှုက တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ရူပီးတန်ဖိုးကို အထောက်အကူပေးခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

တိုကျိုဈေးကွက်မှာ အမေရိကန်စီးပွားရေးကိန်းဂဏန်းတွေမထုတ်ပြန်မီ ရင်းနှီးမြှုပ်နှံသူတွေက ငွေကြေးတွေကို ပြန်လည်ထိန်းညှိဆောင်ရွက်နေတဲ့အတွက် တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာဒေါ်လာတန်ဖိုးကျဆင်းခဲ့ပါတယ်။

ဂျပန်ယန်းငွေက နယူးယောက်ဈေးကွက်မှာ ဒေါ်လာယန်းဖလှယ်နှုန်းကတစ်ဒေါ်လာကို ၁၁၈ ဒသမ ၃၄ ယန်းရှိခဲ့ရာမှ တိုကျိုဈေးကွက်မှာ တစ်ဒေါ်လာကို ၁၁၇ ဒသမ ၉၆ ယန်းအထိ တန်ဖိုးကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ဇန်နဝါရီ ၂၆ ရက်ကရှိခဲ့တဲ့ တစ်ဒေါ်လာ ၁၁၇ ဒသမ ၇၀ ယန်းထက် မြင့်တက်နေဆဲဖြစ်ပါတယ်။

ယူရိုငွေကြေးက ဒေါ်လာနဲ့ ဖလှယ်ရာမှာတစ်ယူရိုကို ၁ ဒသမ ၁၁၃၇ ဒေါ်လာမှ ၁ ဒသမ ၁၁၃၀ ယန်းသို့ မြင့်တက်ပြီး ယန်းငွေနဲ့ ဖလှယ်ရာမှာ ၁၃၃ ဒသမ ၉၃ ယန်းမှ ၁၃၃ ဒသမ ၆၇ ယန်းကိုကျဆင်းခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ပြည်တွင်းငွေကြေးရဲ့ ဝယ်လိုအားမြင့်တက်လာတဲ့အတွက် ဇန်နဝါရီ ၃၀ ရက်နေ့မှာ ရင်းဂစ်ငွေကြေးက ဒေါ်လာနဲ့ရော တခြားအဓိကငွေကြေးတွေနဲ့ပါ ဖလှယ်တဲ့အခါ တန်ဖိုးမြင့်တက်ခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။

ဒေါ်လာ ရင်းဂစ် ဖလှယ်နှုန်းက ဇန်နဝါရီ ၂၉ ရက်မှာ တစ်ဒေါ်လာကို ၃ ဒသမ ၆၂၈၀ ရင်းဂစ်နှုန်းရှိရာမှ ၃၀ ရက်နေ့ မနက် ၉ နာရီမှာ ၃ ဒသမ ၆၂၆၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

ပို့ကုန်လုပ်ငန်းရှင်တွေရဲ့ ရင်းဂစ်ဝယ်လိုအားနဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ဝယ်လိုအား အနည်းငယ်မြင့်တက်လာတာ ကလည်း ရင်းဂစ်တန်ဖိုးမြင့်တက်ဖို့ အထောက်အကူရစေခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

ကမ္ဘာပေါ်ရှိ ဘဏ်အများအပြားကငွေကြေးမူဝါဒတွေ လျှော့ချလာတဲ့အတွက် တောင်ကိုရီးယားကလည်း အတိုးနှုန်းတွေကိုစံချိန်တင်နိမ့်ကျတဲ့အထိ လျှော့ချပေးလိမ့်မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက ခန့်မှန်းကြပါတယ်။ ဒါကြောင့် တောင်ကိုရီးယားဝမ်ငွေရဲ့ ဖလှယ်နှုန်းက နိုဝင်ဘာနောက်ပိုင်း ကျဆင်းမှုအများ ဆုံးဖြစ်ခဲ့ပါတယ်။

ဇန်နဝါရီ ၃၀ ရက်နံနက် ၁၀ နာရီ ၃၂ မိနစ်မှာ ဝမ်ငွေကြေးက သီတင်းပတ်အတွင်း ကျဆင်းမှု ၁ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ရက်အလိုက် ကျဆင်းမှု သုည ဒသမ ၃ ရာခိုင်နှုန်းရှိပြီး တစ်ဒေါ်လာကို ၁၀၉၇ ဒသမ ၄၀ ဝမ်နှုန်းရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

၂၀၁၄ ခုနှစ် ဒုတိယနှစ်ဝက်မှာ ဘတ်ငွေနဲ့ နှိုင်းယှဉ်ရင် ထိုင်းနိုင်ငံရဲ့ ကုန်သွယ်ရေး ပြိုင်ဘက်နိုင်ငံတွေရဲ့ ငွေကြေးတန်ဖိုး ကျဆင်းမှုက ပိုမိုခဲ့ပါတယ်။ ဒါကြောင့် ထိုင်းနိုင်ငံပို့ကုန်တွေရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းအားကို ကျဆင်းစေခဲ့ပါတယ်။ ဇွန်လအကုန်ကနဲ့နှိုင်းယှဉ်ရင် ထိုင်းဘတ်ငွေရဲ့ တန်ဖိုးကဒေါ်လာနဲ့ဖလှယ်ရာမှာ သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပေမယ့် ထိုင်းဘတ်ငွေတန်ဖိုး ကတစ်ဒေါ်လာကို ၃၂ ဒသမ ၅၃ ဘတ်ကနေ ၃၆ ဘတ်အတွင်းရှိနေရင်ပို့ကုန်လုပ်ငန်းတွေအတွက် အဆင်ပြေမယ်လို့ ကုန်သည်တွေက ပြောပါတယ်။

## မလေးရှားဘဏ်များရှိ နိုင်ငံခြားရှယ်ယာများထပ်မံကျဆင်း

ရေနံစိမ်းဈေးနှုန်းများကျဆင်းမှုနဲ့ အမေရိကန်ပြည်ထောင်စုမှာ အတိုးနှုန်းတွေကျဆင်းလိမ့်မယ်ဆိုတဲ့ ခန့်မှန်းချက်တွေကြောင့် မလေးရှားနိုင်ငံသုံး ငွေကြေးရင်းဂစ်တန်ဖိုး ကျဆင်းလာတဲ့အတွက် မလေးရှားဘဏ်တွေမှာရှိတဲ့ နိုင်ငံခြားရှယ်ယာတန်ဖိုးတွေ ကျဆင်းခဲ့ကြောင်း လေ့လာဆန်းစစ်သူတွေက ပြောပါတယ်။ လွန်ခဲ့တဲ့ခြောက်လကျော်အတွင်း ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းတွေ ၅၀ ရာခိုင်နှုန်းထိ တစ်ဟုန်ထိုးကျဆင်းမှုနဲ့ ရင်းဂစ်တန်ဖိုး ခြောက်နှစ်အတွင်း အနိမ့်ဆုံးနှုန်းထိကျဆင်းမှု စတဲ့အခြေအနေတွေကြောင့် ဒီအတိုင်းသာ ဆက်သွားနေမယ်ဆိုရင် တချို့ဘဏ်တွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ရှယ်ယာတွေကိုလျှော့ချလိမ့်မယ်လို့ လေ့လာဆန်းစစ်သူတွေက ခန့်မှန်းပါတယ်။

ရင်းဂစ်ငွေကြေးရဲ့ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၃ ဒသမ ၅၀ ရင်းဂစ်နှုန်းနဲ့ ၃ ဒသမ ၆၀ ရင်းဂစ်နှုန်းကြား အတက်အကျရှိမယ်။ အမေရိကန်ဗဟိုဘဏ်ကလည်း အတိုးနှုန်းကို ၁ရာခိုင်နှုန်းကနေ ၁ ဒသမ ၂၅ ရာခိုင်နှုန်းအတွင်း လျှော့ချလိမ့်မယ်လို့ MIDF ကခန့်မှန်းထားပါတယ်။ ရင်းဂစ်တန်ဖိုး ဆက်လက်ကျဆင်းနေ ပြီးကာလတိုအတွင်းမှာတော့ ယခုအနေအထားမှာပင် အတက်အကျရှိနေလိမ့်မယ်လို့ RHB သုတေသနဌာနက ခန့်မှန်းထားပါတယ်။

CIMB Group Holding Bhd, ALiance Financial Bhd (AFG), AMMB Holding Bhd နဲ့ Public Bank Bhd စတဲ့ နိုင်ငံခြားရှယ်ယာအတော်များများကိုလက်ခံထားတဲ့ ဘဏ်တွေကို ပိုမိုဂယက်ရိုက်လာလိမ့်မယ်လို့ MIDF Investment Research မှ လေ့လာဆန်းစစ်ရေးမှူး ကယ်လ်ဗင်အွန်းက ပြောပါတယ်။ နိုင်ငံခြားရှယ်ယာပါဝင်မှု ကျဆင်းတာ အများဆုံးက CIMB ဘဏ်ဖြစ်ကြောင်း အွန်းကပြောပါတယ်။ CIMB ရဲ့ နိုင်ငံခြားရှယ်ယာပါဝင်မှုက ၂၀၁၄ ခုနှစ် ဒီဇင်ဘာမှာ ၃၂ ဒသမ ၇ အထိရောက်ရှိကာ အနိမ့်ဆုံးအနေအထားကို ရောက်ရှိခဲ့ပါတယ်။

## အီးစီဘီက မူဝါဒများချမှတ်ပြီးနောက် ရန်ပုံငွေများ ဝင်ရောက်လာမှုကြောင့် ဘတ်ငွေတန်ဖိုးမြင့်တက်

ဥရောပဗဟိုဘဏ် (အီးစီဘီ)က လုည့်လည်ငွေကြေးပမာဏတိုးမြှင့်ရေးအစီအစဉ်အရ ၂၀၁၅ ခုနှစ် မတ်လမှ ၂၀၁၆ ခုနှစ် စက်တင်ဘာအထိလစဉ် ယူရိုဘီလီယံ ၆၀ နှုန်းနဲ့ စုစုပေါင်း ယူရို ၁ ဒသမ ၁ ထရီလီယံဖိုးအထိ ဝယ်ယူသွားမှာဖြစ်ပါတယ်။ ကြေညာချက်ထွက်ပြီးနောက်ပိုင်း ယူရိုငွေကြေးရဲ့ ဖလှယ်နှုန်းက ဘတ်ငွေ အပါအဝင် အခြားငွေကြေးအများစုနဲ့ ဖလှယ်ရာမှာ တန်ဖိုးကျဆင်းခဲ့ပါတယ်။




ယူရိုငွေကြေးတန်ဖိုးက ၂၀၁၄ ခုနှစ် နှစ်လယ်ကတည်းက ယူရိုဇုန်စီးပွားရေး စတင်ကျဆင်းလာပြီဖြစ်တဲ့အတွက် ၂၀၁၅ ခု ဇန်နဝါရီ ၂၂ ရက်မှာ အီးစီဘီကအရေး ယူဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

ဒါကြောင့် ထိုင်းရှယ်ယာဈေးကွက်ထဲမှာ ရန်ပုံငွေ စီးဝင်မှုတွေ ဝင်လာမယ်လို့ ခန့်မှန်းထားပါတယ်။ ဒါပေမယ့် ထိုင်းစီးပွားရေးနဲ့ အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီတွေအပေါ် မဆိုသလောက် ဂယက်ရိုက်ခတ်မှု ရှိခဲ့ပါတယ်။ ရှယ်ယာတွေမှတစ်ဆင့် ရန်ပုံငွေတွေစီးဝင်မှုကြောင့် ထိုင်းရှယ်ယာဈေးကွက်မြင့်တက်လာဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။

ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားမယ်ဆိုရင် ယူရိုဇုန်ကို ထိုင်းနိုင်ငံရဲ့ပို့ကုန်က ထိုင်းစုစုပေါင်းပို့ကုန်ရဲ့ ၁၀ ရာခိုင်နှုန်းသာရှိပြီးသွင်းကုန်မှာလည်း စုစုပေါင်းသွင်းကုန်ရဲ့ ၈ ရာခိုင်နှုန်းသာရှိတဲ့အတွက် ထိုင်းစီးပွားရေးကို ယူရိုတန်ဖိုးကျဆင်းမှုကြောင့်ဖြစ်ရတဲ့ ဂယက်က အကန့်အသတ်နဲ့သာ ရှိနေပါတယ်။ တကယ်တော့ ဥရောပကို သွင်းကုန်အတွက်ငွေပေးချေရာမှာ ယူရိုနဲ့ပေးချေတာက ၃၅ ရာခိုင်နှုန်းသာရှိပါတယ်။ ပို့ကုန်ကိုယူရိုနဲ့လက်ခံရရှိတဲ့ ပမာဏကလည်းစုစုပေါင်းပေးချေမှုက ၁၆ ရာခိုင်နှုန်းသာရှိပါတယ်။

ထိုင်းနိုင်ငံရဲ့ ပြည်ပကုန်သွယ်မှုမှာ ဒေါ်လာကသာ လွှမ်းမိုးနေဆဲဖြစ် ပါတယ်။ ယူရိုတန်ဖိုး ကျနေတဲ့အတွက် သွင်းကုန်ကို ဘတ်နဲ့ပေးချေတဲ့အခါ ထိုင်းနိုင်ငံအတွက် အကျိုးရှိစေပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

International Entertainment
Vol: 15, No.5 Monday Feb 2 2015




## ဒေါ်လာသုံးသိန်းတန်သရဖူကို ရရှိသွားတဲ့ ကိုလံဘီယာအလှမယ် ပေါလင်းဗီဂါ

၂၀၁၄ခုနှစ်အတွက်မယ်စကြာဝဠာ (Miss Universe) ဆုကို ကိုလံဘီယာနိုင်ငံမှ အလှမယ် ပေါလင်းဗီဂါက ရရှိသွားခဲ့ပါတယ်။ ပေါလင်းဗီဂါဟာ ဒေါ်လာသုံးသိန်းတန်ကြေးရှိတဲ့သရဖူကို တစ်နှစ်တာပိုင်ဆိုင်ခွင့်ရရှိသွားခဲ့ပြီဖြစ်ပါတယ်။

အဲဒီပြိုင်ပွဲကို ကမ္ဘာ့တိုက်ကြီးငါးတိုက်မှ အလှမယ်ပေါင်း ၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ အဲဒီ ၆၄ ဦးတို့ဟာ အမေရိကန်နိုင်ငံ၊ မီယာမီမြို့ရှိ Doral ခန်းမမှာကျင်းပခဲ့တဲ့ မယ်စကြာဝဠာပြိုင်ပွဲကို ရေကူးဝတ်စုံ၊ ညနေခင်းပွဲတက်ဝတ်စုံ၊ သာမန်ဝတ်စုံစတဲ့ပုံစံ အမျိုးမျိုးနဲ့ ဝတ်ဆင်ယှဉ်ပြိုင်ရတဲ့အပြင် ဘာသာစကားအမျိုးမျိုးကိုလည်း တတ်ကျွမ်းနားလည်ထားရမှာဖြစ်ပါတယ်။


"ကျွန်မ ဒီနေ့ကမ္ဘာပေါ်မှာရှိတဲ့ အမျိုးသမီးတွေအားလုံးရဲ့ ကိုယ်စားလှယ်ဖြစ်ချင်ပါတယ်။ အမျိုးသမီးတစ်ယောက်ဟာ လှပကျော့ရှင်းနေဖို့လိုတဲ့အပြင် ဆွဲဆောင်မှုရှိတဲ့သူတစ်ဦးလည်း ဖြစ်နေဖို့လိုပါတယ်။ ဒါ့အပြင် အမျိုးသမီးတစ်ဦးဟာ အလုပ်ကိုကြိုးကြိုးစားစားလုပ်ရမယ့်သူတစ်ဦးဖြစ်ဖို့နဲ့ သူ့ရဲ့ကိုယ်ပိုင်ဘဝ ရပ်တည်ဖို့အတွက် ကြိုးစားဖို့လိုအပ်ပါတယ်"လို့ ဂျူရီလူကြီးမင်းများရဲ့မေးခွန်းကို ဖြေကြားခဲ့ပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိသာရှိသေးတဲ့ ဗီဂါဟာ အရပ် ငါးပေ ၁၀ လက်မရှိပြီး ညိုချောချောသူတစ်ဦးဖြစ်တယ်လို့ ဆိုပါတယ်။ သူဟာ စီးပွားရေး စီမံခန့်ခွဲမှုပညာရပ်ကို သင်ယူနေသူတစ်ဦးလည်းဖြစ်ပါတယ်။

ကမ္ဘာ့အလှမယ်တစ်ဦးဖြစ်လာခဲ့တဲ့ သူ့ကို ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူရယ်ဆန်းတို့စ်က ချီးကျူးစကားပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

"ကိုလံဘီယာရဲ့သမိုင်းကို ထင်ရှားစေခဲ့တဲ့သူလေးဟာ သိပ်ကိုလှတဲ့သူလေးပါပဲ"လို့ ဆန်းတို့စ်က ချီးကျူးခဲ့ပါတယ်။

## အိုဘားမားနဲ့တွေ့ဆုံခဲ့တဲ့ ကင်ကာဒစ်ရှန်နဲ့ ကင်ယေးဝက်စ်




ရက်ပါ အဆိုတော်ကင်ယေးဝက်စ်နဲ့ကင်ကာဒစ်ရှန်တို့နှစ်ဦးဟာ အမေရိကန်သမ္မတအိမ်တော်ကို သွားရောက်ပြီး အမေရိကန်သမ္မတ အိုဘာမားနဲ့ တွေ့ဆုံခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီလို သွားရောက်တွေ့ဆုံခဲ့တာဟာ ပုဂ္ဂိုလ်ရေးအရ သွားရောက်တွေ့ဆုံခဲ့တာဖြစ်ပေမယ့် ကင်ကာဒစ်ရှန်ဟာ သူ့ရဲ့ Instagram မှာ ဖော်ပြခဲ့ပါတယ်။ သူတို့ဇနီးမောင်နှံနဲ့ အိုဘားမားတို့တွေ့ဆုံပြီး အတူတွဲရိုက်ထားတဲ့ဓာတ်ပုံအောက်မှာ FBF POTUS' လို့ ရေးသားခဲ့ပါတယ်။

သမ္မတအိုဘားမားက သူတို့နှစ်ဦးကို နှုတ်ဆက်စကား ပြောကြားရာမှာ ခုလိုလာရောက်တွေ့ဆုံတဲ့အတွက် ကျေးဇူးတင်ကြောင်း၊ သူ့ကို ထောက်ခံပေးတဲ့အတွက်လည်း ကျေးဇူးတင်ကြောင်း၊ ကင်ကာဒစ်ရှန်နဲ့ခင်ပွန်း ကင်ယေးဝက်စ်၊ သမီးကလေးတို့ကိုလည်း ဘုရားသခင်မှ ကောင်းချီးပေးပါစေဟု ဆုမွန်ကောင်း တောင်းပေးပါကြောင်း ပြောကြားခဲ့တယ်လို့ဆိုပါတယ်။

ဒါပေမယ့်လည်း ကင်ကာဒစ်ရှန်ဟာ အိုဘားမားကို သွားရောက်တွေ့ဆုံခဲ့စဉ်က ဝတ်စားဆင်ယင်ပုံနဲ့ ပတ်သက်ပြီး မီဒီယာတွေရဲ့ဝေဖန်မှုက သောသောညံခဲ့ပါတယ်။ ကင်ကာဒစ်ရှန်ဟာ သူ့ရဲ့အကြိုက်ဆုံးအရောင်ဖြစ်တဲ့ အသားရောင်ကို အနက်ရောင်ကုတ်အင်္ကျီနဲ့တွဲဖက်ဝတ်ဆင်ခဲ့တာဖြစ်ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကင်ယေးဝက်စ်က အိုဘားမား ဘာဝတ်ထားသလဲဆိုတာကိုတော့ ဘယ်သူမှ မကြည့်ကြပါလားလို့ မှတ်ချက်ပြုခဲ့တယ်လို့ ဆိုပါတယ်။

## သားကလေးရဲ့နာမည်ကို ဆာရှာလို့ အမည်ပေးခဲ့တဲ့ ရှာကီရာ

တောင်အာဖရိက ကမ္ဘာ့ဖလားပြိုင်ပွဲမှာ Waka Waka သီချင်းနဲ့တစ်ကမ္ဘာလုံးရဲ့ အသည်းနှလုံးကို ဆုပ်ကိုင်လှုပ်ခါနိုင်ခြင်းကို ရယူပိုင်ဆိုင်သွားတဲ့ ကိုလံဘီယာအဆိုတော်မလေး ရှာကီရာဟာ သူ့ရဲ့ ဒုတိယမြောက်ရင်သွေးလေးကို ဇန်နဝါရီ ၂၉ရက်ညက မွေးဖွားပေးလိုက်ပြီဖြစ်ပါတယ်။


ရှာကီရာနဲ့ ဂါးရတ်ပီကေးတို့ဟာ သူတို့ရဲ့ ဒုတိယမြောက်ရရှိခဲ့တဲ့ ရင်သွေးလေးကို ဆာရှာလို့ အမည်ပေးခဲ့ပါတယ်။



အသက် နှစ်နှစ်အရွယ်ရှိတဲ့ သားကလေးနဲ့ရက်ပိုင်းသာရှိသေးတဲ့ သားကလေးတို့ရဲ့ မိခင်ရှာကီရာဟာ အသက် ၃၇နှစ်အရွယ် ရှိပြီဖြစ်ပါတယ်။ ရှာကီရာနဲ့ ဂါရက်ပီကေးတို့ဟာ သားကလေးနှစ်ဦးထွန်းကားခဲ့ပေမယ့် သူတို့နှစ်ဦးရဲ့ လက်ထပ်ပွဲကိုတော့ ဆင်နွှဲခြင်းမပြုရသေးပါဘူး။ ဘာစီလိုနာအသင်းနဲ့ စပိန်အသင်းရဲ့ တိုက်စစ်မှူး ဂါရက်ပီကေးနဲ့ ကိုလံဘီယာနိုင်ငံသူလေး ရှာကီရာတို့ဟာ ၂၀၁၀ ပြည့်နှစ် တောင်အာဖရိကနိုင်ငံမှာကျင်းပတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးမှာ တွေ့ဆုံခဲ့ပြီး ချစ်ကြိုက်ခဲ့တာဖြစ်ပါတယ်။

ရှာကီရာဟာ သူ့ရဲ့ဒုတိယသားကလေးကို မွေးဖွားပြီးတဲ့နောက် သူ့ရဲ့ကိုယ်ပိုင်ဝက်ဘ်ဆိုက်မှာ ကျွန်မတို့ ဝမ်းသာစရာကောင်းတဲ့ကြေညာချက်တစ်ခုကို ထုတ်ပြန်ပါ့မယ်။ ကျွန်မနဲ့ ပီကေးတို့ရဲ့ ဒုတိယမြောက်သားကလေး ဆာရှာပီကေး မီဘာရတ်ကို ဇန်နဝါရီလ ၂၉ ရက်နေ့မှာ အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ပါပြီ။ သူ့ကို ဘာစီလိုနာမှာ မွေးဖွားခဲ့တာပါ"လို့ ရေးသားဖော်ပြခဲ့ပါတယ်။

ဆာရှာဆိုတာဟာ ဂရိနဲ့ ရုရှားဘာသာစကားမှ ဆင်းသက်လာတာဖြစ်ပြီး လူတို့အတွက် အကာအကွယ် သို့မဟုတ် အတားအဆီးလို့ အဓိပ္ပာယ်ရတယ်လို့ ရှာကီရာက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။




## Super Bowl ပြိုင်ပွဲမှာ ကေတီပယ်ရီနဲ့အတူ ဝင်ရောက်ဆင်နွှဲမယ့် မစ်ဆီအီလီယောတ်

နယူးအင်္ဂလန်အသင်းနဲ့ ဆက်တယ်လ်ဆီးဟော့တ်အသင်းတို့ပါဝင်ယှဉ်ပြိုင်ကြမယ့်Super Bowl ပြိုင်ပွဲရဲ့ဖွင့်ပွဲ အစီအစဉ်မှာ အမေရိကန်ကန်းထရီးအဆိုတော် ကေတီပယ်ရီနဲ့အတူ အမေရိကန်ဟစ်ဟော့ပ်အဆိုတော် မစ်ဆီအီလီယောတ်လည်း ပါဝင်ဆင်နွှဲမယ်လို့ ဆိုပါတယ်။

ပြိုင်ပွဲရဲ့ဖွင့်ပွဲကို စီစဉ်သူတွေက အစပိုင်းမှာ မစ်ဆီအီလီယောတ်ပါဝင်မယ်၊ မပါဝင်ဘူးဆိုတာကို အတိအကျမပြောနိုင်ပေမယ့် ပြိုင်ပွဲနီးကပ်လာချိန်မှာ ပါဝင်တော့မယ်လို့ ထုတ်ဖော်ပြောကြားခဲ့တာပဲဖြစ်ပါတယ်။

အဲဒီ Super Bowl ပြိုင်ပွဲမှာ ကေတီပယ်ရီဖျော်ဖြေအပြီး ခဏနားချိန်မှာ မစ်ဆီက ဝင်ရောက်ဖျော်ဖြေမှာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ သူတို့နှစ်ဦးပေါင်းပြီးSuper Bowl ပြိုင်ပွဲကို လာရောက်ကြည့်ရှုကြတဲ့ ပရိသတ်တွေကို အထူးအစီအစဉ်တွေ ပြုလုပ်သွားမယ်လို့ ဆိုပါတယ်။

ဖီးနစ်ကွန်ဗင်းရှင်းစင်တာမှာ ကျင်းပမယ့် အဲဒီ Super Bowl ပြိုင်ပွဲကို ပက်ပ်စီကုမ္ပဏီက အဓိကပံ့ပိုးထားတာ ဖြစ်ပါတယ်။

"ကျွန်မတို့နှစ်ဦးဟာ ဒီပြိုင်ပွဲကို လာတဲ့သူတွေကို အံ့အားသင့်ဖွယ်ရာတွေ ထူးဆန်းဖွယ်ရာတွေကို လုပ်ပြသွားမှာပါ။ ကျွန်မတို့နှစ်ယောက်က အတွဲအဖက်မညီပေမယ့် ပရိသတ်တွေ သဘောကျနှစ်ခြိုက်လိမ့်မယ်လို့ ထင်ပါတယ်"လို့ ကေတီပယ်ရီက သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

1717
Car Sales Centre

# အထူးလျှော့ဈေး

www.facebook.com/1717company

## Crown Model စုံလင်ရာ
## " 1717 " သို့ကြွခဲ့ပါ။




**Crown, Mark II, Alphard, Kluger, Ipsum, RAV-4, Caldina**
**အမျိုးအစားစုံအား အရောင်းပြခန်းတွင်မျက်မြင်စိတ်ကြိုက်ဝယ်ယူနိုင်ပါပြီ။**

**ကားအရောင်းပြခန်း** => အမှတ်(၅၃/က)၊လေးထောင့်ကန်လမ်း၊ဗိုလ်ကုံညွန့်ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်။ ဖုန်း – ၀၉ ၂၅၆၁၀၁၇၁၇၊၀၉၃၆ ၂၃၁၇၁၇

COMMERCE
INTERNATIONAL

# ယူရိုငွေကြေးတန်ဖိုးကျဆင်းမှုကြောင့် ဗီယက်နမ်ကုမ္ပဏီတွေအကျိုးဖြစ်ထွန်း

၂၀၁၄ခုနှစ်က ယူရိုငွေကြေးတန်ဖိုး အကြိမ်ကြိမ် ကျဆင်းခဲ့တဲ့အတွက် ယူရိုငွေကြေးနဲ့ ငွေထုတ်ချေးခဲ့တဲ့ ဗီယက်နမ်ကုမ္ပဏီတွေ အမြတ်အစွန်းတွေရရှိခဲ့တာကိုတွေ့ရကြောင်း ဗီယက်နမ်သတင်းအေဂျင်စီဝက်ဘ်ဆိုက်သတင်းမှာ တွေ့ရပါတယ်။

စတော့အိပ်ချိန်းမှာ Petro Vietnam Power Nhon Trach 2 (PNT2) ကုမ္ပဏီ၊ Viem But Son Cement Co.(BTS) ၊ Ha Tien 1 Cement (HT1) နဲ့ Bin Son Cement (BCC) ကုမ္ပဏီလေးခုက နိုင်ငံခြားငွေဖလှယ်နှုန်း မတည်ငြိမ်တဲ့အတွက် အမြတ်အစွန်းတွေ အများကြီးရခဲ့တယ်လို့ ပြောပါတယ်။



၂၀၁၄ ခုနှစ် မတ်လနောက်ပိုင်းမှာ ဗီယက်နမ်ဒေါင်နဲ့ ဖလှယ်တဲ့အခါ ယူရိုငွေကြေးတန်ဖိုးက ၈ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး မကြာသေးမီရက်များအတွင်း တစ်ယူရိုကို ဗီယက်နမ်ဒေါင် ၂၄၀၀၀ နှုန်း ရှိခဲ့ပါတယ်။

၂၀၁၄ ခုနှစ်အတွင်းက ဥရောပဗဟိုဘဏ်က အတိုးနှုန်းတွေကို ကြိမ်ဖန်များစွာ လျှော့ချခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ ယူရိုတန်ဖိုးကို ကျဆင်းစေခဲ့တဲ့ ဒေသတွင်းရဲ့ စီးပွားရေးအားနည်းမှုကို တွန်းအားပေးနိုင်ဖို့နဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းချုပ်ဖို့အတွက် စီးပွားရေးလှုံ့ဆော်အားပေးတဲ့ အစီအစဉ်တွေ စတင်ဆောင်ရွက်ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က ဥရောပ ဗဟိုဘဏ်က ယူရိုတန်ဖိုး ၃၁ ဒသမ ၁ ထရီလီယံရှိတဲ့ လှည့်လည်ငွေကြေးပမာဏ တိုးမြှင့်ရေးအစီအစဉ်သစ်ကို ဆောင်ရွက်ခဲ့ရာ မတ်လမှစပြီး အကျိုးသက်ရောက်မှုရှိပါမယ်။ အဲဒီအစီအစဉ်သစ်ကို ကြေညာပြီးတဲ့နောက်ပိုင်းမှစပြီး ဒီနှစ်အတွင်း ယူရိုတန်ဖိုး ဆက်လက်ကျဆင်းမယ်လို့ ခန့်မှန်းကြပါတယ်။

၂၀၁၅ ခုနှစ် ဇန်နဝါရီမှာ ယူရိုတန်ဖိုးက နောက်ထပ် ကိုးရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် ယူရိုနဲ့ ငွေချေးယူထားတဲ့ စီးပွားရေးသမားတွေက ဒီလိုကျဆင်းမှုကြောင့် အကျိုးအမြတ်တွေ ထပ်မံရရှိနိုင်ပါတယ်။

# ပြင်ပမှ စီးပွားရေးအထိတ်တလန့်ဖြစ်မှုများကို အာရှကခံနိုင်ရည်ရှိလာ

၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် မေခရိုစီးပွားရေးစိန်ခေါ်မှုများကို အာရှဒေသက ခံနိုင်ရည်ရှိလာတော့မှာဖြစ်ကြောင်း ကမ္ဘာ့ချေးငွေအဆင့်သတ်မှတ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Moody's Investor Services က ဇန်နဝါရီ ၂၇ ရက်က ပြောပါတယ်။

အာရှဒေသက တခြားထွန်းသစ်စနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ပြင်ပမှ ထိတ်လန့်တကြားဖြစ်မှုများကို ခံနိုင်ရည်ရှိလာပြီး ကမ္ဘာပေါ်ရှိတခြားဒေသတွေနဲ့ နှိုင်းယှဉ်ရင် စီးပွားရေးအခြေခံတွေတောင့်တင်းခိုင်မာမှုရှိလာတယ်လို့ မူဒီရဲ့ကြေညာချက်မှာပါရှိကြောင်း သည်ဟိန္ဒူသတင်းမှာ ဖော်ပြပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ အလားအလာကောင်းတွေ ရှိနေပေမယ့် ယူရိုနယ်မြေနဲ့ ဂျပန်မှာ ဖွံ့ဖြိုးမှုတွေနိမ့်ကျနေသလို တရုတ်နိုင်ငံစီးပွားရေးကလည်း နှေးကွေးကျဆင်းလာတဲ့အတွက် ကမ္ဘာ့စီးပွားရေးက အားနည်းနေဆဲဖြစ် ပေမယ့် အာရှဒေသရဲ့ ခံနိုင်ရည်ရှိမှုက တစ်စထက်တစ်စထင်ရှားသိသာလာကြောင်း မူဒီရဲ့ ချေးငွေအရာရှိချုပ်ဖြစ် သူမိုက်ကယ်တေလာက ပြောပါတယ်။

၂၀၁၅ ခုနှစ်ထဲမှာဖြစ်ပေါ်လာမယ့် ကမ္ဘာ့စိန်ခေါ်မှုတွေထဲမှာ ငွေကြေးမူဝါဒကို ပုံမှန်အနေအထားပြန်ရောက်ဖို့ ပထမခြေလှမ်းလှမ်းလာတဲ့ အမေရိကန်ဗဟိုဘဏ်၊ ကာလရှည်ကြာစွာကျဆင်းနေတဲ့ ကုန်စည်ဈေးနှုန်းများ၊ တရုတ်နိုင်ငံရဲ့ စီးပွားရေးချိန်ခွင်ညှာပြန်လည် ထိန်းညှိမှုစတဲ့ အချက်တွေပါဝင်ကြောင်း ဟောင်ကောင်မှာကျင်းပတဲ့ အာရှဒေသကော်ပိုရေးရှင်းနဲ့ ဘဏ်များနဲ့ပတ်သက်တဲ့ ရှင်းလင်းပွဲမှာ မူဒီရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

၂၀၁၅ ခုနှစ်မှာ အာရှပစိဖိတ်ဒေသတွင်းသို့ မတည်ရင်းနှီးငွေစီးဆင်းမှု အနည်းငယ်သာရှိပြီး ပင်လယ်ရပ်ခြားမှ ချေးငွေရဲ့ အတိုးနှုန်းတွေက မကြုံစဖူး ထူးကဲစွာကျဆင်းမယ်ဆိုတဲ့အချက်တွေကိုကြည့်ရင် အာရှဒေသရဲ့ စီးပွားရေးအခြေခံခိုင်မာမှုကို ပြသနေတယ်လို့ မူဒီက ပြောပါတယ်။

ဒါပေမယ့် ယခုနှစ်ထဲမှာ တွေ့ကြုံရမယ့် ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ်လေးခုရှိကြောင်း မူဒီကပြောပါတယ်။ ဒီ အန္တရာယ်တွေက ခန့်မှန်းထားတဲ့ အောက်ကျဆင်းလာတဲ့ တရုတ်နိုင်ငံရဲ့ အိမ်ခြံမြေဈေးကွက်၊ တချို့ကဏ္ဍတွေမှာ လုပ်ငန်းသုံးချေးငွေ မြင့်တက်မှု၊ အသစ်တစ်ဖန်ဖြစ်ပေါ်လာတဲ့ ယူရိုဇုန်က စိုးရိမ်မှုတွေနဲ့ ကမ္ဘာ့ဘဏ္ဍာရေးအတွက် မငြိမ်သက်မှုမြင့်မားလာမှု စတဲ့အချက်တွေဖြစ်ကြောင်း မူဒီက ပြောပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

စိုက်ပျိုးရေးသမားများအားထားရာ .........

မာလာမြိုင်

စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၄၊ ၀၁-၅၀၄၆၀၂၊ ၀၉-၇၃၀၇၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ တရုတ်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၇၊ ၀၀၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ x ၃၂ နှင့် ၇၇ x ၇၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၊၀၂-၃၀၇၉၀